

# ပန်းရ

## မြည့်စံ

# ပြည့်စုံ [၁၉၂၇–၂၀၁၃]

သာယာဝတီခရိုင် နတ်တလင်းမြို့ မင်းလမ်း၌ အဖ ဘီအိုစီ ဓာတ်ဆီကိုယ်စားလှယ် ဦးမန်းထိုင်၊ အမိ ဒေါ်ခင်တို့က ၁၈ မတ် ၁၉၂၇ တွင် မွေးဖွားခဲ့သည်။ မွေးချင်း ၉ ယောက်တွင် စတုတ္ထမြောက်၊ အမည်ရင်းမှာ ဦးကျော်ရိုး ဖြစ်သည်။

သူငယ်တန်းမှ ပထမတန်းအထိကို နတ်တလင်းမြို့ ဦးဘိုးကွန်းကျောင်း (၁၉၃၄–၃၅)၊ ဒုတိယတန်းကို နတ်တလင်းမြို့ ဦးဘိုးဖွဲ့ကျောင်း (၁၉၃၆)၊ ထို့နောက် ၁၉၃၇–၃၈ တွင် ရန်ကုန်မြို့ ခရစ်ယာန် မက်သဒစ်ကျောင်း၌ ကျောင်းအိပ်ကျောင်းစားဖြင့် ဆဋ္ဌမတန်းအထိ လည်းကောင်း၊ ဒုတိယကမ္ဘာစစ် အပြီးတွင် နတ်တလင်းမြို့ အင်္ဂလိပ်–မြန်မာ စာသင်ကျောင်း၌ နဝမတန်းအထိ လည်းကောင်း၊ ရေကျော် အလွတ်ပညာသင်ကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ လည်းကောင်း ပညာဆည်းပူးခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း သူရိယ သတင်းစာနှင့် ဂရိတ်တားအေးရှား သတင်းစာများ၏ နတ်တလင်း သတင်းထောက်၊ နတ်တလင်း အာရှလူငယ် အစည်းအရုံး တွဲဖက် ပြန်ကြားရေးမှူး၊ ပေါင်းတည် မြန်မာနိုင်ငံ စာရေးဆရာအသင်း စာကြည့်တိုက်ခွဲ ဒုတိယဥက္ကဋ္ဌ၊ 'ပွင့်သစ်' လက်ရေးစာစောင် သုံးစောင်ကို ထုတ်ဝေသူ စသည့် တာဝန်များ ယူခဲ့သည်။ ၁၉၄၉ တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး၊ ၁၉၆၂ တွင် အမှုဆောင်၊ ၁၉၆၃ တွင် ဘဏ္ဍာရေးမှူး၊ ထိုနှစ်မှာပင် စာနယ်ဇင်းကောင်စီ အမှုဆောင်လူကြီး၊ ဂျာနယ်နှင့် မဂ္ဂဇင်း အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၁ တွင် ရုပ်ရှင်လမ်းစဉ် ဂျာနယ်၌ 'နတ်တလင်းကျော်ရိုး' ကလောင်အမည်နှင့် ရယ်စရာ ဟာသနှင့် ရုပ်ရှင်ဆောင်းပါးများ စတင်ရေးသည်။ ၁၉၄၅ တွင် မဟာဆွေ၊ မေမြို့မောင်၊ ရွှေအတို့နှင့် တွဲ၍ "လေးပွင့်ဆိုင်" စာအုပ်တွင် 'ချစ်ပါနဲ့ကွယ်' ဝတ္ထုတိုကို 'ပြည့်စုံ' အမည် စတင်အသုံးပြုသည်။ ထင်ရှားသော စာအုပ်အချို့မှာ **ချစ်သဲနီ** (၁၉၄၉)၊ **မေတ္တာနုနု စေလိုသူ** (၁၉၆၅)၊ **အတွယ်အတာ** (၁၉၆၆)၊ **ပန်းကလေးများ မနွမ်းစေချင်** (၁၉၆၈)၊ **ရုပ်ရှင်နှင့် ကျွန်တော်** (၁၉၇၆)၊ **ဦးကျော်ငြိမ်းအကြောင်း သိရသမျှ** (၂၀၁၃) တို့ ဖြစ်ကြသည်။ ၂၀၁၀ ထွန်းဖောင်ဒေးရှင်း စာပဒေသာဆုကို **ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက် ရောက်ခဲ့စဉ်က** ဖြင့် ရရှိခဲ့သည်။

၁၉၆၂ မှ စ၍ ရုပ်ရှင်လောကထဲ ဝင်ရောက်ခဲ့ပြီး ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်ကောင်စီဝင် လူကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၆ စက်တင်ဘာ ၂၀၁၃ တွင် ရန်ကုန်မြို့မှာ ကွယ်လွန်ခဲ့သည်။

## ၂၀၁၇–၂၀၁၉ ထုတ် ရာပြည့်စာအုပ်များ

၄၄၃။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း
၄၄၄။ ကျော်အောင် ၏ လူ့သမိုင်း
၄၄၅။ ရွှေကိုင်းသား ၏ ရှေးခေတ်ပုဂံပြည်နှင့် သမိုင်း စာပေ၊ ယဉ်ကျေးမှု အထွေထွေ
၄၄၆။ မစ္စတာ အိုးနိတိုးရှ (မြန်မာပြန်) ၏ ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ
၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရာဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်
၄၄၉။ မောင်ခင်မင် (ဓနုဖြူ) ၏ အမိတက္ကသိုလ်၏ ရင်ခွင်မှာ
၄၅၀။ မာန်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၅၁။ ဟန်ဝင်းအောင် ၏ ၁၄/၁၅/၁၆
၄၅၂။ သခင်ဘသောင်း ၏ ခြေလေးချောင်း တော်လှန်ရေး
၁၇(ဒု)။ မောင်ထင် ၏ မိုပါဆွန်း ဝတ္ထုတိုများ
၄၅၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ စာဏက္ကနီတိကျမ်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၅၄။ ထွန်းသစ် (ပြုစုသည်) တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ပထမအုပ်]
၄၅၅။ သိန်းသန်းထွန်း ၏ ဘယ်ပန်းချီ ရေးလို့မှ မမှီ
၄၅၆။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်
၄၅၇။ ဒေါက်တာလှဘေ ၏ ပညာပါရမီနှင့် အတွေးအမြင်စာစု
၄၅၈။ ငွေလင်း ၏ ပင်းမြို့သူ
၄၅၉။ ဆရာမာဃ ၏ ပုသိမ်ရာဇဝင်
၄၆၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သုတ္တန္တနီတိကျမ်း
၉၉(ဒု)။ မောင်ထင် ၏ ဝတ္ထုတိုပေါင်းချုပ် [ပြည့်စွက် ထုတ်ဝေခြင်း]
၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သခ်ီ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းခိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲက စစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ
၄၆၇။ စိန်စိန် ၏ ချစ်ငြိုးချစ်မာန်
၄၆၈။ ထွန်းသစ် ၏ တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတီနီတိ [ပေါင်းချုပ်]
၄၇၁။ မောင်ပေါ်ထွန်း နှင့် ချစ်ဝင်းညွန့် (မြန်မာပြန်) ၏ ပါရီ မီးလောင်ပြီလား
၄၇၂။ မှော်ဘီဆရာသိန်း ၏ စကားပဒေသာ
၁၀၉(ဒု)။ ကျော်အောင် (မြန်မာပြန်) ၏ အကောင်းမြင်သမား (Candide by Voltaire)
၄၇၃။ သခင်ဘသောင်း (မြန်မာပြန်) ၏ ဗုဒ္ဓ၏ စကြဝဠာတရား
၄၇၄။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား
၄၇၅။ ဓာတာတော်ပုံ ရာဇဝင်

## ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း
၄၇၈။ သစ်ဇင်ဦး ၏ မဟာကရုဏာတော် မီးအိမ်ရှင် ဖလောရင့်(စ်) နိုက်တင်ဂေး
[ Florence Nightingale (The Lady of the Lamp) by Basil Miller ]
၄၇၉။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခေတ်မှ သမိုင်းဝင် ဧတီပုထိုးများ [၆၇၂–၁၂၄၇]
၄၈၀။ ငွေလင်း၏ ဝါးကြီးအိုင်သူပုန်
၄၈၁။ ဟန်ဝင်းအောင် ၏ မတ်လ ၂၇

ရာပြည့်စာအုပ် ၄၇၆

# ပန်းရုံ

# ပြည့်စုံ

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်
ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၉၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁–၃၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ်* – (၁၉၄၉) သွေးသောက်စာပေတိုက်
ဒုတိယအကြိမ်**– (၁၉၅၅) သွေးသောက်စာပေတိုက်
တတိယအကြိမ် – (၁၉၆၇) သွေးသောက်စာပေတိုက်
စတုတ္ထအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်
(ဇွန် ၂၀၁၉)
အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း
ပန်းချီဦးကိုလေး နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး
၃၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

---

* 'ညီုပန်းတစ်ပွင့်' အမည်ဖြင့်။
** 'ညီုပန်းတစ်ပွင့် ပန်းရုံ' အမည်ဖြင့်။

အသက် နှစ်ဆယ်လောက်၊ ဖြူဖြူသေးသေး မျက်မှန်ကလေးနှင့်ဆိုလျှင် သူ့ကို အကြမ်းအားဖြင့် ပုံဖမ်းနိုင်မည်။

၁၉၄၅ ခုနှစ် အစလောက်တွင် မောင်ဂိုမာရီလမ်း အောင်ပုံနှိပ်တိုက်တွင်း၌ လူချင်းဆုံ သိခဲ့၏။

'ဆရာ.... ကျွန်တော် "အိုင်ဆေး ယောက်ဖ"၊ "အိုင်လပ်(ဖ)ယူ" တို့ ကတည်းက ဆရာ့ကို တိတ်တိတ်ပုန်း စွဲနေတာ၊ ခုမှပဲ လူချင်းတွေ့ရလို့ သိပ်ဝမ်းသာတယ် ဆရာ'

သူ့မျက်နှာသည် "ဒေးကာနက်ဂျီ" ၏ အမူအရာ မပါ။ တစ်မျိုး မကြဲ၊ အရိုးခံ သက်သက်။

'ကျွန်တော်လည်း ခု "လေးပွင့်ဆိုင်" ဆိုပြီး မဟာဆွေ၊ ရွှေအ တို့နဲ့ တွဲပြီး စာတစ်အုပ် ထုတ်တယ် ဆရာ' ဟု အောင်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သော စာအုပ်တစ်အုပ်ကို ပေးလာလေသည်။

ထိုမှစ၍ သူသည် ကျွန်ုပ်ကို ခင်သွားသည်။ နေ့တိုင်း လာဆုံသည်။ ကုန်ကုန်ပြောရလျှင် ည မှောင်တရီဆိုလျှင် စက်ဘီးတစ်စင်းနှင့် ကျွန်ုပ်နေရာ စမ်းချောင်းသို့ ဝင်လာကာ ၃၊ ၄ နာရီကြာအောင် စကားပြောတတ်၏။ ထိုစကားများကား သူကြိုက်နှစ်သက်သော ဝတ္ထုများ၊ စာရေးဆရာများ အကြောင်းများချည်း ဖြစ်သည်။

တစ်နေ့ သူ ဘာဖြစ်တော့မည်ဟု ကျွန်ုပ် စိတ်က စွပ်စွဲမိ၏။

သူသည် တစ်ကောင်ကြွက် မဟုတ်၊ မိဘစုံစုံလင်လင်နှင့်။ သူ့မိဘများသည် ကိုယ့်ဌာန၊ ကိုယ့်အိမ်၊ ကိုယ့်မြေမှာ ကိုယ့်ရင်သွေးကို အေးအေးလူလူ နေစေချင်၏။ သံယောဇဉ် အမျှင်တန်း၏။ သို့သော် ထိုသံယောဇဉ် ကြိုးသည်

သူ့ကို မရစ်ပတ်နိုင်။ သူသည် ရန်ကုန်သို့ ရောက်လာပြီး အစွဲတစ်ခုနောက်သို့ ကောက်ကောက်ပါ လိုက်နေ၏။

မကြာမီ "သွေးသောက်" အမည်နှင့် မဂ္ဂဇင်းတစ်စောင် ပေါ်လာသည်။ သို့သော် ကျွန်ုပ် တွေးထင်ထားသော သူ့အမည်ကား ပေါ်မလာ။

'ဘာဖြစ်လို့ မရေးသလဲ၊ ရေးပါ၊ ဒါမှ တစ်စတစ်စ နာမည်ထွက်နိုင်မှာပေါ့'

သူ မပြော၊ ပြုံး၍သာ နေသည်။

ကျွန်ုပ်လည်း စမ်းချောင်းမှ ရေကျော်ဘက်သို့ ပြောင်းလာခဲ့၏။ ထိုအခါမှ "ညစ်ညမ်းသော ပြက်လုံး" ဆောင်းပါးတိုကလေးကို ဖတ်လိုက်ရသည်။ ထိုဆောင်းပါးကား သူ့လက်ရာ အစပင်။ နောက် ဆက်ကာဆက်ကာ ဝတ္ထု အတိုအထွာကလေးများ ဖတ်ရပြန်လေသည်။

မဂ္ဂဇင်းများတွင် နောက်ပိုင်းဝတ္ထုရှည်များ ထည့်စပြုလာသောအခါ "ရှုမဝက တင့်တယ်"၊ "သွေးသောက်က ပြည့်စုံ" ဟူ၍ ယှဉ်ပြိုင်တွေ့ရလေသည်။ သို့သော် တင့်တယ်ကဲ့သို့ မတင့်တယ်။ သူ့မှာ မပြည့်စုံဘဲ ဝတ္ထုရှည် ၄၊ ၅ ပုဒ်နှင့်ပင် ပျောက်ခြင်းမလှ ပျောက်သွားပြန်လေသည်။

မဂ္ဂဇင်းတာဝန်၌ ဟိုပြေးသည်ပြေး သူ၊ ဟိုဟာဒီဟာလည်း သူ၊ နေရာတကာလိုချည်း ဖြစ်နေရာ အဘယ်မှာ ဝတ္ထုရေးချိန် ရပါမည်နည်း။

သို့ရာတွင် ထိုအတွေး မမှန်ခဲ့။ နှစ်ဝက်အကြာတွင် "ပြည့်စုံ" ပြန်လာလေသည်။ ကလောင်ပြန်ကိုင်လျှင် ကိုင်လိုက်ချင်း သွေးသောက်မဂ္ဂဇင်းကို အရေးတယူ ဖတ်လာကြ၏။ "ပတ်ဝန်းကျင်" ဝတ္ထုကား သူ့အတွက် ဂယက်လှိုင်းကြီးပင်။

ကျွန်ုပ်ဆိုချင်သည်၊ ဆိုရဲသည်။ သူသည် လူကား ငယ်၏၊ အတွေးကား မငယ်၊ ခံ့ခံ့ထည်ထည်နှင့် အမြင်ဓာတ် နယ်ကျယ်လေသည်။ သူ့ဝတ္ထု ဟူသမျှ တီးခေါက်ကြည့်မိ၏။ ဖတ်သူအဖို့ မမေ့ရုံမဟုတ်၊ အငွေ့မလွှဲ တွေ့အကြုံနှင့် စေ့စေ့လုံလုံ နိုင်လှရာ–

"သြော်... ပြည့်စုံ... ပြည့်စုံ... ပြည့်စုံ..."

ကျွန်ုပ် ဤသို့ ဆိုလိုက်ချင်လေသည်။

**မင်းဆွေ**
**(၁၊ ၄၊ ၄၉)**

## သူ၏ အမှာ

ဝတ္ထုကောင်း တစ်အုပ်လျှင် အမှာစာတစ်ပုဒ်ပါမှ ဟုတ်လှပြီ ထင်လေသလား မပြောတတ်။ "ပြည့်စုံ" သည် သူ၏ ဤမည်သော "ပန်းရုံ" အတွက် အမှာစာ လေးငါးရွက် ပါရှိစေချင်သည်။

ဇာတ်ရုပ်သေးတို့၌ မင်းသား၊ မင်းသမီး နှစ်ပါးမသွားခင် ရှင်ဘုရင်နှင့် ဝန်ကြီးတွေ စကားရှည်နေလျှင် ပွဲကြည့်ပရိသတ်များ နားခါးတတ်ကြသည်။ ရွံ မုန်းတတ်ကြသည်။ ပွဲဈေးသို့ ထွက်၍ နောက်ဖေး နောက်ဖီဘက်သို့လည်း ခြေဦး လှည့်တတ်ကြသည်။ ဤနည်းနှင်နှင် စာဖတ် ပရိသတ်တွင်လည်း အမှာစာကို "ချဉ်" မုန်း ပြည့်စုံ မသိလေရော့သလား။ ဝတ္ထုစာအုပ်ကို ကောက်၍ ကိုင်လိုက် ပြီးသည်နှင့် တစ်ပြိုင်နက် ပထမအချက်က မျက်နှာဖုံး လှ မလှကို စာဖတ်သူက မျက်လွှာချလိုက်သည်။ ထို့နောက် အတွင်းစာသား ပထမမျက်နှာကို လှန်ကြည့် လိုက်သည်။

အမှာစာ၊ မိတ်ဆက်၊ နိဒါန်း၊ အချီး...

'အို... ရှည်တော်မူလိုက်တာ'

စာဖတ်သူသည် သူတို့၏ လိုရင်းဖြစ်သော ဝတ္ထုပထမမျက်နှာသို့ ရောက် အောင် "အာဂရုံ ပါဂရုံ" တွေကို မြန်မြန်လှန်၍ ပေယျာလကန် လုပ်လိုက်တတ် ကြသည်။

သူတို့အပြစ် မဟုတ်ပါ။ သူတို့အဆိုး မဟုတ်ပါ။ မှန်ပါသည်၊ တရား နည်းလမ်း ကျပါသည်။

ရွှေမန်းကိုကြည့်ချင်၍ ရုံခ ပေးဝင်လာသူသည် ဝန်ကြီးတွေ တိုင်းပြည် "တည်" နေတာနှင့် အာရုံမပြေနိုင်ကြ။ ရွှေမန်း ထွက်လာတာကိုသာ မြန်မြန် ရှုစားချင်သကဲ့သို့ "ညိုးပန်းတစ်ပွင့်" ကို ဖတ်ချင်လို့ ငွေနှစ်ကျပ်ပေးပြီးမှတော့ အမှာစာတွေကို ဖတ်နေခြင်းဖြင့် အချိန်မဖြုန်းလိုကြသည်မှာ သဘာဝကျပါသည်။

ထို့ကြောင့် ဝန်ကြီးစကားနှင့်တူသော အမှာစာ ဆိုတာတွေတော့ ကျွန်ုပ် ရေးဖို့ရန် ဝါသနာ မပါခဲ့။

အို... မိတ်ဆွေ...

ကျွန်ုပ်၏ အမှာစာဆိုတာကိုလည်း ကျော်၍သာ၊ လှန်၍သာ "ညိုးပန်း တစ်ပွင့်" ကို အမြန်ဖတ်ပါတော့။ အရှေ့ဆုံး စာမျက်နှာက ပါရှိနေလင့်ကစား "ပြည့်စုံရေး ညိုးပန်းတစ်ပွင့်" ဆိုသော ပဏာမမှစ၍ " ပြီးပါပြီ ပြည့်စုံ " ဆိုသော နိဂုံးတံအထိ ဖတ်ပြီးမှ ကျွန်ုပ်၏ အမှာစာကို အပျင်းပြေ၊ အဆစ်သဘောနှင့် ဤဝတ္ထုအကြောင်း နှီးနှောကြပါစို့။

ကောင်းပါပြီ မိတ်ဆွေ၊ သင် အစအဆုံး ဖတ်ကြည့်ပြီးပြီ ဆိုပါတော့။

"ညိုးပန်းတစ်ပွင့်" ၏ မျက်နှာဖုံးကလေးကို ပြန်၍ သုံးသပ်ကြည့်စမ်းပါ။

စိမ်ပြေနပြေ ပက်လက်လှန် ဒူးကလေးထောင်ကာ ဖိမ်ခံနေဟန်တူသော ယောကျ်ားပျိုတစ်ယောက်၏ ခါးပိုင်းတွင် ပုဆစ်ဒူးတုပ် ကျစ်လျစ်သိပ်သည်းစွာ ထိုင်၍ ကပိုကရိုဖြစ်နေသော ကျစ်ဆံမြီးကလေးကို ပြုပြင်နေရှာသည့် အညတရ မိန်းမပျိုကလေး၏ ဣန္ဒြေမျက်နှာထားကို ကြည့်လိုက်စမ်းပါဦး။ သူ့မျက်နှာပေါ်တွင် ရွှင်လန်းဝမ်းမြောက် ကြွားဝါမြူးထူးခြင်း ကင်း၍ ဖြစ်ချင်တိုင်း မဖြစ်ရသော လောကအလယ်တွင် ဖြစ်သလို လျစ်လျူပြုရတော့မည့် ဘဝအား ငေးမျှော် စောင့်စား နေရပုံမျိုး အကြွင်းမဲ့ ပေါ်ပေါက်နေလေသည်။

"ညိုးပန်းတစ်ပွင့်" သည် သူ၏ နားသယ်နား၌ ကိုယ်ပိုင် အဆင်းအနံ့ အရသာတို့ကို စွန့်ပစ်ပြီးခါစ မရှုမလှ လျော့ရိလျော့ရဲ တွဲတွဲကလေး ခိုနေရှာ တော့သည်။

ထိုပန်း၊ ထိုမိန်းမ၏ မျက်နှာထား၊ ထိုအမူအရာနှင့် ထိုပတ်ဝန်းကျင်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆက်လျက်သား ပေါ်ပေါက်လာမည့် အတွေး မှာ ညိုးပန်းတစ်ပွင့်ဖြစ်သော ဤဝတ္ထုပါ မပန်းရုံကလေး၏ ဘဝသာလျှင် မဟုတ် လော။

ပန်းရုံ... ပန်းရုံ။

ဂုဏ်နှင့်ခေတ်တို့ အဓမ္မ မင်းမူနေကြသော လောကတွင် သူတို့ ခြယ်လှယ် သမျှ ခေါင်းငုံ့ခံသွားရရှာသည့် ပန်းရုံ။

သူကလေးသည် ဆင်းရဲသိမ်ငယ် မကြွယ်မဝ အညတရ ဆေးလိပ်သမ လေးမျှ ဖြစ်ရှာသည်။ ဆင်းရဲချမ်းသာမရွေး မိန်းကလေးတို့၏ အိပ်မက်မှာ သူ့ တစ်သက်တာအတွက် ချမ်းသာဂုဏ်ရှိသော ပညာတတ် ယောကျ်ားများကိုသာ

လင်တစ်ယောက်အဖြစ် ရည်မှန်းတတ်ကြသည်။ မျှော်လင့်တတ်ကြသည်။ အားကိုးရှာချင်တတ်သည်။ ထိုဘဝသို့ပင် ပန်းရုံ မရောက်ခဲ့။ အမြင့်ကို မမှန်း၊ ပင်ထက်ပန်းကို မမျှော်မိသည်မှာ ထောင်လွှားခြင်းကင်းသော ပန်းရုံတို့၏ အရိုးခံစိတ်ဓာတ်ကလေး ဖြစ်ရှာသည်။ ထို့ကြောင့် ပန်းရုံသည် သူ့ကိုယ်သူ အထင်မကြီး။ သူနှင့်တန်သော ပတ်ဝန်းကျင်၌ပင် သည်းခံရောင့်ရဲ၍ သူနှင့် လျောက်ပတ်သော အလုပ်အကိုင်နှင့်သာ အသက်ဝမ်းကျောင်းရှာကာ၊ သူနှင့် အဆင့်အတန်းညီသော အဖော်သဟဲအလယ်၌ လျော်ကန်သော ဘဝတူစာပုံနှိပ်စက်သမားကလေး မောင်တင်ထူးအားသာ သက်တမ်းခရီးသည်အဖြစ် မျှော်ကိုးခဲ့ရှာသည်။ မောင်တင်ထူးနှင့်သာ သူတို့၏ ဆင်းရဲသားလောက တည်ဆောက်ရန် ကြိုးစား၍ ရိုးသား ဖြောင့်မတ်စွာ တောင့်တခဲ့ရှာသည်။

သို့သော်... သို့သော်...

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ဟု တထစ်ချ စိတ်မချရသော ဘဝက ဂုဏ်နှင့် ငွေတို့ထံသို့ ပန်းရုံကို အတင်းတွန်း၍ ပို့ကြသည်။ ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ရောင့်ရဲခြင်းဆိုသော အတွင်းစိတ်သည် မင်္ဂလာဟူ၍ ဘုရား ဟောခဲ့၏။ မင်္ဂလာရှိစွာနှင့် ပစ္စည်းမဲ့နေသော ပန်းရုံအား ပစ္စည်းဖြင့်လုပ်၍ အယုတ်တမာ ပြစ္စမ်းနိုင်သော အထက်တန်းစားဆိုသည့် လူထုက ပန်းရုံကို နှိပ်စက်ကြသည်၊ ခြယ်လှယ်ကြသည်။ ပျားပိတုန်းတွေ ဝတ်ရည်ကို စုပ်သကဲ့သို့ ပန်းရုံ၏ အလှကျက်သရေ၊ ရိုးဖြောင့်သော ဂုဏ်၊ သစ္စာရှိသော ကျင့်ဝတ္တရားတို့ကို ပြင်းပြစွာ စုပ်ယူသုံးဆောင်ကြသည်။

ဝတ်ရည်မှကင်းသော ပန်းပွင့်ကလေးသည် နွမ်းရော်ခွေပျောင်း ဘဝပြောင်းက ဂုဏ်တွေ မဲ့ကုန်ကြသကဲ့သို့ ပန်းရုံသည်လည်း ထိုသဘာဝ ဓမ္မက မကျော်လွှန်နိုင်ရှာတော့ပေ။ ကုသိုလ်ကုန်ခန်းလျှင် အကုသိုလ် တစ်ပန်းသာသကဲ့သို့၊ အကောင်းချည်း နုတ်လျှင် အယုတ်တွေသာ ကျန်တော့သကဲ့သို့ အနှစ်တွေပျောက်လျှင် အကာတွေ မောက်လာသကဲ့သို့ နောက်ဆုံးသော ပန်းရုံဘဝမှာ ဂုဏ်တွေ၊ ငွေတွေ ပယောဂကြောင့် အရှုးဘဝနှင့်ပဲ ဇာတ်သိမ်းရရှာတော့သည်။ ဤသည်လျှင် "ညှိုးပန်းတစ်ပွင့်" မဟုတ်ပါလော။

အို... မိတ်ဆွေ...

"ပြည့်စုံ" သည် တရားလို ရှေ့နေအဖြစ် ပန်းရုံ၏ဘဝကို တရားသူကြီးဖြစ်သော အသင့်အား တိုင်တန်းစွဲချက် တင်လိုက်ပေပြီ။ သူ၏ အမှုတွဲအား

သပ်ရပ်ကျစ်လျစ်စွာ ဖန်တီးလိုက်ပေပြီ။ ငြင်းချက်မထုတ်နိုင်အောင် ကျကုတ် တယ တန်ဆာဆင်လိုက်ပေပြီ။

သဘာဝကျသော ဖြစ်ပျက်ပုံ အလုံးစုံကို စကားလုံးတိုင်း စကားလုံး တိုင်း ခိုင်ခံ့အောင် တည်ဆောက်ပြလိုက်ပါသည်။ ထို့ကြောင့် ဤဝတ္ထုကို ဖတ် ပြီးသော မိတ်ဆွေသည် ထိုအမှုကို ဆုံးဖြတ်ပေးရန် သင့်ပါသည်။ ပန်းရုံပင် ဆိုးသလော၊ လောကကပင် ငြိုးသလော...။

ပြည့်စုံ၏ ဝတ္ထုများမှာ အရေအတွက်အားဖြင့် မများလှသေး။ သို့သော် အရည်အချင်းအားဖြင့် ထူးထူးခြားခြားကလေးတွေ မကြာခဏ တွေ့ရသည်။

ကျွန်ုပ်အဖို့ ပြောရလျှင် ဤဝတ္ထုထဲ၌ ကြိုက်စရာလေးတွေ ခပ်များများ တွေ့လိုက်ရပါသည်။ အရသာကလေးတွေ ခပ်မြက်မြက် မြည်းကြည့်ရပါသည်။

မိတ်ဆွေ၏ အိမ်နားချင်း၊ ကျွန်ုပ်၏ အိမ်နီးချင်း၊ မိတ်ဆွေ၏ မျက်မှောက်၊ ကျွန်ုပ်၏ မျက်မှောက်တွင်ပင် ပန်းရုံလို "အမှုသည်" ကလေးများ တွေ့ရ၊ မြင် ရ၊ ကြားရမည် ဖြစ်သောကြောင့် ဝတ္ထုဇာတ်ကြောင်းကတော့ ဆန်းသည်ဟု မဆို နိုင်ပါ။ ဆန်းတာမှ ကြိုက်မည်ဆိုလျှင် ဤ "ညှိုးပန်းတစ်ပွင့်" ဝတ္ထုမှာ ကြိုက် စရာ မဟုတ်ဟု ကျွန်ုပ် သဘောတူပါသည်။ ဖြစ်ရိုးဖြစ်စဉ်အတွင်း ဖတ်ကွင်း ကလေးတွေ ကန့်ကလျှနှင့် ကရဏာ ရသကို ခံစားချင်ပါသည်ဟု ဆိုလျှင်တော့ ဤသဘာဝ ဝတ္ထုကလေးကို အမှတ်တရ ဖြစ်ရလိမ့်မည် ထင်သည်။

နောက်ဆုံးစကားနှင့် ဝေဖန်ကြပါစို့။

ဤ "ညှိုးပန်းတစ်ပွင့်" ....

ပြည့်စုံ၏ လက်ရာကောင်းတစ်ခု ဖြစ်ပါသည်။ သို့သော် အကောင်းဆုံး ဟုကား ကျွန်ုပ် မဆုံးဖြတ်နိုင်။ အကြောင်းကိုဆိုတော့ ပြည့်စုံသည် ဤဝတ္ထု ထက် ကောင်းတာကလေးတွေ ရေးနိုင်သေးသည်ဟု ရိပ်မိ ယုံကြည်သောကြောင့် ပင် ဖြစ်ပါသတည်း။

အို... မိတ်ဆွေ၊ သင်၏သဘောကား မည်သို့နည်း။

သုခိအတ္တာနံ ပရိဟရန္တု

**သုခ**

## စာရေးသူ၏ အမှာ

အမှန်အားဖြင့် ဤစာအုပ် ဖြစ်ပေါ်လာပုံမှာ ကျွန်တော့်အဖို့ အတော်ကလေး အံ့သြစရာ ကောင်းနေပေသည်။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က အင်းစိန် ကရင်အရေးတော်ပုံ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် အခြေအနေအရ မတ်လ သွေးသောက်မဂ္ဂဇင်းကို မထုတ်ဝေနိုင်တော့သဖြင့် ကျွန်တော့်မှာ အတော်ကလေး အားနေခဲ့၏။ မွေးဇာတာကကို အလုပ်နှင့်လက်နှင့် ပြတ်နေလျှင် မနေတတ်၊ မထိုင်တတ်သော ကျွန်တော့်မှာ ၄၅ လမ်းရှိ သွေးသောက်တဲငယ်တွင် ငြိမ်ငြိမ်ဆိမ်ဆိမ် အနားယူမနေနိုင်ဘဲ ပြဇာတ်လုပ်ခြင်း၊ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး စသည့် ဟိုစပ်စပ် ဒီစပ်စပ် ထ၍ လုပ်ခဲ့သေး၏။ ၁၁ လမ်းရှိ ဆရာသုခထံ ရောက်သွားရင်း "ကိုယ်ကြိုက်တာ ကိုယ်လုပ်" ပြဇာတ်ကရန် စီစဉ်နေသည်ကို ကြုံကြိုက်သဖြင့် ထိုပြဇာတ်ကို သွေးသောက်မှ စာအုပ်ရိုက်ခွင့်ပြုရန် တောင်းရသည်။ ပထမ အခြားတိုက်နှင့် ပြောထားသဖြင့် အင်နေသေး၏။ နောက်ဆုံး ကျွန်တော်က ဖွတ် မရမက ပြောမှပင် ရေးလက်စ သူ့ဇာတ်ညွှန်းကို ကူး၍ရေးရန် ပြောတော့သည်။ ကျွန်တော်လည်း ဇာတ်ညွှန်းအပိုင်းအစများ ယူလာကာ ဝတ္ထုအဖြစ်သို့ ရေးရင်း စက်တင်ပုံနှိပ်ခဲ့ရပေသည်။ တစ်ဝက်ကျိုးလုသောအခါတွင် ဆရာသုခက 'အိမ်လာအိပ်ပါ၊ ထမင်းလည်း ဒီမှာစားပါ' ဟု ဖိတ်ခေါ်သည်နှင့် ကျွန်တော်လည်း ၃၊ ၄ ည ခြင်တကိုက်ကိုက်အကြားမှ စာအုပ်အတွက် ဝတ္ထုရေးရခြင်းသာမက ဆရာသုခက နှုတ်ကပြောသမျှ ဇာတ်ညွှန်းကိုပါ ကူညီရေးပေးခဲ့ရလေသည်။ ငုပ်လျှိုးနေသော ဝါသနာတို့သည် အုံကြွလာသည်နှင့် 'ဆရာ၊ ကျွန်တော့်ကို ခိုင်းချင်ရာ ခိုင်းပါ' ဟု ဆရာသုခထံ ကျွန်တော့်ကိုယ်ကို ထိုးအပ်ခဲ့၏။

ဝင်းဝင်းရုံတွင် ရုံတင်ပြပြီးသည်အထိ ကျွန်တော်လည်း ဆရာသုခအား

ကူညီခဲ့ပေသည်။ ကျွန်တော်၏ မျှော်လင့်ချက်ကား ဆရာသုခထံမှ ပညာရင်နို့ကို သောက်စို့လိုခြင်းပင် ဖြစ်၏။ ဆရာသုခကလည်း အားပေးသည်နှင့် ဝတ္ထုရှည် တစ်ပုဒ်ကို စတင်ကြိုးစား ရေးခဲ့သည်။ ထိုဝတ္ထုမှာ ဤ "ညှိုးပန်းတစ်ပွင့်" ပင် ဖြစ်၏။ နောက် ပြဇာတ်ကလျှင်၊ အသုံးပြုဖြစ်လျှင် သုံးပေးမည်ဟု ဆိုပြီး ရိုက် ပြီးသမျှ ဝတ္ထုဖောင်များကိုပင် အချိန်ကုန်ခံကာ ဖတ်ခဲ့ပေသေး၏။ သို့ရာတွင် ဆရာသုခမှာ ငွေရင်းထုတ်သူများနှင့် ငွေရေးကြေးရေး အပေးအယူ မမျှမှုဖြင့် မူလအစီအစဉ် ပြဇာတ်တစ်ဇာတ်ပြီးတစ်ဇာတ် စင်တင်ဖို့ ဝေးသွားရလေ၏။ ကျွန်တော်လည်း စိတ်အတော်ပျက်သွား၏။ သို့ဖြစ်သည့်တိုင် လမ်းပန်းမကောင်း၊ စာအုပ်အရောင်းထိုင်းလှသော အချိန်မှာပင် "ညှိုးပန်းတစ်ပွင့်" ကို ပန်းရုံကလေး ရှူးသွားသည်အထိ လက်စသတ်ကာ သွေးသောက်ထုတ် စာအုပ်အဖြစ် ထုတ်ဝေ ခဲ့ပေသည်။

နယ်အနှံ့အပြား မပို့နိုင်ခဲ့သော်လည်း ပထမနှိပ် ကုန်ခဲ့၍ ဒုတိယ နှိပ်ပင် စာရေးဆရာများ၊ စာဖတ်သူများ၊ သတင်းစာများ၏ ဝေဖန်ချက်များ ဖြည့်စွက် ကာ ရိုက်ခဲ့ရ၏။

"ညှိုးပန်းတစ်ပွင့်" ထွက်ပြီး မကြာမီမှာပင် မိတ်ဆက်စာ ရေးသားသူ ဆရာမင်းဆွေမှာ သူ၏ ၄၆ လမ်းထိပ် နေအိမ်မှ ပျောက်သွားလေသည်။ ကျွန်တော် လည်း သိလျှင်သိချင်း ရန်ကုန်မြို့အနှံ့ လိုက်၍ ကူညီရှာဖွေခဲ့ပေသည်။ နောက်ဆုံး ကန်တော်ကြီးတွင် တွေ့ရသော အမည်မသိ အလောင်းတစ်လောင်း တွေ့မှပင် အားလုံး စိတ်လျှော့လိုက်ကြရ၏။

အခြားသူများတော့ မသိ။ ကျွန်တော့်မှာမူ လေးငါးနှစ် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် နေလာခဲ့သော စိတ်ရင်းဖြူစင် အေးဆေးသူ တစ်ယောက် ဆုံးရှုံး ရသဖြင့် စိတ်အတော် ထိခိုက်ခဲ့လေသည်။ နေ့ရှိသမျှ၊ ညရှိသရွေ့ သူ ပျောက်ဆုံး မသွားမီကလေးတွင် စာအုပ်ရိုက်ရန် ဝယ်ယူထားသော စာအုပ်ထုပ်များ ရောင်း ပေးရန် ခိုင်းပုံ၊ သွေးသောက်တိုက်တွင် ကော်ပီပဲ ဖတ်ရ ဖတ်ရ၊ ပရုပဲ ပြင်ရ ပြင်ရ သူ့ကို တစ်လ ၅၀ လောက်ပေးလျှင် တော်ပြီဟု ပြောပုံ၊ သူ့သားကြီးကို သူ့လို စာရေးဆရာ ဖြစ်မှာစိုး၍ ဝတ္ထုဖတ်တိုင်း ရိုက်ရပုံများ တသီတတန်း ပြောသွားလေသမျှ ကြားယောင်၍သာ နေတော့၏။

ထိုကာလ အတောအတွင်းမှာ မမျှော်လင့်ဘဲ ကျွန်တော့်မှာ အိမ်ထောင် ကျခဲ့လေသည်။ အချစ်တစ်ခုတည်းကိုသာလျှင် အရင်းတည်ကာ အိမ်ထောင်ပြု ခဲ့ကြခြင်းကြောင့် ရှေးဦးစွာ မလွယ်ကူလှသော အိမ်ထောင်ဝန်ကို ထမ်းဆောင်

ကြရပေသည်။ နှစ်ယောက်လုံးပင် ကိုယ်ရောစိတ်ပါ ပင်ပန်းလှ၏။ မစဉ်းစား မဆင်ခြင်၊ တစ်လလျှင် ၃၊ ၄ ရာခန့် ရသော ဇနီးကို ရုံးအလုပ်မှ နှစ်ဦးလုံး စိတ်မြန်ဆန်သူများပီပီ ရသင့်ရထိုက်သော လစာပြည့်ခွင့်ရက်များပင် တောင်းဆို မနေတော့ဘဲ တစ်ခါတည်း အပြီးထွက်လိုက်၏။ ထိုစဉ်က ချောင်ချောင် လည် လည် မဟုတ်၊ ဘိုင်က တော်တော် ကျသဖြင့် ကျောက်မြောင်း သီတာလမ်း နေအိမ်မှ ၄၅ လမ်း အလုပ်တိုက်သို့ ကုန်းကြောင်း ကြိတ်ကြရသည်လည်း ရှိ သည်။ အိမ်ထောင်ကျပြီးနောက် ပေါင်းဟောင်း သင်းဟောင်းတို့က အကြောင်း အမျိုးမျိုးတို့ဖြင့် ခွာကုန်ကြသည်။ သူတို့အသီးသီးမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ကြောင့် မတတ်သာ၍ ခပ်ခွာခွာနေရခြင်း ဖြစ်သော်လည်း ကျွန်တော့်မှာမူ ပျော် ပျော် ရွှင်ရွှင် ချစ်ချစ်ခင်ခင်နေခဲ့ကြသော မိတ်ဆွေများနှင့် ခွဲလိုက်ရ၍ တအား လျော့မိသည်။ စာပြင်ဆရာဘဝမှ အလုပ်၏မန်နေဂျာ အဖြစ်သို့ ယုံကြည် ကိုးစား စွာ လွှဲအပ်ထားသော မိတ်ဆွေမှာလည်း မကျန်းမမာဟု အကြောင်းပြကာ အလုပ် မှ နုတ်ထွက်သွားလေသည်။ သူသည် မြောင်းမြနှင့် ဝါးခယ်မ ကိုယ်စားလှယ် များထံမှ ရရန်ငွေများကို အလုပ်ထွက်သွားပြီးနောက် တောင်းယူကာ သုံးပစ် လိုက်သေး၏။ သို့သော် သူကိုယ်တိုင် လာရောက်တောင်းပန်ခြင်းပြု၍ ခွင့်လွှတ် ရပေသည်။ သူတစ်ယောက်သာလျှင် မဟုတ်ပေ၊ ငွေရေးကြေးရေးနှင့် ပတ်သက် သော ထိုအချိန်က ပေါင်းခဲ့သင်းခဲ့သော မိတ်ဆွေအချို့သည် သူတို့၏ တွေ့ကြုံ နေရသော အခက်အခဲကို ကိုယ်ချင်းစာနာကာ ကူညီခဲ့သော ကျွန်တော့်ကို စိတ် ထိခိုက်စေလှ၏။

အစိုးရ ရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ အရာရှိတစ်ယောက်ဖြစ်သော မိတ်ဆွေ တစ်ယောက်မှာလည်း အိမ်ထောင်ပြုလိုသဖြင့် ငွေအနည်းငယ် ကူညီရန် ပြော လာလေသည်။ ကျွန်တော်တို့တွင် ချောင်လည်လှသည် မဟုတ်ပေ။ သို့ရာတွင် မိတ်ဆွေတို့၏ ဝတ္တရားအတိုင်း ကူညီရမည် ဖြစ်သဖြင့် ကျွန်တော်၏ ဇနီးသည် ကပါ သဘောတူညီစွာ ကူညီခဲ့ပေသည်။ ထိုနေ့မှ စ ကာ သူ့ကို ကိုယ်ရောင် ကိုယ်ဝါပင် မမြင်မတွေ့ရတော့ပေ။ အကြောင်း မညီညွတ်သောကြောင့် ပြန်လည် မဆပ်နိုင်ဟု လာပြောလျှင် တော်သေး၏။

သို့နှင့် နောင်မကြာသေး။ ဘဏ်တိုက်တစ်ခုမှ မိတ်ဆွေတစ်ယောက်က ငွေအကူအညီတောင်းပြန်၍ လွယ်ကူစွာပင် ကူညီလိုက်သေး၏။ ထုံးစံအတိုင်း အတိုးအညွှန့်ယူဖို့ ပြောသော်လည်း အတိုးအညွှန့်၏ ဒဏ်ကို ကိုယ်တိုင် အလူး အလဲ ခံစားခဲ့ဖူးသော ကျွန်တော်တို့က လက်မခံဘဲ အသားလွတ် ပေးလိုက်လေ

သည်။ စေတနာကောင်းလွန်းလှသော အကျိုးကြောင့် ကံကောင်း၍ မဆုံးရပေ။ ငွေပြန်မဆပ်လျှင် ဘဏ်မန်နေဂျာကို တိုင်ရမည်ဟု ခြိမ်းခြောက်မှ ချေးငွေကို မဆပ်ချင် ဆပ်ချင် ဆပ်တော့သည်။

ထိုစဉ်က ကျွန်တော့်တွင် မိတ်ဆွေများနှင့် ပတ်သက်ကာ စိတ်ထိခိုက်ရခြင်း အမျိုးမျိုးအပြင် မလိမ်မိုး မလိမ္မာသေးသော ဇနီးသည်အတွက်လည်း မကြာခဏ စိတ်တိုရ၏။ သူက ကျွန်တော်၏ အလိုဆန္ဒအရ သွေးသောက်၏ တာဝန်ကို ဦးထမ်းပဲ့ထမ်း ကူညီနေရသော်လည်း စမ်းတဝါးဝါးမျှသာ ရှိသေး၏။ ဒါကို ကျွန်တော်က အားမလို အားမရဖြစ်ကာ ဆူပူတတ်၏။ သည်တော့လည်း သူ့မှာ ငိုရသည်၊ စိတ်ကောက်ရသည်။ ကျွန်တော်လည်း စိတ်မကောင်းပေ။ နောက်ကို အလုပ်မှာ အဘယ်မျှ လွဲမှားနေပေစေ၊ မဆူတော့ဟု အောက်မေ့လိုက်၏။ သို့သော် နောက်ရက်များတွင် အမှားတွေ့ပြန်၍ ဆူမိပူမိပြန်သည်။ သူလည်း ငိုရသည်၊ စိတ်ကောက်ရ၏။ ဆူတိုင်း သူက ငို၍ စိတ်ကောက်ခြင်းကြောင့် ကြာတော့ ကျွန်တော်လည်း စိတ်မရှည်တော့ဘဲ ဦးရောပဲ့ရော ကိုယ့်ဟာကိုယ် ထမ်းရန် ဆုံးဖြတ်လိုက်လေသည်။ သူလည်း ကျွန်တော့်အလိုအတိုင်း ဘေးဖယ်ကာ ကြည့်နေလိုက်၏။

နေ့တွင် အလုပ်အားလုံးကို တစ်ယောက်တည်း ဒိုင်ခံလုပ်ပြီး ညဉ့်နက်သန်းခေါင်ထိ အလုပ်မပြီးမချင်း အိပ်စက်ခြင်း မပြုဘဲ လုပ်ခဲ့ပေသည်။ ထိုကြားထဲတွင် စာရေးလိုက်သေး၏။ နေ့စဉ်အိပ်ချိန်မှာ နည်းသည်ထက် နည်း၍ လာကာ နောက်ဆုံး မည်သို့မျှ အိပ်မပျော်နိုင်သောအဖြစ်သို့ ရောက်လာခဲ့လေသည်။ ဒါကို ခပ်ပေါ့ပေါ့ပင်နေကာ အလုပ်ကိုသာ မဲ၍ လုပ်နေ၏။ ထိုအတွင်း ကျွန်တော်တို့၏ မင်္ဂလာနှစ်ပတ်လည်နေ့နှင့် တိုက်ဆိုင်သည့်အတွက် အလုပ်သမားများနှင့် နီးစပ်ရာ ဆွေမျိုးများနှင့် လာသမျှ မိတ်ဆွေသင်္ဂဟတို့ကို မုန့်ဟင်းခါးကျွေးရာ ဧည့်ဝတ်ကျေအောင် ဧည့်ခံရနှင့် လူမှာ ပို၍ ပန်းလာ၏။ အအိပ်ပျက်သဖြင့်၊ အစားလည်း မဝင်သဖြင့် အားလည်း နည်းလာသည်။ သို့သော် ဂရုမထားမိဘဲ နေ့လယ်က ပုံနေခဲ့သော အလုပ်များကို ဆက်၍ လုပ်သေး၏။ အလုပ်ပြီးစီးပြီးနောက် အိပ်မပျော်သည်နှင့် နောက်ဖေးမှ ညစက်သမားနှင့် ထွေရာလေးပါးများ ပြောပြီး ဆာသည်နှင့် နေ့လယ်က ကျန်နေသော မုန့်ဟင်းခါးဟင်းနှင့် ထမင်းကျန်များ စားသေး၏။ ထမင်းလုံးစီရင်း တောင်တွေး မြောက်တွေးနှင့် ဒိုင်ယာရီရေးလိုက်၊ စာအုပ်များ ဖတ်လိုက်နှင့် နောက်ဆုံး အိပ်ချင်လာမှ အိပ်ရာဝင်လိုက်

သည်။ ကြာကြာ မအိပ်လိုက်ရပေ၊ နောက်တစ်နေ့ နံနက်တွင် အလုပ်သမားတို့၏ ဆူသံညံသံကြောင့် လန့်နိုး၏။

ထိုနေ့တော့ နှမ်းလျနေပြီ ဖြစ်သဖြင့် အလုပ်သမားများ လုပ်စရာ ရှိသည်များကို အသီးသီး ခိုင်းစေထားပြီး ပြန်အိပ်သည်။ သို့သော် စက်သံလူသံတို့ကြောင့် အိပ်၍မရပေ။ ထိုကြားထဲတွင် ဧည့်သည်အမျိုးမျိုးတို့က လာရောက်ကြပြန်၏။ စာအုပ်တစ်အုပ် မေတ္တာလက်ဆောင် တောင်းသောသူက အစ ကိစ္စကို မပြောဘဲ အတင်းသာ နှိုးခိုင်း၏။ ထို့ကြောင့် ပို၍သာ စိတ်တိုရသည်။ အလုပ်တိုက်နှင့် ခပ်ဝေးဝေးနေစဉ်က သွားရလာရ ခက်ခဲသည်ကမှ သက်သာပေသေး၏။ ယခုလို အိပ်ချင်လျက် မအိပ်ရ၊ နားလိုလျက် မနားရခြင်းများ မရှိပေ။

ထို့ကြောင့် နားအေးပါးအေး ငြိမ်းချမ်းစွာ အိပ်စက်နိုင်ရန် ၄၆ လမ်းထိပ်မှ ဦးလေးများ ဓာတ်ပုံဆိုင်သို့ သွားအိပ်ရ၏။ ဟိုမှာလည်း ဓာတ်ပုံရိုက်သူတို့နှင့် ဆူညံနေသည်နှင့် အိပ်မပျော်နိုင်ရာ တိုက်သို့ပင် ပြန်လာရပြန်သည်။ နေလည်း မြင့်မြင့်လာသဖြင့် အိပ်ပျော်ရန် ခဲယဉ်းသထက် ခဲယဉ်းလာလေရာ စိတ်ပို၍ တိုလာ၏။ တွေ့သမျှ လူတိုင်းကို ဆူမိပူမိ၏။ ထမင်းစားချိန် ရောက်လာသည်အထိ အစာက မဝင်၊ ခေါင်းတစ်ခုလုံး အုံကာ နားနေလိုပါသော်လည်း မေးစက်၍ပင် မရ။ သို့ကြောင့် အလုပ်စားပွဲတွင် ပေကာ အလုပ် လုပ်နေမိသည်။

စင်စစ်အားဖြင့် သတိမထားမိ၍သာ ဖြစ်သည်။ ဝမ်းကောင်းကောင်း မသွား၊ ဆီးကောင်းကောင်း မရှင်သည်မှာလည်း ကြာပြီ။ အလုပ်က ပိသထက်ပိ၍ နေသဖြင့် ရေမချိုးရသည့် ရက်ကလည်း မနည်းပြီ။ မဂ္ဂဇင်းတာဝန်များနှင့် ရှုပ်ထွေးနေရသည့်ကြားက အိမ်ရှင်ကုလားနှင့် အမှုအခင်းဖြစ်နေသည်ကလည်း ရှိသေး၏။ ဤသောကများအပြင် ကျွန်တော် အိမ်ထောင်ပြုသည်ကို သဘောတူလှဟန် မရှိသော နတ္တလင်းရှိ မိဘညီအစ်ကို မောင်နှမများကို သတိရနေခြင်းကလည်း ရှိသေး၏။

ထိုစဉ်တွင် ဇနီးသည်က သူ့အစ်ကိုထံမှ ကားရသဖြင့် သိန်းဖေမြင့်တို့ဆီ ကော်ပီတောင်း သွားရအောင်ဟု ပြောသဖြင့် ဟာမစ်တိတ်သို့ ဂျစ်ကားနှင့် ထွက်လာခဲ့ကြ၏။ အာရုံပြောင်းသဖြင့် စိတ်တို့မှာ ပို၍ နောက်ကျိလာ၏။ လမ်းတွင် တွေ့သော လက်ပြပုလိပ်ကိုပင် တစ်မျိုးတစ်မည် ထင်မိ၏။ ကျွန်တော်၏ အခြေအနေကို မသိသော သိန်းဖေမြင့်က တွေ့လျှင်တွေ့ချင်း အလုပ်၏ မန်နေဂျာ ယောင်းနှင့် ပတ်သက်ပြီး နှစ်ယောက်စလုံး မှားယွင်းကြောင်း ပြောကာ အပြစ်တင်

စကား ပြောတော့၏။ ကျွန်တော်က စိတ်ရှည်လက်ရှည်ထားကာ အကြောင်းစုံ ရှင်းပြသော်လည်း လက်မခံသည်နှင့် ထ ပြန်လာခဲ့ကြ၏။

သိန်းဖေမြင့်ကို မကျေနပ်တိုင်း ဇနီးသည်ကို လမ်းတစ်လျှောက်လုံး စိတ်တိုစွာ ဆူပူ၍သာ လာခဲ့၏။ ၄၈ လမ်းတိုက်သို့ ပြန်ရောက်လျှင် ကားရပ်အောင်ပင် မစောင့်နိုင်ဘဲ စိတ်တိုစွာ ခုန်ဆင်းကာ အလုပ်စားပွဲတွင် ဝင်ထိုင်၏။ အလုပ်ကို သဲမဲလုပ်နေစဉ် ဧည့်သည်အမျိုးမျိုးတို့က ရောက်လာကြပြန်၏။ ထိုအထဲတွင် သန်လျင်မှ ဧည့်သည်တစ်ယောက်လည်း ပါ၍ ဇနီးသည်ကို ခေါ်ခိုင်း၏။ မရှိ၊ ဘယ်သွားမှန်း မသိဟု ဖြေကြသည်။ ဘယ်တုန်း ဘယ်အခါကမှ မပြောမဆို တစ်ယောက်တည်း အပြင်သို့ မသွားခဲ့ဖူးသော ဇနီးသည်ကို မတွေ့ရလျှင် စောစော က ဆူမိပူမိခြင်းကြောင့် စိတ်ဆိုးကာ ထွက်သွားလေပြီဟု များစွာ စိတ်ထိခိုက် သွားမိသည်။ ချက်ချင်း သတိကို မြဲမြဲထိန်းကာ အလုပ်စားပွဲတွင် ကြိုးစား ထိုင်လိုက်၏။ မဟန်နိုင်တော့ပြီ။ ဇက်ပိုးတစ်ခုလုံး နောက်ဆီမှ ဓားနှင့် ခုတ်ပိုင်း လိုက်သလို နာကျင်စွာ ခံစားလိုက်ရပြီး အလုပ်စားပွဲသို့ မှောက်ရက်လဲကျ သတိ လစ်သွားတော့၏။ ဘယ်နှနာရီ ဘယ်နှရက်လောက် မေ့မြောသွားသည် မသိ။

သတိရ၍ မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ အိပ်ရာပေါ်တွင် ရောက် နေကာ ဘယ်တုန်းက ရောက်လာမှန်း မသိသော ဒေါ်ဒေါ်ကို တွေ့ရ၏။ သမက် နှင့် ယောက္ခမ ဖြစ်သော်လည်း သားရင်းပမာ စိုးရိမ်စွာဖြင့် ပိုက်ထွေးထားရင်း သတိကောင်းစွာ ရပြီလားဟု မေးသည်။ ဇနီးသည်ကိုလည်း တွေ့ရ၍ ဖြစ်ပုံ အကျိုးအကြောင်း မေးမည် ကြံသေးသည်။ သို့သော် လူကြီးများ သိကုန်လျှင် စိတ်မကောင်းဖြစ်မည်စိုးသဖြင့် အားခဲ၍ ထ ထိုင်ကာ လမ်းလျှောက်ပါရစေဟု ပြောပြီး ကရစ်လမ်းတစ်ပတ် လျှောက်၏။ ထိုညက ကျွန်တော် မသိအောင် အဖော်နှစ်ယောက် ထည့်လိုက်သဖြင့်သာ ကျွန်တော်လည်း ဆရာမင်းဆွေလို မဖြစ်ရပေ။ သို့သော် ကြံရည်တစ်ခွက်သောက်၍၊ ပြင်ပ လေကို ရှူရှိုက်၍ ပြန်လာ ပြီးနောက် ထိုနေ့တစ်ညလုံး ချောက်အိပ်မက်တို့နှင့် ရင်ဆိုင်တွေ့ရကာ ကယောင် ကတမ်း ဖြစ်နေပေတော့၏။ ထိုစဉ်က ဝေဒနာ၏ ခံစားရပုံများကို အလျဉ်းသင့် သော တစ်နေ့တွင် ရေးလိုပါသေးသည်။ နောက်တစ်နေ့ ကျွန်တော့်ကို သန်လျင် အိမ်သို့ ပို့လိုက်ကြသည်။ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေ၏။ ထို့နောက် အိမ်နားမှ မိန်းမကြီး၏ တိုက်တွန်းချက်အရ အလုံဘက်ရှိ အိမ်အိုကြီးတစ်အိမ် တွင် ပြောင်းရွှေ့ ဆေးဝါးကုသပေသည်။ စိတ်၏ ဖောက်ပြန်နေခြင်းကို ကုသခြင်း မဟုတ်သော်လည်း ကိုယ်ခန္ဓာကျန်းမာရေး ချို့တဲ့ခြင်းများမှာမူ ဆရာဘုန်းကြီး၏

ကုသခြင်းကြောင့် သက်သာသလို ဖြစ်လာပေသည်။ အိမ်ကြီး၏ ပတ်ဝန်းကျင် ရှုခင်းကြောင့် စိတ်၏ ဖောက်ပြန်ခြင်းမှာမူ ပို၍ ဆိုးဝါးလာ၏။

ပါးနပ်လိမ္မာစွာဖြင့် လူအလစ်မပေးသော ဇနီးသည်နှင့် သူတို့၏ အလုပ်ပျက်၊ အကိုင်ပျက် ညအိပ်ညနေ လာရောက် စောင့်ရှောက်ကြပေသော မရီးနှင့် ဆွေမျိုးများကြောင့်သာလျှင် ကျွန်တော့်မှာ ခန့်မှန်း၍ မရနိုင်သော အခြေသို့ မဆိုက်ရောက်ခဲ့ရပေ။

ထိုအတွင်း နတ္တလင်းမှ အစ်ကိုများနှင့် အမေလည်း လိုက်လာကြသဖြင့် နောက်ဆုံး နတ္တလင်းသို့ ထည့်လိုက်ကြပြန်သည်။ ထိုစဉ်က ဇနီးသည်နှင့်တကွ မိတ်သင်္ဂဟ၊ အလုပ် စသည်တို့ကို မခွဲခွာရစဖူး ခွဲခွာရမည်ကို အမှန်ဝန်ခံရလျှင် စိတ်မကောင်းဖြစ်ရမည်ကိုပင် မေ့နေသည်။ သုံးလေးနှစ်ခန့် ခွဲခွာခဲ့ရသော ဇာတိမြေနှင့် မိဘညီအစ်ကို မောင်နှမတို့နှင့် ပြန်လည် ဆုံတွေ့ရတော့မည့် အသိနှင့် ဤအိမ်အိုကြီးမှ လွတ်မြောက်ရတော့မည့် အသိကြောင့် ရွှင်ပျ၍ပင် နေခဲ့၏။ တစ်နေ့ကုန် မော်တော်ကား အပြင်းစီးပြီးနောက် နတ္တလင်းအရောက်တွင် ရောဂါ အနည်းငယ် သည်းသေး၏။ သို့သော် မိဘများက ခေါ်ပေးသော ဆရာ၏ ကုသခြင်းဖြင့် ထူထူထောင်ထောင်ဖြစ်ကာ စားနိုင်သောက်နိုင်လာ၏။ သတိလည်း ပြန်၍ ကောင်းလာသည်။ ကျွန်တော့်လက်နှင့် မျက်နှာတို့ကို စစ်ဆေးကြည့်ရှုသောအခါတွင် အရေပြားတို့သည် အပူအားကြီးခြင်းကြောင့် အဖတ်လိုက် ကွာကျနေ၏။ မျက်နှာတို့သည် ဖောရောင်နေသည်။ ချက်ချင်းပင် ဇနီးနှင့် အလုပ်ကို သတိရမိ၏။ အစ်ကိုလုပ်သူက ညနေရထားနှင့် လိုက်လာကြလိမ့်မည်ဟု ပြောပြီး နောက်ဆုံးထုတ် သွေးသောက်မဂ္ဂဇင်း တစ်အုပ်ကို ထုတ်ပြလေသည်။ ကျွန်တော် မရှိလျှင် သွေးသောက်မဂ္ဂဇင်းတော့ ထွက်နိုင်လိမ့်မည် မဟုတ်ဟု အယူသီးခဲ့သော ကျွန်တော့်မှာ အံ့ဩခြင်းလည်း ဖြစ်ရ၏။ ဇနီးသည်အား အလုပ်တွင် အသုံးမကျ၊ အကူအညီ မရဟု အမြဲတမ်း ဆူမိပူမိခဲ့သမျှကို နောင်တရကာ ယနေ့မှစ၍ ဇနီးသည်ကို အလုပ်နှင့် ပတ်သက်ပြီး မဆူတော့ဟု ပိုင်းဖြတ်လိုက်မိတော့သည်။

ထို့နောက် ဇနီးသည် ရောက်လာလျှင် ကျွန်တော်လည်း မိဘများ ကျေနပ်အောင် တစ်ရက်၊ နှစ်ရက်မျှ နေလိုက်ပြီး ရန်ကုန်သို့ ပြန်လိုက်လာခဲ့၏။

အသားပြည့်အောင်၊ အားပြည့်အောင် အနားမယူဘဲ အလုပ်ခွင်သို့ပင် ပြန်ဆင်းမည်ကြံရာ အလုပ်လုပ်နိုင်၊ စာရေးနိုင်ဖို့ နေနေသာသာ အနည်းငယ် စဉ်းစားလိုက်တိုင်း ခေါင်းမူး၍လာတတ်၏။ တစ်စုံတစ်ယောက်၏ ရိုးရိုးစကား ပြောသံကိုပင် အာရုံကြောတွင် စူးရှနေ၏။ လမ်းမမှ ဆိုက်ကားဟွန်းသံ၊ ရေဒီယို

ဖွင့်သံတို့ကို ကြားရလျှင် ဦးခေါင်းတစ်ခုလုံးကို တူနှင့် ထုသလို၊ ပြုတ်တူနှင့် ညှပ်သလို ခံစားနေရသည်။ နောက်ဆုံး ကယောင်ကတမ်း ပြန်ဖြစ်လာကာ အိပ်၍လည်း မပျော်သဖြင့် တံတားကလေး စိတ္တဇဆေးရုံမှ ဆရာဝန်ကြီးထံသွားကာ ဆေးထိုး၊ လျှပ်စစ်နှင့် အာရုံကြောများကို အနှိပ်ခံ၊ ဆေးဝါးသောက်စားခြင်းဖြင့် အတော်ကလေး အခြေအနေ ပြန်ကောင်းလာခဲ့ရလေသည်။

အလုပ်ကိုလည်း ပြန်မကိုင်တော့ဘဲ အနားယူလိုက်ပြီးနောက် စိတ်ပြေလက်ပျောက် သထုံနှင့် မော်လမြိုင်မှ ဆွေမျိုးများထံ အလည်အပတ်ပင် သွားရောက်လိုက်ကြသေး၏။

ဤသို့ ကျွန်တော်ကိုယ်တိုင် "ပန်းရုံ" ကလေးကဲ့သို့ ခံစားလိုက်ရသဖြင့် တစ်နေ့တွင် ပန်းရုံကို ပြန်လည် ဆက်လက်ရေးသားမည်ဟု အားခဲခဲ့ပေသည်။ သို့သော် ဆရာဝန်ကြီးက စာရေးခြင်းကို တစ်နှစ်မျှ စွန့်လွှတ်ထားပါဟု အကြံပေးထားသဖြင့် ကလောင်မကိုင်ဝံ့သေးဘဲ နေခဲ့ရ၏။ တစ်နှစ်ကျော်သောအခါတွင်လည်း မဂ္ဂဇင်းကိစ္စနှင့်ပင် ရှုပ်ထွေးနေခဲ့သဖြင့် ပန်းရုံကို တော်တော်နှင့် မရေးသားဖြစ်ခဲ့ရပေ။ လုံးချင်းအဖြစ် "ပန်းရုံ" ထွက်မည်ဟုသာကြော်ငြာထားခဲ့ပြီး လုံးဝ မ စ ခဲ့ရသေးပေ။

ဤ "ညှိုးပန်းတစ်ပွင့်" ဝတ္ထုနှင့် ပတ်သက်၍ တိုက်ဆိုင်ပုံများမှာ ဝတ္ထုရေးပြီးနောက် များမကြာမီ အိမ်ထောင်ကျ၍ လိုက်လံ အိမ်ခန်း ငှားရမ်းသည်တွင် မမျှော်လင့်ဘဲ တင်ထူးနှင့် ပန်းရုံတို့၏ ဇာတ်လမ်း စတင်ရာ သီတာလမ်းကိုမှ သွား၍ရ၏။ ညှိုးပန်းတစ်ပွင့်တွင် ပန်းရုံကလေး စိတ်နောက်သွားအောင် ကလောင်ကစားလိုက်ရာ ကြံကြံဖန်ဖန် ဝတ္ထုစာရေးဆရာမှာလည်း စိတ္တဇရောဂါ စွဲကပ်ရဖူးပေသည်။ သို့သော် ဝတ္ထုရေးဆရာသည် ဇနီးသည်နှင့်တကွ ဆွေမျိုး မိတ်သင်္ဂဟများ၏ အပြုအစုကောင်းခြင်းနှင့် ဆရာသမားများ၏ ဆေးဝါးထက်မြက်ခြင်းကြောင့် လူညွန့်မတုံးခဲ့ရပေ။

ဝတ္ထုရေးဆရာပင်လျှင် စိတ္တဇရောဂါ စွဲကပ်ဖူး၍ ကုသပျောက်ကင်းနိုင်ရာ ပန်းရုံကိုလည်း ဤအတိုင်း ပစ်ထားခဲ့လျှင် တရားရာကျမည် မဟုတ်ပါ။ အထူးသဖြင့် အင်းစိန်မှ စာဖတ်သူတစ်ဦးက ညှိုးပန်းတစ်ပွင့်တွင် ပန်းရုံမှ မသေသေးဘဲ ဆက်ပါဦးဟု တိုက်တွန်းသောကြောင့် ပန်းရုံကို ဆက်လက် ရေးသားခဲ့ရပေသည်။

ထိုစဉ်တွင် သွေးသောက်၌ အခန်းဆက် ဝတ္ထုရှည်ကြီးတစ်ပုဒ် ထည့်သွင်းရန် စီစဉ်ကြရာတွင် ပန်းရုံကို မဂ္ဂဇင်းတွင် အလျင် ထည့်စေရ၏။

ပန်းရုံကို သွေးသောက်တွင် အပြီးထည့်ပြီးနောက် ရုတ်တရက် စာအုပ်အဖြစ် မရိုက်မီ ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ ရုပ်ရှင်ရိုက်ကူးရန် လာရောက်သေး၏။ သို့သော် အသံထွက်ရိုက်ရန် အင်အား သူတို့မှာ မရှိသေးဟု ဆို၏။ ရုပ်ရှင်ရိုက်သည်ဖြစ်စေ၊ မရိုက်သည်ဖြစ်စေ ပန်းရုံမှာ မူလစီစဉ် လျာထားပြီးအတိုင်း စာတစ်အုပ်အဖြစ် ထုတ်ဝေရမည်ဖြစ်ရာ ပထမ ညှိုးပန်းတစ်ပွင့်နှင့်အတူ စုပေါင်းကာ သွေးသောက်ထုတ် စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေလိုက်ရပေ၏။

**ပြည့်စုံ**
(၁၆၊ ၁၂၊ ၅၄)

## တတိယ နှိပ်ခြင်းအတွက် အမှာစာ

၁၉၄၉ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော **ညှိုးပန်းတစ်ပွင့်** နှင့် ၁၉၅၅ ခုနှစ်တွင် ပူးတွဲထုတ်ဝေခဲ့သော **ညှိုးပန်းတစ်ပွင့် ပန်းရုံ** ဝတ္ထုကို တတိယအကြိမ် ပြန်လည် ထုတ်ဝေမည် ဖြစ်သဖြင့် အမှာစာတစ်ရပ် ရေးရန် လိုလာပြန်ပေသည်။

ဒုတိယ နှိပ်ခြင်းမှာပင် ဤဝတ္ထု ဖြစ်ပေါ်လာပုံကို စာရေးသူ၏ အမှာစာ ရေးသားခဲ့သည်ကို ရှေ့ပိုင်း၌ ဖတ်ရှုပြီး ဖြစ်မည်။ ယခု ရေးသားလိုသည်ကား "ပန်းရုံ" ဝတ္ထုကို ဘာ့ကြောင့် ထုတ်ဝေရပြန်သည်ကို အစီရင် ခံလိုခြင်းပင် ဖြစ်သည်။ နောက်ဆုံး ထုတ်ဝေခဲ့သော နှစ်ကို တွက်ဆပါက ၁၂ နှစ်ခန့်ရှိပြီ ဖြစ်သဖြင့် နှောင်းခေတ် ဖတ်ရှုဖူးခဲ့သူများလည်း မေ့တန်ကောင်းပြီ။ ယခုခေတ်မှ အရွယ်ရောက်လာသော လူငယ်ကလေးများသည် မဖတ်ဖူးသူများ ရှိမည် ဖြစ်သဖြင့် ပြန်လည် ထုတ်ဝေရသော် အဆင်ပြေဖွယ် ရှိမည်ဟု မှတ်ထင်မိ၏။

နောက်တစ်ကြောင်းမှာလည်း "ပန်းရုံ" ဝတ္ထုကို သုခမ ရုပ်ရှင်မှ ဒါရိုက်တာ **မောင်မောင်မြင့်** က **မောင်ယဉ်ထွေး၊ စမ်းစမ်းအေး** တို့နှင့် ရုပ်ရှင်ရိုက်ကူးခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် မကြာမီ ပြသတော့မည် ဖြစ်သည်။ ရုပ်ရှင်ကားကို မကြည့်မီ ဝတ္ထုကို ကြိုတင်ဖတ်ရှုရခြင်းဖြင့် ရုပ်ရှင်ကားကို ကြည့်ရှုသောအခါ တစ်မျိုးတစ်ဖုံ အရသာ ခံစားနိုင်မည်ဖြစ်ပြီး ရုပ်ရှင် ပြသသောအခါ၊ ရုပ်ရှင်ကြည့်ပြီးနောက် ဝတ္ထုကို ပြန်ဖတ်မိသောအခါမျိုး၌လည်း တစ်မျိုးတစ်မည် စားမြုံ့ပြန်နိုင်ကောင်း၏ဟု မျှော်လင့်ကာ ထပ်မံ ပုံနှိပ်ထုတ်ဝေရပေသည်။

နောက်အကြောင်းတစ်ခုမှာလည်း ကျွန်တော်သည် ဝတ္ထုရှည်များ ရေးသားခဲ့ရာတွင် ပင်ကိုဉာဏ်ဖြင့် ရေးသားခဲ့သော ဝတ္ထုရှည်ဆို၍ ဤ "ပန်းရုံ" ဝတ္ထု တစ်ပုဒ်သာလျှင် ရှိခဲ့ပေသည်။ များသောအားဖြင့် နိုင်ငံခြားဝတ္ထု ဇာတ်လမ်းများ

ကို မှီငြမ်းပြု ရေးသားခဲ့ခြင်းသာ များသည်။ ထို့ကြောင့် ကျွန်တော်သည် "ပန်းရုံ" ကို မြတ်နိုးရသည်။ တန်ဖိုးထားရပေသည်။

"ပန်းရုံ" ကို ရုပ်ရှင်အဖြစ် ရိုက်ကူးရာတွင် ကျွန်တော်သည် ဇာတ်ညွှန်းရေး ဆရာဘဝ၌ ရောက်ရှိနေရာ ဇာတ်ညွှန်းကိုပါ ရေးသားခွင့် ရရှိခဲ့သဖြင့် ကံကောင်းသည်ဟု ဆိုနိုင်သည်။ ကျွန်တော်သည် ဇာတ်ညွှန်းရေး ဆရာဘဝ၌လည်း တခြားစာရေးဆရာများ ရေးသားသော ဝတ္ထုများကို ဇာတ်ညွှန်း ပြန်ရေးခဲ့ရလျှင်လည်း ရေး၊ သို့မဟုတ် နိုင်ငံခြားဝတ္ထု၊ ရုပ်ရှင်များကို မှီးကာ ဇာတ်ညွှန်းများ ရေးသားခဲ့သည်သာ များခဲ့သည်။ "ပန်းရုံ" ကမူ ကျွန်တော်၏ ကိုယ်ပိုင်ဝတ္ထုလည်း ဖြစ်သည်။ ပင်ကိုဉာဏ်ဖြင့် ရေးသားခဲ့သော ဇာတ်လမ်းလည်း ဖြစ်သဖြင့် ကျွန်တော်သည် အတော်ပင် ကျေနပ်အားရခဲ့သည်။

အထူးသဖြင့် ကျွန်တော်သည် ဇာတ်ညွှန်းရေး လေ့ကျင့်စကပင် "ပန်းရုံ" ဝတ္ထုကို တစ်ကြိမ် ဇာတ်ညွှန်းရေးသားခဲ့ဖူးသည်။ ထိုဇာတ်ညွှန်းကို **ဆရာသုခ** ထံသို့ ပြသကာ အဝေဖန် ခံခဲ့ဖူးသည်။ ဒါရိုက်တာချစ်ခင်နှင့်လည်း တိုင်ပင်ကာ ကိုယ်တိုင် ထုတ်လုပ်ရိုက်ကူးရန် စီစဉ်ခဲ့သေးသည်။

သို့ရာတွင် ယနေ့ တကယ် ရုပ်ရှင်ရိုက်မည် ပြုသောအခါ ကျွန်တော်သည် ယခင်က ရေးခဲ့သော ဇာတ်ညွှန်းဟောင်းကို မကြိုက်တော့ပေ။ အသစ်တစ်ဖန် ပြန်လည်ရေးသားလိုစိတ် ပေါ်ပေါက်လာခဲ့မိသည်။

မိမိရေးသောစာကို ချက်ချင်း စက်တင်ပုံနှိပ်ခြင်း မပြုသေးဘဲ အံဆွဲထဲတွင် သိမ်းဆည်းထားပြီး မေ့လောက် ပျောက်လောက်သောအခါ၌ ပြန်၍ ဖတ်ရှုစစ်ဆေးကြည့်ရှုသောအခါ ပြင်စရာ၊ ဆင်စရာ၊ ဖြည့်စရာ၊ ပယ်စရာ အများအပြားကို တွေ့ရတတ်ဘိသကဲ့သို့ ကျွန်တော်သည်လည်း "ပန်းရုံ" ဇာတ်ညွှန်းဟောင်းကို ဗီရိုထဲတွင် သုံးလေးနှစ်ကြာ သိမ်းထားရာမှ ပြန်လည် ထုတ်ယူ ကြည့်ရှုသောအခါ "ပန်းရုံ" ဇာတ်ညွှန်းသည် "ပန်းရုံ" ဝတ္ထုကို တပည့်ခံလွန်းနေသည်ကို တွေ့နေရသည်။ ရုပ်ရှင်နှင့် မသင့်လျော်သော ရိုက်ကွက်များ ပါနေသည်ကိုလည်း တွေ့ရသည်။ ပြုပြင်ပြောင်းလဲသင့်သော အခန်းများ၊ ဖြည့်စွက်သင့်သော အကွက်များကိုပါ သတိချပ်မိသည်။

ဝတ္ထု၏အဖွဲ့အနွဲ့နှင့် ရုပ်ရှင်အပြအသသည် လွန်စွာ ခြားနားလှသည်။ မူရင်းဝတ္ထု၌ စာတစ်ကြောင်းသည် ရုပ်ရှင်၌ ပေတစ်ထောင်လည်း ဖြစ်နိုင်သည်၊ နှစ်ထောင်လည်း ဖြစ်ချင်ဖြစ်သည်။ ဝတ္ထုတစ်ခန်းသည် ဖလင်တစ်ပေမျှ ဖြစ်မလာဘဲလည်း ဖြစ်ချင်ဖြစ်တတ်သည်။ ဝတ္ထုမှ ရုပ်ရှင်အဖြစ်သို့ အသွင်ကူးပြောင်းရာ

တွင် မူရင်းဝတ္ထု၏ အဓိကရည်ရွယ်ချက် (Theme) မပျောက်ပျက်ဖို့သာ လိုရင်း ဖြစ်သည်။ ဝတ္ထုပါ အသေးအမွှားပါ မကျန် အစအဆုံး ရိုက်ပြခြင်းထက် ဝတ္ထု ဓာတ်လမ်း တစ်ပုဒ်လုံးကို အတိုဆုံးနှင့် ဓာတ်လမ်း မူမပျက်အောင် ဝတ္ထုတွင် ပါသော ဝတ္ထုရေးဆရာ ဖော်ပြလိုသည့် အချက်အလက်၊ ထိမိုက်စေလိုရင်း အကြောင်းများကို အမိအရ ဖော်ပြခြင်းသည် ဝတ္ထုဓာတ်လမ်းကို ထပ်တူထပ်မျှ အရသာ ပေးနိုင်သည်ဟု အနောက်နိုင်ငံမှ ကျွမ်းကျင်သော ဓာတ်ညွှန်းရေး ဆရာ ကြီးများက ပြောဆိုသည်ကို မှတ်သားခဲ့ဖူးသည်။

သို့ရာတွင် မကြာခဏလိုပင် ဝတ္ထုကို ရုပ်ရှင်အသွင်သို့ ကူးပြောင်းရာတွင် ဝတ္ထုရေးဆရာနှင့် ဓာတ်ညွှန်းရေး ဆရာတို့သည် စကားများတတ်ခဲ့ကြသည်။ ဝတ္ထုရေးဆရာက သူ၏ဝတ္ထုကို လက်ဖျားနှင့် မတို့ရန် တင်းမာတတ်သည်။ ဓာတ်ညွှန်းရေးဆရာကမူ ဝတ္ထုကို ပို၍ ပြောင်းလဲ ပြင်ဆင်နိုင်လေလေ၊ ရုပ်ရှင် ဓာတ်ကားသည် ပိုမိုပြောင်မြောက်လာလေလေပင် ဖြစ်သည်ဟု နားလည်ထား ပေသည်။

"ပန်းရုံ" ကို ဝတ္ထုမှ ရုပ်ရှင်အသွင်သို့ ကူးပြောင်းရာတွင် သို့ကလို ပြဿနာ မပေါ်ခဲ့ပေ။

"ပန်းရုံ" ကို ဓာတ်ညွှန်း ပြန်ရေးရာတွင် ဝတ္ထုရေးဆရာနှင့် ဓာတ်ညွှန်း ရေး ဆရာတို့သည် ကျွန်တော် တစ်ဦးတည်းသာ ဖြစ်သဖြင့် အချင်းများဖွယ် မရှိခဲ့ပေ။ ဓာတ်ညွှန်းရေးဆရာသည် ဝတ္ထုရေးဆရာကို အားနာမနေရ၊ မျက်နှာ ထောက်ထားနေစရာ မလို၊ ကြောက်နေစရာ မရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စိတ်ထင်သလို ရုပ်ရှင်အသွင်သို့ ကူးပြောင်းနိုင်ခွင့် ရခဲ့လေသည်။

"ပန်းရုံ" ကို ဝတ္ထုမှ ရုပ်ရှင်အသွင်သို့ ကူးပြောင်းရာတွင် ကျွန်တော် သည် ရှေးဦးစွာ အဓိက ဓာတ်ကောင်များ၏ အလုပ်အကိုင်များကို ပြောင်းလဲခဲ့ သည်။ ပုံနှိပ်စက် အလုပ်သမားများ ဖြစ်ကြသော တင်ထူးနှင့် ကိုသိန်းတို့ကို မီးခြစ်စက်ရုံမှ အလုပ်သမားများ အဖြစ်သို့ လည်းကောင်း၊ ဆေးလိပ်ခုံမှ အလုပ် သမားများ ဖြစ်ကြသော ပန်းရုံနှင့် မကြီးခင်တို့ကို စီးကရက်စက်ရုံမှ အလုပ်သမား များ အဖြစ်သို့ လည်းကောင်း၊ ဈေးဆိုင်ဖွင့်ရောင်းနေသူ ဘရှင်းနှင့် လေးလေး တို့ကို စက်ရုံပိုင်ရှင်နှင့် စာရေးမအဖြစ် လည်းကောင်း ပြောင်းလဲခဲ့သည်။ အခြား အသေးအမွှား ပြောင်းလဲခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းများလည်း ရှိပေသည်။ အကြီးအကျယ် ပြောင်းလဲချက် နှစ်ရပ်မှာ ပန်းရုံကလေး ပန်းကောင်းအညွှန့်ချိုး ခံရပုံကို ရုပ်ရှင်၌ ဘကင်းက စိတ်လည်လာကာ စိတ်ဖောက်ပြန်ပုံ အထိသာလျှင်

ပြသပြီး၊ ဇာတ်သိမ်းပိုင်း မော်တော်ကားမှောက်ရာတွင် ပန်းရုံကလေး စိတ်နောက် မသွားဘဲ သတိမေ့သွားရာက သတိပြန်ရကာ ချစ်သူတင်ထူးနှင့် ပြန်လည် ပေါင်းရပုံဖြင့် ပျော်ရွှင်စွာ ဇာတ်သိမ်းထားပေသည်။ ဝတ္ထု၌ ပန်းရုံကလေး ကားမှောက်သော ဒဏ်ရာကြောင့် စိတ်နောက်သွားပြီးနောက် နေအိမ်မှ ပျောက်သွားကာ ဒုက္ခအမျိုးမျိုး တွေ့ကြုံပြီးမှ နောက်ဆုံး ချစ်သူ တင်ထူးနှင့် ပြန်လည်တွေ့ရှိ၊ လူကောင်းပကတိ ပြန်ဖြစ်ကာ ညားကြလေသတည်းဟု နိဂုံးချုပ်ထားပေ၏။ ပြသချိန်အလိုက် ကိုက်ညီအောင် ရိုက်ရမည် ဖြစ်သဖြင့် ဝတ္ထုအတိုင်းသာ ရိုက်ရလျှင် နှစ်ထုပ်စာလောက် ရှည်သွားမည့်ပြင် ရုပ်ရှင်ပရိသတ်အဖို့ ငြီးငွေ့ဖွယ်ရာ သာ ဖြစ်ပေမည်။ ထို့ကြောင့် မူလဝတ္ထုဇာတ်လမ်းအား ရုပ်ရှင်အဖြစ်၊ ရုပ်ရှင် အမြင် အယူအဆများဖြင့် လွှဲပြောင်းခဲ့ပေသည်။ သို့ဖြစ်ရသည်မှာ ကျွန်တော် သည် ပန်းရုံဝတ္ထုကို ရေးသားခဲ့စဉ်က ရုပ်ရှင်ရိုက်ရန် ရည်ညွှန်းရေးသားခဲ့ခြင်း မဟုတ်သောကြောင့်ပင် ဖြစ်သည်။

ပန်းရုံဝတ္ထုကို ရုပ်ရှင်ရိုက်ရန် ရည်ညွှန်းရေးသားခဲ့ပါလျှင်လည်း ယနေ့ အများအပြား ဖတ်ရှုနေရသော ဝတ္ထုလိုလို၊ ဇာတ်ညွှန်းလိုလို ဝတ္ထုဇာတ်ညွှန်း သာလျှင် ဖြစ်ခဲ့ပြီး စာပေအရာ၌ ဝင်သောဝတ္ထု ဖြစ်တော့မည် မဟုတ်ပေ။ ဇာတ် ညွှန်း ဆိုသည်မှာ ရုပ်ရှင်ရိုက်ရန် အနေအထား၊ အသုံးအနှုန်း စသည်တို့ကို အရုပ်ဖြင့် ဖော်ပြထားသော ညွှန်ကြားချက်များသာ ဖြစ်ပေရာ စိတ်ကူး တွေးတော ရသော ဝတ္ထုစာပေနှင့် ခြားနားပေသည်။

"ပန်းရုံ" ဝတ္ထုကို ရေးသားခဲ့ရာတွင် ဇာတ်အိမ် တည်ဆောက်မှုအတွက် အမျိုးမျိုး ဉာဏ်ကွန့်မြူးထားသည့်၊ ကလောင်ရှည်ထားသော တောင်တောင် အီအီ ရေးသားထားချက်များသည် ဝတ္ထုပုံစံအားဖြင့်ဆိုလျှင် အခြေခံအားဖြင့် နှစ်ခြိုက်စွဲလမ်းဖွယ် ကောင်းခဲ့ပေမည်။ ယင်းစာပိုဒ်များကို စကားပြောခန်းများ အဖြစ် ရုပ်ရှင်အသွင်သို့ ပြောင်းလဲလိုက်လျှင် ရုပ်ရှင်ကား၏ အောင်မြင်မှုကို အတားအဆီးကြီးတစ်ရပ် ဖြစ်သွားနိုင်ပေသည်။

ထိုနည်းတူစွာ စာပေအသုံးအနှုန်း၊ အထူးသဖြင့် ဝတ္ထုထဲက စကား အသုံးအနှုန်းများကိုလည်း တိုက်ရိုက် ရုပ်ရှင်ရိုက်ကူးရန် မသင့်လျော်ပေ။ ရုပ်ရှင်၌ စကားပြောခန်းတွင် နားဝင်ချိုသာသော၊ စိတ်ဝင်စားဖွယ်ကောင်းသော၊ ကွင်းကွင်း ကွက်ကွက် သရုပ်ပေါ်သော၊ စူးရှသော၊ သွက်လက်သော၊ လိုရင်းကျသော၊ ရှင် သော၊ ပြုံးသော စကားပြောခန်းများကို ရှာဖွေ တီထွင်ရေးသားဖို့ လိုပေသည်။ ဇာတ်ကောင်တို့သည် မည်သည်ကို ပြောဆိုရမည်ကို သိထားဖို့ လိုသကဲ့သို့ သည်

ရွေ့ သည့်မှုကို စကားဖြင့် မပြောဘဲ ချန်ထားရမည် ဆိုသည်ကိုလည်း နားလည်ထားဖို့ လိုသေးသည်။ စကားပြောခန်း၌ စကားကို အကုန်မပြောဘဲ ချန်ထားသည် ဆိုရာ၌ ဒါရိုက်တာ၊ သရုပ်ဆောင်သူနှင့် ဇာတ်ပုံသမားများအတွက် ဖြစ်သည်။

ပိတ်ကားပေါ်တွင် အချို့အပိုင်းများကို လှုပ်ရှားမှုဖြင့် လည်းကောင်း၊ ကိုယ်ဟန်အမူအရာဖြင့် လည်းကောင်း၊ ရုပ်ရှင်ကြည့်ပရိသတ်က တွေးဆ ယူရအောင် အရိပ်ပြမှုအားဖြင့် လည်းကောင်း သရုပ်ဖော်မှုအတွက် စကားပြောခန်းဖြင့် စကားကို အကုန်မပြောဘဲ ချန်ထားရပေသည်။ ဝတ္ထုထဲမှ ဇာတ်လိုက်မင်းသား၊ မင်းသမီးများ လုပ်လေ့ရှိသည့် မိမိကိုယ်ကိုယ်မိမိ ဝေဖန်စိစစ်သည့် စကားပြောဆိုမှုမျိုးကို ရုပ်ရှင်ထဲမှ ဇာတ်ကောင်များအား ပြောဆိုခွင့် မပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။

ကျွန်တော်သည် ဤရုပ်ရှင် ဥပဒေသများဖြင့် "ပန်းရံ" ဇာတ်ညွှန်းကို ရေးသားခဲ့သည်ဖြစ်ရာ၊ ကျွန်တော်၏ ကြိုးပမ်းချက်ကို အကဲဖြတ်ရန်မှာ ဤ "ပန်းရံ" ဝတ္ထုကို ဖတ်ရှုပြီးနောက် "ပန်းရံ" ဇာတ်ကားကိုပါ ကြည့်ရှုပြီးသောအခါ နှိုင်းချိန် ဝေဖန်တော်မူပါရန် ဖြစ်ပါသည်။

**ပြည့်စုံ**
(၂၄၊ ၅၊ ၆၇)

## [၁]

## ချစ်ပန်းတစ်ပွင့်

'မောင်တင်ထူး၊ ညနေကျရင် အိမ် ခဏ လျှောက်ခဲ့ဟေ့။ မင်းကို ပြောစရာရှိလို့'

ထူးထူးခြားခြား မကြီးခင်က လက်ဖက်ရည်ဆိုင်ရှေ့တွင် မှာသွားသည်။ "ဘာများ ကိစ္စထူးပါလိမ့်၊ ဟိုကိစ္စများလား၊ ဟင်... ဟုတ်မယ် မထင်ပါဘူး။ အို... ဟုတ်ချင်လည်း ဟုတ်မှာပဲ" စသည်ဖြင့် တင်ထူးသည် သူ အလုပ်လုပ်ရာ ပုံနှိပ်တိုက်မှအပြန် တာမွေသွား ဘတ်စ်ကားပေါ်တွင် အတွေးကြူးနေမိလေသည်။

တင်ထူးကား အသက် (၂၀) ပြည့်ရုံ ရှိသေးသည့် လူငယ် တစ်ယောက် ဖြစ်သည်။ ထိုအရွယ်သည် ကျောင်းနေတုန်း၊ ပျော်ကောင်းတုန်း၊ မော်ကောင်းတုန်းအရွယ် မှန်သော်လည်း တင်ထူးမှာ ငယ်စဉ်ကပင် မိဘနှစ်ပါးလုံး ကွယ်လွန်သွား၍ မောင်နှမလေးယောက်အနက် အိမ်ထောင်သည် အစ်မကြီးထံ၌နေကာ ပုံနှိပ်တိုက်တစ်တိုက်တွင် ခြေထောက် အားကိုးရသော စက်နင်းသမားအဖြစ် ကိုယ့်ဝမ်းကိုယ်ကျောင်းနေရရှာသူ ဖြစ်လေသည်။ အစ်မ အငယ်သည် အိမ်ထောင်နှင့်ဖြစ်၍ မနီးမဝေးတွင် သူ့အိုးအိမ်နှင့်သူ ဖြစ်သော်လည်း၊ အစ်ကိုတစ်ယောက်မှာကား ရွှေဂုန်တိုင်မှ "ဝပ်ရှော့" တစ်ခု၌ ထမင်းစား ကျွန်ခံဘဝနှင့် ဆင်းဆင်းရဲရဲ နေရရှာလေသည်။

'အောင်မင်္ဂလာလမ်း ပါသလား၊ သီတာလမ်းကော ခင်ဗျာ၊ သီတာလမ်း' ကားစပယ်ယာ၏ တတွတ်တွတ် အော်မေးသံကြောင့် အတွေးကြူး

လျက်ရှိသော တင်ထူးတွင် မိမိဆင်းရန် နေရာရောက်မှန်းသိကာ 'ဟိုး... ဟိုး' ဟု ကပျာကယာအော်ရင်း နေရာမှ ထ လိုက်မိလေသည်။ သီတာလမ်းထိပ်တွင် ကားရပ်လျှင် ပြွတ်သိပ်နေသော ကားစီးများကို ထိုးဖောက်ကာ ကားပေါ်မှ ခဲခဲယဉ်းယဉ်း ဆင်းလိုက်ရသည်။

ထိုနောက် ဘိုလိမ်းလမ်းကို ဖြတ်ကူး၍ သီတာလမ်းတွင်းသို့ ဝင်မိလျှင် ဘလေဇာအင်္ကျီအိတ် လက်နှိုက်ရင်း ခေါင်းငိုက်စိုက်နှင့် လျှောက်လာမိလေသည်။ လမ်းနံဘေးနှစ်ဖက်ရှိ အိမ်များကို တစ်အိမ်ပြီးတစ်အိမ် ဖြတ်သန်းလာရာက တစ်ခုသော အိမ်တစ်အိမ်ရှေ့ အရောက်တွင် ဝင်မလို ပြုရာက မဝင်တော့ဘဲ ဆက်လက်၍ လျှောက်သွားမိလေသည်။

ထိုအိမ်နှင့် လေးငါးအိမ်ခန့်ခြားသော နှစ်ခန်းတွဲ ပျဉ်ထောင်တန်းလျားသာသာ အိမ်ကလေးရှေ့သို့ ရောက်သောအခါ၊ အိမ်တွင်းသို့ မျှော်ကြည့်၍ ခြေလှမ်းကျဲကျဲလှမ်းကာ လှေကားအတိုင်း တက်သွားလေ၏။

အိမ်ရှေ့ခန်းတွင် ဖျာတစ်ချပ်နှင့် အသက် (၃၀) ခန့် လူတစ်ယောက် လှဲအိပ်နေလေသည်။ ထိုသူသည် ခြေသံကြား၍ ခေါင်းထောင်အကြည့် တင်ထူးအား မြင်လျှင် 'လာ... မောင်တင်ထူး' ဟု ပျာပျာသလဲ လူးလဲထ ကာ ဖျာပေါ်သို့ထိုင်ရန် ပြောလေ၏။ ထိုသူ၏အသံကြောင့် မီးဖိုခန်းမှ အသက်အစိတ်အရွယ် ရုပ်ရည်သန့်သန့်၊ သူတစ်ထူးအား သနားကြင်နာ တတ်ဟန်ရှိသော မိန်းမတစ်ယောက် ထွက်လာကာ တင်ထူးအား မြင်လျှင် ဝမ်းသာအားရ နှုတ်ဆက်လာလေ၏။

'မောင်တင်ထူး၊ ရော့ လက်ဖက်ရည်သောက်လိုက်ဦးကွယ်'

အိမ်ရှင်ယောက်ျားက ဧည့်ဝတ်ကျေပွန်စွာ အနားရှိ လက်ဖက်ရည်ကြမ်း အိုးကို ငှဲ့၍ တင်ထူးရှေ့သို့ ချပေးလေ၏။

'ဟုတ်ကဲ့... ဟုတ်ကဲ့' ဟု တင်ထူးက ပြန်ပြောရင်း လက်ဖက်ရည်ပန်းကန်ကို ကိုင်လိုက်သော်လည်း လက်ဖက်ရည်ကြမ်းကို မသောက်မိသေးဘဲ တလူလူရှိသော အငွေ့များကို ငေးစိုက်ကြည့်နေလေသည်။ အိမ်ရှင်လင်မယားက ဘာပြောပါလိမ့်ဟု တထိတ်ထိတ် စိတ်မလုံဘဲ ရှိနေသည်။

အိမ်ရှင်ယောက်ျားသည် စကားတစ်လုံးမဟ၊ အ တတ ဖြစ်နေသော တင်ထူးကို ခပ်ပြုံးပြုံး ကြည့်ရင်း...

'မောင်တင်ထူး အသက် ဘယ်လောက်ရှိပြီလဲ' ဟု စကား စ လေတော့၏။ တင်ထူးတွင်–

'အသက်(၂၀) ပြည့်ရုံ ရှိပါသေးတယ်' ဟု ပြောလိုက်ရသော်လည်း စိတ်တွင်း၌ကား တထင့်ထင့်နှင့် ရှိလေသည်။

'အင်း... မငယ်တော့ဘဲကို၊ နို့ ပန်းရုံကို ဟိုတစ်နေ့က ဘာလိုက်လုပ်သလဲ၊ မကွယ်မဝှက်နဲ့ တို့ကို မှန်မှန်ပြောစမ်းပါဦး'

တင်ထူးတွင် "ပန်းရုံ" ဟူသော အမည်ကလေးကို ကြားလိုက်ရကတည်းက အတိတ်ကာလကို ပြန်ပြောင်း သတိရမိသည်။

ပန်းရုံ.... ပန်းရုံ၊ ပန်းပွင့်ကလေးလို လှသော ပန်းရုံ။ သူ အလုပ်သွားတိုင်း ပန်းရုံကလည်း ကတ်ကြေးကလေး တကိုင်ကိုင်နှင့် ဆေးလိပ်ရုံသို့ အသွား နှစ်ယောက်သား ဆုံရကြုံရခဲ့သည်။ ဆုံရကြုံရခဲ့ရာက တင်ထူးသည် ပန်းရုံကလေးကို ကျိတ်၍ ချစ်လမ်းနေလေသည်။ ပန်းရုံခမျာကား တင်ထူး၏ဖြစ်ပုံကို ရိပ်မိခြင်းမရှိ။ သူ့ဘာသာ ခေါင်းငိုက်စိုက်ချကာ အစဉ်ညှိုးငယ်သော မျက်နှာကလေးဖြင့် တစ်စုံတစ်ရာတွင် တွေးတော ငေးမောရင်းသာ ရှိခဲ့လေသည်။

တင်ထူးသည် နေ့စဉ် ဆုံနေကြုံနေရသော ပန်းရုံ၊ မိမိတို့အိမ်နှင့် (၆) အိမ်၊ (၇) အိမ် အခြားတွင် နေမှန်းသိ၍ ကျောက်မြောင်းမှ ဆေးလိပ်ရုံတစ်ရုံတွင် ဆေးလိပ် လိပ်နေရရှာမှန်း သိသော်လည်း လူချင်းအသိဖွဲ့ရလောက်အောင် ပန်းရုံကလေး၏ အမည်နာမကိုပင် မသိရသဖြင့် တင်ထူးခမျာတွင် တစ်ဖက်သတ် ကျိတ်၍ ချစ်လမ်းနေရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်။

ကံကောင်းချင်သော တစ်နေ့တွင် တင်ထူးသည် ၄–၅ အိမ်ခြားရှိ မကြီးခင်တို့အိမ်သို့ အလည်ရောက်သွားမိသည်။ မကြီးခင်သည် အလုပ်လက်မဲ့ဖြစ်နေသော ခင်ပွန်းသည်အား ၃၂ လမ်းမှ ပုံနှိပ်တိုက်တစ်တိုက်တွင် အလုပ်သွင်းပေးသော ကျေးဇူးကြောင့် တင်ထူး သွားတိုင်း ဂရုစိုက်တတ်၏။ ထိုနေ့တွင် ထုံးစံအတိုင်း မကြီးခင်၏ ဧည့်ဝတ်ကျေပွန်ခြင်းကို အားနာစွာဖြင့် ခံယူနေစဉ် 'ဒေါ်ဒေါ်၊ မီးပူ ခဏလောက်' ဟူသော ကြည်

လင်လင် အသံကြောင့် သမင်လည်ပြန် လှည့်ကြည့်မိရာ လှေကားရင်းတွင် ရပ်နေသည့် "ပန်းရုံ" ကို သူ တွေ့ခဲ့ရလေသည်။

'ဟင်... ပန်းရုံ မတက်တော့ဘူးလား' ဟု မကြီးခင်က နေရာမှ ထ ၍ မေးလိုက်ရာ၊ ပန်းရုံက...

'လုပ်စရာရှိသေးလို့ မတက်တော့ဘူး ဒေါ်ဒေါ်' ဟု မပွင့်တပွင့် ပြန်ပြောပြီး လှေကားရင်းတွင် ရပ်မြဲရပ်နေလေသည်။ တင်ထူးကား ပန်းရုံ ရှက်သွားမည် စိုးသဖြင့်သာ ကျောခိုင်းကာ ဣန္ဒြေဆည်နေရသော်လည်း ရင်တွင်း၌ တထိတ်ထိတ်နှင့် ဖြစ်နေလေသည်။ မကြီးခင်လည်း အိမ်တွင်းသို့ ဝင်ရောက်ကာ မီးပူယူ၍ ပေးလေလျှင် ပန်းရုံလည်း နှုတ်ဆက်ပြန်သွားလေတော့သည်။

'ဒေါ်ဒေါ် သူ ဘယ်ကလဲဗျ' ပန်းရုံကလေး ပြန်သွားလျှင် သွားချင်း တင်ထူးက မေးလိုက်လေသည်။

'ပန်းရုံလား၊ ဟိုအိမ်ကလေ' ဟု ခပ်လှမ်းလှမ်းမှ အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြလေသည်။

တင်ထူးသည် ထို့ထက် ပိုမမေးဝံ့။

ထိုနေ့ကား မိုးသည် အလုပ်အပြန်များအား တမင်ပဲ နှိပ်စက်ကလူ ပြုမှုသကဲ့သို့ တစ်နေ့လုံး ချစ်ချစ်တောက် နေပူရာက ညနေဘက်မှ သွန်း၍ ရွာနေလေသည်။ ကံအားလျော်စွာ တင်ထူးမှာ မိုးကာကို ဆောင်ခဲ့မိသဖြင့် မစိုမစွတ် နေအိမ်သို့ ဘတ်စ်ကားစီး၍ ပြန်ခဲ့လေသည်။ သီတာလမ်းထိပ်တွင် ဘတ်စ်ကား ရပ်လျှင် ကားပေါ်မှ ဆင်းလာခဲ့လေသည်။

လမ်းအလယ်အရောက်တွင် ကျောက်မြောင်းဈေးဘက်မှ လာသော ဘတ်စ်ကား တစ်စီးကြောင့် ကားအလွန်ကို ရပ်စောင့်နေမိလေသည်။ ဘတ်စ်ကားသည် အရှိန်ပြင်းစွာ မောင်းလာရာက သီတာလမ်းထိပ်တွင် ထိုးရပ်လိုက်မှ တင်ထူးလည်း လမ်းကို ဖြတ်ကျော်မိသည်။ အမှတ်မထင် ဘတ်စ်ကားဆီသို့ စွေစောင်းကြည့်မိရာ ဘတ်စ်ကားပေါ်မှ ခေါင်းကလေး လက်ကိုင်ပဝါနှင့် အုပ်ကာ အပြေးကလေး မိုးပေါက်တွင်းမှ ဖြတ်၍ ကွမ်းယာဆိုင်ဆီသို့ ပြေးသွားသော "ပန်းရုံ" ကလေးကို တွေ့လိုက်ရလေသည်။

"ပန်းရုံ" ကို မြင်လိုက်လျှင် တင်ထူးအဖို့ ဝမ်းသာအားရ ပြေးသွား

ရမလိုလို၊ ဘာသိဘာသာ မမြင်ချင်ယောင်ဆောင်ကာ လွှန်သွားရမလိုနှင့် ဘာကလိုလို ဖြစ်နေမိသေးသည်။

"ပန်းရုံ" အနားသို့ ရောက်သွားမှ 'မပန်းရုံ' ဟု လှတ်ခနဲ ခေါ်လိုက်မိလေသည်။ ကွမ်းယာဆိုင်ဘေးမှ ပန်းရုံခများတွင် အအေးဒဏ်၊ မိုးဒဏ်ကြောင့် တဟီးဟီးနှင့် ကိုယ်ကို လက်ချင်းယှက် ပြန်ဖက်ထားကာ တစ်ယောက်တည်း မိုးခိုနေရာက တင်ထူးအား ဖျတ်ခနဲ မော်ကြည့်လိုက်မိလေသည်။ လေးကိုင်းသဏ္ဌာန် နီတျာတျာ နှုတ်ခမ်းကလေးမှ ဘာမျှ ပြန်မပြောသော်လည်း ကော့ထောင်ထောင် မျက်တောင်နောက်မှ မျက်လုံးရွှဲကြီးများကား တင်ထူးအား ရွံ့ကြောက် အံ့သြစွာ ငေးကြည့်နေသည်။

ကွမ်းယာဆိုင်တွင် အခြားမိုးခိုသူများ မရှိ။ ကွမ်းယာဆိုင်ရှင် အဒေါ်ကြီးမှာလည်း ဈေးဝယ်လာမည့်လမ်းသို့ ငေးမျှော်နေရကား ပန်းရုံခများတွင် ကြောက်အားပိုနေသည်မှာ မဆန်းပေ။

သို့အတွက် တင်ထူး အနားသို့ ကပ်လာသည်နှင့် ဖျတ်ခနဲ ကွမ်းယာဆိုင်တွင်းမှ ထွက်ကာ မိုးပေါက်ထဲမှ အပြေးကလေး ထွက်သွားလေတော့သည်။

တင်ထူးတွင် ဟာခနဲ ဖြစ်ရင်း မိုးရွာထဲတွင် ခပ်သုတ်သုတ် ပြေးသွားသော "ပန်းရုံ" နောက်ပိုင်းကို မျှော်မှန်း ကြည့်ရှု ကျန်ရစ်ခဲ့လေသည်။

ယခု အိမ်ရှင် ကိုသိန်း မေးနေပြီ ဖြစ်ရာ တင်ထူးခများတွင် ထီးပါမလာသော "ပန်းရုံ" အား အကူအညီပေးရန် ကပ်သွားသည်ကို တလွဲထင်သွားခြင်းအတွက် အဘယ်ပုံ ဖြေရမည်နည်း။

မကြီးခင်အား လှမ်းကြည့်ရာ မကြီးခင်က ပြုံးလဲ့လဲ့နှင့် မိမိကို ကြည့်နေသည်ကို တွေ့ရပြန်ရာ တင်ထူးတွင် အဖြေရကျပ်သွားမိသည်။ နောက်မှ တင်ထူးလည်း...

'ပန်းရုံ... ဘယ်က ပန်းရုံလဲ' ဟု အိမ်ရှင် ကိုသိန်း၏ အမေးကို အဖြေပေးလိုက်သည်။

'ဘယ်က ပန်းရုံရမလဲ၊ မင်း ပန်းရုံပေါ့။ တို့ကို မညာပါနဲ့ မောင်တင်ထူးရယ်၊ မင်းဟာကလေးက မကြီးခင်ကို တိုင်သွားလို့ တို့ အကုန်သိပြီးသားပါကွယ်' ဟု ကိုသိန်းက ပြော၍ မကြီးခင်ကပါ–

'ဟုတ်တယ်ကွယ့်၊ လူတစ်ယောက် သူ့ကို ဘာလိုလို ညာလိုလို လာစတဲ့အကြောင်း လာပြောတယ်။ ဘယ်သူများလဲလို့၊ ပန်းရုံက မီးပူလာငှားတုန်းက အိမ်မှာ ထိုင်နေတဲ့လူ ဆိုမှ မင်းမှန်းသိရတာ' ဟု ပြောနေပြန်သဖြင့် တင်ထူးတွင် အခက်ကြီး ခက်နေတော့သည်။

"ဘာလိုလို ညာလိုလို စ ရအောင်ဗျာ။ ကျွန်တော်လည်း သူ့ကို မသိပါဘူး" ဟု ဆိုရမှာ တစ်ဖက်သတ် စွဲလမ်းနေသော "ပန်းရုံ" ကလေးအား မိမိကိုယ်နှိုက်က ချစ်ခင်နှစ်သက်နေရာ ထိုသို့ ပြောလိုက်ပါက ကိုသိန်းနှင့် မကြီးခင်တို့၏ ပြောင်လှောင်ခြင်းမှ လွတ်ကင်းမည် မှန်သော်လည်း "ပန်းရုံ" ကလေးနှင့် နီးဖို့ရာ လမ်းစသည် ဝေးသထက် ဝေးချေတော့မည်။

သို့အတွက် မကြီးခင်၏အကူအညီ ရလိုရငြား စိတ်တွင်း၌ ရှိရင်း အမှန်ကို ဖွင့်ဟ ပြောဆိုမည် ကြံသေးသည်။ သို့ရာတွင် ရင်းရင်းနှီးနှီး မဖြစ်သေးသော အသိအကျွမ်းမျှသာဖြစ်ရာ အကူအညီပေးရန် လွှဲဖယ်လိုက်မည် စိုးရကား စကားအဖတ်တင်တော့ မခံဟု တင်ထူးလည်း...

'ဒါထက် နေပါဦး၊ ဦးလေးတို့တိုက်က စက်တစ်လုံး ထပ်ဝယ်မလို့ ဆို' ဟု "ပန်းရုံ" ပြဿနာကို ရမယ်ရှာ၍ ပြည်ဖုံးကားချလိုက်လေသည်။

သို့ရာတွင် ကိုသိန်းနှင့် မကြီးခင်သည် ငယ်ရာက ကြီးလာခဲ့သူများ ဖြစ်ကြရာ တင်ထူး စကားလှီးလွှဲနေမှန်း သိသဖြင့်–

'အလုပ်အကြောင်း အသာထားပါဦး၊ မင်း ပန်းရုံကို မေတ္တာရှိနေတယ် မဟုတ်လား။ ဦးလေးတို့ကို အရင်ပြောစမ်းပါဦး'

'ဟုတ်သားပဲ၊ မင်းက တို့ကို ရှက်နေရသေးသလားလို့'

တင်ထူးတွင် မျက်နှာကြီး ထူအန်းအန်းနှင့် ကိုသိန်းနှင့် မကြီးခင်အား မျက်နှာချင်း ဆိုင်ထားရလေသည်။

'မင်းနဲ့ ပန်းရုံကို သဘောမတူလို့ တို့က မေးနေတယ်ထင်လို့ ဖုံးနေတာလား' ဟု မကြီးခင်က ခပ်ပြုံးပြုံးကလေး ပြောလိုက်သဖြင့်–

'မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်' ဟု တင်ထူးက ပြန်ပြောရလေသည်။

'ဒါဖြင့် ပြောလေ၊ ဟိုနေ့က မင်း ပန်းရုံကို ဘာလိုက်လုပ်သလဲလို့'

'တကယ်ပါဗျာ၊ ကျွန်တော် ဘာမှမလုပ်ရပါဘူး။ သူ တလွဲထင်လို့ပါ။ အမှန်ကတော့ မိုးကလည်းရွာ၊ သူ့မှာ ထီးကလည်း မပါရှာတဲ့အတွက်

စေတနာနဲ့ ကူညီမလို့ပါဗျာ' ဟု တင်ထူးက တံတွေးများ သီးလာသည့်တိုင် ပြောလိုက်သဖြင့် ကိုသိန်းနှင့် မကြီးခင်မှာ တပြုံးပြုံးနှင့် ဖြစ်နေလေ၏။

'ဒါဖြင့် ပန်းရုံ ပြောသလို မဟုတ်ဘူးပေါ့'

'မဟုတ်ရပါဘူး ဒေါ်ဒေါ်'

'နို့... မင်းစိတ်ထဲမှာ သူ့ကို နည်းနည်းကလေးဖြစ်ဖြစ် ကြိုက်ကော မကြိုက်မိဘူးလား'

'ကြိုက်... ဟာ... ဒေါ်ဒေါ်ကလဲ' ဟု တင်ထူးတွင် "ကြိုက်မိတာပေါ့ဗျာ" ဟု စိတ်တွင်း၌ ရှိရင်းအတိုင်း လွှတ်ခနဲ ဖြေမည်ပြုရာက ရှက်ကိုးရှက်ကန်း နေရာမှ ထလျက် 'ကဲ... ပြန်လိုက်ဦးမယ်ဗျာ' ဟု နှုတ်ဆက်၍ ကတိုက်ကရိုက် ဆင်းသွားလေ၏။ တင်ထူး၏အမူအရာကြောင့် ကိုသိန်းနှင့် မကြီးခင်တို့မှာ တင်ထူး၏ ကျောပြင်ကြီးကို ကြည့်ကာ ပြုံးစိစိနှင့် ကျန်ရစ်ခဲ့ကြလေ၏။

တင်ထူးသည် နေအိမ်သို့ ပြန်ရောက်လျှင် ရေမိုးချိုး၊ ထမင်းစားပြီးနောက် သူ၏အိပ်ရာသို့ သွားရောက်ကာ လှဲနေလိုက်လေ၏။ ခါတိုင်း ခါတိုင်းများကဆိုလျှင် အိပ်ရာကို တွေ့သည်နှင့် တစ်နေ့လုံး စက်နင်းရ၍ မောပန်းလာခြင်းကြောင့် သိုးနေအောင် အိပ်တတ်သော တင်ထူးတွင် ထိုညက တော်တော်နှင့် အိပ်မပျော်၊ ခြင်ထောင်အမိုးကို မျက်လုံးလှန်ကြည့်ရင်း အတွေးကြူးနေလေသည်။

ပန်းရုံ... ပန်းရုံ၊ ပန်းကလေးလိုလှသော ပန်းရုံ။ သူ တွေ့ဖူးသမျှ မိန်းကလေးများကဲ့သို့ ချိုလောက်နီးနီး အမောက်ကြီးလုပ်၍ နှုတ်ခမ်းကို ရဲနေအောင်လည်း မဆိုး။ မျက်နှာကို ဖွေးနေအောင်လည်း ပေါင်ဒါ မသ။ ရိုးရိုးယဉ်ယဉ် ဆံယဉ်ကလေးချကာ တစ်ပတ်လျှို ဆံထုံး ထုံးလျက် မျက်နှာတွင် သနပ်ခါးဘဲကျား လူးရုံလူး၍ နှုတ်ခမ်းကလေးမှာ ပင်ကိုအတိုင်း ပန်းနုရောင် ဖြာနေလေသည်။ ပြီးတော့ လျှပ်ပေါ်လော်လီသော အမူအရာလည်း မရှိ။ သိမ်သိမ်မွေ့မွေ့ ဣန္ဒြေရှိလှသည်။ သူ့ခမျာ ဆင်းရဲရှာလွန်းလို့ ထင်ပါရဲ့၊ ကတ်ကြေးကလေးကို အဖော်လုပ်ကာ ဆေးလိပ်ခုံသွားပြီး ဆေးလိပ် လိပ်ရရှာသည်။ သွယ်ပျောင်း သေးသွယ်သော သူ့လက်ချောင်းကလေးတွေတော့ နေ့စဉ်နှင့်အမျှ ဆေးလိပ် လိပ်ရလို့ နာနေရှာတော့မှာ

ပဲ။ ခါးကျဉ်ကျဉ်ကလေးဟာလည်း တစ်နေကုန် ထိုင်ရလို့ ကိုက်ခဲနေရှာတော့မှာပဲဟု တွေးကာ ဘာမဆိုင် ညာမဆိုင် သနားနေမိလေသည်။

တတွေးတွေးနှင့် အတွေးနက်လျက် ညဥ့်ပင် အတော်နက်ခဲ့သည်။ တင်ထူးမှာ မျက်လုံးကြောင်ကာ အိပ်မပျော်နိုင်ရှာဘဲ ရှိသဖြင့် တင်ထူး၏ အစ်မဖြစ်သူက 'ဟဲ့... မောင်တင်ထူး မအိပ်သေးဘူးလား၊ ညဥ့်နက်လှပြီ၊ အိပ်တော့လေ။ တော်ကြာ မနက်အိပ်ရာထ နေမြင့်နေလို့ အလုပ်သွားနောက်ကျနေဦးမယ်' ဟု လှမ်း၍ သတိပေးမှ တင်ထူးလည်း 'ဟုတ်ကဲ့မမ' ဟု ပြန်ပြောလျက် ကပျာကယာ မီးခွက်ထမှုတ်ပြီး စောင်ကို ခေါင်းမြီးခြုံကာ ဖွတ်အိပ်လိုက်မှ အိပ်ပျော်သွားလေ၏။

## [ ၂ ]

## မဆွတ်ခင် ညွှတ်ချင်ရော့လား

'ပန်းရုံ အထင်မှားလို့ပါကွယ်၊ ညက ဒေါ်ဒေါ် ခေါ်မေးကြည့်တော့ ဒီလို ဒီလိုပဲ၊ ပန်းရုံမှာ မိုးကလည်းရွာ၊ ထီးကလည်း မပါလာတာမို့ ကူညီမလို့ပါတဲ့။ ပန်းရုံ ထင်သလို လူပျိုစကားပြောချင်လို့ မဟုတ်ရပါဘူးတဲ့'

'ဟင်... ဟုတ်လား၊ ဒီလိုဆိုရင် ပန်းရုံ အထင်လွဲမိတာ အားနာစရာကြီးပေါ့'

ပန်းရုံသည် သင်ဖြူးပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်ရာက ခပ်လှမ်းလှမ်းတွင် အကျီလဲလျက် မကြီးခင်အား ပြောလိုက်ရာ၊ မကြီးခင်မှာ ပန်းရုံ၏ "အားနာစရာကြီး"ဟူသောစကားကြောင့် အကျီလဲဝတ်နေရာက ပြုံးတုန်းတုန်းကြီး လှမ်းကြည့်နေလေ၏။ မကြီးခင်၏ အဓိပ္ပာယ်ပါလှသော အပြုံးကြောင့် ပန်းရုံတွင် စိတ်မလုံဘဲ...

'ဘာများ သဘောကျလို့ ပြုံးရတာလဲ ဒေါ်ဒေါ်ရဲ့'ဟု နှုတ်မှ ထွက်သွားမိလေ၏။

'ဩော်... ငါ့တူမကြီး အထင်လွဲပုံကို သဘောကျမိလို့ပါ။ ကဲ... သွားကြစို့ဟေ့၊ တော်ကြာ နေ့တွက်မကိုက်ဘဲ နေဦးမယ်'

နှစ်ယောက်သား အိမ်တွင်းမှထွက်၍ အပြင်မှ တံခါးကို သော့ခတ်လျက် သီတာလမ်းအတိုင်း ဆေးလိပ်ခုံရှိရာသို့ ထွက်လာခဲ့ကြလေ၏။

'ဟော... ဟော ဒေါ်ဒေါ်၊ ဟိုရှေ့က သွားနေတာ သူ မဟုတ်လား'

ပန်းရုံသည် တင်ထူးအား တွေ့လိုတွေ့ငြား လမ်း ရှေ့နောက်ကို ကြည့်နေရာက မိမိတို့ရှေ့တွင် ခေါင်းကြီး ငိုက်စိုက်ချကာ လျှောက်သွားသော တင်ထူးအား မြင်ရလျှင် ဝမ်းသာအားရ မကြီးခင်အား ပြောလိုက်မိလေ၏။

'ဒါမျိုးတော့ တယ်မျက်စိရှင်တယ်။ ဆေးလိပ်ခုံတုန်းက ငါ့ချိုးတုတ် တွေ့လားလို့ မေးတော့ ဘယ်သိမလဲ ဒေါ်ဒေါ်ရဲ့တဲ့'

မကြီးခင်က ဆေးလိပ်ခုံ၌ ဆေးလိပ် လိပ်ရာတွင် အသုံးပြုသည့် ချိုးတုတ်ကလေး ပျောက်၍ မေးတိုင်း ပန်းရုံက "ဘယ်သိမလဲ" ဟု ဖြေခဲ့သည်ကို အကျကောက်၍ ကျီစားလိုက်ရာ ပန်းရုံတွင် ရှက်ပြုံးကလေး ပြုံးလိုက်ရလေ၏။

ထို့နောက် မကြီးခင်သည် 'ဟေ့... မောင်တင်ထူး မောင်တင်ထူး' ဟု အသံပြုကာ ခပ်သုတ်သုတ် လျှောက်၍ လိုက်သွားကြရာ တင်ထူးကလည်း အသံကြား၍ လှည့်ကြည့် ရပ်စောင့်နေသဖြင့် မီသွားလေ၏။

ပန်းရုံက ညာဘက်တွင်နေ၍ တင်ထူးက ဘယ်ဘက်တွင် နေကာ မကြီးခင်က အလယ်မှ မားမားရပ်လျက် လျှောက်လာခဲ့ကြရာက မျက်တွင်း ချောင်နေသော တင်ထူးအား ကြည့်ကာ–

'မျက်တွင်းတွေ ချောင်လို့ ညက အိပ်ရေးမဝခဲ့ဘူး ထင်ပါရဲ့' ဟု မကြီးခင်က ပြောလိုက်သဖြင့်–

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ညက ဝတ္ထုဖတ်နေမိလို့' ဟု ပြောလိုက်ရသော်လည်း တင်ထူး၏ စိတ်တွင်း၌ကား ညက အိပ်ရေးပျက်ခဲ့ခြင်း အကြောင်းရင်းကို မကြီးခင်ဘေးမှ မျက်လုံးကလေး ကလယ်ကလယ်နှင့် လိုက်ပါလာသော ပန်းရုံ သိရုံ ဖွင့်ဟ ပြောပြလိုက်ချင်၏။

'သြော်... မောင်တင်ထူး... ဟောဒီက တူမကြီးက မင်းကို အထင်လွဲမိတာ တောင်းပန်ချင်လို့ တဲ့'

မကြီးခင်မှာ တင်ထူးအား တူကလေးလို ခင်၍ ပန်းရုံအား တူမကလေးကဲ့သို့ ချစ်နေရကား ခဲယဉ်းခြင်းမရှိဘဲ ခပ်ပြောင်ပြောင် ပြောလိုက်နိုင်သော်လည်း ပန်းရုံခမျာမှာမူ ရှက်ရာလွန်းသဖြင့် နှုတ်ခမ်းကလေး တဆတ်ဆတ် တုန်၍ ရင်ကလေး ခုန်ကာနေ၏။

'တောင်းပန်နေဖို့ မလိုပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး'

'ကဲ... ပန်းရုံ၊ ပြန်ပြောလိုက်လေ... ဟိုက ပြောနေပြီ'

မကြီးခင်က တွန်းတွန်းထိုးထိုးနိုင်မှုကြောင့် ပန်းရုံမှာ မနေသာတော့ဘဲ နှုတ်ကို ဟလိုက်ရကာ တင်ထူးအား ပြန်ပြောဖို့ ကြိုးစားရှာလေသည်။ သို့ရာတွင် တင်ထူးကဲ့သို့သော ယောကျ်ားပျိုများနှင့် တစ်ကြိမ်တစ်ခါမျှ ရင်ဆိုင် စကားမပြောဖူးရကား ပန်းရုံတွင် ပြောရမည့်စကားလုံးများ ရှာဖွေမတွေ့တော့ဘဲ...

'ကျ... ကျ... ကျွန်မ... ကျွန်မ' က ပို၍ မတက်တော့ပေ။

'အို... ပန်းရုံကလည်း ရဲရဲပြောလိုက်လေ၊ မောင်တင်ထူးကိုများ တခြားလူ မှတ်လို့ကွယ်'

မကြီးခင်မှာ သူ့ပန်းရုံ ဖြစ်အင်ကို အားမလို အားမရနှင့် ဖြစ်နေလေ၏။

တင်ထူးမှာ အလိုက်သိစွာနှင့်ပင်...

'ရှိပါစေတော့ ဒေါ်ဒေါ်၊ ဘတ်စ်ကားလည်း လာနေပြီ၊ ကျွန်တော် သွားတော့မယ်။ မပန်းရုံ သွားမယ်နော်' ဟု ပြောပြောဆိုဆို လမ်းထိပ်မှ ဘတ်စ်ကားဆီသို့ ပြေးသွားလေရာ၊ ဘတ်စ်ကား ထွက်သွားသည်အထိ ပန်းရုံမှာ ကျောက်ရုပ်ကဲ့သို့ တွေးငေးရင်း လျှောက်လာခဲ့ရကား မကြီးခင်ကပင်–

'ဟိုက နှုတ်ဆက်နေတာတောင် ပြန်ပြောလိုက်ဖော် မရဘူး' ဟု အပြစ်တင်မိလေ၏။

'ဒေါ်ဒေါ် အပြစ်ဆိုရင်လည်း ဆိုတော့၊ ပန်းရုံ ယောကျ်ားဆိုလို့ တစ်ခါမှ ကြုံမှ မကြုံဖူးပဲ။ ရင်တွေခုန်ပြီး နှလုံးတွေ တုန်နေလို့ ဘာပြောရမှန်းကို မသိလို့ပါ ဒေါ်ဒေါ်ရယ်'

ပန်းရုံသည် လက်ဝါးကလေးများကို ရင်ခွင်တွင်း၌ အပ်ထားရင်းက အရိုးခံအတိုင်း ပြောလိုက်လေ၏။

'ခုန်... ခုန်... ခုန်ချင်သလိုခုန်၊ ဘယ်လို ကောင်မလေးမျိုး လာတွေ့နေရမှန်း မသိပါဘူး'

ပန်းရုံတွင် သူ့အဖြစ်သူ ပြန်တွေးမိကာ 'ခိ'ခနဲ ရယ်လိုက်မိလေ၏။

'ရယ်နေ ရယ်နေ၊ မြန်မြန်လျှောက်စမ်း၊ ဘတ်စ်ကားခ တစ်ပဲ နှမြော လို့ ခြေကျင်လျှောက်မိတာနဲ့ နေ့တွက်ထဲက တစ်ပဲမကဘူး ထွက်နေဦး မယ်'

ပန်းရုံနှင့် မကြီးခင်မှာ ကျောက်မြောင်းဈေးနားရှိ ဆေးလိပ်ခုံတစ်ခုံ တွင် အလုပ်လုပ်ကြရာ ခါတိုင်း ခါတိုင်းများတွင် ပန်းရုံသည် တစ်ယောက် တည်း ဆေးလိပ်ခုံသို့ သွားတတ်သော်လည်း ယနေ့တွင်ကား မစောင့်စဖူး မကြီးခင်အား ဝင်စောင့်လျက် အတူလာခဲ့ကြလေသည်။ အမှန်အားဖြင့် ဆိုလျှင် မကြီးခင်က ပန်းရုံအား တူမလေးလို ချစ်ခင်တွယ်တာနေသကဲ့သို့ ပန်းရုံကလည်း မကြီးခင်အား အဒေါ်ရင်းပမာ ပြန်လည် တွယ်တာ အားကိုး ရှာလေသည်။ သို့ဖြစ်ခြင်းကြောင့်လည်း တင်ထူးက မိမိအား လူပျိုစကား ပြောရန် ကြံရွယ်သည်ဟု ထင်စဉ်က အိမ်မှ အဒေါ်နှင့် အစ်မဝမ်းကွဲများကို လုံးဝ အသိမပေးဘဲ သူ အားထားသော မကြီးခင်ကိုသာ လာရောက်တိုင်ရှာ ခဲ့ခြင်း ဖြစ်လေသည်။

ပန်းရုံမှာ ပွင့်ချပ် ပွင့်လွှာ ဝေဆာဆာနှင့် လန်းတင့်လျက်ရှိသော ပန်းပွင့်ကလေးကဲ့သို့ လှသူဖြစ်ရကား ပန်းပွင့်များကို ပျားပိတုန်းများ ဝိုင်းအုံ သကဲ့သို့ ပန်းရုံကိုလည်း ထိုရပ်ကွက်မှ ကာလသားများ အုံခဲကြလေသည်။ သို့ရာတွင် ပန်းရုံမှာ အအုံမခံဘဲ မသိလိုက် မသိဘာသာ သွားစရာရှိသည့် နေရာသို့ သွားမြဲသွား၍ လာစရာရှိသည့်နေရာကို လာမြဲလာလျက် ရှိသဖြင့် ဝိုင်းအုံလိုကြသော ကိုရွှေပိတုန်းတို့မှာ ခရီးမပေါက်ဘဲ နောက်ဆုတ်လိုက် ကြရလေ၏။

ထိုထိုသော ကာလသားတို့၏ လမ်းမတွင် စာပေးခံရ၊ စကားပြော ခံရစဉ်က မကြီးခင်အား ပြန်လည်ဖောက်သည်ချသကဲ့သို့ တင်ထူးကို အလား တူ လူပျိုစကား ပြောလိမ့်မည် ထင်ခဲ့စဉ်ကလည်း မကြီးခင်အား ဖွင့်ဟ ရှာမိလေသည်။ သို့ရာတွင် အခြားသူများအပေါ်တွင် မည်သို့မှ စိတ်မလာ ဘဲ မေ့မေ့ပျောက်ပျောက် ရှိနိုင်သော်လည်း တင်ထူးကိုကား မမေ့ပျောက် နိုင်ခဲ့။ နောက်တစ်နေ့ နံနက်တွင် မကြီးခင်အား ဝင်၍ စောင့်မခေါ်စဖူး ခေါ်မိလေသည်။ ခါတိုင်း ခါတိုင်းရက်များကမူ မကြီးခင်အား စောင့်၍

မခေါ်မိသည်မှာလည်း မကြီးခင်သည် ခင်ပွန်းသည် ကိုသိန်း အလုပ်သွားရန် ချက်ပြုတ် ချူးခပ် ကျွေးမွေးပြီးသည်အထိ စောင့်ရမည်ဖြစ်ရကား စောင့်၍ ခေါ်လျှင် ဆေးလိပ်ခုံသို့ အချိန်နှောင်းမှ ရောက်ပေမည်။ သို့ဖြစ်လျှင် လိပ်ချိန်နည်းမှုကြောင့် နေ့တွက် ထိခိုက်မည်စိုး၍ ဖြစ်လေသည်။

ပန်းရုံသည် တင်ထူးအား မိမိစိတ်တွင်းမှ ဘာမျှမဖြစ်ဟု ယူဆနေသော်လည်း စင်စစ်အားဖြင့်ဆိုရမူ ပန်းရုံသည် သူ့ကိုယ်သူ လှည့်စားနေခြင်း ဖြစ်လေသည်။ သို့ဖြစ်ခြင်းကြောင့်လည်း ဆေးလိပ်ခုံသို့ ရောက်၍ အလုပ်ခွင်တွင် ရှိနေသည့်တိုင် "တင်ထူး" နှင့် ပတ်သက်၍ စိတ်ကူးအမျှင် မပြတ်နိုင်ရှာသေးပေ။

'ဒေါ်ဒေါ်'

'ဘာလဲ ပန်းရုံ'

'ဒေါ်ဒေါ့်လူက ဘယ်မှာ အလုပ်လုပ်သတဲ့လဲ'

ပန်းရုံသည် ချိုးတုတ်ကလေးဖြင့် ဆေးလိပ်ထိပ်ကို ဖိနေရာက မျက်နှာချင်းဆိုင်တွင် ဆေးလိပ်တံဆိပ်ကပ်နေသော မကြီးခင်အား မရဲတရဲကလေး မေးလိုက်လေ၏။

'ရေကျော်က ပုံနှိပ်တိုက်တစ်တိုက်မှာ စက်နင်းတယ်။ ဒါ ဘာဖြစ်သလဲ ပန်းရုံ'

'ဪ... ဘာမှ မဖြစ်ပါဘူး'

ပန်းရုံသည် နောက်ထပ် ပိုမမေးဝံ့။ သူ့အလုပ်ကို သူ ကုန်း၍ လုပ်နေလိုက်ရလေသည်။

ဆေးလိပ်ခုံများ၌ အများအားဖြင့် မိန်းမပျိုကလေးများသာ အလုပ်လုပ်ကြရာ တေးတကြော်ကြော်နှင့် သူတို့ဘဝတွင် ပျော်မွေ့နေကြလေသည်။ စီးကရက်ဈေးကြီး၍ ဝယ်မသောက်နိုင်ကြသဖြင့် ဆေးပေါ့လိပ်များ အရောင်းသွက်နေချိန်ဖြစ်ရာ ဆေးလိပ်ခုံတိုင်းလိုပင် အများအပြား လိပ်နေရချိန် ဖြစ်လေသည်။ လိပ်ခမှာ ဆေးလိပ်ခုံအခေါ် စိန်ခိုခေါ်သော အလိပ်တစ်ရာလျှင် ငါးမူး။ အောင်ဗလခေါ်သော အလတ်စား သုံးမူး။ မြကလေးခေါ်သော အငယ်စား တစ်ရာလျှင် တစ်မတ်ဖြစ်ရာ အောက်တန်းလိပ်သမား တစ်

ယောက် အဖို့ တစ်နေ့လျှင် ၂ ကျပ် ၈ ပဲ၊ ၃ ကျပ်လောက်အထိ စီကြလေသည်။

အခြားသူများသည် ရတုန်းရခိုက် စုဆောင်းထားရန် သတိမရ။ အဝတ်အစားနှင့် အစားအသောက် အပျော်အပါးတွင် စည်းမရှိ ကမ်းမရှိ လုပ်ပစ်တတ်ကြသော်လည်း ပန်းရုံမှာကား ထိုသို့မဟုတ်။ နေ့စဉ် ခါးကိုက်လက်ကိုက် သေလုမတတ် လိပ်မှ ရသော ငွေကလေး နှစ်ကျပ်၊ သုံးကျပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတတ်လေသည်။ စားဖို့သောက်ဖို့ဘက်က ဆိုလျှင် ပန်းရုံမှာ အဒေါ်ဖြစ်သူက ကျွေးမွေးထားသဖြင့် အဝတ်အစား အတွက်လောက်သာ ကုန်ရရှာလေသည်။

ခါတိုင်းရက်များကဆိုလျှင် သီချင်းကလေး တအေးအေးဖြင့် ဆေးလိပ်လိပ်နေတတ်သော ပန်းရုံသည် ထိုနေ့အဖို့ရာတွင် ခပ်ကုပ်ကုပ်ကလေး အလုပ်ကို စိတ်မပါ့တပါလုပ်ရင်း တတွေးတွေးရှိနေရာ အကဲခတ်မိကြသော အခြားမိန်းကလေးများကပင် သူ့ကိုကြည့်ကာ မေးငေါ့နေကြလေ၏။

'ဟင်... ပန်းရုံ၊ ဒီနေ့ လိပ်တာ နည်းလှချည်လား'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ နည်းနည်း နေထိုင်မကောင်းလို့'

ညနေ အလုပ်သိမ်းချိန်တွင် မည်သူမည်မျှ လိပ်ပြီးကြောင်း စာရင်းတွင် ပန်းရုံမှာ ခါတိုင်းထက် ဂဏန်းနည်းနေသဖြင့် ဆေးလိပ်ရုံရှင် မိန်းမကြီး၏ အမေးကို ခံရလေသည်။

'ရတုန်းရခိုက် ကြိုးစားလိပ်မှပေါ့ကွယ်၊ ရော့... ရော့ နောက်ကို မနည်းစေနဲ့နော်' ဟု ဆေးလိပ်ခုံရှင် မိန်းမကြီးသည် လုပ်သားများအား ဆေးလိပ်အရောင်းအဝယ် သွက်ခိုက် ရစေချင်ရကား ပန်းရုံအား ကြိုးစားဖို့ ဆုံးမစကား ပြောပြီးနောက် ကျသင့်ငွေများကို ရှင်းပေးလိုက်လေ၏။

ပန်းရုံသည် ငွေကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ယူကာ သူ့အား စောင့်နေသော မကြီးခင်နှင့်အတူ အိမ်သို့ ပြန်ခဲ့ကြလေ၏။ လမ်းတစ်လျှောက်လုံး မကြီးခင်သည် သူကြည့်ခဲ့သော ရုပ်ရှင်နှင့် ပတ်သက်၍ ဖောင်လောက်အောင် ပြောနေသော်လည်း ပန်းရုံမှာ ရုပ်ရှင်တွင် စိတ်ဝင်စားခြင်း မရှိ။ အလုပ်မှ ပြန်လာသော တင်ထူးနှင့် တွေ့လျှင် မည်သို့ ရင်ဆိုင်ရမည်ကို တွေးတော ငေးမောနေရှာလေသည်။

"လူကတော့ မွန်မွန်ရည်ရည် သနားကမားကလေးပဲ။ ငါက အထင်လွဲပြီး ထွက်ပြေးတုန်းကများ သူ့ခမျာ မိုးရွာထဲမှာ ကြောင်တောင်ငေးပြီး ကျန်ရစ်ခဲ့လို့။ ပြီးတော့ သူ့ကို အထင်လွဲရမလားလို့ အပြစ်လည်း မယူဘူး၊ ခွင့်လွှတ်ရှာတယ်။ သိပ်သဘောကောင်းတဲ့ လူတစ်ယောက်။ ငါ့အစ်ကိုများ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့။ ပြီးတော့... ငါ့... အို..."

ပန်းရုံသည် ထို့ထက် ပိုမတွေးဝံ့။

သို့နှင့် သီတာလမ်းထိပ်သို့ ရောက်ခဲ့၏။ တင်ထူး၏ အစအနကိုကား မမြင်ရ။ မကြီးခင်ကလည်း စကားမစရကား ပန်းရုံသည် အိမ်ဘက်သို့ လျှောက်လာခဲ့ရသည့်တိုင် သူ၏မျက်လုံးများကား တင်ထူးကိုသာ ရှာဖွေနေမိလေသည်။ တင်ထူး နေသည့်အိမ်သည် မကြီးခင်တို့နှင့် မလှမ်းမကမ်းတွင် ရှိသည်ဟု သိရသော်လည်း အဘယ်အိမ် ဖြစ်သည်ကိုမူ ဧကန်မသိရကား တင်ထူး အလုပ်ဆင်းစော၍ သူ့အိမ်တွင် ပြန်ရောက်နေလေသလားနှင့် တင်ထူးနေသည့်အိမ်ဟု စိတ်တွင်းမှ ထင်သော အိမ်များကို တစ်အိမ်ပြီး တစ်အိမ် စေ့စေ့စပ်စပ် ကြည့်မိလေသည်။ တစ်အိမ်ပြီး တစ်အိမ်သာ လွန်လာသည်။ တင်ထူးကိုကား မတွေ့ရသဖြင့် ပန်းရုံခမျာမှာ ရင်ထဲတွင် ဟာသွားလေသည်။

'အိမ်ဝင်ဦးမလား ပန်းရုံ' ဟူသော မကြီးခင်၏ မေးလိုက်သံကို ကြားရမှပင် မကြီးခင်၏အိမ်ရှေ့သို့ပင် ရောက်လာမှန်း သိလေ၏။ ပန်းရုံသည် တင်ထူးအား မတွေ့ရသဖြင့် အလုပ်မှ ပြန်လာသေးဟန် မတူဟု ထင်ကာ အလုပ်မှ ပြန်လာ၍ သူ မကြီးခင်တို့အိမ်တွင် ရှိမှန်းသိလျှင် တင်ထူး မုချကူးလာမည်ဟူသော မျှော်လင့်ချက်ဖြင့် 'ဝင်တာပေါ့ ဒေါ်ဒေါ်' ဟု ပြောကာ သူ့အိမ်သို့ မပြန်သေးဘဲ မကြီးခင်နှင့်အတူ ဝင်လိုက်သွားလေ၏။

'ပန်းရုံ အိမ်ထဲ ဝင်ထိုင်လေ'

'နေပါစေ ဒေါ်ဒေါ်၊ အိမ်ထဲက အိုက်စပ်စပ်နဲ့ ဒီမှာပဲ ထိုင်ပါရစေ'

'ဒါဖြင့် ထိုင်နေဦးနော်၊ ဒေါ်ဒေါ် ထမင်းအိုး တည်လိုက်ဦးမယ်'

မကြီးခင်လည်း ခင်ပွန်းသည် ကိုသိန်း ပြန်လာလျှင် အဆင်သင့်

ကျေးမွေးနိုင်ရန် မီးဖိုခန်းသို့ ဝင်သွားရာ ပန်းရုံတစ်ယောက်တည်း ဖိနပ်ချွတ်မှ ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်၍ ကျန်ရစ်ခဲ့လေသည်။

ရဲရဲနီသည့် ကမ္ဘာ့ရွဲလုံးကြီးသည် ဆွဲချလိုက်သကဲ့သို့ ငုံ့လျှိုးကွယ်ပျောက်သွားရာ အလင်းရောင်သည် ခပ်မွဲမွဲသာ ရှိတော့လေသည်။ ပန်းရုံသည် တစ်ချိန်လုံး တင်ထူး အလုပ်မှ ပြန်လာလျှင် မြင်နိုင်အောင် လမ်းမဘက်သို့ မျက်နှာမူ၍ ထိုင်နေရာက ညောင်းစ ပြုလာလေသည်။

'တစ်ယောက်တည်း ထိုင်နေလို့ ပျင်းနေပြီလား ပန်းရုံ'

မကြီးခင်သည် ထမင်းအိုး တည်ပြီးသဖြင့်၊ ဆေးလိပ်ကို လက်ကြားညှပ်ကာ ထွက်လာရာမှ အသံပြုလိုက်သဖြင့် ပန်းရုံသည် ကပျာကယာ လမ်းမဘက်သို့ ကျောခိုင်းလိုက်ပြီး–

'မပျင်းပါဘူး ဒေါ်ဒေါ်' ဟု ပြောလိုက်ရလေသည်။

'အေးကွယ်... ဒီနေ့မှပဲ သူကလည်း အလုပ်ပြန် နောက်ကျနေရတယ်'

မကြီးခင်သည် ကွပ်ပျစ်ပေါ်တွင် ပန်းရုံနှင့် မျက်နှာချင်းဆိုင် ဆောင့်ကြောင့် ထိုင်ကာ ဆေးလိပ်တိုကို မီးတရဲရဲနှင့် မှိန်းနေလေ၏။ အခြားဘာမျှပြန်ပြောရန်လည်း စကားမရှိ။ နှစ်ယောက်လုံး ပျင်းရိစွာဖြင့် ထိုင်နေရကား ပန်းရုံသည် ထိုင်နေ၍ အကျိုးမထူးတော့ဟု ပြန်ရန် နေရာမှ ကြွလိုက်စဉ်–

'ဟော... ဟော... လာပြီ... လာပြီ' ဟူသော မကြီးခင်၏ ဝမ်းသာအားရ ပြောလိုက်သံကြောင့် ပန်းရုံတွင် မထိုင်မထ ရှိရာက ရင်ကလေးဖိုသွားမိလေသည်။ သို့ရာတွင်–

'ပြန်တော့မလား ပန်းရုံ' ဟူသော အသံကြောင့် လှည့်ကြည့်လိုက်ရာ အိမ်ပေါ်သို့ တက်လာသော မကြီးခင်၏ခင်ပွန်း ကိုသိန်းအား တွေ့ရမှ တင်ထူးဟု ထင်နေသော ပန်းရုံတွင် သူ၏ထင်ချက် လွဲမှားနေသဖြင့် သူ့လိပ်ပြာ သူ မလုံရှာတော့ဘဲ–

'ဟုတ်ကဲ့... ဟုတ်ကဲ့ ဦးလေး' ဟု ထစ်ထစ်ငေါ့ငေါ့နှင့် ပြော၍ 'ပြန်တော့မယ် ဒေါ်ဒေါ်' ဟု မကြီးခင်အား ကတိုက်ကရိုက် နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းသွားသဖြင့် ကိုသိန်းနှင့် မကြီးခင်တို့မှာ အငေးသားနှင့် ကျန်ရစ်ခဲ့ကြလေ၏။

| ၃ |

## လောင်းရိပ်ထဲက စံပယ်ဖြူ

ပန်းရုံကလေးတွင် ရှက်ကိုးရှက်ကန်းဖြင့် ခပ်လှမ်းလှမ်းမှ သူ့အဒေါ် အိမ်သို့ ပြန်ခဲ့သည်တွင် စူးစူးဝါးဝါး မျက်လုံးများသည် အိမ်တွင်းမှ သူ့အား ဆီး၍ ကြိုဆိုနေလေ၏။

'ညည်းကိုညည်း သိပ်ဟုတ်တယ်ပေါ့လေ၊ ခု ဘယ်အချိန် ရှိပလဲ'

သံတိုင်တံခါးလေးကို ဖွင့်၍ မရဲတရဲကလေး အိမ်တွင်းသို့ ဝင်ရောက်လာရှာသော ပန်းရုံအား အဒေါ်ဖြစ်သူ ဒေါ်မြက ဆီး၍ဆူလေရာ၊ ပန်းရုံခမျာ ဒေါ်မြ ထိုင်လျက်ရှိသည့် ကုလားထိုင်ဘေးဝယ် ပုံ့ပုံ့ကလေး ဝင်ထိုင်လိုက်ကာ–

'ဒီနေ့ ပန်းရုံ နည်းနည်း အိမ်ပြန်နောက်ကျသွားတာကို ခွင့်လွှတ်ပါ ဒေါ်ဒေါ်' ဟု သူ့အဒေါ်အား တောင်းပန်ရှာသည်။

'အစရှိ အနောင်နောင် ဆိုတာလိုလား ပန်းရုံရဲ့...' ဟု ဒေါ်မြအနားမှ သမီးအကြီး အေးအေးက ငေါ့လိုက်လေသည်။

'မဟုတ်ရပါဘူး မမအေးရယ်၊ နောက်ကို အိမ်ပြန်နောက်ကျရင် ပန်းရုံကို ဆုံးမပါ။ ဒေါ်ဒေါ်တို့လည်း အမေအရင်း၊ အမေအရင်းလည်း ဒေါ်ဒေါ်တို့ဆိုတော့ ပန်းရုံ စိတ်မဆိုးပါဘူး' ဟု ပြောလိုက်ရာ နှုတ်ခမ်းစူလျက် ရှိသေးသော ဒေါ်မြတွင်–

'ညည်း စိတ်ဆိုးကော ဘာအရေးလဲ၊ ငါက ကိုယ့်အစ်မအရင်းက မွေးတဲ့သမီး၊ မအေ အဖေ မရှိလို့ သနားကရုဏာနဲ့ ဆုံးမတာ မခံနိုင်ရင် ငါနဲ့မနေနဲ့၊ နင့်ကြီးကြီးရှိရာ ကျိုက္ကစံကို လိုက်သွား' ဟု ပြောမိလေ၏။

'ဒီလို မပြောပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ် မကြိုက်ရင် ပန်းရုံကို ဆုံးမပါ။ ကဲ... ဆုံးမပါ၊ ဆုံးမပါ' ပြောပြောဆိုဆို ပန်းရုံသည် ဒေါ်မြရှေ့သို့ ကျောကလေးကို ကုန်းပေးလိုက်လေသည်။

'ညည်းကလည်း ဒီလိုနဲ့ပဲ ငါ့ကို အချိုနဲ့ သတ်သတ်နေတာပဲ' ဟု ဒေါ်မြက တစ်ဖက်သို့ လှည့်၍ မဲ့မဲ့ရွဲ့ရွဲ့ စူစူတူတူ လုပ်နေပြီးမှ–

'ဒီတစ်ခါတော့ရှိစေ၊ နောက်ကိုမှတ်ထား၊ ဒီအိမ်မှာ မိန်းမသားချည်း

ရှိတယ်။ နေဝင်တာနဲ့ အရောက်ပြန်လာကြ၊ နောက်ကျနေရင် ဘယ်သူပဲ ဖြစ်ဖြစ် တံခါးဖွင့်မပေးဘူး။ နောက်ကျရင် ခွေးကတက်မှာ အိပ်ဖို့သာပြင်'

'ဟုတ်ကဲ့'ဟု ပြန်ပြောပြီး 'ဪ... ဒေါ်ဒေါ် မမလေးတစ်ယောက်ကော နောက်မှာလား'ဟု ပန်းရုံက ခါတိုင်းတွေ့နေကျ သိမ်ကြီးဈေး၌ ဈေးထွက်နေသော အေးအေးထက် အငယ် အစ်မလတ် လေးလေးအား မမြင်ရ၍ မေးလိုက်လေသည်။

'ဟယ်... ဟုတ်ပါရဲ့၊ ညည်းကို ဆူနေရတာနဲ့ လေးလေး ပြန်မလာသေးတာတောင် အမှတ်မရတော့ဘူး'ဟု ပြောပြီး သမီးအကြီး အေးအေးအား လှမ်းကာ 'အေးအေးကို အပြန်ဘယ်များဝင်ဦးမယ်လို့ မနက်က ပြောသွားမိသေးသလဲ'ဟု မေးလိုက်လေ၏။

'ပြောမသွားပါဘူး မေမေ'

'တယ်ခက်တဲ့ ကလေးမပဲ၊ ဘယ်သွားလို့ ဘယ်လာမယ်ဆိုတာတောင် လူကြီးတွေကို ပြောမသွားချင်ဘူး။ ကဲ... ကဲ ပန်းရုံ ရေမိုးချိုး၊ ထမင်းစားနှင့်၊ သူ့စောင့်မနေနဲ့တော့၊ တို့နှစ်ယောက်တော့ ပြီးကြပြီ၊ စားပွဲပေါ်မှာ အဆင်သင့် ညည်းစားဖို့ အေးအေး ခူးပြီးသား'

ပန်းရုံလည်း အိမ်တွင်းသို့ ဝင်ရောက်သွားကာ ရေမိုးချိုး အဝတ်အစား လဲပြီးလျှင် မီးဖိုခန်း၌ မီးခွက်တစ်ခွက်ဖြင့် ထမင်းစားဖို့ အလုပ်ရှုပ်နေလေတော့သည်။

ထမင်းများ ခူးခပ်ပြီး စားပွဲပေါ်မှ ဆန်ခါကလေးကို အသာလှပ်လိုက်သည်။ ဟင်းပန်းကန်များကို တွေ့ရ၏။ ပန်းကန်တွင်း၌ကား ဟင်းဆိုလို့ ငါးကြော်ကလေး နှစ်ကောင်၊ ငရုတ်သီးမှုန့် ဖြူးထားသော ငါးပိရည်ကျဲတဲတဲနှင့် တို့စရာ အနည်းငယ်သာ ရှိလေသည်။ ပန်းရုံလည်း မပြန်လာသေးသော အစ်မလတ်ဖို့ဟု ရည်စူးကာ ငါးကြော်ကလေးနှစ်ကောင်အနက် တစ်ကောင်ကို သတ်သတ်ဖယ်ထားလိုက်ပြီး ကျန်သမျှ ဟင်းကလေးနှင့် လွေးနေရှာ၏။

တစ်လုတ်ပြီး တစ်လုတ် ပါးစပ်တွင်းသို့သာ သွင်းနေသည်။ ရင်တွင်းမှ ဟာသလိုလို ဘာလိုလိုဖြစ်မှုကြောင့် တစ်ပန်းကန်ပင် မကုန်။ လက်စသတ်လိုက်ကာ ပန်းကန်များကို ဆေးကြော၍ နေရာတကျ ကြောင်အိမ်တွင်

ထားလိုက်သည်။ ဆန်ခါကိုလည်း ပြန်လည်အုပ်ထားပြီး ရေအိုးစင်ရှိရာသို့ လျှောက်သွားကာ ရေသောက်နေဆဲ ပျာကလတ် ပျာကလူးနှင့် ပြန်လာသော လေးလေး၏အသံဖြင့် တစ်အိမ်လုံး ညံသွားတော့သည်။

'ဟဲ့... လေးလေး၊ ဒီနေ့ နောက်ကျလှချည်လား'

'အဖော်တွေနဲ့ ရုပ်ရှင်ဝင်ကြည့်နေလို့ မေမေ'

'နောက်ကို စောစောပြန်နော်၊ လည်လွန်းတော့ လေတတ်တယ်'

'အို... မေမေကလည်း ဘာပြုလို့ လေရမှာလဲလို့၊ ဒီလိုဆိုရင် နေ့တိုင်း ရုပ်ရှင်ကြည့်နေတဲ့ ဟိုဘက်အိမ်က ခင်စီတို့ညီအစ်မ ဘာလို့ မလေသလဲ မေမေ'

'အေး...အေး...ဟုတ်သားပဲ၊ ဒါပေမဲ့ကွယ် အိမ်မှာ မေမေတို့ မိန်းမသားချည်း ရှိတော့ စောစောပြန်ပေါ့။ ကဲ... ရေမိုးချိုး၊ ထမင်းစားချေ'

ပန်းရုံအပေါ်တွင် "အိမ်မှာ မိန်းမသားချည်းရှိတယ်။ နေဝင်တာနဲ့ ပြန်မလာကြရင် ဘယ်သူ့ဖြစ်ဖြစ် တံခါးဖွင့်မပေးဘူး။ ခွေးကတက်မှာ အိပ်ရမယ်" ဟု တင်းမာခဲ့သော ဒေါ်မြသည် လေးလေးကျတော့ အလျှော့ပေးရလေ၏။

'ပန်းရုံရေ စားပြီးပလားဟေ့'

ပန်းရုံသည် ရေသောက်ပြီး နောက်ဖေးမှ ထွက်လာရာက ပခုံးလွယ်သားရေအိတ်ကလေးကို ဇွေ့ယမ်းဝင်လာသော လေးလေးနှင့် သွားတိုးသဖြင့် လေးလေးက နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

'ပြီးပြီ မမလေး' ဟု ပန်းရုံက ပြန်လှန်ပြောနေဆဲ အိမ်ရှေ့မှ 'ပန်းရုံရေ' ဟူသော ဒေါ်မြ၏ ညောင်နာနာ ချွဲပျစ်ပျစ် ခေါ်လိုက်သံကြောင့် ပန်းရုံလည်း ကပျာကယာ အိမ်ရှေ့သို့ ထွက်ခဲ့ရလေ၏။

'ဘာလဲ ဒေါ်ဒေါ်'

'ခါးဆီက ကိုက်တိုက်တိုက်ရှိလို့ ငါ့ တစ်ချက်လောက် တက်နင်းပေးစမ်းပါကွယ်'

'နေဦး ဒေါ်ဒေါ်၊ ခြေဆေးလိုက်ဦးမယ်'

ပန်းရုံ ခြေဆေးရန် နောက်ဖေးသို့ဝင်ခဲ့သည်။ ရေမချိုး၊ အဝတ်မလဲ၊ ပြန်လာကတည်းကအတိုင်း လေးလေးသည် ထမင်းစားပွဲတွင် ဆောင့်ကြောင့်ထိုင်ကာ အားရပါးရ စားနေရာက ပန်းရုံကို မြင်လျှင်–

'ဟော့ ပန်းရုံ စားပါဦးလား၊ ပန်းရုံ ကြိုက်လှချည်ရဲ့ဆိုတဲ့ စွပ်ပြုတ်လေ' ဟု ပြောလိုက်၏။ အနားမှ အစ်မကြီး အေးအေးမှာမူ ပန်းရုံကို ကြည့်ကာ မျက်စိမျက်နှာများ ပျက်နေလေသည်။ သို့ရာတွင် ပန်းရုံမှာ မည်သို့မျှ မထူးခြား။ 'စား... စား မမလေး၊ ပန်းရုံလည်း စားပြီးပြီ' ဟု ပြောကာ ထမင်းပွဲကို ယောင်၍မှ မကြည့်မိ။ ရေစည်ရှိရာသို့သာ သွားရောက် ခြေဆေးလျက် အိမ်ရှေ့သို့ ပြန်လည် ထွက်သွားလေသည်။

အိမ်ရှေ့သို့ရောက်လျှင် 'ကန်တော့ ဒေါ်ဒေါ်' ဟု သက်ကြီးဝါကြီးများအား ကိုင်းရှိုင်းလေ့ရှိသည့်အတိုင်း ခွင့်ပန်ပြီးမှ တက်၍ နင်းပေးလေသည်။ အထက်ဆန် အောက်ဆင်း၊ ဘယ်ရွေ့ ညာရွေ့နှင့် ခြေသလုံးများ တောင့်တင်းလာသည့်တိုင် နင်းနှိပ်ပေးလေရာ 'ဆင်းတော့ ဆင်းတော့'ဟု ဒေါ်မြက တော်ခိုင်းမှ ပန်းရုံလည်း ဆင်းလိုက်ရလေသည်။ ထိုအချိန်တွင် ညဥ့်အတော်နက်ခဲ့ပြီ ဖြစ်သဖြင့် ပန်းရုံတွင် ဝါးခနဲ တစ်ချက်သမ်းမိသေး၏။ သို့ရာတွင် သူ့အဖို့ အိပ်ခွင့်မရရှာသေးပေ။

'ဆာလိုက်တာ ပန်းရုံရယ်၊ သွားချေစမ်းအေ၊ ရေနွေးအိုး တည်ချေဦး' ဟူသော အိပ်ချင်မူးတူးသံနှင့် ရောယှက်၍ ဒေါ်မြ၏အမိန့်သံ ထွက်လာလေသည်။

'ဟုတ်ကဲ့... ဒေါ်ဒေါ်'

ပန်းရုံသည် မညည်းမညူ ခိုင်းသည့်အတိုင်း နောက်ဖေးသို့ ထသွားမည် ပြုစဉ်–

'နေဦး...နေဦး၊ အေးအေးတို့တောင် အိပ်ကုန်ကြပြီ၊ ညည်းပဲ တံခါးတွေ ပိတ်ခဲ့ဦး'

'ဟုတ်ကဲ့'

'ပြီးတော့...' ဒေါ်မြက တဆက်တည်း နောက်ထပ်တစ်ခု ခိုင်းရန် စဉ်းစားသကဲ့သို့ ပါးစပ်ဖျားတွင် ပျောက်နေသဖြင့် 'အင်း' ဟု အတန်ကြာ တွေးနေရာ–

'ဒေါ်ဒေါ့် အိပ်ရာကလေးပါ ခင်းပေးရမယ် မဟုတ်လား ဒေါ်ဒေါ်' ဟု ပန်းရုံက ဝင်ထောက်ပေးလိုက်မှ–

'အေး... ဟုတ်ပါရဲ့၊ ငါ့ဖို့ အိပ်ရာကလေးပါ ခင်းလိုက်ပါကွယ်'

ဤအဖြစ်သနစ်သည် ပန်းရုံအဖို့ မဆန်း။ နေ့နေ့တိုင်း ညညတိုင်း အဒေါ်ဖြစ်သူထံတွင် ဤလိုနေရသည့်တိုင် ပန်းရုံသည် မမှု။ ပန်းသည်ကို ပန်းရမှန်းမသိ၊ နွမ်းသည်ကိုမှ နွမ်းရမှန်းမသိ။ လုပ် လုပ် လုပ်ခိုင်းသရွေ့ စေသမျှ တကုပ်ကုပ်နှင့်သာ လုပ်ပေးတတ်သည်။ မညည်းမညူ ကုန်းလုပ်တတ်သည်။ တစ်အိမ်လုံးတွင် ပန်းရုံကလေးအား သနားရမှန်း... ကြင်နာရမှန်း သိသူ တစ်ယောက်တည်းသာ ရှိသည်။ ထိုသူကား လေးလေးပင်ဖြစ်၏။ လေးလေး တစ်ယောက်သာ ထာဝစဉ်လိုပင် ပန်းရုံအတွက်ဖြင့် မအေကြီးနှင့် စကားများခဲ့ရသည်။ အကြိမ်ကြိမ်လိုလိုပင် ပန်းရုံအား ဖိနှိပ်လွန်းခြင်းကြောင့် အစ်မနှင့်လည်း ရန်ဖြစ်ခဲ့ရသည်။ တစ်ခါတုန်းကများဆိုလျှင် ပန်းရုံအား ခပ်လှမ်းလှမ်း ရေဘုံဘိုင်မှ ရေဆွဲခိုင်း၍ အေးအေးတို့ သားအမိမှု အေးအေးလူလူ သန်းရှာရင်း အတင်းတွေ ပြောနေကြ၏။ ဈေးမှ ပြန်လာသော လေးလေးက တွေ့လျှင် ပန်းရုံအား မညှာမတာ ခိုင်းရကောင်းလားနှင့် မီးတောက်မတတ် ဆူပူလိုက်သည်မှာ ရစရာ မရှိ။

'မမေတို့လည်း လူ၊ သူလည်း လူ၊ မမေတို့ကတော့ ခြေကြီးဆင်း၊ သန်းရှာခံ၊ အတင်းပြောနဲ့။ သူ့ခမျာတော့ လက်မောင်းတောင့်အောင် ရေဆွဲစေ၊ အဆင်သင့်တော့ မမေတို့ ချိုးကြမယ်။ ဒါ ကောင်းရဲ့လား။ လူကြားလို့ မတော်ပါဘူး မမေရယ်။ ပန်းရုံဟာလည်း မမေ့အစ်မအရင်းက မွေးတဲ့ တူမအရင်းပါ'

ဒေါ်မြသည် နေရာတကာ အရာရာတွင် လေးလေးအား မျက်နှာသာ ပေးခဲ့သလောက် ပန်းရုံနှင့် ပတ်သက်၍ လေးလေးက ယခုလို ပြောလိုက်သောအခါ ဆွေ့ဆွေ့ခုန်လေတော့၏။

'ဟဲ့... ငါ့အိမ်မှာနေရင် ငါ ခိုင်းမယ်။ ငါ့အခိုင်း မခံချင်ရင် ငါ့အိမ် မနေနဲ့'

'နို့... အေးအေးကိုတော့ ဘာလို့မခိုင်းသလဲ။ ဩော်... သူက ဒီမှာ မနေဘူးတဲ့လား'

လေးလေးက လျှာသွက်အာသွက်သလောက် ပန်းရုံမှာမူ သားအမိနှစ်ယောက်အနားတွင် ခေါင်းကလေး အောက်ချနေရှာလေသည်။

'တော်... တော် မအေ့အမေ ဖြစ်ချင်တဲ့ သမီး၊ မရှည်နဲ့တော့'

'ရှည်ရမယ် မေမေ၊ နည်းလမ်းမကျရင် ရှည်ရမယ်'

'အံမယ် ချွေးမ၊ ညည်းကများ မအေ့ကို ပြန်ကိုက်လို့'

'အမေကမှ မတရားပဲကိုး'

'ဟဲ့ မိုးကြိုးပစ်ခံရမယ့် မိန်းမ၊ အဝီစိချိုးကပ်မဲ့ဟာမ၊ သွား... သွား၊ ငါနဲ့ မနေနဲ့၊ ဆင်း... ဆင်း၊ နင့် ငါမွေးပေမဲ့ နင်... ငါ့သမီး မဟုတ်ဘူး'

'တကယ်လား မေမေ'

'တကယ်... တကယ်'

'လေးလေးကလည်း ခေတ်မမီကြီးနဲ့ မနေချင်ပါဘူး'

ချက်ချင်းပင် လေးလေးသည် သူ့အခန်းတွင်းသို့ သွားရောက်ကာ သားရေသေတ္တာတစ်လုံးတွင် အဝတ်အစားအချို့ထည့်၍ ပြန်ထွက်လာသည် တွင် ဒေါ်မြက 'ငါ့ပစ္စည်းတွေ ထားခဲ့၊ ကိုယ်ပေါ်က အဝတ်တစ်ထည်နဲ့ပဲ ဆင်း' ဟု ဆီးပြောသဖြင့်–

'အို... မသထာတဲ့ဟာမှန်ရင် လေးလေးကလည်း မလိုချင်ပါဘူး' ဟု လေးလေးလည်း သေတ္တာကို ချထားခဲ့ကာ အိမ်ပေါ်မှ ဆင်းသွားမည် ပြုရာ၊ ပန်းရုံမှာ ကြားထဲက အနေရခက်နေသဖြင့် 'မမလေး' ဟု လှမ်းအော် ခေါ်မိလေ၏။ လေးလေးလည်း ပန်းရုံ၏ ခေါ်လိုက်သံကြောင့် တံခါးဝ တွင် ရပ်စောင့်မိ၏။ ပန်းရုံ အပြေးကလေး လျှောက်လာကာ အနားသို့ ရောက်လျှင်–

'ဘာလဲ' ဟု လေးလေးက မေးမိသည်။

'မမလေး တကယ်ပဲ ဆင်းသွားတော့မလို့လား ဟင်'

'ဟုတ်တယ် ပန်းရုံ'

'မဆင်းပါနဲ့ မမလေးရယ်၊ ဘာမဟုတ်တာလေးနဲ့ ဆင်းရမယ်ဆိုတာ ကြားလို့လည်း မကောင်းပါဘူး။ ပြီးတော့လည်း လူကြီးဆိုတာ ဒီလိုပေါ့။ အခန့်မသင့်ရင် ဆူတာပဲ၊ ကိုယ် မကြားချင်ရင် ခဏရှောင်နေလိုက်တာပေါ့ မမရယ်။ နော်... နော်၊ မဆင်းတော့ဘူး ဟုတ်လား။ နော်... နော်'

ပန်းရုံက မျက်ရည်ကလေး ရစ်ဝဲ ရစ်ဝဲနှင့် သနားစဖွယ်ပြောတော့ မှ လေးလေးလည်း ဟင်းခနဲ သက်ပြင်းချလိုက်ကာ အိမ်တွင်းသို့ ပြန်လှည့် ခဲ့လေသည်။ နောက်ဆုံး၌ ပန်းရုံ လိမ္မာပါးနပ်မှုကြောင့် လေးလေးလည်း

သူ့အမကြီးအား 'လေးလေး ပြောမိဆိုမိတာကို ခွင့်လွှတ်ပါ မမေ' ဟု ကန်တော့၍ တောင်းပန်သဖြင့် ဒေါ်မြလည်း ကျေအေးလိုက်ရလေသည်။

## [ ၄ ]

## လောင်းရိပ်အောက်မှ အလင်းရောင်သို့

မနေ့က တင်ထူးအား မတွေ့ခဲ့ရသဖြင့် ဘာများဖြစ်လို့ပါလိမ့်ဟု တအုံနွေးနွေးနှင့် အိပ်ရာဝင်ခဲ့သော ပန်းရုံသည် အလင်းရောင်ပြူနေသည်ကို တွေ့လျှင်တွေ့ချင်း အိပ်ရာမှ လူးလဲ ထလိုက်လေသည်။ လုပ်ဖွယ်လုပ်ရာများကို ကတိုက်ကရိုက်ဖြင့် လုပ်ကာ နေကလေး မပြူ့တပြူတွင် ထီးကလေး လက်ကဆွဲလျက် ပျာယီးပျာယာ ထွက်လာခဲ့လေသည်။

မကြီးခင်တို့ အိမ်အနား ရောက်လာမှပင် အလောသုံးဆယ် ထွက်လာခြင်းကြောင့် ဆံပင် ကပိုကရိုနှင့် မဖြီးမလိမ်း ထွက်လာမိသည်ကို သိတော့သည်။ မကြီးခင်တို့ အိမ်မှာလည်း အိပ်ရာမှ ထကြသေးဟန် မတူ။ တံခါးပိတ်လျက် ရှိသည်ကို တွေ့ရလေသည်။

စောသေးသည်ထင်ကာ အိမ်သို့ ပြန်သွားမည် ကြံသေး၏။ နောက်မှ ထွက်လာပြီးမှတော့ မထူးတော့ဟု လှေကားနားသို့ ကပ်သွားမိဆဲ နောက်မှ တစ်စုံတစ်ယောက် လျှောက်လာသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်တွင် ဆံပင်ကြီး ဖိုးရိုးဖားရား၊ ဘလေဇာအင်္ကျီကို ကော်လံထောင် ဝတ်ထားသော တင်ထူးကို တွေ့ရာ မျက်လုံးများပင် ပြူးသွားမိသည်။ ရင်ထဲမှလည်း တဒိတ်ဒိတ်နှင့် ဖိုနေမိသည်။

'မပန်းရုံ' တင်ထူးက ခေါ်လိုက်၏။

'ရှင်' မရဲတရဲ ထူးလိုက်သည်။

'စောစောစီးစီး အလုပ်သွားတော့မလို့လား'

'ဟုတ်... ဟုတ်ကဲ့'

'ကဲ... လာလာ၊ သူတို့ မထကြသေးဘူးထင်တယ်၊ ဝင်နှိုးရအောင်'

ပြောပြောဆိုဆို တင်ထူးက ဦးဆောင်၍ တက်သွားလျှင် ပန်းရုံလည်း မဝံ့တဝံ့နှင့် နောက်မှ လိုက်သွားမိ၏။

'ဒေါ်ဒေါ်... ဒေါ်ဒေါ်၊ ဦးလေး'

တင်ထူးသည် တံခါးရွက်ကို ပုတ်၍ နှိုးနေရာက တံခါးသည် အတွင်းမှ ပိတ်မထားဘဲ စေ့ရုံသာ စေ့ထားသည်ဖြစ်ခြင်းကြောင့် အတွင်းသို့ ကျွီခနဲ ပွင့်ဟသွားလေ၏။

'ဟင်... တံခါးက ပွင့်လို့ပါလား' ဟု တင်ထူးလည်း တံခါးကို ကိုယ်စောင်းတိုက်၍ အိမ်တွင်းသို့ ဝင်သွားလေသည်။ ပန်းရုံမှာမူ ဖိနပ်ချွတ်တွင် ရပ်မြဲရပ်ကျန်ရစ်ခဲ့ရာ 'ဝင်လေ...' ဟု တင်ထူးက ပြောမှ ပန်းရုံလည်း အိမ်တွင်းသို့ ဝင်ရောက်လိုက်ပါသွားလေ၏။ အိမ်တွင်းသို့ နှစ်ယောက်သား ရောက်သွားကြသည်။ အိမ်တွင်း၌ကား မည်သူ့ကိုမျှ မတွေ့။

'နေဦးနော်' ဟု တင်ထူးလည်း ကျူထရံများဖြင့် အခန်းဖွဲ့ထားသော မကြီးခင်တို့ လင်မယား အိပ်နေကျ အခန်းဆီသို့ လျှောက်သွားလေသည်။ အခန်းဝမှ အတွင်းသို့ ကဲကြည့်လိုက်ပြန်လည်း အိပ်ရာမှတစ်ပါး ဘာမျှ မတွေ့ရသဖြင့် ပြန်လှည့်လာလေသည်။

'တွေ့ရဲ့လား' ပန်းရုံက ဆီးမေးလိုက်ရာ တင်ထူး ခေါင်းကိုလည်း ယမ်းပြ၍ နှုတ်မှလည်း...

'ဟင့်အင်း... ဘယ်သွားကြမှန်း မသိဘူး မပန်းရုံ' ဟု ပြောလိုက်လေသည်။

"ဘယ်သွားကြမှန်း မသိဘူး" ဟူသော တင်ထူး၏အဖြေကို ကြားရလျှင် ပန်းရုံတွင် "ဟာ... ဒါဖြင့် တစ်အိမ်လုံးမှ ငါတို့နှစ်ယောက်ထဲ ရယ်" ဟူသော အသိကလေး ဝင်လာမိလျှင် "တင်ထူးက မတော်လို့များ" ဟူသော အတွေးများပါ ဝင်လာပြန်ရာ သုတ်ခနဲ တံခါးဝမှ ဖိနပ်ချွတ်သို့ ပြေးထွက်သွားမိလေ၏။

'ဟင်... မပန်းရုံ ဘယ်လဲ'

တင်ထူး မေးလိုက်သံကြောင့် ပန်းရုံလည်း ဖိနပ်ချွတ်မှ ရပ်၍ စောင့်နေမိသည်။ တင်ထူးလည်း အပြေးကလေး ထွက်လာကာ–

'ဘယ်သွားမလို့လဲ မပန်းရုံ'

'ခုံကို သွားတော့မလို့'

'ဒီအချိန်ကြီး ဆေးလိပ်ခုံ လူရှိပါ့မလား၊ နေပါဦးလားဗျ။ ကျွန်တော်နဲ့ အတူ သူတို့ကို စောင့်ပါဦးလား'

'မစောင့်တော့ပါဘူးရှင်' ဟု ပြောပြောဆိုဆို ပန်းရုံလည်း ထဘီကလေး စွန်တောင်ဆွဲ၍ ထွက်သွားမည်ပြုဆဲ မနီးမဝေး လမ်းပေါ်တွင် ဆွဲခြင်းဆွဲ၍ လျှောက်လာသော မိန်းမပျိုတစ်ဦးကို တွေ့ရလျှင် မျက်လုံးကလေး ပြူးပြဲပြဲနှင့် အိမ်တွင်းသို့ ပြန်လှည့် ပြေးဝင်လာမိလေသည်။

'ဘာဖြစ်လို့လဲ... ဘာဖြစ်လို့လဲ...' ဟု တင်ထူးတွင် နားမလည်သဖြင့် ပျာပျာသလဲ မေးမိ၏။

'သူ... သူ' ဟု ပန်းရုံလည်း လမ်းပေါ်မှ မိန်းမပျို မြင်သွားမည်စိုးလှသဖြင့် တင်ထူး လက်မောင်းကလေးကို ကိုင်ကာ တင်ထူးကိုယ်နှင့်ကွယ်ထားမိလေသည်။ လမ်းပေါ်မှ မိန်းမပျိုသည် တင်ထူးတို့ဘက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် လွန်သွားလျှင် တင်ထူးလည်း...

'မကြောက်ပါနဲ့တော့ မပန်းရုံ၊ သွားပါပြီ' ဟု ပြောလိုက်လေ၏။ ပန်းရုံမှာလည်း ဤတော့မှ အသက်ရှူဖို့ မေ့နေရာက အသက်ရှူသာလေတော့သည်။

'သူ ဘယ်သူလဲ မပန်းရုံ'

'အိမ်က အစ်မဝမ်းကွဲ မမအေး'

'ဘာဖြစ်လို့ ပုန်းရတာလဲ'

'ရှင်နဲ့ အတူရှိတာကို မြင်သွားမှာစိုးလို့'

'မြင်ကော ဘာဖြစ်သလဲ မပန်းရုံရယ်'

'မြင်တော့... အို...'

'ဘာလဲ၊ မပန်းရုံနဲ့ကျွန်တော် ချိန်းစကားပြောတယ် ထင်မှာစိုးလို့လား၊ လာ... ဒါဖြင့် ကျွန်တော် လိုက်ကူပြောပေးမယ်'

တင်ထူးသည် တကယ်ပင် ကူညီ၍ ပြောပေးမည်ကဲ့သို့ ပန်းရုံ၏ လက်မောင်းကလေးကို စိတ်လိုက်မာန်ပါ ဆွဲခေါ်သည်အထိ ဖြစ်သွားရာ ပန်းရုံတွင် 'အို... အို... အင်... အင်' နှင့် တင်ထူးလက်တွင်းမှ ရုန်းမပျက်ရုန်းမိလေသည်။ တင်ထူးမှာလည်း မတွေ့ဖူးသော အတွေ့၊ မကြုံဖူးသော အဖြစ်ကြောင့် ညို့ဓာတ်မိသူအလား ပန်းရုံ၏ လက်မောင်းကလေးကို ပြုတ်တူညှပ်ဘိ၏သို့ မလွှတ်တမ်း ဆုပ်ကိုင်ထားမိလေသည်။

'လွှတ်ရှင်... လွှတ်' ဟု ပန်းရုံက မျက်ရည်ကလေး ရစ်ဝဲဝဲနှင့်

အသနားခံမှ တင်ထူးလည်း လက်ကို လျှော့ပေးလိုက်လေ၏။ ပန်းရုံလည်း တင်ထူးလက်မှ လွတ်လျှင် ဆုပ်ကိုင်ခံရသော လက်မောင်းကလေးကို လက်ဝါးဖြင့် အုပ်ကာ အိမ်ပေါ်မှ ဆင်းပြေးမည်ပြုဆဲတွင် တင်ထူးက 'မပန်းရုံ'ဟု ငုံးတိတိကြီး ခေါ်လိုက်ရာ၊ တုံ့ခနဲ နေရာမှ တစ်ချက်မရွေ့ ရပ်နေလိုက်မိလေသည်။

'မပန်းရုံ'

'ရှင်...' ပန်းရုံက မပွင့်တပွင့် ထူးလိုက်၏။

'မထူးတော့ပါဘူး မပန်းရုံရယ်၊ မပန်းရုံ အစ်မ ထင်တဲ့အတိုင်း ကျွန်တော်တို့ ဘဝကူးလိုက်ကြပါစို့လား'

ပန်းရုံတွင် တင်ထူး၏ အငမ်းမရသော အပြောကို မည်သို့မျှ နှုတ်တုံ့မပြန်၊ ခပ်မဆိတ်ကလေး လက်သည်းကလေးများကို လက်ထိပ်ကလေးဖြင့် ပွတ်သပ်နေမိလေသည်။

'ဘယ့်နှယ်လဲဟင်၊ ထင်သွားမှတော့ မထူးတော့ပါဘူး မပန်းရုံရယ်၊ ဘဝကူးမယ် မဟုတ်လား နော်... နော်...'

ပန်းရုံသည် ထိုအချိန်အထိ နှုတ်တုံ့မပြန်ရကား တင်ထူးလည်း ပန်းရုံ နှုတ်ကလေးမှ အဖြေကို မရသည့်တိုင် အဖြေသည် ဘာဟု ရိပ်မိနားလည်သည့်အားလျော်စွာ ပန်းရုံ၏ လက်ကလေးကို မရဲတရဲ ဆွဲကိုင်မိသည်။ ပခုံးကလေးကို လက်ကလေးနှင့် ဆုပ်ထားမိသည်။

'မဖြစ်ပါဘူးရှင် မဖြစ်ပါဘူး။ ထင်ကြလို့ ဖြစ်ရတဲ့ ဘဝမျိုးလည်း မကောင်းပါဘူးရှင်'

ပန်းရုံသည် စိတ်ရှုပ်ဟန်ဖြင့် နဖူးကြောကလေး တွန့်သွားသည့်တိုင် ပြောကာ တင်ထူးလက်တွင်းမှ ညင်ညင်သာသာ ရုန်းထွက်လိုက်လေသည်။

'မပန်းရုံ...'

'ရှင်...'

'မပန်းရုံ စိတ်ဆိုးမလား၊ ကိုတင်ထူး တစ်ခုပြောပြချင်တယ်'

'အို... စကားပြောတာနဲ့ ဆိုးရမလားရှင်'

'ကိုတင်ထူးလေ အထင်ခံရတဲ့ အတူတူဆိုတာ စင်စစ် အကြောင်း

သင့်လို့ ပြောရတာ။ အမှန်တော့ ဟို တွေ့စကတည်းက မပန်းရုံဟာ ကိုတင်ထူးရဲ့ ရာသက်ပန်အဖော်ပဲလို့ ပိုင်းဖြတ်ပြီးသားပါ။ မပြောဝံ့ မစဝံ့ တာနဲ့ အောင့်အည်းနေရတာပါ မပန်းရုံရယ်'

ဤတော့မှ ပန်းရုံလည်း တစ်ဖက်သို့ လှည့်သွားကာ သွားတက်ကလေး ပေါ်အောင် ပြုံးလိုက်မိလေသည်။ ထိုခဏတွင် ပန်းရုံ၏ သနပ်ခါးကင်းမဲ့လျက်ရှိသော ပါးပြင်နုသို့ တင်ထူး၏ ပွရောင်းရောင်း နှာခေါင်းကြီးသည် တင်လာလေသည်။ ပန်းရုံတွင် ဖိန်းခနဲ ရှိန်းခနဲ၊ တင်ထူးအဖို့လည်း ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်း။ နှစ်ယောက်စလုံး "ဒိန်း... ဒိန်း... ဒိန်း"နှင့် ရင်ထဲ၌ ကုလားဘုရားပွဲ လှည့်နေသလားဟု အောက်မေ့ရသည်။ မတွေ့ဖူးသော အတွေ့၊ မကြုံဖူးသော အငွေ့တို့ကြောင့် "ကျဉ်"ခနဲ ဖြစ်သွားကြသည်။

'ချစ်တယ်နော်...' တင်ထူးက ပါးချင်းအပ်ထားရာမှ လေသံနှင့် မေးလိုက်သည်တွင် နီထွေးလျက် ပါးပြင်ကလေးကို လက်ချောင်းကွေးဖြင့် ပွတ်သပ်နေသော ပန်းရုံလည်း တင်ထူးအား မပြုံးတပြုံးနှင့် ပြန်ကြည့်လိုက်ရာ၊ တင်ထူးလည်း တစ်ချက်မွေးရန် ကြံလိုက်ဆဲ ရိပ်ခနဲ လူရိပ်မြင်လိုက်ရသဖြင့် ကပျာကယာ လူချင်း ခွာလိုက်ရလေ၏။

'ဟာ... မောင်တင်ထူး၊ မပန်းရုံရောပါလား' ဟု ဈေးဝယ်ပြီး ပြန်လာကြသော မကြီးခင်တို့ဇနီးမောင်နှံသည် အိမ်တွင်းသို့ ဝင်လာကာ ဆူညံအောင် နှုတ်ဆက်တော့သည်။ ထိုနောက် 'ထိုင်ကြဦးဟေ့' ဟု ဆိုကာ ကိုသိန်းက အဝတ်လဲရန် ထွက်သွား၍ မကြီးခင်မှာမူ ဆွဲခြင်းကိုင်ကာ မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။ အပြင်တွင် နှစ်ယောက်ထဲ ကျန်ရစ်လျှင် တင်ထူးသည် ပန်းရုံအား ကြည့်ကာ စပ်ဖြဲဖြဲနှင့် လုပ်နေရာ ပန်းရုံက...

'ဘာပြုံးတာလဲ၊ လူ့ကိုက ဟင်း' ဟု မျက်လွှာကလေး ပင့်တဲ့၍ မာန်သလိုလို ပြောရင်း သူပါ မနေနိုင်ဘဲ ပြုံးမိလေသည်။

ထိုအတွင်း မကြီးခင်နှင့် ကိုသိန်းလည်း ပြန်ထွက်လာကြကာ မကြီးခင် လက်တွင် မုန့်စိမ်းပေါင်းများ ထည့်လျက် ပန်းကန်တစ်ချပ် ပါလာလေသည်။

'စားကြကွယ်... စားကြ၊ မုန့်စိမ်းပေါင်း ဆီရွှဲရွှဲ ဆမ်းထားတယ်'ဟု မကြီးခင်သည် ဧည့်သည်များအား ရဲရဲတင်းတင်း စားဝံ့ရန် သူက ဦးစွာ

ပလုတ်ပလောင်း စားပြလိုက်လေ၏။ ရှေ့ဆင့်နောက်ဆင့်ပင် တင်ထူးလည်း ကိုသိန်းနှင့်အတူ ပန်းကန်အတွင်းမှ မုန့်စိမ်းပေါင်းများကို နှိုက်ယူစားလိုက်လေ၏။ ပန်းရုံတစ်ယောက်တည်းသာ ပန်းကန်တွင်းသို့ လက်မရောက်သေးသဖြင့် မကြီးခင်က လှမ်း၍–

'ဟဲ့... ပန်းရုံ စားလေ၊ အမယ်... လက်ဆုံစားရမှာ ရှက်သလား' ဟု ပြောလိုက်ရာ ကြာရင် အာပေါင်အာရင်းသန်ပါဘိသနဲ့ မတော်တရော် လျှောက်အော်ပြောခံရမည် စိုးသဖြင့် ပန်းရုံလည်း ရောနှော၍ ဝင်စားရလေ၏။

'နေပါဦး မောင်တင်ထူးရဲ့၊ မနေ့က တို့အလုပ်ကအပြန် မင်းကို မတွေ့ပါလား။ မင်းက နောက်များ ကျနေလို့လားကွယ့်'

ပန်းရုံက အသိချင်ဆုံး မေးခွန်းကို မကြီးခင်က မုန့်စိမ်းပေါင်း ဝါးရင်း မေးလိုက်သည်။

'နောက်မကျပါဘူး၊ နေ့ခင်းကပဲ နေမကောင်းတာနဲ့ အိမ်ပြန် ချွေးအောင်းရတယ် ဒေါ်ဒေါ်၊ ခုတောင် ဒီမှာ အရင် ဦးလေးသောက်တဲ့ တရုတ်ဆေးကလေး ရှိမလားလို့ တောင်းရအောင် ကူးလာတာ'

'ဩော်... ဟုတ်လား၊ ဒေါ်ဒေါ်နဲ့ ပန်းရုံဖြင့်ကွယ် ဘာဖြစ်လို့များလဲလို့ ပူလိုက်ရတာ'

'အို... ဒေါ်ဒေါ်ကလည်း ဒီအထဲ ပန်းရုံ မပါပါဘူး'

'အမယ်... လာ... လာချည်သေး၊ သူ မပါဘူး။ တစ်လမ်းလုံး ကျီးကန်း တောင်းမျှော် ကျနေတာ ဘယ်သူလဲ'

ပန်းရုံမှာ မလုံတဲ့အိုး တုတ်ထိုးလိုက်သကဲ့သို့ ခေါင်းကလေးငုံ့ရင်း ပြုံးနေရလေသည်။ တင်ထူးမှာလည်း ပန်းရုံသည် သူက ချစ်ရသကဲ့သို့ ချစ်နေမှန်း သိရသဖြင့် အတိုင်းမသိအောင် ပီတိသောမနများ ပွားလျက် ရှိတော့သည်။

'ကဲ... ဒေါ်ဒေါ် လိုက်မယ် မဟုတ်လား' ပန်းရုံက စကားစပြတ်ရန် ပြောလိုက်ရာ–

'ညည်းဘိုးအေ.. ထမင်းမချက်ရသေးဘူး' ဟု မကြီးခင်က ငြင်းလိုက်လေ၏။

'ဒါဖြင့် မစောင့်တော့ဘူး၊ သွားတော့မယ်'

ပြောပြောဆိုဆို ပန်းရုံက ထိုင်နေရာမှ ထ လိုက်လျှင်–

'မောင်တင်ထူး'

'ဗျာ…'

'ခုတော့ အဖျားပျောက်သွားမှပဲ၊ ဆေးမလိုပါဘူးနော်'

'ဟာ… လိုတာပေါ့ ဒေါ်ဒေါ်' ဟု ပြောမိပြောရာက မကြီးခင်က ပန်းရုံနှင့် သူ့ကို စောင်းချိတ်ပြောမှန်း သိခါမှ 'ဟာဗျာ' ဟု ရှက်တုံ့နာကြီး ပြောမိလေသည်။ ပန်းရုံမှာလည်း ကပျာကယာ အိမ်ပေါ်မှ ဆင်းထွက်သွားရတော့၏။

'တို့တော့ သိပ်ဝမ်းသာတာပဲကွယ်'

ပန်းရုံ မရှိလျှင် မကြီးခင်က စတင်၍ ပြောလိုက်ရာ ကိုသိန်းကပါ–

'အေးကွာ… ဦးလေးတို့လည်း အစကတည်းက မင်းနဲ့ ရည်ရွယ်ပါတယ်ကွာ။ ပန်းရုံက ရိုးကရိုးနဲ့၊ မင်းနဲ့ဆို အတိုင်းထက် အလွန်ပဲကွယ့်'ဟု ဝမ်းသာစကား ပြောကြားရာ တင်ထူးမှာ သွားဖြီးပေါ်သည့်တိုင် တဟဲဟဲနှင့် နေရလေ၏။

'ဒါပဲဟေ့၊ ဘုရားပြီးရင် ငြမ်းဖျက်ဆိုတာလို ပန်းရုံနဲ့ ရပြီးရင် ဒေါ်ဒေါ်တို့ကို မေ့မနေနဲ့ကွယ့်၊ မေ့ရင်တော့ ဆော်ပလော် အတီးပဲ'

'စိတ်သာချနေ မိန်းမရေ၊ ဘုရားပြီးမှ ငြမ်းကြီး ရှုပ်ပါတယ် ဆိုပြီး ဖျက်ချမှာပဲ'

တင်ထူးမှာ အဒေါ်ရင်း၊ ဦးလေးရင်းများ တူတစ်ယောက်၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ပြောင်လှောင်ကျီစယ် ကလူနေသလို အောက်မေ့ကာ တပြုံးပြုံးနှင့် ရှိလေသည်။

'အလကားပြောတာဟေ့ မောင်တင်ထူး၊ တကယ်မမှတ်နဲ့ဦးနော်။ မင်းတို့နှစ်ယောက် သင့်သင့်မြတ်မြတ် နေရာကျသွားတယ်ဆိုရင် ဦးလေးတို့အဖို့ သားရင်း သမီးရင်းတွေ ဆင်စီး မြင်းရံကြတာပဲလို့ အောက်မေ့ကြည်နူး ဝမ်းသာပါပြီကွယ်။ ပန်းရုံဟာ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါးနဲ့ သူ့အဒေါ်များဆီနေတဲ့ တစ်ကောင်ကြွက်မကလေး ဖြစ်ပေမဲ့ကွာ သဘောကောင်း မနောကောင်းပြီးတော့ ရိုးရိုးသားသားကလေးပါ'

'ဟုတ်တယ်ကွယ့်၊ သူ့ခများ ငယ်ငယ်ကတည်းက မိဆုံးဖဆုံးနဲ့ တစ်ကောင်ကြွက် တစ်မျက်နှာဘဝနဲ့ အဒေါ်ဆီ တစ်လှည့်၊ ကြီးကြီးဆီ တစ်လှည့် နေရတာကလား'

ထိုသို့သော ပူပူနွေးနွေး ချစ်ကြိုးသွယ်ပြီးစ ပန်းရုံ၏ ရာဇဝင်ဖြစ်စဉ်ကလေးကို ကြားရလျှင် တင်ထူးသည် ပန်းရုံအား ချစ်ရာက သနားစိတ်ကလေးပါ ဖက်လာမိသည်။ ကရုဏာကလေးပါ စွက်လာမိသည်။ ချစ်စိတ်၊ သနားစိတ်၊ ကရုဏာစိတ်များဖြင့်လည်း ပန်းရုံတည်းဟူသော လောင်းရိပ်မိနေသည့် စံပယ်ဖြူအား လောင်းရိပ်အောက်မှ အလင်းရောင်သို့ ပို့ဆောင်ဖို့သည် သူ့တာဝန်ဟု ဆုံးဖြတ်လိုက်မိလေသည်။

## [၅]

## ချစ်ရေစင်

'ဩော်... ဒေါ်ဒေါ်'

ပန်းရုံသည် ဆေးလိပ်ခုံ၌ ကျုံ့ကျုံ့ပုံ့ပုံ့ကလေးထိုင်ကာ ရှေ့တွင် ချထားသည့် အလျား ၂ ပေခွဲ၊ အနံ ၁ ပေရှိ ခုံကလေးပေါ်၌ ဆေးရိုးများ သိပ်ထည့်ထားပြီးသဖြင့် ဖောင်းမို့နေသော လိပ်လက်စ ဆေးလိပ်ဖင်ကို ဆောင့်၍ နေရာက ဆေးလိပ်ခုံတွင်းသို့ ဝင်လာသော မကြီးခင်အား ပြုံးပြုံးရယ်ရယ်နှင့် ဆီး၍ နှုတ်ဆက်လိုက်လေသည်။ မကြီးခင်လည်း ပန်းရုံအား လက်ကလေး ဝှေ့ယမ်းပြပြီး လက်တွင်းမှ ထီးကလေးကို ထောင့်တစ်ထောင့်၌ သွားရောက် ထောင်ထားလျက် ဆေးလိပ်ရုံရှင်ထံမှ ဆေးရိုးနှင့် ဖက်များကို ယူကာ ပန်းရုံ ရှိရာသို့ ပြန်လာခဲ့လေသည်။

ပန်းရုံသည် နှုတ်တယားယားနှင့် မေးမည် တကဲကဲ ရှိရကား သူ့ရှေ့တွင် မကြီးခင် ထိုင်မိလျှင် ထိုင်မိချင်း...

'ဒေါ်ဒေါ် ဘာပြောသွားသေးသလဲဟင်' ဟု တိုးတိုးကလေး မေးမိလေတော့သည်။ မကြီးခင်မှာမူ ဖက်များကို တချောက်ချောက် ဖြတ်တောက်နေရာက 'ဘာလဲ' ဟု ခပ်ငေါက်ငေါက်ကလေး ပြန်ပြောလျက် အရေးမလုပ်လိုဟန် အလုပ်ကိုသာ မဲ၍ လုပ်နေလိုက်လေ၏။

'သူလေ... သူ... ဘာများ ပြောသွားသေးသလဲလို့'

'ဘယ်က သူလဲ၊ ညည်းဟာ နားမလည်ပါဘူးအေ' ဟု မကြီးခင်က ခပ်ငေါက်ငေါက်ကလေး ပြောလိုက်သည်တွင် ပန်းရုံမှာ သူ့ကို မျက်ရည်လွယ်မှန်း သိသဖြင့် ကျိစယ်လို့မှ ကျိစယ်မှန်းမသိ၊ ချက်ချင်း မျက်ရည်များ ရီဝေလာကာ–

'ကိုတင်ထူးလေ...' ဟု ဆို့နင့်နင့်ကြီးနှင့် နှုတ်မှထွက်အောင် ကြိုးစား၍ ပြောလိုက်လေသည်။

'တင်ထူး ဘာဖြစ်သလဲ'

မကြီးခင်သည် ကြာရှည်စွာ ဟန်ဆောင်မထားနိုင်တော့၊ တခိခိနှင့် တမြုံ့မြုံ့ ရယ်မောလိုက်မှ ပန်းရုံမှာ သူ့ကို ကျိစယ်မှန်း သိကာ–

'ဟာ... ဒေါ်ဒေါ်ကလည်း သိပ်နောက်တာပဲ' ဟု ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်လေရာ မကြီးခင်သည် ကိုယ်ကို ရှေ့ထိုးနောက်ငင် လှုပ်ယမ်းရယ်မောနေမိလေသည်။

'ကြည့်ပါလား၊ ဒေါ်ဒေါ်ကလည်း ပြောပါလို့ ဆိုတာပဲ'

'အမေတလုပ်လို လုပ်လို့ မပြောနိုင်ပါဘူး'

'ဘာလဲ အမေတလုပ် ဆိုတာ'

'အမေတလုပ်ဆိုတာ မှတ်ထား၊ အမေဆိုတဲ့ တလုပ်မကြီး တစ်ယောက်ဟာ သူ့လင် တလုပ်ကြီး မယားငယ်ယူတယ် ကြားလို့ ဟုတ်မဟုတ် သိချင်တာနဲ့ ကျစ်ဆံနီနတ်မင်းထံ ဟုတ်မဟုတ် မေးတယ်ဆိုပဲ။ ကျစ်ဆံနီက သူ့ကို မပသပါလား ဆိုတော့ ပြောသာပြောပါ၊ ပသပါ့မယ်ဆိုတာနဲ့ ကျစ်ဆံနီက သူ့လင် မယားငယ် ယူတာ ဟုတ်တယ်။ ဒါပေမဲ့ အခုသေပြီလို့ ပြောသတဲ့။ တလုပ်မကြီးလည်း လင်သေတယ် ဆိုရင်ပဲ ချုံးပွဲချငိုပြီး အိမ်ကိုပြန်မယ်လုပ်တော့ ကျစ်ဆံနီက ဘယ်မလဲ၊ သူ့ကို ပသမယ်ဆိုတာလို့ ပြောတော့ လင်မသာချမှပဲ တလက်စတည်း ပသပါမယ် အရှင်ကြီးလို့ တလုပ်မကြီး ပြန်ပြောပြီး သွားတာနဲ့ ကျစ်ဆံနီနတ်ကြီးလည်း ငတ်ကရော တဲ့'

'ကဲပါ... အမေတလုပ်လို မလုပ်ပါဘူး၊ ပြောပါဦး'

'သည်းခံ မိရွှေရုံ၊ သည်းခံ၊ ယနေ့ အကြွေးသည်းခံပါ တဲ့'

'လုပ်ပြန်ပြီ၊ ဟင်.... ဒါပဲနော်၊ ပန်းရုံ ငိုပစ်လိုက်မယ်'

ပန်းရုံကမူ မူနွဲ့နွဲ့နှင့် မျက်ရည်ဝဲဝဲ လုပ်ပြလိုက်မှ မကြီးခင်လည်း 'ကဲ... ကဲ နားထောင် ဒကာမ' ဟု တကယ့်ကျောင်းထိုင် ပုဂ္ဂိုလ်ကြီးကဲ့သို့ ကျကျနန တင်ပျဉ်ခွေ ပြင်ထိုင်လိုက်၍ ကေသီ လျှော့ကျသည်ကို ရုံရဟန် ဖြင့် လက်တစ်ဖက်က ပခုံးဆီသို့ ရစ်တင်လိုက်လျက် လက်ညှိုးတငေါက် ငေါက်နှင့် 'ဒကာ့ ဒကာကလေး မောင်တင်ထူးက အဟမ်း... ကညာ့ကညာ ကလေး မိမိရွေ့ရုံကို အေးအေးဆေးဆေး ဆွေးနွေးလိုပါသတဲ့ ဒကာမလေး ရဲ့'

'ဟင်... ဟုတ်လား' ဟု ပန်းရုံသည် နှုတ်မှ လွှတ်ခနဲ ထွက်သွား ရာက မကြီးခင်က 'တွေ့ချင်တာကလဲ ညနေ အလုပ်ဆင်းတော့တဲ့'ဟူသော စကားကို ကြားရမှ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ တူနှစ်ကိုယ် တွေ့ဆုံဖို့ အရေးကို တွေးရင်း ရင်ဖိုလာကာ-

'ဟာ... မတွေ့ချင်ပါဘူး ဒေါ်ဒေါ်၊ မတွေ့ချင်ပါဘူး' ဟု ခါးခါး သီးသီး ငြင်းလိုက်မိလေသည်။

မကြီးခင်မှာမူ တထိုင်တည်းနှင့် စိတ်ပြောင်းမြန်လှသော ပန်းရုံ အား မကျေမနပ်နှင့်-

'ဘာဖြစ်လို့လဲကွယ့်'

'မဖြစ်ပါဘူး ဒေါ်ဒေါ်၊ မဖြစ်ပါဘူး။ ဒေါ်ဒေါ်ပဲ ကြည့်ပြီး သူ့ကို ပြောလိုက်ပါတော့ ဒေါ်ဒေါ်ရယ်'

'ဘာဖြစ်လို့တုံး'

မကြီးခင်က ထပ်မေးသည့်တိုင် ပန်းရုံမှာ နှုတ်တုံ့မပြန်၊ မျက်လွှာ ကလေးကို အောက်ချကာ ဆေးဗန်းတွင်းမှ ဆေးရိုးများကို လက်ညှိုးချောင်း ကလေးဖြင့် အသာအယာ မွှေနှောက်နေသည်။

'ဘာလဲ... နှစ်ကိုယ်ချင်းဆုံတော့ လွန်ကုန်ကြမှာ စိုးလို့လား။ ဒါတော့ စိတ်ချပါ ပန်းရုံ၊ ဒေါ်ဒေါ်တို့ကလည်း နောင်တစ်နေ့ မပြောကောင်း ပြော ကောင်း အကြောင်းမညီညွတ်သည့်တိုင် ဒေါ်ဒေါ့်အတာ အကျမခံနိုင်ပါဘူး'

'ဒါကြောင့်လည်း မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်'

'နို့... ဘာဖြစ်လို့ ဟိုခမျာက တွေ့ပါရစေဆိုတာကို ငြင်းရတာလဲ'

'ဘာဖြစ်လို့မှန်းကို မသိပါဘူး ဒေါ်ဒေါ်ရယ်၊ တွေ့ပရစေလို့ ကြားတာနဲ့ ရင်တွေ ဘာတွေ တုန်ပြီး ခုန်နေတာပဲ'

'လာပြန်ပလား ဒီအခုန်၊ ညည်းနှယ် ခုန်ပဲ ခုန်နိုင်လွန်းလှတယ်' ဟု အပြစ်တင်လိုက်၍ ကြားထဲမှ အလကားနေရင်း စိတ်ရှုပ်သွားဟန်ဖြင့် ခေါင်းကို အယားဖျောက်ရာက–

'ညည်းတို့အတွက် ကြားထဲက စိတ်ရှုပ်ပါတယ်အေ၊ ကဲ… ကဲ ညည်းသဘောနဲ့ ညည်းပါပဲ။ မတွေ့ချင်လည်း နေပေါ့။ ဒါပေမဲ့ ဟိုခမျာမှာတော့ ညနေကျရင် တမျှော်မျှော်နဲ့ ရှိရှာမှာပဲ ပန်းရုံ'

မကြီးခင်လည်း စကားသွင်း၍ မရသဖြင့် စကားစကို တိုစေကာ အလုပ်ကိုသာ ကုန်း၍လုပ်နေလိုက်လေသည်။ ပန်းရုံမှာမူ အလုပ်ခွင်တွင် စိတ်ပါဝင်စားခြင်း မရှိရှာဘဲ တတွေးတွေး တငေးငေးနှင့်သာ အလုပ်ကို လုပ်လှဲလုပ်လီနှင့် လုပ်နေမိလေသည်။

သို့နှင့် ညနေတိုင်ခဲ့သည်။

'ဒေါ်ဒေါ်..'

ဆေးလိပ်ခများ အရင်ဆုံး ရှင်းလင်းရပြီးသည်တိုင် မပြန်သေးဘဲ အပေါက်ဝမှ စောင့်နေမိသော ပန်းရုံလည်း မကြီးခင် ငွေရှင်း၍ ထွက်လာသည်ကို တွေ့လျှင်တွေ့ချင်း ဆီးခေါ်လိုက်လေသည်။ မကြီးခင်လည်း တစ်နေ့လုံး၊ တစ်ချိန်လုံး တင်ထူးက တွေ့ပါရစေ အသနားငယ်ခံရှာသည်ကို ငြင်းပယ်ရကောင်းမလားဟူသော သဘောနှင့် ပန်းရုံအား စကားမပြောဘဲ နေခဲ့ရာ၊ ယခုကဲ့သို့ ပန်းရုံက မျက်နှာချိုသွေးလာပြန်လျှင် 'ဟင်…မပြန်သေးဘူးလား ပန်းရုံ' ဟု ပြန်လှန်ပြောမိလေသည်။ ထို့နောက် ထောင့်တွင် ထောင်ထားခဲ့သော ထီးရှိရာသို့ လှည့်ထွက်သွားမည် ပြုရာ–

'ဒေါ်ဒေါ့် ထီးလား၊ ဒီမှာလေ ပန်းရုံ သွားယူထားပြီးပြီ' ဟု ပန်းရုံက အဆင်သင့် ယူထားနှင့်ပြီး မကြီးခင်၏ ထီးကလေးကို ပြ၍ ပြောလိုက်မှ မကြီးခင်လည်း ပန်းရုံလက်တွင်းရှိ သူ့ထီးကို လှမ်းတဲ့ယူလိုက်လေသည်။

နှစ်ယောက်သား ခြေထောက်ကို အဖော်ပြုကာ အိမ်သို့ ပြန်ခဲ့ကြသည်။

ခရီးတစ်ဝက်ကျိုးသည့်တိုင် မကြီးခင်သည် တိတ်ဆိတ်သား ကောင်း

လှရကား နံနက်က ကိစ္စကြောင့် သူ စိတ်ကောက်နေမှန်း ပန်းရုံ သိလေသည်။

'ဒေါ်ဒေါ်'

'ဘာလဲ'

'ဒေါ်ဒေါ် ပန်းရုံကို စိတ်ဆိုးနေတယ်ပေါ့လေ'

မကြီးခင်သည် နှုတ်တုံ့မပြန်။ အိမ်သို့သာ ရောက်ချင်ဇောနှင့် လျှောက်နေလေသည်။

'ဟင်… ဆိုးတယ် မဟုတ်လား ဒေါ်ဒေါ်'

'ဘာလုပ် စိတ်ဆိုးရမှာလဲ'

'ဟင့်အင်း… လိမ်တာ၊ ဒေါ်ဒေါ် လိမ်တာ၊ စိတ်ဆိုးလို့ပဲ ပန်းရုံကို တစ်နေ့လုံး ခုံမှာ စကားမပြောဘူး'

'ညည်း ထင်လို့ပါအေ…'

သို့နှင့် သီတာလမ်းအတွင်း ချိုးဝင်မိကာ အတန်ငယ် လျှောက်မိလျှင် မကြီးခင်တို့ အိမ်ရှေ့သို့ ရောက်လာခဲ့လေသည်။ ပန်းရုံလည်း ရှေ့ဆက်လွန်၍ လျှောက်မသွားသေးဘဲ မကြီးခင်နှင့်အတူ အိမ်တွင်းသို့ ရောက်သွားမိလေသည်။

'ဟဲ့… ပန်းရုံ၊ မပြန်သေးဘူးလား'

မကြီးခင်သည် ဇာဘော်လီအိတ်ကပ်တွင်းမှ သော့ကို ထုတ်၍ တံခါးဖွင့်မည်ပြုစဉ် ကွပ်ပျစ်ပေါ်၌ ကိုယ်တစ်ပိုင်းတင်ကာ လက်မောင်း ခေါင်းအုံးပစ်လှဲလိုက်သော ပန်းရုံကို ပြောလိုက်မိလေသည်။

'မပြန်သေးဘူး'

'မပြန်လို့ ဘာလုပ်မလဲ'

'နို့ သူ လာမလို့ ဆို'

'ပြန်မှာသာ အေးအေးပြန်တာ မဟုတ်ဘူး။ တော်ကြာ နဂိုကမှ ဆီအပေါက်ရှာသလို အပြစ်ရှာနေတဲ့ ဒေါ်မြကြီးရဲ့ အဆူခံ ထိနေဦးမယ်'

မကြီးခင် အိမ်တွင်းသို့ ဝင်သွားလျှင် ပန်းရုံလည်း နောက်ပါးမှ ထက်ကြပ်လိုက်သွားလေသည်။ မကြီးခင်လည်း မည်သို့မျှ မပြောတော့ဘဲ အခန်းတွင်း ဝင်ရောက်၊ အဝတ်အစားလဲလိုက်လျက် ညနေအတွက် ချက်ဖို့

ပြုတ်ဖို့ မီးဖိုချောင်သို့ ထွက်သွားလေရာ ပန်းရုံတွင် ကိုသိန်း လှဲနေကျ ပက်လက်ကုလားထိုင်ပေါ်တွင် လှဲကာ တင်ထူး အလာကို စောင့်၍နေမိတော့သည်။

'မပန်းရုံ' ဟူသော အသံကြောင့် ဂုန်နီအိတ်တပ် ပက်လက်ကုလားထိုင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားမိသော ပန်းရုံသည် ဖျတ်ခနဲ လန့်နိုး၍ မျက်လုံးဖွင့်ကြည့်မိရာ မချိုမချဉ်မျက်လုံးနှင့် အပြုံးသားရှိနေသော တင်ထူးအား တွေ့ရလျှင် ကြက်သေ သေသွားလေသည်။ အိပ်မက်များလားဟု မျက်တောင်ကို ခတ်၍ ကြည့်ရာ အကယ်ပင် တင်ထူးရောက်နေမှန်း တွေ့ရသဖြင့် နဖူးတွေ့ ဒူးတွေ့ မကြုံဖူးရှာသော ပန်းရုံခမျာတွင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၊ တစ်ရင်လုံးခုန်အောင် ကြောက်အား ပိုနေလေတော့သည်။

'ဒေါ်ဒေါ်ကော မပန်းရုံ'

'ဟင့်အင်း'

ပန်းရုံသည် ကြောက်အားပိုပိုနှင့် မကြီးခင် နောက်ဖေးတွင် ရှိကြောင်း ပြောရမည်ကို တင်ထူးနှင့် နှစ်ကိုယ်ချင်း တွေ့ရမည့်အရေးကို တွေးကာ "ဟင့်အင်း" ဟု ငြင်းလိုက်မိခြင်း ဖြစ်လေသည်။ သို့အတွက် ကိုတင်ထူးမှာ မရိပ်မိဘဲ မကြီးခင်တို့ မရှိလျှင်၊သူတို့နှစ်ယောက်ထဲသာ ရှိသည်ဟု သိရလျှင်–

'မပန်းရုံ မနက်ကတုန်းက ကိုတင်ထူး ပြုမူမိတာကို စိတ်များ ဆိုးသွားလေသလား'

တင်ထူးက စကားမရှိ စကားရှာ၍ ပြောလိုက်ရာ ပန်းရုံတွင် မည်သို့ ပြန်လှန်၍ ပြောရမှန်း မသိရကား ပက်လက်ကုလားထိုင်ပေါ်၌ တွေတွေ ကလေးသာ ထိုင်နေလိုက်ရလေသည်။

'ဟုတ်ပါပြီ၊ ကိုတင်ထူးကို စိတ်ဆိုးလို့ စကားတောင် ပြန်မပြောတော့ဘူး'

တင်ထူးသည် ရှေ့တွင်ရပ်နေရာက ပက်လက်ကုလားထိုင် လက်ရန်းသို့ တင်ပါးလွှဲထိုင်ကာ ပန်းရုံ၏ ပခုံးကလေးကို ကိုင်တဲ့၍–

'စိတ်ဆိုးတယ် မဟုတ်လား ဟင်'

'ဆိုးပါဘူး' ဟု ပန်းရုံ၏နှုတ်မှ ထွက်လာလျှင် မေးဝိုင်းဝိုင်း မျက်နှာကလေးကို လက်ဖြင့် ကိုင်မော့လိုက်ပြီး ငုံ့မွှေး မွှေးလိုက်လေသည်။

'အို... ကိုတင်ထူးကလည်း နောက်ဖေးက ဒေါ်ဒေါ် မြင်သွားရင် ရှက်စရာကြီး'

'ချစ်လို့ပဲဟာ ပန်းရုံကလည်းကွယ်'

ပြောပြောဆိုဆို တင်ထူးက ကျန်ပါးပြင်တစ်ဖက်ကို ထပ်မွှေးလိုက်ပြန်ရာ–

'ကဲပါ၊ ပြောစရာ ရှိလို့ဆို၊ ပြော.... ပြော၊ အိမ်မှာ အဝတ်လျှော်ပေးစရာ ရှိသေးတယ်'

'ဘာ... ဘာ'

'ကြည့်ပါလားလို့ သူများကို မှာပြီးတော့၊ လာပြန်တော့လည်း လူကို အရှုးလုပ်နေတယ်။ ကဲ... ပြောလေ၊ ဘာတွေများ ပြောစရာ ရှိလို့လဲ'

တင်ထူးသည် မိမိက ချိန်းဆိုထား၍ ပန်းရုံက စောင့်နေသည် မထင်ဘဲ ခါတိုင်းကဲ့သို့ ဆေးလိပ်ခုံမှအပြန်တွင် မကြီးခင်နှင့် လိုက်လာရာ၊ မိမိကလည်း အစ်မဖြစ်သူ ခိုင်းလိုက်၍ အလာတွင် ဆုံမိသည်ဟုပင် ထင်နေလေသည်။

'ဘာမှပြောစရာ မရှိဘူးလား။ ကဲ... ဒါဖြင့် ပြန်မယ်။ နောက်ကို ပြောစရာ မရှိဘဲနဲ့ လူကို လိမ်မခေါ်နဲ့၊ ဘယ်တော့မှ မလာဘူး'ဟု ပန်းရုံသည် ခရာတာတာ ချစ်မူရာနှင့်ပြော၍ နေရာမှ ထလိုက်လေရာ တင်ထူးတွင် ပြုံးပြုံးကလေးဖြင့် ချစ်သူအား ကြည့်နေလေသည်။

'ဟဲ့ ပန်းရုံ၊ ပြန်တော့မလား'

'ဟုတ်ကဲ့ ဒေါ်ဒေါ်' ဟု မီးဖိုချောင်မှ လှမ်းအော်ပြောလိုက်သော မကြီးခင်အား အသံပေး၍ ပန်းရုံသည် အိမ်သို့ ပြန်သွားလေတော့သည်။

တင်ထူးလည်း ပေါ့ပေါ့ပါးပါးနှင့် ဆင်းသွားသော ပန်းရုံအား မျက်စိတစ်ဆုံး ကြည့်နေရာက မကြီးခင် ရှိရာ မီးဖိုချောင်သို့ ဝင်သွားကာ–

'ဒေါ်ဒေါ်၊ ဘာလုပ် ကျွန်တော် မမှာဘဲနဲ့ ပန်းရုံကို ညာပြောရတာလဲဗျာ'

'အောင်မယ် မင်းက ကျေးဇူးမတင်တဲ့အပြင် တို့ကို အပြစ်တင်ချင်သေးသလား။ ကောင်းပြီ၊ နောက်ကို ပန်းရုံနဲ့ တွေ့ချင်လို့ ဘာလို့နဲ့ လာမချွဲနဲ့၊ ဒီကနေ့က စပြီး မင်းတို့ကိစ္စမှာ တို့ ဝင်မစွက်တော့ဘူး'

'ဟဲ... ဟဲ၊ ဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်တော်က မမှာဘဲနဲ့ သူလာတာက ကိစ္စမရှိပါဘူး။ မတော်လို့ ညာမုန်းသိသွားရင် သူ့ခမျာ ရှက်သွားမှာစိုးလို့ပါ။ ဟဲ... ဟဲ... ကဲ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ငရုတ်သီး ထောင်းပေးရမလား၊ ဟင်းရွက်တွေ သင်ပေးရမလား ဒေါ်ဒေါ်'

'ကျေးဇူးတင်ပါတယ်... မောင်မင်းကြီးသား'

ထိုအတွင်း ကိုသိန်းသည် အလုပ်မှ ပြန်ရောက်လာရာ တင်ထူးသည် ကိုသိန်းနှင့် အလုပ်အကြောင်း အနည်းငယ် ပြောဆိုပြီး၊ မကြီးခင်အား အစ်မဖြစ်သူက ခိုင်းလိုက်သည့်အတိုင်း ဆေးလိပ်ခုံမှ ဆေးလိပ် ၁၀၀ လောက် ဝယ်ခဲ့ရန် ပြော၍ ပြန်သွားလေသည်။

ထိုအချိန်၌ ပန်းရုံမှာ အိမ်နားသို့ နီးလာလေ ရင်တလှပ်လှပ် ခုန်ကာ ကိုယ် တဆတ်ဆတ် တုန်သည့်အရှိန်သည် ပို၍ ပို၍သာ ပြင်းထန်လာလေသည်။

အပြစ်ရှိသော ကလေးငယ်သည် အိမ်သို့ မပြန်လျှင် မဖြစ်၍သာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်လာရသကဲ့သို့ ပန်းရုံခမျာတွင် နံနက်က မကြီးခင်တို့အိမ်တွင် တင်ထူးနှင့် နှစ်ယောက်ထဲ ရှိသည်ကို အိမ်ကများ သိသွားမလားဟု တထင့်ထင့် ဖြစ်နေလေ၏။

'ပြန်လာပလား ပန်းရုံ'

နှုတ်မဆက်စဖူး အေးအေးသည် အိမ်တွင်းမှ ထွက်လာကာ ပန်းရုံအား ဆီးကြို၍ မေးလေရာ ပန်းရုံလည်း အလိုက်သင့်–

'ဟုတ်ကဲ့ မမအေး' ဟု ပြော၍ မိမိ အခန်းရှိရာသို့ ဝင်သွားမည် ပြုစဉ်–

'နေပါဦး ပန်းရုံရဲ့၊ မမအေးဆီ လာစမ်းပါဦး' ဟု အေးအေးက ခေါ်လေရာ ပန်းရုံသည် မငြင်းသာသဖြင့် အေးအေးနှင့်အတူ ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်ရလေသည်။

'ငါ့ညီမ... ကနေ့ ဘယ်လောက်စီခဲ့သလဲ'

'နှစ်ကျပ်ခွဲထဲပါ မမအေး'

'အေး... အေး ညည်း ကြိုးစားသမျှ ညည်းဖို့ပဲ။ မမအေးတို့က အစားအသောက်လောက်ပဲ တတ်နိုင်တော့ အဝတ်အစားအတွက် ညည်း ဘာသာ ရှာရမှာပေါ့'

'ဟုတ်ကဲ့' ဟု ပန်းရုံက ရိုသေစွာ ပြန်ပြော၍ နေရာမှ ထကာ အိမ်တွင်းသို့ ဝင်မည်ပြုစဉ်–

'နေဦးလေ၊ ထိုင်ပါဦးလား၊ မမ ပြောစရာတစ်ခု ရှိတယ်'

ပန်းရုံလည်း ပြန်ထိုင်လိုက်ကာ–

'ဘာပြောမလို့လဲ မမအေး'

'တခြားတော့ မဟုတ်ပါဘူးကွယ်၊ ပန်းရုံဟာ ငယ်ငယ်ကတည်းက မိမဲ့ဘမဲ့ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်ခဲ့လို့ ကြီးကြီးက မွေးစားခဲ့တယ်နော်'

'ဟုတ်ကဲ့'

'ပြီးတော့ ကြီးကြီးက ကျိုက္ကစံမှာ ဥပုသ်ရက်ရှည် စောင့်ချင်တာနဲ့ ပန်းရုံကို မမအေးတို့ဆီ ထားပစ်ခဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီတော့ မမအေးတို့ဟာ ပန်းရုံနဲ့ ဝမ်းကွဲဆိုပေမဲ့ အရင်းနဲ့မခြားပေဘူးပေါ့။ ကိုယ့်ညီမလေးတစ်ယောက် မမှားသင့်တာ မမှားရလေအောင် ပြောရဖို့ဟာ မမအေးတို့ မပြောထိုက်ဘူးလား'

'ဒါတော့ ပြောထိုက်တာပေါ့ မမအေးရယ်'

'အဲဒီအဖြေပဲ မမအေး ကြားချင်တာ။ ကဲ... ဒါဖြင့် မမအေး ပြောရဖို့ ကြုံလာလို့ ပြောရတော့မယ်။ တခြားတော့ မဟုတ်ပါဘူး၊ မနက်တုန်းက ဟိုနားကအိမ်မှာ ဘယ်ကအကောင်နဲ့ ဘာလုပ်နေတာလဲဆိုတာ မမအေးကို ပြောပြစမ်းပါဦး'

'ဘာမှလုပ်တာ မဟုတ်ပါဘူး၊ ကိုတင်ထူးက ဦးလေးသိန်းနဲ့ တွေ့ရအောင်အလာ ပန်းရုံကလည်း မကြီးခင်ကို အလုပ်သွားဖို့ ဝင်အခေါ်လူချင်း ဆုံမိကြတာပါ'

'ဒီလိုဖြင့် ကောင်းပါလေရဲ့၊ မဟုတ်တရုတ်တွေတော့ မဖြစ်ပါစေနဲ့ ပန်းရုံရယ်။ ဒါမျိုးတွေဟာ အပိုပါ။ မမအေးတို့ကြည့်၊ အသက်သုံးဆယ်နား နီးလာပြီ၊ ဒါမျိုးကို အိပ်မက်တောင် မမက်မိသေးဘူး။ ပြီးတော့လည်း ပန်းရုံဟာ ငယ်ပါသေးတယ်ကွယ်။ ဒါတွေ စိတ်ကူးဖို့ မတော်သေးပါဘူး။ အချိန်အခါရောက်တော့ မေမေတို့ရော မမအေးတို့ကရော ကြည့်နေမှာမှ

မဟုတ်ဘဲ။ ကဲ... ကဲ အဝတ်တွေ ပြုတ်ထားပြီးပြီ၊ ရေချိုးရင်း လျှော်လိုက် နော်။ မမအေး ဈေးကို ခဏသွားလိုက်ဦးမယ်' ဟု ပြော၍ အေးအေးသည် အိမ်ပေါ်မှ ဆင်းသွားရာ ပန်းရုံလည်း အိမ်တွင်းသို့ ဝင်သွားလေသည်။

'ပန်းရုံ... ဟဲ့ ပန်းရုံ ပြန်မလာသေးဘူးလား'

'ရှင်... ရောက်နေပါပြီ ဒေါ်ဒေါ်'

နောက်ဖေး၌ အဝတ်လျှော်နေသော ပန်းရုံတွင် အိမ်ရှေ့မှ ဒေါ်မြ၏ မေးသံကို ပြန်လည်အသံပေးပြီး ဆပ်ပြာပေနေသော လက်ကို ဆေးလျက် အိမ်ရှေ့သို့ ထွက်လာခဲ့ရလေသည်။

'နောက်ဖေးမှာ ဘာလုပ်နေသလဲ၊ အေးအေးတို့ ညီမကော'

'အဝတ်တွေ ဖွပ်နေတယ် ဒေါ်ဒေါ်၊ မမအေး ဈေးခဏသွားတယ်။ မမလေးတော့ ပြန်မလာသေးဘူး'

'ညည်းအဝတ်တွေ အသာထားစမ်းပါဦးအေ၊ ဟို... ဗျိုင်းရေအိုးစင် က မမင်းသူတို့ အလှူအိမ်သွားပြီး မုန့်ဟင်းခါး သွားယူစမ်း။ မမင်းသူ ဖြစ်ဖြစ် သူ့ယောကျ်ားကိုဖြစ်ဖြစ်၊ ငါက လွှတ်လိုက်တယ်လို့ ပြောပြီး ယူခဲ့။ ကဲ...ကဲ တော်တော်ကြာ မုန့်ကုန်သွားလို့ မစားကြရဘဲ နေဦးမယ်။ နောက်ဖေး က ချိုင့်ကြီး ယူသွား'

ပန်းရုံသည် ဒေါ်မြ၏ အပြုအမူကို မည်သို့မျှ ထင်မြင်ချက် မပေးဝံ့ ဘဲ 'ဟုတ်ကဲ့' ဟူသော လက်သုံးတော် စကားလုံးဖြင့် ပြောကာ ချာခနဲ မီးဖိုတွင်းသို့ ဝင်သွား၍ ချက်ချင်းပင် ယွန်းချိုင့်ကလေးကို ဆွဲကိုင်လျက် ဗျိုင်းရေအိုးစင်ဘက်သို့ ထွက်သွားလေသည်။

နာရီဝက်ခန့်အကြာတွင် ပန်းရုံသည် ယွန်းချိုင့်ကလေးကို လက်မှ ဆွဲ၍ ပြန်ရောက်လာလေသည်။ ပန်းရုံ ပြန်မလာခင် မရှေးမနှောင်းအချိန် တွင် အေးအေးရော လေးလေးပါ အိမ်သို့ ပြန်ရောက်နေလေရာ ပန်းရုံကို မြင်လျှင် လေးလေးက–

'ပန်းရုံ ဘယ်က ပြန်လာသလဲဟေ့'

'မမင်းသူတို့အလှူကို ခိုင်းလိုက်တာပေါ့ သမီးရဲ့။ ကဲ... ကဲ ပန်းရုံ၊ ညည်းအစ်မတွေ စားဖို့ ပြင်ပေးလိုက်ပါကွယ်။ ညည်းလည်း တစ်ခါတည်း ဝင်စားလေ' ဟု ဒေါ်မြက ဝင်ပြောလိုက်သဖြင့် ပန်းရုံသည် မီးဖိုသို့ သွား

ရောက်ကာ အေးအေးတို့ညီအစ်မ စားရန် ယွန်းချိုင့်တွင်းမှ မုန့်များကို ပန်းကန်နှစ်လုံးတွင် ထည့်ပေးရလေသည်။

'မမအေး... မမလေး ထည့်ပြီးပြီ' ဟု လှမ်း၍ အသံပေးလိုက်ပြီး ပုံထားခဲ့သော အဝတ်ပုံသို့ ပြန်သွားကာ အဝတ်များကို လျှော်ဖွပ်နေလေသည်။

'ပန်းရုံကော မစားဘူးလား၊ လာလေ' ဟု လေးလေးက ပန်းရုံအား ခေါ်သော်လည်း အေးအေးကမူ–

'အမယ်လေး ဘယ်နေလိမ့်မလဲ၊ အလှူအိမ်မှာ စားပြီးခဲ့ရောပေါ့'

သို့ရာတွင် ပန်းရုံက 'စား... မမလေးတို့ပဲ စားတော့' ဟု ပြော၍ အဝတ်များကို ကုန်း၍ လျှော်ဖွပ်နေလေရာ လေးလေးလည်း ပန်းရုံ၏ နောက်ကျောကို မသက်မသာ လှမ်းကြည့်ပြီး မုန့်ဟင်းခါးခွက်ဘက် လှည့်ကာ စားနေရလေသည်။

စားသောက်ပြီးသော အခါတွင် အေးအေးသည် ဆီဝေ့နေသော နှုတ်ခမ်းထူလပျစ်ကို လက်နှင့် သုတ်လိုက်၍ "အေ့" ခနဲ လေချဉ်တက်လိုက်ပြီး–

'မုန့်ဟင်းခါးကလည်း ဟင်းက သိပ်ခိုတာပဲ။ ချိုလည်း မချိုဘူး။ ဆင်ဝယ်ပြီးမှ ချွန်းဖိုး နှမြောသလို ကျနေတာပဲ၊ မမင်းသူ ကပ်စေးနဲနဲနဲ့ ဈေးနည်းနည်းတန် မှာတယ် ထင်တယ်' ဟု အလကား ရသည့်အတွက် အလကား ကဲ့ရဲ့တတ်သော အလကားသမားများ ဝါသနာအတိုင်း မုန့်ဟင်းခါး၏ အရသာကို ဝေဖန်ရင်း အလှူရှင်ကို အကြောင်းမဲ့ အပြစ်တင်နေလေသည်။ လေးလေးမှာမူ–

'မမကလည်း စားလို့ ဝမ်းထဲရောက်ပြီး ချေးတောင် ဖြစ်ခါနီးမှ ပြောမနေပါနဲ့တော့' ဟု ပြောပြီး သူ၏အခန်းသို့ ထွက်သွားလေသည်။

ပစ္စည်းမဲ့... ပစ္စည်း မမဲ့တမဲ့ ခနရှင်ပေါက်စမှစ၍ မည်သူကိုမျှ မျက်နှာမလိုက်သောသူကား အချိန်သာလျှင် ဖြစ်လေရာ အချိန်သည် တစ်စ တစ်စနှင့် ညဘက်သို့ ကူးပြောင်းခဲ့လေသည်။

ပန်းရုံသည် အဝတ်များကို မိုးအတော်ချုပ်မှ လျှော်ဖွပ်ပြီးရာ ရေမိုးချိုး၊ ထမင်းစား ပန်းကန်များ ဆေးကြော၍ အပြင်သို့ ထွက်လာသောအခါ

တွင် အတော်ညဉ့်နက်လျက် အပြင်ဘက်တွင် မည်းမှောင်သော ပတ်ဝန်းကျင်ကို တွေ့ရလေသည်။

'ပန်းရုံ အားပလား၊ အားရင် မမလေးဆီ ခဏလာစမ်းပါဦးကွယ်' ဟု လေးလေးသည် သူ၏အခန်းတွင်းမှ ဆီး၍ ခေါ်လေရာ ပန်းရုံလည်း...

'ဟင် မမလေး မအိပ်သေးဘူးလား၊ တစ်နေ့လုံး ဈေးမှာ ထိုင်ရောင်းရလို့ ညောင်းနေရင် ပန်းရုံ နှိပ်ပေးမယ်လေ' ဟု ခုတင်တွင် တင်ပါးလွှဲဝင်ထိုင်ရင်းက နှိပ်ပေးမည်ကဲ့သို့ ပြောလိုက်လျှင်–

'မညောင်းပါဘူးကွယ်၊ ပန်းရုံမှာသာ တစ်နေ့လုံး ဆေးလိပ်ခုံမှာ တကုန်းကုန်းနဲ့ ဆေးလိပ် လိပ်၊ အိမ်ရောက်ပြန်တော့ ကိုယ်ချင်းမစာ ခိုင်းတာ ခံရပြန်တော့ နှိပ်ခြင်းနှိပ်ရင် ပန်းရုံကိုသာ မမလေးက နှိပ်ပေးရမှာပေါ့ကွယ်' ဟု ပြောရင်းက ပန်းရုံ၏ အဝတ်များ ဖွပ်လျှော်ရ၍ ရဲနီနီလက်ဖဝါးကို ကရုဏာသက်စွာနှင့် ကြည့်မိလေသည်။

'အို... မမလေးကလည်း မဟုတ်တာတွေ ပြောတော့မယ်။ ဆေးလိပ်လိပ်၊ အဝတ်လျှော်၊ ရေခပ်တာကလေးများ ထည့်ပြောလို့ မမလေးရယ်'

'ဩော်... ပန်းရုံ ပန်းရုံ'

'ဘာလဲ... မမလေးရဲ့၊ ပန်းရုံကို တ ရအောင် ပန်းရုံ လောကထဲမှာ ရှိသေးတာကိုပဲ'

'ကွယ်မနေပါနဲ့ ပန်းရုံရယ်၊ မမလေးကို အမှန်အတိုင်း ဝန်ခံစမ်း၊ စောစောက မုန့်ဟင်းခါးတွေဟာ ဆိုင်က ဝယ်လာတာ မဟုတ်လား'

ပန်းရုံတွင် မျက်ပွင့်ကလေးများ မငြိမ်မသက်နှင့် ရစ်ဝဲဝဲ ဖြစ်သွားရာ–

'ဟုတ်တယ် မဟုတ်လား၊ မမင်းသူတို့ အလျှုက ယူလာသလိုနဲ့ ဆိုင်ကမုန့်တွေ ဝယ်ထည့်လာတာ မဟုတ်လား'

ပန်းရုံသည် ဝန်ခံသည့်အလား ခေါင်းကလေး ငုံ့ရင်းက ခင်းထားသော အိပ်ရာမှ မွေ့ရာလှိုင်းတွန့်ကလေးများကို လက်မဖြင့် အသွားအပြန် ဖြတ်ဆွဲနေလေသည်။

'ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ ပန်းရုံရယ်'

'ဒေါ်ဒေါ်ရဲ့ အဆူအပူ မခံချင်လို့ပါ မမလေးရဲ့'

'မိုက်လိုက်ပါဘိ ပန်းရုံရယ်၊ အလှူအိမ်ကို သွားတောင်းရမှာ ရှက်ရင်လည်း ဖွင့်ပြောပါလား။ အခုလို ဆိုင်က ဝယ်ခဲ့ပြီး အလှူက ယူလာတာ ဆိုတော့ ပိုက်ဆံလည်း ကုန်သေး၊ ကိုယ့်ကိုယ်ကိုယ်လည်း လိမ်ရာမကျပေဘူးလား'

'ကဲပါ၊ နောက်ဆို ပန်းရုံ ဒီလို မလုပ်တော့ပါဘူး'

'အေး... နောက် ဘယ်တော့မှ ဒီလိုမလိမ်နဲ့၊ ဒါကိုမှ မေမေက ဆူရင် မမလေး ဝင်ပြောပေးမယ်။ ညဥ့်နက်လှပြီ၊ အိပ်ချေတော့'

ဤသို့အားဖြင့် အကြိမ်ပေါင်းများစွာ အခါပေါင်းမနည်း ဒေါ်မြနှင့် အေးအေးတို့၏ ဆီလိုအပေါက်ရှာ၍ အပြစ်တင် ဆူပူခြင်းမှ ကင်းပါစေတော့ဟု ကိုယ့်ကိုယ်ကိုယ် အနစ်နာခံခဲ့ပေသည်။ တစ်ကြိမ်ကဆိုလျှင် ပန်းရုံ ခြုံလေ့ရှိသော စစ်စောင်ထူကြီးကို ဒေါ်မြက ယူ၍ ခြုံလေသည်။ ပန်းရုံတွင် ဆေးလိပ်ခုံမှအပြန် မိုးမိလာရသည့်အထဲ စောင်မပါဘဲနှင့် ခိုက်ခိုက်တုန် အေးလှသော မိုးတစိမ့်စိမ့်ညတွင် ပေတေအိပ်လိုက်ရာ နောက်တစ်နေ့ နံနက်တွင် "နမိုးနီးယား" ဖြစ်သဖြင့် မနည်းခံလိုက်ရလေသည်။ သို့နှင့်လည်း အမှတ်မရ၊ ရှေးကအတိုင်းပင် သူသာလျှင် အနစ်နာခံတတ်ပေရာ လေးလေး တစ်ယောက်မှာ မနေသာဘဲ အမြဲလိုပင် ဆူပူရလေသည်။ သို့ဖြစ်သည့်တိုင် ပန်းရုံတွင် ဒေါ်မြနှင့် အေးအေးတို့အား မလွန်ဆန်သာရကား အလားတူနည်းအတိုင်း အနစ်နာခံကာ ပြဿနာများကို ဖြေရှင်းခဲ့တော့သည်။

## [ ၆ ]

## ရွှေနဂါး

ပန်းကလေးတစ်ပင် ဖြစ်လာဖို့အရေးမှာ မြေဩဇာကောင်းရုံနှင့်လည်း မလုံလောက်။ လောင်းရိပ်အောက်မှ လွတ်မြောက်ရုံဖြင့်လည်း မပြည့်စုံသေးရာ မြေဩဇာကောင်း၊ ရောင်ခြည်၊ ရေစင်၊ ဤသုံးဖက်သုံးတန် ညီမျှမှသာလျှင် ပန်းကလေးတစ်ပင် ဖြစ်လာနိုင်လေသည်။

ထိုနည်းတူစွာ ပန်းပွင့်ကလေးလို လှသော ပန်းရုံကလေးတွင် ရေစင်

တည်းဟူသော တင်ထူး၏ ချစ်ရေစင် ဖျန်းယူခြင်း ခံခဲ့ရသော်လည်း လောင်းရိပ်တည်းဟူသော ဒုက္ခ၊ မြေသြဇာမကောင်းခြင်း တည်းဟူသော သောကမှ မကင်းလွတ်သေးပေ။

'ပန်းရုံရေ ပြန်ကြစို့' ဟူသော မကြီးခင်၏အသံသည် ကတ်ကြေးတချပ်ချပ်သံ အကြားမှ ထွက်ပေါ်လာရာ၊ ပန်းရုံသည် ခပ်လှမ်းလှမ်းရှိ တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်တွင် လက်တံရှည်နှင့် လက်တံတိုတို့သည် ရွှေလည်တွဲ၍ ၁၂ ဂဏန်း၌ ချစ်ပွဲဝင်နေသည်ကို တွေ့ရလျှင်၊ လိပ်ပြီးသမျှ ဆေးလိပ်များကို သိမ်းဆည်းလျက် ဆေးလိပ်ခုံရှင်ထံ မကြီးခင်နှင့် အတူ သွား၍ အပ်ကြလေသည်။

'ဟင်... မကြီးခင်နဲ့ မပန်းရုံ၊ ဒီနေ့တော့ စောလှချည့်လား'

'ဟုတ်ကဲ့၊ အိမ်မှာ တောက ဧည့်သည်တွေ ရောက်မှာမို့ပါ' ဟု မကြီးခင်က ဝင်ပြော၍ လိပ်ခကို တွက်ယူပြီး နှစ်ယောက်သား ဆေးလိပ်ခုံမှ ထွက်လာခဲ့ကြလေသည်။

'ဒေါ်ဒေါ် လမ်းနံဘေးကို ကြည့်ပါဦး၊ တော်ကြာ အိမ်က မမအေးနဲ့ တိုးလို့ သိသွားရင် အခက်ပဲ'

'အေးပါဟယ်၊ ငါ ဒီလောက်လည်း မနသေးပါဘူး။ ကဲ... မြန်မြန်ရောက်အောင် ဘတ်စ်ကား စီးသွားကြစို့'

'စီးလေ' ဟု ခါတိုင်းဆိုလျှင် ဘတ်စ်ကားခ တစ်ပဲကို နှမြောလှသော ပန်းရုံတွင် ရှောရှောရှူရှူ ဘတ်စ်ကား တက်စီးလာခဲ့ကြလေရာ သီတာလမ်းထိပ်ရောက်လျှင် ဆင်း၍ အိမ်သို့ လျှောက်ခဲ့ကြလေသည်။

နေ့ခင်း နေ့လယ်တွင် အလုပ်မှ မပြန်စဖူး ပြန်လာရခြင်းကြောင့် ပန်းရုံသည် အလိုလိုနေရင်း လိပ်ပြာမလုံမလဲနှင့် ကျီးကြည့် ကြောင်ကြည့် ဖြစ်ကာဖြင့် မကြီးခင် အိမ်သို့ ရောက်ခဲ့တော့သည်။

'မလာသေးဘူးလား ဒေါ်ဒေါ်၊ သူ့ဟာသူ မှာထားပြီး အလုပ်က ပြန်လို့ မရတာကြောင့်များလား'

အိမ်တွင်း၌ တစ်နာရီခန့် ထိုင်မိသည့်တိုင် တင်ထူးတစ်ယောက် ပေါ်မလာသေးသဖြင့် ပန်းရုံက ပြောလိုက်ရာ-

'လာလိမ့်မပေါ့ ပန်းရုံရယ်၊ အသေအချာ မှာထားတာ၊ မလာဘဲ

မနေပါဘူး။ ဟော... ပြောရင်းဆိုရင်း ဟိုက လာနေတာ မောင်တင်ထူး မဟုတ်လား'

သူ့အစ်မများ မြင်မှာစိုးသဖြင့် အခြားလမ်းဘက်က လှည့်ဝင်လာသော တင်ထူးသည် ပွင့်ဟနေသော တံခါးမှ မကြီးခင်နှင့်အတူ ပန်းရုံအား တွေ့ရလျှင် ခြေလှမ်းတို့သည် ပို၍ သွက်လာကာ အိမ်တွင်းသို့ ခဏအတွင်း ရောက်လာလေတော့သည်။

'အခုမှပဲ လာတော်မူတော့တယ်။ ငါတို့ဖြင့် မျှော်လိုက်ရတာ ပဒေါင်းသူ ကျရော၊ နောက်ခဏနေလို့မှ မလာရင် ပန်းရုံတောင် ပြန်တော့မလို့'

'ဟုတ်လား ပန်းရုံ၊ ကိုတင်ထူးလည်း ၁၂ နာရီအရောက်လာဖို့ပဲ၊ တိုက်ရှင်က ခိုင်းထားတာနဲ့ ချက်ချင်း မလာနိုင်တာ' ဟု တင်ထူးက ပန်းရုံအား ပြောလိုက်၍ သုံးယောက်သား လမ်းမမှလူများ ရုတ်တရက် မမြင်သာသော မကြီးခင်တို့ အခန်းသို့ မကြီးခင်က ဦးဆောင်၍ ခေါ်သွားလေသည်။

'ကဲ... ဘာပြောမလို့လဲ ပြောလေ၊ မပြောဘူးလား၊ ပြောစရာမရှိရင်လည်း ပန်းရုံ ပြန်တော့မယ်'

လာလာချင်း ဆောက်နဲ့ထွင်းသကဲ့သို့ ပန်းရုံက ထပြန်မလို ချစ်မူရာ ပိုလိုက်ရာ–

'နေပါဦး ပန်းရုံရဲ့၊ အဝေးကြီးက ပြေးလာတဲ့လူကို အမောပြေပါစေဦး' ဟု မကြီးခင်က ဝင်ပြောလိုက်ရလေသည်။

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ သူ့အနွံအတာ ကျွန်တော် ခံနိုင်ရည် ရှိပါတယ်'

'ကဲ... မောင်တင်ထူးတို့ စကားပြောရစ်ကြဦး၊ ကော်ဖီဖျော်တိုက်ရအောင် နောက်ဖေးသွားပြီး ရေနွေးတည်လိုက်ဦးမယ်' ဟု ပြော၍ မကြီးခင်က အလိုက်သိစွာ ရှောင်ပေးရာ ပန်းရုံလည်း–

'ပန်းရုံ တည်ပေးမယ်လေ၊ ဒေါ်ဒေါ် စကားပြောရစ်ပါ' ဟု မီးဖိုချောင်သို့ ရမယ်ရှာ၍ ရှောင်သွားမည်ပြုရာ တင်ထူးက လက်မောင်းအိုးကလေး ဆွဲကိုင်ထားလိုက်ပြီး–

'ဘယ်သွားဦးမလို့လဲ ပန်းရုံ၊ နှစ်ကိုယ်ချင်းဆုံဖို့ အင်မတန် ခဲယဉ်း

တာကို အလွဲသုံးစား လုပ်မလို့လား' ဟု ပြောလိုက်မှ ပန်းရုံလည်း ခုတင်တွင် တင်ပါးလွှဲ ပြန်ထိုင်လိုက်ရလေသည်။

တင်ထူးလည်း ပန်းရုံအနားသို့ ချဉ်းကပ်သွားကာ ပခုံးကို ရစ်သိုင်း၍ မွှေးမွှေးပေးလိုက်လျှင်–

'အို... ဘယ့်နှယ့်လုပ်တာလဲ'

'ချစ်လို့လေ၊ ချစ်လို့ပါ'

'ဒီလက်ကြီးက ဖယ်စမ်းပါဦး၊ စကားပြောမယ်ဆိုတာ ပြောလေ'

'ပြီးတော့ ပြောတာပေါ့ ပန်းရုံရယ်' ဟု ပြောရင်း တင်ထူးလည်း အိပ်ရာပေါ်သို့ ကိုယ်ကို လှဲချလိုက်ပြီး ပန်းရုံ၏ ကိုယ်လုံး တစ်တစ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အနားသို့ ဆွဲယူလိုက်၍–

'ကိုယ့်ကို ချစ်ရဲ့လား ပန်းရုံ'

'ချစ်ဖူး'

'ညာတာ ညာတာ၊ လာခဲ့၊ ညာပြောတဲ့ ကောင်မလေး ဆုံးမရမယ်'

'အို... အို ကိုတင်ထူး'

'ချစ်တာပဲ ပန်းရုံကလည်း၊ ချစ်ပါရစေကွယ်'

'ဟင့်... အင်း၊ ဖယ်... ဖယ်၊ ဒီလိုဆိုရင် ပန်းရုံ ပြန်တော့မယ်'

'ကိုတင်ထူးကို မချစ်လို့လား'

'ဟင့်အင်း... ပန်းရုံ ကြောက်တယ်'

ပန်းရုံ ငိုမဲ့မဲ့ကလေးနှင့် တောင်းပန်လေရာ စစ်ရေးတပြင်ပြင်နှင့် တင်ထူးတွင် မချင့်မရဲကြီးဖြင့် ပန်းရုံအား လွှတ်လိုက်ရလေတော့သည်။ ပန်းရုံလည်း အိပ်ရာမှ ကပျာကယာ လူးလဲထကာ ပြေကျနေသော ဆံပင်စများကို ပြင်ပတ်လိုက်၍ တွန့်ကြေနေသော ပဒုမ္မာ အင်္ကျီစကို ဆွဲဆန့်နေလေသည်။

တင်ထူးမှာ အိပ်ရာမှ အလှဲမပျက် ပန်းရုံအား တစိမ့်စိမ့်ကြည့်ကာ–

'ကံကောင်းလို့ ကိုတင်ထူး မမှားမိတယ် ပန်းရုံရယ်'

'အခုမှ ကံကောင်းလို့လေး ဘာလေးနဲ့၊ ဟင်း... လူကြီးကိုက ခရာတာတာနဲ့' ဟု ပြောပြောဆိုဆို တင်ထူး၏ နဖူး မကျယ်တကျယ်ကို

လက်သီးဆုပ်နုကလေးဖြင့် မနာအောင် ထုလိုက်ရာ တင်ထူးလည်း လက်ကို ဆွဲ၍ ချစ်တံဆိပ် ခတ်နှိပ်လိုက်ပြီး–

'အပျာတ်ပဲ ပန်းရုံ၊ ကံကောင်းလို့ သိလား၊ နို့မို့ရင် ပန်းရုံမှာ ကိုတင်ထူး ထက် သာတာ တွေ့တဲ့တစ်နေ့ကို ဟိုလူက မကြည်မဖြူ ဖြစ်နေမှာ'

'အို... ဒီပါးစပ်ပုပ်ကြီးက ပြောတော့မယ်။ သွား... သွား... သွား တိုက်ဆေးနဲ့ တိုက်ပစ်ချေ၊ ဘုရားသိကြား မ လို့တော်...ကိုတင်ထူး ပြော သလို မဖြစ်ပါစေနဲ့' ဟု ပန်းရုံက လက်အုပ်ချီ၍ ဆုတောင်းလိုက်ရာ၊ တင်ထူး လည်း လက်အုပ်ချီထားသော လက်ကို ဆုပ်ကိုင်လျက် ရင်ခွင်တွင်းသို့ ဆွဲယူကာ ပါးချင်း အပ်ထားလိုက်လေတော့သည်။

'ကို...'

'ပန်းရုံ'

'ပုံနှိပ်တိုက်မှာ အလုပ်လုပ်ရတာ မပင်ပန်းဘူးလားဟင်၊ တစ်နေ့ လုံး ခြေထောက်ကို အနားမပေးဘဲ စက်အလေးကြီးကို နင်းမှ ရတဲ့ငွေကို ကို ဘာလုပ် မက်မောနေတာလဲ'

'ပြောတော့ လွယ်တယ်၊ စက်မနင်းလို့ ဘာသွားလုပ်ရမလဲ'

'ကုန်တိုက်တွေ ဘာတွေမှာ ရှာလုပ်ပါလား'

ရင်ခွင်တွင်းမှ ပန်းရုံက မျက်လုံးကလေး ပင့်တဲ့၍ ပြောလိုက်ရာ၊ တင်ထူးသည် အသံထွက်အောင် ရယ်လိုက်ပြီး–

'ပန်းရုံလေ ပန်းရုံ၊ ကိုတင်ထူးမှာ အဆက်အသွယ်မှ မရှိဘဲနဲ့ ဘယ်ကလာ ကုန်တိုက်တွေမှာ အလုပ်ရနိုင်မှာလဲ။ ရကော ကုန်တိုက်တွေ ဆိုတာ ထမင်းကျွေးလောက်နဲ့ ပညာသင်သဘောမျိုး ထားတာက များတာ။ နို့ပြီးတော့ အလုပ်ခဏခဏ ပြောင်းလွှန်းရင် တောင်မရောက် မြောက်မရောက် နဲ့ ကျောင်းအမျိုးမျိုး ပြောင်းရတဲ့ အစိုးရ အရာရှိ သားသမီးတွေလို ဖြစ်နေ မှာပေါ့။ ခုနေတော့ ဒီအလုပ်ကိုပဲ စွဲစွဲမြဲမြဲ လုပ်နေလိုက်ပြီး အခွင့်ကြုံမှ တခြား အလုပ်တစ်ခုကို ပြောင်းလုပ်မယ်'

'ဒါတွေ မသိပါဘူး၊ ပန်းရုံက ကို ပင်ပင်ပန်းပန်း အလုပ်လုပ်ရတာ ကို မကြည့်ရက်လို့ပါ'

'ပန်းရုံသာ မိန်းမသားတစ်ယောက်တည်း သွားလာပြီး တစ်နေကုန်

ဆေးလိပ်လိပ်ရတာပဲ ကိုတင်ထူး သနားတယ်ကွယ်။ ကြည့်စမ်း၊ လက်ချောင်းကလေးတွေဟာ သူများတွေလို ပျော့ပျော့ပျောင်းပျောင်း ရှိပေမဲ့ လက်ထိပ်ကလေးတွေက မာနေတာပဲ။ ဆေးလိပ် မလိပ်ဘဲနေရင် မဖြစ်ဘူးလားဟင်'

'ဘယ်မဖြစ်မလဲ ကိုရယ်၊ ပန်းရုံမှာ ငယ်ငယ်ကတည်းက မအေမရှိ၊ ဖအေ မရှိနဲ့။ ကြီးကြီး ကောက်မွေးလို့ လူဖြစ်လာရပြီး ကြီးကြီးက ကျိုက္ကစံမှာ ဥပုသ်ရက်ရှည်စောင့် သွားတာနဲ့ ဒေါ်ဒေါ်တို့အိမ်မှာ ကပ်ရပ်နေရတာကို။ အဝတ်အစားနဲ့ သုံးဖို့စွဲဖို့ မရှာရင် မဖြစ်ဘူး'

'အေးကွယ် ကိုယ်တို့နှစ်ယောက်စလုံး မလုပ်ရင် မဖြစ်လို့သာ လုပ်နေရတယ်၊ ဘယ်သူမှ ကိုယ့်ဘဝကို ကိုယ် မကျေနပ်ကြဘူးနော်။ ခုနေများ ထီပေါက်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့။ များများ မဟုတ်ပါဘူး၊ ငွေငါးရာလောက်ပဲ ရရင် လင်မယားနှစ်ယောက် ဈေးဆိုင်ကလေး ဖွင့်ပြီး အေးအေးလူလူ မပူမပင် နေရမှာပဲ'

'အမယ်... စိတ်ကူးယဉ်လိုက်တာ၊ ဘယ်သူက သူ့ကို ယူမယ်များ ပြောသေးလို့လဲ' ဟု ပန်းရုံက မူနွဲ့နွဲ့ပြောလိုက်ရာ တင်ထူးလည်း–

'ကြည့်စမ်း... ကြည့်စမ်း သူ့စိတ်ထဲက မပါဘဲနဲ့ ပြောတယ်' ဟု ပြော၍ ချစ်သူ့ပါးဖွေးဖွေးကို မွှေးလိုက်လေသည်။

တင်ထူးနှင့် ပန်းရုံကား နှစ်ယောက်ပေါင်းမှ အသက် ၄၀ ပင် မပြည့်သေးရာ ငယ်ရွယ်နုနယ်သေးသော ကြေးရတတ် သားသမီးသာ ဖြစ်လျှင် စာသင်ခန်း၌ နှုတ်ခမ်းနီ၊ လက်သည်းနီ ဆိုး၍ အမောက်ကလေးပွပွ၊ တင်ကလေး တကြွကြွ၊ ဗိုလ်ကေကလေး တသသ၊ ပန်းရှူး အသစ်ကျပ်ချွတ်နှင့် စာသင်နေကြမည့် အရွယ်သာ ဖြစ်လေသည်။

သို့ရာတွင် မညီမျှသော လောကဓံ၏ ဖန်တီးချက်အတိုင်း တင်ထူးသည် စာပုံနှိပ်စက်၌ ချွေးတလုံးလုံး အလုပ်လုပ်ရ၍၊ ပန်းရုံတွင် ဆေးလိပ်ခုံ တစ်ခုံတွင် ဆေးလိပ် လိပ်ရရှာလေသည်။

သို့သော်... "ပျော်ရွှင်စွာ နေလိုလျှင် မည်သည့်အခါမျှ နှိုင်းယှဉ်၍ မစဉ်းစားပါနှင့်" ဟူသော စကားအတိုင်း "သူတို့ဖြင့် စည်းစိမ်ရှိလိုက်တာ၊ တစ်သောင်းတန် ကားကြီးစီးလို့၊ သူကဖြင့် အပူအပင် ကင်းလိုက်တာ၊ ဝလို့ ဖြိုးလို့" ဟူ၍ မည်သူနှင့်မျှ ယောင်ပေါင် မနှိုင်းယှဉ်မိကြပေ။

'ပန်းရုံရယ် ကမ္ဘာပေါ်မှာ ဘယ်သူမှ မရှိ ရှိ၊ ပန်းရုံတစ်ယောက် အနားမှာ ရှိပါစေ၊ ကိုတင်ထူး အမြဲပျော်နေမှာပဲ'

တင်ထူးသည် ပန်းရုံနှင့်တွေ့တိုင်း ဤစကားကလေးကို လက်သုံးထား၍ ပြောကာ ချစ်သူ အမူတုံးကလေးအား ပြုံးစေလေသည်။

ပန်းရုံသည် ပန်းပွင့်ကလေး ဖြစ်သည်။ သဘာဝ ဖန်တီးပေးသမျှထဲတွင် ပန်းပွင့်ကလေးသည် အလှဆုံးဖြစ်၍၊ သဘာဝကိုယ်တိုင် အသက်သွင်းပေးဖို့ မေ့ကျန်ခဲ့သည့် အရာကလေးမျှ ဖြစ်၍ ပန်းရုံမှာ အသက်သွင်းပေးခံရသော်လည်း အသက်မဲ့ ကကြိုးရုပ်လို လောကစံ၏ ဆွဲချက်အတိုင်းက နေရလေသည်။ ဤမျှသာလျှင် ပန်းရုံနှင့် ပန်းပွင့်ကလေး ခြားနားသည်။

"ကျွန်ုပ်အဖို့ဆိုလျှင် မကြာခဏ မျက်ရည်အတွက် ခဲယဉ်းလှသော အတွေးအခေါ်များကိုပင် အညံ့ဆုံး အနံ့ထွက်သည့် ပန်းပွင့်များက ပေးစွမ်းနိုင်စွမ်းရှိ၏" ဟူသော နာမည်ကျော် အင်္ဂလိပ်စာဆိုကြီး "ဝေါ့(စ်)ဝသ်"၏ စကားကလေးအတိုင်း ပန်းရုံသည် မည်မျှပင် ဆင်းရဲလှသော တစ်ကောင်ကြွက်မကလေး ဖြစ်စေကာမူ တင်ထူးအတွက် ပန်းရုံသည် ခရီးဖော် ဖြစ်လေသည်။

ထိုနည်းတူစွာ ပန်းရုံသည်လည်း တင်ထူးအား အထီးတည်းသော ရွှေနဂါးကလေးအဖြစ်ဖြင့် အသက်နှင့်ထပ်တူ ချစ်သည်ဖြစ်ကြောင်း တစ်နေ့သော တစ်နေ့က အဖြစ်အပျက်ကလေးဖြင့် မှတ်ကျောက်တင်ထားလေသည်။

ထိုနေ့ကား မိုးသားကင်းစင်၍ တိမ်တောက်လျက်ရှိသည့် ညနေခင်းဖြစ်လေသည်။

နေ့စဉ် ဝတ္တရားအတိုင်း ပန်းရုံသည် တင်ထူးနှင့် တွေ့ဆုံရန် ဆေးလိပ်ခုံမှအပြန် မကြီးခင်တို့အိမ်သို့ ရောက်ခဲ့လေသည်။ အိမ်တွင်းသို့ ရောက်လျှင် တင်ထူးသည် ဆံပင်ရှုပ်ပွေပွေနှင့် မှိုင်တွေချနေသည်ကို တွေ့ရ၍ ထိတ်ခနဲဖြစ်သွားပြီး–

'ကို ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား ဟင်' ဟု ပျာပျာသလဲ မေးလျက် ကိုယ်လက်များကို စမ်းသပ်ကြည့်မိလေသည်။

'နေကောင်းပါတယ် ပန်းရုံရယ်'

'နေကောင်းရင်လည်း ဘာလုပ် မျက်နှာကြီးက ညှိုးတိုးတိုး ဖြစ်နေရတာလဲ၊ အိမ်က အစ်မက ဆူပြန်လို့လား။ လူကြီးပဲ ဆူရင် ခဏပေါ့။ ဆူရုံလေးနဲ့ ပွဲပါတာလည်း မဟုတ်ပါဘူး'

'ပန်းရုံ မသိဘူးနော်၊ ပန်းရုံ မသိဘူး'

'ဘာလဲ... ဘာ မသိတာလဲ'

'မနက်တုန်းက သူငယ်ချင်းတွေ ခေါ်တာနဲ့ ဓာတ်ပုံဆိုင် ခဏလိုက်သွားမိတာ၊ အပြန်ကျတော့ အလုပ်နောက်ကျနေလို့ တိုက်ရှင် အကြိမ်းခံရတယ်။ နောက်တစ်ခါဆိုရင် အလုပ်က ဖြုတ်ပစ်မယ် တဲ့'

'ဟုတ်သားပဲ၊ ဘာလုပ် အလုပ်ကို မရိုသေတာလဲ။ ဓာတ်ပုံက ထမင်းကျွေးမှာတဲ့လား'

'ကြည့်စမ်း... ကြည့်စမ်း၊ ကိုဘက်ကများ လိုက်ပြောမယ် မှတ်တယ်။ သူကပါ အလိုတူ အလိုပါ'

'ပြီးတော့ အလုပ်ချိန်မှန်း မသိရအောင် အရင်ပတ်ထားတဲ့ နာရီကကော'

'လခ မထုတ်ရသေးလို့ ပေါင်သုံးထားတယ်'

'ဘယ်မလဲ၊ လက်မှတ်ကော ပြစမ်း'

တင်ထူးသည် အိတ်တွင်းမှ အပေါင်လက်မှတ်တစ်စောင်ကို ထုတ်၍ ပြလိုက်ရာ ပန်းရုံလည်း ရဲရဲနီသော ဘူးသီးကြော်၊ ငါးပေါင်းကြော်များဖြင့် စာရွက်ကို ပြုံးရယ်ကာ ကြည့်နေပြီးနောက်–

'နို့ နေပါဦး၊ ဓာတ်ပုံဆိုင် လိုက်သွားတာ ဓာတ်ပုံကော မရိုက်ခဲ့ဘူးလား'

'သူငယ်ချင်းတွေက ရိုက်ပါဆိုလို့ တစ်ပုံရိုက်ခဲ့တယ်'

'အတော်ပဲ၊ ကိုဓာတ်ပုံကို ပန်းရုံ လိုချင်တာနဲ့ အတော်ကျနေပြီ။ ဓာတ်ပုံကူးပြီးရင် ပန်းရုံကို ပေးရမယ်နော်'

'အို... ဓာတ်ပုံ ဘာလုပ်ဖို့လဲ၊ တော်ကြာ လူကြီးတွေ ဓာတ်ပုံတွေ့သွားလို့ ဒုက္ခများနေဦးမယ်။ မယူချင်စမ်းပါနဲ့ ပန်းရုံရယ်။ လူချင်းလည်း တွေ့နေသားပဲဟာ၊ ဓာတ်ပုံယူတယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ခွဲခွာနေရတဲ့ အခါမှ အသုံးကျတော့မပေါ့'

'ဟင့်အင်း... ပေးရမယ်၊ နောက်တစ်ခါလာလို့ ဓာတ်ပုံ ပါမလာရင်တော့ ဒါပဲဆရာ'

'ပန်းရုံကလည်းကွယ် ဓာတ်ပုံမယူချင်ပါနဲ့ဆို ပြောလို့မရဘူး'

'ဟင့်အင်း... ဓာတ်ပုံ မပေးရင် ပန်းရုံနဲ့ လာမတွေ့နဲ့တော့'

'ကဲပါ၊ ဓာတ်ပုံဆိုင်က ရတော့ ပေးပါ့မယ်'

'အဟုတ်လား...'

'အဟုတ်ပါ ပန်းရုံရယ်...'

သို့နှင့် တစ်ရက်ပြီးတစ်ရက် လွန်လျက် သတ္တပတ်တစ်ဝက်သို့ တိုင်ခဲ့လေရာ ထိုရက်အတွင်း ပန်းရုံကလည်း မအားမလပ်၊ တင်ထူးမှာလည်း တိုက်တွင် "နာရီပို" ဆင်းနေရသဖြင့် ချစ်သူနှစ်ယောက် ချစ်ဗိမာန်၌ ချစ်အစည်းဝေး တော်တော်နှင့် မခေါ်နိုင်ခဲ့ကြပေ။

'ကဲ... ဆရာကြီး ပါရဲ့လား'

'ဘာများလဲ ပန်းရုံ၊ အိမ်ပေါ်ပဲ အရင်တက်ပါဦး'

'ဘာရမလဲ၊ ဓာတ်ပုံလေ ဓာတ်ပုံ၊ မပါဘူးလား... မပါရင် မတက်တော့ဘူး၊ ပန်းရုံ ပြန်မယ်'

တစ်နေ့သော ညနေတွင် ပန်းရုံသည် ဆေးလိပ်ခုံမှအပြန် တင်ထူးနှင့် ချိန်းထားသည့်အတိုင်း မကြီးခင်တို့အိမ် ဝင်လာရာ အရင်ရောက်နှင့်နေသော တင်ထူးအား အိမ်အောက်မှ မေးလိုက်၍ အမူပိုပိုလုပ်ကာ ဓာတ်ပုံမပါလျှင် အိမ်ပဲ ပြန်တော့မလို ဟန်ဆောင်လိုက်သဖြင့် တင်ထူးမှာ–

'ပါပါတယ် ပန်းရုံရယ်၊ ပါပါတယ်၊ မပါဘဲနဲ့တော့ လာမတွေ့ဝံ့ပါဘူး' ဟု ပြောပြောဆိုဆို ဓာတ်ပုံကလေးကို ထုတ်ပြလိုက်မှ ပန်းရုံသည် ငွေဆည်းလည်းသံကလေးကဲ့သို့ ရယ်ကာ အိမ်ပေါ်သို့ တက်လာလေသည်။

'ဓာတ်ပုံကို ကောင်းကောင်းလည်း သိမ်းထားနော်'

'အင်းပါ တကတဲ၊ သူ့ဓာတ်ပုံကလေး နမြောနေလိုက်တာ'

'နမြောလို့ မဟုတ်ဘူး ပန်းရုံရဲ့၊ မတော်တဆ လူကြီးတွေ တွေ့သွားရင် ပန်းရုံနဲ့ ကိုတင်ထူး မတွေ့ရမှာ စိုးလို့ပါ'

'စိတ်ချပါ ကိုရယ်၊ ပန်းရုံ ဒါတွေ နားလည်ပါတယ်။ ကဲ...ပန်းရုံလည်း ပြန်ပြီးတော့ လက်ဆောင်ကလေးတစ်ခုခု ပေးဦးမှ ထင်ပါရဲ့' ဟု

ပြောပြောဆိုဆို ပန်းရုံက လွယ်အိတ်တွင်းမှ တစ်စုံတစ်ခုကို ထုတ်ပေးလိုက်ရာ တင်ထူးလည်း စက္ကူကို ဖြေကြည့်ပြီး–

'ဟင်... ကို့ နာရီပါလား' ဟု ပြော၍ ပန်းရုံအား ကြည့်လိုက်ရာ ကျေနပ်နှစ်လိုသော မျက်လုံးစုံဖြင့် တွေ့ရလျှင်–

'ပန်းရုံ ဒါကို သွားရွေးခဲ့တယ်ပေါ့လေ။ ဒါကြောင့် လက်မှတ် ဘယ်ကျကျန်ခဲ့ပါလိမ့်လို့ တွေးလို့ကို မရတာကိုး။ နို့ နေပါဦး၊ ဘယ်ကငွေ ရသလဲ။ အိမ်ကငွေကို ယူရွေးတာလား၊ ဒီလိုဆိုရင် လူကြီးတွေက ပန်းရုံကို ဆူလိမ့်မယ်၊ နာရီကို ဆိုင်ပြန်ပို့မှပဲ'

'ကိုကလည်း ပန်းရုံမှာ ရှိတဲ့ လက်တွေဟာ ဘာလုပ်ဖို့လဲ'

'ဆေးလိပ် လိပ်ခထဲကနဲ့ ရွေးခဲ့တယ်ပေါ့။ ဟုတ်ပါပြီ၊ ဒီသုံးလေးရက် အတွင်းမှာ ကြိုးစားလိပ်ပြီး ရတဲ့ငွေနဲ့ ရွေးခဲ့တာ မဟုတ်လား'

ပန်းရုံက အဖြေမပေးဘဲ ပြုံးလဲ့လဲ့နှင့် လုပ်နေရာ–

'ဘာလုပ် ကိုတင်ထူးအတွက် ဒုက္ခရှာရတာလဲ ပန်းရုံရယ်။ ရော့... ရော့ ဒါ ပြန်ယူသွား၊ ကို မပတ်ချင်ပါဘူး' ဟု တင်ထူးက လက်ပတ်နာရီကို ပြန်ပေးသဖြင့် ပန်းရုံတွင် မျက်နှာကလေး အိုသွားပြီး–

'ပန်းရုံက ကိုယ့်ချစ်သူကို လက်ဆောင်အဖြစ် ပေးတာပဲ၊ မယူချင်ဘူးလား။ ဒီလိုဆိုလည်း ပန်းရုံကိုမှ မချစ်ဘဲ။ ရော့... ရော့ ကို့ဓာတ်ပုံကိုလည်း ပြန်ယူ' ဟု ပြောရင်း ဓာတ်ပုံကို ပစ်ပေး၍ နေရာမှ ထလိုက်သဖြင့် တင်ထူးလည်း ကပျာကယာ လှမ်းယူလိုက်ပြီး–

'ကဲပါ... ဒီလိုဆိုလည်း နာရီကို ပတ်ထားပါ့မယ်' ဟု ပြောလိုက်မှ ပန်းရုံလည်း ပြုံးနိုင် ရယ်နိုင်လျက် လက်ပတ်နာရီကလေးကို ကိုယ်တိုင် ပတ်ပေးလေရာ တင်ထူးလည်း ငြိမ်ငြိမ်ကလေး ခံနေလိုက်လေသည်။

'ပန်းရုံ ဓာတ်ပုံကလေးတော့ အသုံးကျနေပြီ၊ ပန်းရုံ ဓာတ်ပုံတောင်းတုန်းက ပြောခဲ့တဲ့ စကားကလေးတွေ မှတ်မိသေးရဲ့လား။ ဓာတ်ပုံယူတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ခွဲခွာနေရတဲ့အခါမှ အသုံးကျတယ်ဆိုတာလေ၊ ခု ကို မန္တလေး သွားရတော့မယ်'

'ဟင်... မန္တလေး သွားရတော့မယ်၊ ဘယ်တော့လဲ'

'မနက်ဖြန် ရထားနဲ့၊ တစ်ယောက်နဲ့တစ်ယောက် ဝအောင် မချစ်ရခင်

ခွဲခွာသွားရမှာမို့ ဝမ်းနည်းစရာပဲ။ ဒါပေမဲ့ ခုသွားရမှာက ပန်းရုံ ဟိုတစ်နေ့က လိုချင်တဲ့ ဘဝမျိုးကိုရောက်အောင် မန္တလေးက ဦးလေးရဲ့ပရိက္ခရာဆိုင်မှာ အလုပ်လုပ်ရမှာ'

ပန်းရုံသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ မချိတင်ကဲ အသံကလေးဖြင့် အားခဲ၍–

'ကို ကြီးပွားဖို့သွားရမှာပဲ၊ ပန်းရုံ ဝမ်းမနည်းပါဘူး၊ ဒါပေမဲ့ မနက်ဖြန် မသွားသေးဘဲနဲ့ တစ်ရက် နှစ်ရက် နေလို့ မရဘူးလားဟင်'

'မဖြစ်ဘူး ပန်းရုံ၊ မနက်ဖြန် သွားရမယ်လို့ အစ်မတွေက အမိန့် ချထားတယ်ကွယ်'

'ဒါဖြင့် မနက်ဖြန် ဘူတာမဆင်းခင် ဒီကို လာခဲ့ဦးနော်၊ ပန်းရုံ မှာစရာတွေ မှာလိုက်ချင်လို့'

'လာခဲ့ပါ့မယ် ပန်းရုံရယ်၊ စိတ်ချပါ၊ ကဲ... ကဲ မျက်ရည်တွေနဲ့ အလုပျက်နေပါဦးမယ်' ဟု ပြောရင်း တင်ထူးသည် ပန်းရုံလက်တွင်း၌ ဆုတ်ခြေထားသော လက်ကိုင်ပဝါကလေးဖြင့် မျက်ရည်များကို ယုယုယယ သုတ်ပေးရှာလေသည်။

'ကို ဟိုမှာ ဘယ်လောက်ကြာအောင် နေရမတဲ့လဲ ဟင်'

'ဘယ်လောက်ကြာ နေရမယ်တော့ မသိဘူး၊ ဒါပေမဲ့ သိပ်မကြာ ပါဘူး၊ ဒီအတောအတွင်းလည်း ကို ရန်ကုန်ကို ပြန်ပြန်လာဦးမှာပဲ'

'ဟိုကျရင် ပန်းရုံကို မေ့သွားမယ် မဟုတ်လား ကို'

'အို... အချစ်ကလည်း၊ ကိုဟာ တစ်ယောက်ဆို တစ်ယောက်သမား ပါ ပန်းရုံရယ်၊ ဒါတွေ လျှောက်ပြောနေလို့ စိတ်မကောင်းစရာကြီး ဖြစ်နေ မယ်။ တွေ့တုန်းတွေ့ခိုက် ပျော်ပျော်ရွှင်ရွှင် နေကြစို့ကွယ်'

'ပန်းရုံတော့ ဒီနေ့အဖို့ ပျော်ကွက်ကို မမြင်ဘူး၊ ရှေ့ရေးကိုသာ တွေးပြီး ရင်လေးနေတယ် ကို'

'လုပ်ပြန်ပြီ၊ ဒါတွေ ဘေးချိတ်ထားပါ ဆိုကာမှပဲ၊ ဟော... အိမ်ရှေ့ က မေးနေတာ ဘယ်သူပါလိမ့်' ဟု တင်ထူးသည် အိမ်ရှေ့မှ ခေါ်သံကြား ရသဖြင့် ပြောလိုက်ရာ ပန်းရုံတွင် ပျာယာခတ်သွားကာ–

'အဲဒါမှ ခက်ပြီ... မမအေးရယ်၊ ပန်းရုံကို လာမေးနေတာ'

'ဘယ်သူလဲ မမအေးဆိုတာ၊ ဪ... ပန်းရုံအစ်မ ဆိုတာလား'

'ရှူး အသာနေ၊ ပန်းရုံ ထွက်တွေ့လို့ မဖြစ်ဘူး၊ တော်ကြာ ရိပ်မိကုန်လိမ့်မယ်၊ ဟော... ဟော ဒေါ်ဒေါ် ထွက်ပြောနေပြီ'

မီးဖိုချောင်တွင် ချက်ရေးပြုတ်ရေးအတွက် အလုပ်များနေသော မကြီးခင်လည်း အိမ်ရှေ့မှ အေးအေး၏ ခေါ်သံကြောင့် ထွက်လာပြီး–

'ဟဲ့... အေးအေးပါလား၊ အိမ်ပေါ် မတက်တော့ဘူးလား'

'နေပါစေတော့ ဒေါ်ဒေါ်၊ ပန်းရုံတစ်ယောက် ဒီမလာဘူးလား'

'မလာပါလားကွယ့်'

'ခက်ပါတယ်၊ ဒီကောင်မလေး ခုတလော သိပ်လမ်းများနေတာပဲ။ ပြန်ချိန်တန် ပြန်မလာဘူး၊ ပြန်လိုက်ပါဦးမယ် ဒေါ်ဒေါ်'

'အေး... အေး'

အေးအေး ပြန်သွားလျှင် မကြီးခင် ပြန်ဝင်လာကာ–

'ကဲ... ပန်းရုံ၊ ညည်းအိမ်က လိုက်ရှာနေပြီ၊ သူတို့မရိပ်မိခင် ပြန်ပေတော့၊ အမှတ်တမဲ့ဆိုရင် ဆေးလိပ်ခုံက ပြန်လာတယ် ထင်မှာပဲ'

တင်ထူးကပါ နှုတ်ခမ်းပြာကလေးနှင့် တဆတ်ဆတ်တုန်၍ ရင်တဒိတ်ဒိတ် ခုန်နေသော ချစ်သူအား–

'ဟုတ်တယ် ပန်းရုံ၊ ပြန်ရင်ကောင်းမယ်၊ မနက်ဖြန်ကျတော့ တစ်ခါထပ်တွေ့ကြရဦးမှာပဲ'

သို့ရာတွင် ပန်းရုံမှာ–

'ဘာပဲဖြစ်ဖြစ် ပန်းရုံတော့ တစ်ခါတည်း ကိုနဲ့ လိုက်ချင်တော့တာပဲ ကိုရယ်' ဟု အိမ်မပြန်ဘဲ တင်ထူးနှင့် မန္တလေးသို့ လိုက်လိုကြောင်း ပြောနေပြန်သည်။

'မမိုက်ပါနဲ့ ပန်းရုံရယ်၊ ခု သွားရမှာက နေရာကျမကျ မသိသေးဘူး၊ အတည်တကျ ဖြစ်တော့မှ အတူတူနေရအောင် ကို ကြံပါ့မယ်နော်... နော်' ဟု တင်ထူးက ချော့ချော့မော့မော့နှင့် ပြောမှ ပန်းရုံလည်း မျက်ရည်ရစ်ဝဲနှင့် ချစ်သူအား နှုတ်ဆက်ကာ ထွက်သွားနိုင်တော့သည်။

'ဟဲ့... ပန်းရုံ၊ ဘယ်တွေများ သဝေထိုးနေလို့ ခုမှ ပြန်လာရတာလဲ'

အိမ်သို့ရောက်လျှင် ရောက်ချင်း ဒေါ်မြ၏ ဆူအောင့်အောင့်နှင့် ဆီး၍ ပြောလိုက်သည်ကို တွေ့ရ၍–

'ဘယ်မှ မသွားပါဘူး ဒေါ်ဒေါ်၊ ဆေးလိပ်တွေ အဝယ်လိုက်လို့ ခုံရှင်က နေ့တိုင်း မိုးချုပ်ခံလိပ်ဖို့ တောင်းပန်ထားတာနဲ့ ပန်းရုံလည်း ဝင်လိပ်နေရလို့ပါ' ဟု ပန်းရုံက ပြောလိုက်မှ ဒေါ်မြလည်း ကျေနပ်သွားပုံရ၍၊ ပန်းရုံလည်း သူ၏အခန်းသို့ ဝင်သွားလေသည်။ အတန်ကြာလျှင် ထဘီရင်ရှားနှင့် နောက်ဖေးရေစည်သို့ အင်္ကျီတစ်ပွေ့ကြီးနှင့် ထွက်လာကာ စိမ်ပြေနပြေ အဝတ်များကို ဆပ်ပြာတိုက် လျှော်ဖွပ်နေလေသည်။

'ပန်းရုံ... ဟဲ့ ပန်းရုံ' ဟူသော ဒေါ်မြ၏ အရေးတကြီး အော်ခေါ်လိုက်သံကြောင့် ပန်းရုံလည်း ကပျာကယာ လက်တွင် ပေရေနေသော ဆပ်ပြာမြှုပ်များကိုပင် မဆေးလိုက်နိုင်ဘဲ အပြင်သို့ ပြေးထွက်သွားမိလေသည်။

'ညည်းကိုညည်း သိပ်တော်လှပြီပေါ့လေ၊ ဒါ ဘယ်ကလင်ရဲ့ ဓာတ်ပုံလဲ ဟင်'

ဒေါ်မြသည် မီးတောက်မတတ် မျက်လုံးကြီးဖြင့် တင်ထူး ပေးလိုက်သော ဓာတ်ပုံကို ထုတ်ပြလေရာ ပန်းရုံတွင် မိမိအသေအချာ အခန်းတွင်း၌ ဝှက်ထားခဲ့လျက်နှင့် အံ့သြဖွယ်ကောင်းလောက်အောင် ဒေါ်မြက တွေ့သွားသည်ကို စဉ်းစားမရနိုင်လောက်အောင် ဖြစ်သွားလေသည်။

'ပြောလေ၊ ဘာ ခုမှ မြုံနေရတာလဲ၊ ပြော... ပြော' ဟု ပြောရင်း ဒေါ်မြသည် ပန်းရုံ တင်ပါးကို မညှာမတာ ဆွဲလိမ်လိုက်ရာ ပန်းရုံတွင် နာကျင်ခြင်းကြောင့် မဟုတ်သော်လည်း သူ့အရွယ် ပေါင်တွင်းကြော လိမ်ဆွဲခံရသည်ကို ရှက်လှ၍ မျက်ရည်များ စို့လာလေတော့သည်။

'အမယ်... အလွမ်းသယ်နေပြန်ပြီ ကမြင်းမ၊ အလေနမ၊ ကြပ်ကြပ်သတိထား၊ ဒီလောက်တောင် ရှုပိုးထိုးနေရင် လင်ကောင်မပေါ်ဘဲနဲ့ ဗိုက်တစ်လုံး ရနေမယ်'

ပန်းရုံသည် ဒေါ်မြ ဘာပြော၍ ဘာပြောနေမှန်းမသိ၊ မိမိအား ဆွဲလိမ်နေသည်ကို ကျေနပ်စွာ ကြည့်နေသော အေးအေးအား "ဒင်း အခန်းထဲ

ဝင်ပြီး ဓာတ်ပုံကို ယူပေးလိုက်တာ ဖြစ်မှာပဲ"ဟု မကျေမချမ်းနှင့် မျက်ရည်များအကြားမှ ကြည့်နေမိလေသည်။

'ပြောစမ်း... ငါ့ကို၊ ဒီအကောင် ဘယ်က ကြမ်းပိုးလဲ'

'မသိဘူး'

'ဘာ ကွယ်နေပြန်ပလား၊ ပြော... ပြော၊ ကဲ... ကွယ်ဦး'

ဒေါ်မြက ပန်းရုံကို တစ်ချက်ရိုက်လိုက်သည်။ ပန်းရုံက ငိုရင်း–

'ပန်းရုံမှ မသိဘဲနဲ့ မပြောနိုင်ဘူး၊ မပြောနိုင်ဘူး၊ သတ်ပစ်ချင်သတ်ပစ်လိုက်၊ မြန်မြန်သေလေ အေးလေပဲ'

'ကဲ... ဒီလောက် ခေါင်းမာတဲ့ ကောင်မ၊ နင့်ကြီးကြီးကို ခေါ်လိုက်မယ်။ ဒီနေ့ကစပြီး ဆေးလိပ်ခုံလည်း မသွားနဲ့၊ ကုန်ကုန် ပြောမယ်၊ အိမ်ပေါ်က တစ်လှမ်းမခွာရဘူး'

နောက်ဆုံးတွင် ဒေါ်မြသည် ပန်းရုံအား မနိုင်ရကား "တစ်ဖဝါးမှ အိမ်က မထွက်ရ"ဟု တစ်ချက်လွှတ် အမိန့်ထုတ်ကာ ကျိုက္ကစံတွင် ဥပုသ်ရက်ရှည်စောင့်နေသော အစ်မထံ အမြန်လာရန် လူလွှတ်၍ ခေါ်ခိုင်းလိုက်လေ၏။

## [၇]
## ကွေ့လှပါပြီ

တင်ထူးသည် ထိုအကြောင်းများကို ဘာမျှမသိ၊ နောက်တစ်နေ့တွင် ပန်းရုံမှာထားသည့်အတိုင်း တွေ့ဆုံရန် မကြီးခင်တို့အိမ်သို့ ကူးခဲ့လေသည်။

ကိုသိန်းနှင့်တကွ မကြီးခင်တို့၏ မရွှင်ပျသော မျက်နှာများကို တွေ့ရလျှင်–

'ဘာဖြစ်ကြလို့လဲဟင်၊ မျက်နှာတွေ မကောင်းနဲ့၊ ပြောကြစမ်းပါဦးဗျ'ဟု မေးလိုက်ရတော့သည်။

'မောင်တင်ထူးရေ မင်းတို့ကံပဲကွယ်၊ ညက ဒီကအပြန် မင်းပေးလိုက်တဲ့ ဓာတ်ပုံကစပြီး မင်းတို့အကြောင်းတွေ သိသွားလို့ ပန်းရုံကို ဆေးလိပ်ခုံလည်း မသွားရ၊ ဘယ်မှ မသွားရဘူးလို့ ချုပ်ချယ်ထားတယ်'

'ဟင်... ဟုတ်လား၊ ခက်တာပဲ ဒေါ်ဒေါ်ရယ်၊ ဒီခာတ်ပုံကို မယူချင်စမ်းပါနဲ့လို့ ကျွန်တော် အတန်တန် တားရက်သားနဲ့ နားမထောင်ဘူး၊ ခုတော့ ဘယ်နှယ့်လုပ်ကြမလဲဗျာ၊ ကြံကြစမ်းပါဦး'

မကြီးခင်တွင် ချစ်သူအတွက် ပူပင်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသော တင်ထူးအား သနားကရုဏာနှင့် ကြည့်နေရင်းက–

'ဒီလောက်လည်း စိတ်မပူပါနဲ့ မောင်တင်ထူးရယ်၊ မင်း ခရီးသွားစရာ ရှိတာသာ ဖြောင့်ဖြောင့်သွား၊ အားလုံး နေရာတကျဖြစ်အောင် တို့စီမံပါ့မယ်ကွယ်။ ခုနေတော့ ပန်းရုံကို ဘယ်မှလည်း မလွှတ်၊ ခုတောင်မှလေးလေးက ပြောလို့ သိရတာ။ ပြီးတော့လည်း ကျိုက္ကဆံက သူ့ကြီးကြီးကိုမှာထားတယ် တဲ့'

'သူ့ကြီးကြီးကို မှာလိုက်တယ်ဆိုရင် အသေအချာပဲ ပန်းရုံကို တခြားခေါ်သွားတော့မှာပဲ။ ကျွန်တော်တို့ကိုက ကံဆိုးပါတယ် ဒေါ်ဒေါ်ရယ်။ ဟော... ဟိုမှာ ဆိုက်ကားတစ်စီး ဖြတ်သွားပြီ။ အဲဒီမိန်းမကြီးပဲ ထင်ပါရဲ့၊ ပန်းရုံရဲ့ ကြီးကြီးဆိုတာ'

တင်ထူးက လမ်းမပေါ်မှ ဖြတ်သွားသော ဆိုက်ကားပေါ်မှ စိပ်ပုတီးလည်ဆွဲ၍ သစ်ခေါက်ရောင်ထဘီဖြင့် အဒေါ်ကြီးအား ပြ၍ ပြောလိုက်ရာ–

'အစစ်ပေါ့၊ အဲဒါ ပန်းရုံ ကြီးကြီးဆိုတာ' ဟု မကြီးခင်က ပြောလိုက်ပြီး အားလုံး အဒေါ်ကြီး ဝင်သွားသော ပန်းရုံတို့အိမ်သို့ လှမ်း၍ အကဲခတ်ကြည့်ကြလေသည်။

အဒေါ်ကြီးသည် အိမ်ရှေ့တွင် ဆိုက်ကား ရပ်မိလျှင် ဒေါ်ကြီးမောကြီးနှင့် အိမ်တွင်းသို့ ဝင်သွား၍–

'ဘယ်မလဲ နန့်ကြောဆွဲတဲ့ ကောင်မ' ဟု မေးမြန်းရင်းက ပန်းရုံအား ရှာဖွေနေရာ အေးအေးက ဆီးကာ–

'အခန်းထဲမှာ ကြီးကြီး' ဟု ပြောလိုက်လျှင် အဒေါ်ကြီးလည်း–

'ဟဲ့ကောင်မ၊ ကမြင်းကြောထတုန်းက ထပြီး ဘာအခုမှ ကြောက်နေတာလဲ၊ လာ ထွက်ခဲ့' ဟု လည်ကြောများ ပြိုင်းပြိုင်းထအောင် အော်လိုက်သည်။ ပန်းရုံလည်း ဆံပင်ကလေး ဖိုးရိုးဖားရားနှင့် ညှိုးညှိုးငယ်ငယ်ထွက်လာရတော့သည်။

အဒေါ်ကြီးလည်း အိမ်တွင် မွေးထားသော ကြောင်ငယ်ကလေးအား နွားနို့အိုး မှောက်ပစ်ရကောင်းလားဟု တုတ်နှင့်ရိုက်၍ ဆုံးမသကဲ့သို့ ပန်းရုံကလေးအား အခန်းထောင့်တွင် ထောင်ထားသော တံမြက်စည်းနှင့် ညှာတာခြင်း ကင်းမဲ့စွာဖြင့် ရိုက်နှက်လေတော့သည်။

'လူက ပုစွန်ဆိတ် ရှိသေးတယ်၊ လင်စိတ်သားစိတ် မွေးနေလိုက်တာ၊ ကဲ... မွေးဦးဟဲ့... မွေးဦးဟဲ့'

အဒေါ်ကြီးသည် နဂိုက အပျိုကြီး ဖြစ်သည့်အပြင် စိပ်ပုတီးဖြင့် ရိပ်ကြီးတွင် ပျော်မွေ့သူဖြစ်၍သာ သည်စကားမျိုးကို သုံးလျက် သည်ကဲ့သို့ ရိုက်နှက်ဆုံးမခြင်း ဖြစ်လေသည်။ အမှန်အားဖြင့် ပုစွန်ဆိတ်သည် အဘယ်မျှပင် အကောင်ငယ်သော်လည်း ပင်လယ်ကူးနိုင်ပေရာ ပန်းရုံ အရွယ်သည် ငယ်လည်း မငယ်၊ ငယ်သည် ထားဦး၊ အချစ်သည် ကြီးသည် ငယ်သည် မရွေးပေ။

ပန်းရုံသည် နေရာတကာတွင် ဘာဖြစ်ဖြစ် ချက်ချင်း သိရှိကာ စုအုံကြည့်တတ်ကြသော ကလေးများ၊ သူများအရေးကို စပ်စုချင်သော မိန်းမများ အိမ်ရှေ့ပတ်ဝန်းကျင်၌ ဝိုင်းအုံကြည့်နေသည့် အတွက်ကြောင့် လည်းကောင်း၊ အချစ်ကြောင့် ဖြစ်ပေါ်လာရသော သူသည် အချစ်နှင့် မကင်းနိုင်ဘဲ အချစ်ရှာခဲ့မိရုံဖြင့် တိရစ္ဆာန်ကဲ့သို့ ဆုံးမခြင်းကြောင့် လည်းကောင်း ဝမ်းနည်းခြင်း၊ ရှက်ခြင်း၊ ယူကျုံးမရ ရှိခြင်းတို့သည် စုအုံပေါ်ပေါက်လာကာ မျက်ရည်ဥအဖြစ်ဖြင့် ပါးပြင်ပေါ်သို့ စီးဆင်း၍ တရှိုက်ရှိုက်နှင့် ရှိပေတော့သည်။

အဒေါ်ကြီးသည် တူမသည်အား ရိုက်နှက် ဆုံးမရုံနှင့် အားမရသေး၊ ပေါင်တွင်းကြော၊ ဗိုက်ကြောများပါ လိမ်၍ ဆွဲလေရာ ပန်းရုံခမျာ ဒေါ်မြလက်ချက်ဖြင့် ညိုညိုမည်းနေသော ဒဏ်ရာနှင့် နာကျင်လျက်ရှိရာမှ မခံမရပ်နိုင်အောင် ခံစားရရှာလေသည်။

သုံးလေးအိမ်ကြားမှ 'ဘယ်လိုများ ဖြစ်ကုန်မလဲ' ဟု တထင့်ထင့်ရှိကြသော တင်ထူးတို့မှာ အဒေါ်ကြီး ဝင်သွားပြီး မကြာမီ အော်သံ၊ ခေါ်သံ ဆူညံပြီး တအုန်းအုန်းနှင့် ရိုက်နှက်သံ ထွက်ပေါ်လာရာ–

'ဟော... ဟော ပန်းရုံကို ရိုက်နေပြီ ထင်တယ် ဒေါ်ဒေါ်၊ ဘာပဲ

ဖြစ်ဖြစ် ကျွန်တော် သွားချင်တယ်ဗျာ'ဟု ချစ်သူအား ရိုက်နှက်နေရာသို့ ပြေးသွားမည် တကဲကဲ လုပ်နေသဖြင့်–

'သွားလို့မကောင်းပါဘူး မောင်တင်ထူးရယ်' ဟု ပြော၍ မကြီးခင်က ဆွဲထားလိုက်ရသည်။ ကိုသိန်းကလည်း–

'ဟုတ်သားပဲ၊ ခုဥစ္စာ ဘယ်အထိ မီးကူးစက်မယ် မသိဘူး၊ မောင်တင်ထူးသာ ခရီးသွားစရာရှိတာ အေးအေး သွားပေတော့ကွယ်'

ထိုအတွင်း တင်ထူး၏အစ်မ လိုက်လာကာ–

'ဟဲ့ကောင် ရထားချိန်နီးပြီ၊ သွားကြမယ်' ဟု ခေါ်လေရာ တင်ထူးတွင် မလိုက်လိုဘဲ ပေကတ်ကတ် လုပ်နေသဖြင့် မကြီးခင်က တိုးတိုးကျိတ်ကျိတ်–

'မင်းအစ်မ မရိပ်မိခင် လိုက်သွားရင် ကောင်းမယ်၊ ပန်းရုံအတွက် တို့တာဝန် ထားလိုက်ပါ' ဟု ပြောမှ တင်ထူးလည်း စိတ်သက်သာရာ အနည်းငယ်ရ၍ အစ်မနှင့်အတူ လိုက်သွားနိုင်တော့သည်။

တင်ထူးတို့ ဘူတာဘက်ထွက်ပြီး မကြာမီ မကြီးခင်ထံသို့ ပန်းရုံ၏ ကြီးကြီး ရောက်လာကာ ရန်တွေ့သဖြင့် ဆူဆူညံသွားလေသည်။

'ကလေးတွေ မသိနားမလည်လို့ မိုက်ချင်မိုက်ပါစေ၊ လူကြီးမားမား ကပါ ဝင်ပါနေသလား၊ အရှက် မရှိဘူးလား။ ဒီလိုပဲ အရပ်ထဲမှာ အောင်သွယ် စားနေတာလား'

အိမ်အောက်မှ လာ၍ ကက်ကက်လန်အောင် ဟစ်အော် ရန်တွေ့သော်လည်း မကြီးခင်တို့ လင်မယားတွင် ခွန်းကြီးခွန်းငယ် တုံ့ပြန်၍မပြောဘဲ ရှက်ရှက်နှင့် အိမ်ထဲ၌ ကုပ်ကုပ်ကလေး နေလိုက်ရလေသည်။

ပန်းရုံ၏ ကြီးကြီးလည်း အားရလောက်အောင် ရန်တွေ့ပြီးနောက် ပြန်သွားမှ လင်မယားနှစ်ယောက်လည်း လုပ်စရာ ရှိသည်များကို ထ၍ လုပ်ဝံ့လေတော့သည်။

ပန်းရုံမှာမူ ထိုနေ့အဖို့ နေစရာမရှိလောက်အောင် မျက်နှာငယ်ငယ်နှင့် တစ်အိမ်လုံး၏ ပြစ်တင်ခြင်းကို မျက်ရည်ကလေးဖြင့် ကြိတ်မှိတ်ခံနေလိုက်ရလေသည်။

'သိပ်လည်း ဝမ်းမနည်းပါနဲ့ ပန်းရုံရယ်၊ မမလေးတစ်ယောက်လုံး

ရှိပါသေးတယ်။ ဒီလိုပေါ့၊ လူကြီးဆိုတာ စိတ်ဆိုးတုန်း စိတ်ဆိုးခိုက်မို့ ဆူတာပါ'

တစ်အိမ်လုံးမှ လေးလေး တစ်ယောက်သာလျှင် သူ့ဘက်ကနေ၍ ကူညီဖေးမမည့်သူရှိရာ လေးလေးသည် ပန်းရုံ၏ ကြီးကြီးအား နဂိုကပင် ကြောက်ရွံ့ ရှိသေသည် ဖြစ်သည့်ပြင် လူကြီးများဘက်က အနေဖြင့်ဆိုလျှင် အပြစ်ဆိုမည်ဆိုက ဆိုလောက်စရာ ဖြစ်ခြင်းကြောင့် နှစ်သိမ့်အားပေးစကား ပြောရုံလောက်သာ တတ်နိုင်ရှာလေသည်။

'ပန်းရုံကိုက ဝင့်မကောင်းသေးပါဘူး မမလေးရယ်၊ ဒီလောက်တောင် ရှိလှတာ မြန်မြန်သေတာပဲ အေးပါတယ်'

'ဒီလိုလည်း မလုပ်နဲ့လေ၊ သွေးပူပူနဲ့ ထင်ရာလုပ်လိုက်ရော၊ ဟော တော်ကြာ သွေးအေးတော့မှ မှားမှန်းသိပြီး နောင်တရလို့ ဆုံးမှာ မဟုတ်ပါဘူး ပန်းရုံရယ်'

လေးလေးက မည်မျှပင် နှစ်သိမ့်နိုင်သော်လည်း ပန်းရုံမှာ မဖြေနိုင်။ ယခုလောက်ဆိုလျှင် မန္တလေးသွား ရထားပေါ်တွင် တင်ထူးသည် မိမိအား တွေ့မသွားရသဖြင့် စိတ်မကောင်းဖြစ်လျက် ပါသွားလိမ့်မည်ဟူ၍ တွေးရင်း ချစ်ရေးမညီသော မိမိတို့၏အချစ်အတွက် ဝမ်းပန်းတနည်းဖြစ်ကာ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေလေသည်။ ခါတိုင်း အခါများသာဆိုလျှင် မကြီးခင်ထံသို့ ပြေးသွားကာ၊ ရင်ခွင်တွင်းသို့ ပြေးဝင်ကာ ကလေးပမာ ငိုယို၍ တိုင်တန်းမိမည် ဖြစ်လေသည်။ ယခုမူ လူကြီးများနှင့်တကွ အေးအေးကပါ အလစ်မပေးဘဲ ရှိသဖြင့် အခန်းအောင်း၍ မျက်ရည်ကို အဖော်ပြုရုံမှတစ်ပါး မည်သို့မျှ မတက်သာတော့ပေ။

'ပန်းရုံ... ဟဲ့ ကောင်မလေး ထွက်ခဲ့စမ်း'

ပန်းရုံ၏ ကြီးကြီးသည် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် တူမသည်ကို ခေါ်ကာ–

'ငါ ကျိုက္ကစံကို ဒီနေ့ ပြန်လိုက်ဦးမယ်၊ ငါ ပြန်မလာမချင်း ဒီအိမ်က ဘယ်မှ မသွားရဘူး။ ဒေါ်ဒေါ်နဲ့ အစ်မတွေ ပြောတဲ့အတိုင်း နေ၊ ကြားလား' ဟု ပြောလေရာ ပန်းရုံတွင် 'ဟုတ်ကဲ့' ဟု ခေါင်းကလေးငုံ့လျက် မပွင့်တပွင့် ပြောလိုက်ရလေသည်။

'အေး... အေး... အဲဒီလို လိမ္မာမှပေါ့။ နောက်တစ်ခါ ဒီလိုသာဖြစ်ရင် သေရအောင်သာ ပြင်ပေတော့'

အဒေါ်ကြီးလည်း ပန်းရုံအား ညီမတော်ထံတွင် အပ်နှံကာ ကျိုက္ကစ်သို့ ချက်ချင်းပင် ပြန်သွားတော့လေရာ ပန်းရုံတွင် အနည်းငယ် ရှုသာနေသာ ရှိတော့သည်။ ကြီးကြီးအရှိန်နှင့် အနားသို့ ရဲရဲဝံ့ဝံ့ မကပ်ဝံ့ရှာသော လေးလေးသည်လည်း မည်သူ့အားမျှ ကြောက်စရာမလိုဘဲ ပန်းရုံအား မကြီးခင်ထံမှ ရခဲ့သမျှသော တင်ထူး၏ သတင်းတို့ကို ဖောက်သည်ချနိုင်လေသည်။

'ဒီနေ့တော့ ညည်းလူဆီက ညည်းကို သတိရတဲ့အကြောင်း၊ ညည်းကော ဘယ့်နှယ့်ဖြစ် ကျန်ရစ်ခဲ့သလဲလို့ စာတစ်စောင် ရေးပို့လိုက်တယ်ဆိုပဲ'

တစ်နေ့သော နေ့တစ်နေ့တွင် လေးလေးသည် အပြင်မှ ပြန်လာလျှင် လာချင်း ပန်းရုံ အခန်းသို့ လာကာ ဖောက်သည်ချရှာလေသည်။

'ဟင်... ဟုတ်လား၊ ဘယ်မလဲ အဲဒီစာ၊ ပါခဲ့သလား' ဟု ပန်းရုံက ဝမ်းသာအားရ ပြောလိုက်ရာ ရုတ်တရက် အသံကျယ်သွားသဖြင့် အပြင်ဘက်၌ရှိသော အေးအေးနှင့် ဒေါ်မြကြီးများ ကြားသွားမလားဟု နှစ်ယောက်သား ခေါင်းကလေး ကိုယ်စီ ပုသွားကြပြီး ဘာသံမျှ ထွက်ပေါ်မလာတော့မှ ပြုံးနိုင် ရယ်နိုင်တော့သည်။

'စာကော ဘယ်မလဲ၊ ပါခဲ့ရဲ့လား မမလေး'

'ဘယ်ပါမလဲ...'

'ဟာ... မမလေးကလည်း သိပ်အလိုက်မသိသားကျတာပဲ၊ သူများစိတ်ဆင်းရဲအောင် နှိပ်စက်တာပေါ့လေ'

'ပြောတော့တယ် ကောင်မကိုက၊ ကဲ... ဒါလောက်ရှိမှ မပေးတော့ဘူး၊ ဟောဒီမှာ ကြည့်' ဟု ပြောပြောဆိုဆို လေးလေးက လက်တွင်း၌ ဆုပ်ကိုင်ထားသော စာရွက်အခေါက်ကလေးကို ပြတင်းပေါက်မှ လွှင့်ပစ်မည်ကဲ့သို့ ဟန်ဆောင်လိုက်ရာ–

'အလကားပြောတာ အလကားပြောတာ' ဟု ပြောရင်း ပန်းရုံက လိုက်ဆွဲလိုက်ရတော့သည်။

'သူ့ကိုက အပြစ်ပြောချင်တာ အရင်ပဲ။ မမလေးက ဘယ်လောက်

စေတနာထားလို့ ထားမှန်း မသိဘူး' ဟု ပြောပြီး လေးလေးက 'ကဲ... နားထောင်၊ မမလေး ဖတ်ပြမယ်'

**ဦးလေးနှင့် ဒေါ်ဒေါ်**

ပို့သသော မေတ္တာကြောင့် ကျွန်တော် မန္တလေးကို ချောချော မောမောနဲ့ ရောက်ပါတယ်။ လက်ဆည်ကန်က ဦးလေးအိမ်မှာ နေပါတယ်။ အိမ်ကော ဆိုင်ကော တွဲပြီးနေကြတော့ ကလေးတွေ ဘာတွေနဲ့ စိတ်တော့ သိပ်မလွတ်လပ်ဘူး။ ဦးလေးကရော... ဦးလေး မိန်းမရော တစ်အိမ်လုံး ဂရုစိုက်ကြပါတယ်။ အစစအရာရာ လိုလေသေးမရှိ ထားတဲ့အပြင် အလုပ်ကလည်း ခုလိုအချိန်မှာ အလှူအတန်းပါးတဲ့အခါဆိုတော့ ပရိက္ခရာကုန် ဝယ်သူမကျလို့ ပျင်းစရာ သိပ်ကောင်းတာပဲ။

ကျွန်တော်ကတော့ ပန်းရုံကလေးကိုပဲ သတိရနေတာပဲ။ ဟိုနေ့က မဖြစ်လို့သာ ထွက်လာခဲ့ရတယ်၊ စိတ်ကတော့ ရန်ကုန်က တစ်ဖဝါးမှ မခွာပါဘူး။ ခု ဘယ်လိုဖြစ်နေသလဲ မသိဘူးဗျာ၊ ကျွန်တော်တော့ ဒေါ်ဒေါ်တို့ဆီက စာပဲ မျှော်နေတာပဲ။

သြော်... ပန်းရုံ... ပန်းရုံ၊ ပန်းပွင့်ကလေးလို လှသလောက် အကြောင်းမလှဘူးနော်။ ကျွန်တော့်ဆီကို မကြာခဏ စာရေးပါ။ ကျွန်တော်လည်း ရေးပါ့မယ်။

ကျန်းမာကြပါစေ

**တင်ထူး**

ပန်းရုံလည်း စာဖတ်သံဆုံးလျှင် တင်ထူး၏ သနားစဖွယ် မျက်နှာကလေးကို မြင်ယောင်လျက် တူနှစ်ကိုယ် ချစ်တင်းနှီးနှော အရွှန်းအသော ပြောကာ နေခဲ့ပုံများအား တရေးရေး ပြန်လည်တွေးမိ၍–

"သြော်... ကိုတင်ထူး... ကိုတင်ထူး ပန်းရုံတို့အချစ်ဟာ မဖြောင့်ဖြူးပါကလားနော်" ဟု ချစ်သူကို ရေရွတ်တမ်းတမိရှာလေသည်။ တွေးလေတွေးလေ အဟောင်းတို့သည် အသစ် အသစ် ပြန်ဖြစ်လေကာ ပန်းရုံသည် ဆွေးမပြေနိုင်ဘဲ ဝမ်းပန်းတနည်း ငိုပွဲကလေး ဆင်မိတော့သည်။

'ဒါတွေ လျှောက်တွေးနေလို့ စိတ်ထောင်းလို့ ကိုယ်သာ ကြေစရာ ချည်း ဖြစ်မှာပေါ့ ပန်းရုံရယ်၊ မေ့မေ့ပျောက်ပျောက် ထားလိုက်ပြီး ပျော်ပျော် ရွှင်ရွှင် နေစမ်းပါကွယ်'

လေးလေးက ခေါင်းကလေးကို ပွတ်သပ် နှစ်သိမ့်နေသော်လည်း ပန်းရုံ၏ အဆွေးတို့သည် ပို၍သာ ပွားများလာလေရာ–

'ပန်းရုံ ဒီလိုငိုနေလို့ မပြီးဘူး၊ ကိုတင်ထူးဆီ စာထည့်ဖို့ စာရေးဦးမှ'

'ပန်းရုံမှ စာမရေးတတ်ဘဲ မမလေးရဲ့'

'အေးပါ... မမလေး သိပါတယ်၊ ပန်းရုံ မရေးတတ်လို့ မမလေး ရေးပေးမယ် ပြောတာ'

ပန်းရုံသည် ဗမာတစ်ယောက်ဖြစ်လျက်နှင့် ဗမာစာကို မတတ်မြောက် ခဲ့ပေ။ စာမတတ်သဖြင့် ပန်းရုံအား အံ့သြစရာ လိုမည်မထင်။ ပင်ကိုကပင် လူကြီးများက ကျောင်းမထားဘဲ ပေါ့ပေါ့ဆဆ လျစ်လျူရှုထားသဖြင့် အမေ မွေးခဲ့တုန်းက မျက်လုံးပါခဲ့သော်လည်း ကန်းခဲ့ရသော စာမတတ်သူ လူ တစ်ရာလျှင် ခုနစ်ဆယ်ရှိသည်တွင် ပန်းရုံလည်း တစ်ယောက် အပါအဝင် ဖြစ်လေသည်။ ပန်းရုံသည် ဤမျှလောက် အကြောင်းမလှသူကလေး ဖြစ် သော်လည်း အေးအေးဆေးဆေး နေလေ့ရှိသော ဝါသနာအတိုင်း ထားရာ က နေခဲ့၍ စေရာက လုပ်ခဲ့လေသည်။

'ကဲ... ပြော၊ ဘာက စရေးမလဲ'

လေးလေးသည် စာရွက်နှင့် ခဲတံကို ရှာဖွေကာ အဆင်သင့် ဖြစ်နေ သော်လည်း ပန်းရုံတွင် ဘာကစ၍ ဘယ်လိုရေးစေရမှန်း မသိဖြစ်ကာ တော်တော်နှင့် နှုတ်မှ ထွက်မလာသဖြင့်–

'ပြောပါဆိုခါမှ ငေးနေပြန်ပြီ၊ တော်ကြာ မေမေတို့ ခေါ်လိုက်လို့ ရေးမပေးနိုင်ဘဲ နေဦးမယ်'

'အဲ... အဲ ပန်းရုံလည်း သိပ်သတိရတဲ့အကြောင်း၊ လွမ်းတဲ့အကြောင်း၊ တစ်ချိုကွယ်တော့ တမယ်မမေ့ဖို့တို့ပေါ့လေ။ ကဲပါ ရှေ့ဆက်ပြီး မမလေး ပဲ ကြည့်ရှုရေးလိုက်ပါတော့'

ပန်းရုံသည် အစီအစဉ်ကျအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတတ်ရကား

လေးလေး ရေးသမျှကို ခဲတံသွားရာအတိုင်း လိုက်၍ စောင့်ကြည့်နေမိလေသည်။

'ကဲ... ပြီးပြီ၊ မမလေး ဖတ်ပြမယ် နားထောင်၊ မကြိုက်တဲ့နေရာကိုလည်း ပြောနော်' ဟု လေးလေးသည် စာဆုံးလျှင် ခဲတံချ၍ စာကောက်ဖတ်မည်ပြုရာ ပန်းရုံလည်း စိတ်အားထက်သန်စွာဖြင့် ကျုံ့ကျုံ့ကလေးထိုင်ကာ နားဆင်နေရှာလေသည်။

**ကိုတင်ထူးရှင့်**

ရှင် မကြီးခင်တို့ဆီ ရေးပေးလိုက်တဲ့စာကို မမလေး ယူပေးလို့ဖတ်ရတယ်။ ပန်းရုံတော့ အခု ဆေးလိပ်ခုံ မပြောနဲ့၊ အိမ်ပြင်ကိုတောင် မထွက်ရဘူး။ ဒါပေမဲ့ ပန်းရုံအတွက် ဘာမှစိတ်မပူပါနဲ့၊ ကိုတင်ထူးသာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေပါ။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။

ကိုတင်ထူး သတိရနေသလို ပန်းရုံလည်း နေ့ရှိသမျှ ကိုတင်ထူးကိုပဲ သတိတရနဲ့ လွမ်းဆွတ်မိတယ်။ ဒါပေမဲ့ ကိုတင်ထူး တစ်ချို့ကွယ်ရင် တမယ်မေ့ဆိုတာလိုတော့ ရွှေမန်းသူ အလှတွေနဲ့တွေ့လို့ ပန်းရုံကို မမေ့လိုက်ပါနဲ့နော်။

ကိုတင်ထူးတို့ဦးလေးကို ပြောလို့ရရင်လည်း ရန်ကုန်ကို ခဏပြန်ခဲ့ပါလား။ နေ့စဉ် သတိရစွာနှင့် ကိုတင်ထူး ကျန်းမာ၍ ကြီးပွားရန် ဆုတောင်းပါတယ်။

**ပန်းရုံ**

'ကဲ... သဘောကျပလား'

'ဒါလောက်ဆို တော်ပါပြီ၊ ဪ... ဟိုဒင်း ပြင်နိုင်ရင် ပြန်ပေးပါဦး'

'ဘယ်ဒင်းလဲ၊ ရန်ကုန်ကို ခဏပြန်ခဲ့ပါလားဆိုတဲ့ အပိုဒ်လား'

'မဟုတ်ဘူး... မဟုတ်ဘူး၊ ပန်းရုံက သူ့ကို နာမည်မခေါ်ဘူး။ မမလေးက နာမည်ကို ရေးထားလို့ စိတ်များ ကောက်နေမလား လို့'

'နာမည်မရေးလို့ ဘာရေးရမလဲ၊ ကိုတင်လား၊ ကိုထူးလား၊ ဒါမှမဟုတ် ကိုကိုတင်၊ ကိုကိုထူး'

'ဟင့်အင်း၊ ဒါတွေ တစ်ခုမှ မဟုတ်ဘူး'

'နို့... ဘယ်လိုတဲ့လဲ'

'ကို... တဲ့'ဟု ပြောပြီးသည်အဆုံးတွင် ပန်းရုံသည် ရှက်စနိုးနှင့် လေးလေး၏ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်မိလေရာ လေးလေးမှာ ကလေး စိတ် မပျောက်တပျောက် ညီမချစ်အား သဘောကျစွာ ပြုံးလိုက်ပြီး–

'ပန်းရုံ ဖယ်စမ်း၊ စာပြန်ရေးပြီး မကြီးခင်တို့အိမ် သွားပို့စရာ ရှိ သေးတယ်'

## [ ၈ ]

## ပန်းမှုန်နံ့ကြိုင်

ဆူးအထပ်ထပ် အစောင့်အကြပ်များနှင့် ဝန်းရံထားသော မည်သည့်အရာ ဖြစ်စေ လုံနိုင်ခဲလေရာ၊ အဖိုဆိုလျှင် ယင်ဖိုပင် မသန်းရဟု ပညတ်ကာ သံကွန်ချာ ခုနစ်ထပ်တွင် အစောင့်အကြပ်များဖြင့် ထားသည့် ဘုရင့်သမီး ပင်လျှင် နောက်ဆုံး၌ မင်းသားတစ်ပါးနှင့် ငြိစွန်းရသေးသည်။

ပန်းရုံသည်လည်း ဒေါ်မြနှင့် အေးအေး တည်းဟူသော အစောင့် အကြပ်များ မည်မျှပင် မျက်စိအောက်မှ အပျောက်မခံခဲ့စေကာမူ လေးလေး ၏ အကူအညီဖြင့် မန္တလေးမှ ချစ်သူတင်ထူးနှင့် စာချင်း အဆက်အသွယ် မပြတ် ရှိခဲ့လေသည်။

သို့ရာတွင် လျှို့ဝှက်ထားသော အရာမှန်သမျှသည် တစ်နေ့တွင် ဘွင်းဘွင်းကြီး ပေါ်ပေါက်ရသကဲ့သို့ ပန်းရုံနှင့် လေးလေးတို့ ကျိတ်ကြံစည် သမျှသည်လည်း တစ်နေ့သော တစ်နေ့၌ ဘူးပေါ်သလို ပေါ်သွားလေတော့ သည်။

'ညည်းတို့နှစ်ယောက် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့လေ။ ကောင်းကြတယ်အေ... ကောင်းကြတယ်။ ငါ့သမီးတစ်ယောက် တော်တယ် လို့ အောက်မေ့နေတာ ခုမှ ယောက်မ မြင်းစီးမှန်း သိတော့တယ်။ ဒီနေ့က စပြီး လေးလေးလည်း အိမ်မှာနေတော့၊ အေးအေးကို ဈေးထွက်ခိုင်းလိုက် မယ်'

ဒေါ်မြ၏ တစ်ချက်လွှတ်အမိန့်ဖြင့် လေးလေးနှင့် အေးအေး နေရာ

ချင်း ပြောင်းလိုက်ရကား အေးအေးမှာ ဈေးထွက်ရ၍ လေးလေးမှာ ပန်းရုံနှင့် အတူ အိမ်မှုကိစ္စများကို လုပ်ကိုင်ရတော့သည်။

လေးလေးတွင် အစ်မက နေရာတကာ လုပ်ဆောင်ပေးနေ၍ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရာမှ အတန်ကြာ ပစ်ထားသော ချက်ရေး ပြုတ်ရေးတို့ကို ပြန်လည်လုပ်ရသောအခါ မကျွင်လည်သဖြင့် ထမင်းရည်ပူလောင်ခြင်း၊ ဓားရှခြင်းများ မကြာခဏဖြစ်လေရာ ပန်းရုံသည် မိမိကြောင့် ဖြစ်ရလေခြင်းဟုသာ တွေး၍ စိတ်မကောင်းဖြစ်မိလေသည်။ သို့ရာတွင် လေးလေးမှာမူ ပန်းရုံနှင့် တတွဲတွဲနေရသဖြင့် အလွန်ပျော်ရွှင်နေလေသည်။

'မမလေး ဟိုမှာ ကြည့်စမ်း၊ လူတွေ ရုတ်ရုတ်ရက်ရက်နဲ့ ဘာဖြစ်လို့ပါလိမ့်'

နောက်ဖေးချောင်တွင် ချက်ရေးပြုတ်ရေးအတွက် နှစ်ယောက်သားအလုပ်များနေစဉ် ပန်းရုံက ပြောလိုက်ရာ လေးလေးသည် ပြတင်းပေါက်မှ မျှော်၍ ကြည့်လိုက်မိလေသည်။

'ငါ့ ဘာများလဲလို့၊ သက်တံပေါ်တာ လူတွေ ထွက်ကြည့်နေတာများ၊ ဟယ်... လှလိုက်တာ။ စိမ်းစိမ်း၊ ဝါဝါ၊ ပြာပြာ ရောင်မျိုးစုံနဲ့ သိပ်လှပါလား ပန်းရုံရယ်'

လေးလေးသည် မိုးကုပ်စက်ဝိုင်း တစ်ဖက်မှ တစ်ဖက်သို့ ကောင်းကင်တံတားကြီးပမာ စိမ်းပြာနီဝါ အရောင်မျိုးစုံစွာဖြင့် ထိုးထွက်လာသော သက်တံရောင်ကို နှစ်နှစ်သက်သက် ကြည့်မိလေသည်။

'အဲဒါပဲ ကြည့်တော့ မမလေး၊ လူများဟာ မျက်နှာ ဘယ်လောက်လိုက်တယ် မလိုက်တယ် ဆိုတာ'

'ဆိုစမ်းပါဦး'

'ကြည့်ပါလား၊ မိုးပြင်ပေါ်က သက်တံရောင်ကို အထူးအဆန်းအမြတ်တနိုးကြီးလုပ်ပြီး ထွက်ကြည့်ကြသလောက် မြေပြင်ပေါ်က ဆီကွက်ကိုတော့ ဘယ်သူမှ ဂရုမစိုက်ကြဘူး။ မြေပြင်ပေါ်က ဆီကွက်လည်းပဲ မထူးပါဘူး မမလေးရယ်၊ သက်တံဟာ စိမ်းပြာနီဝါ အရောင် ခုနစ်ရောင်နဲ့ ရှိသလို ဆီကွက်လည်း ခုနစ်ရောင်ရှိတယ် မဟုတ်လား'

'ဟုတ်ပါရဲ့၊ ပန်းရုံပြောမှ မမလေးလည်း သတိရမိတယ်။ မော်တော်ကားက ကျခဲ့တဲ့ ဆီကွက်တွေ မိုးရွာပြီးတော့ စိမ်းပြာနီဝါ ရောင်သွေးစုံနဲ့ သိပ်လှတာပဲ'

'အဲဒီလောက် လှတွေဟာ အတန်းခွဲကြတာလေ။ အင်းလေ... ဟိုက မိုးပေါက တစ်ခုတည်း သက်တံကိုး၊ မြေပြင်က အနံ့အပြား ခွေးလှေး ပျားတော အနံ့ရှိတဲ့ ဆီကွက်လိုမှ မဟုတ်ဘဲ'

'ကဲပါ၊ ဒါတွေ လျှောက်ပြောနေလို့ စိတ်ညစ်စရာချည်း ဖြစ်နေမယ်။ လာ... လုပ်စရာရှိတာ လုပ်ကြစို့'

နှစ်ယောက်သား ငရုတ်သီးထောင်းသူထောင်းနှင့် ထမင်းရည်ငှဲ့သူ ငှဲ့နေစဉ် အေးအေးသည် ဈေးမှ ပြန်လာလေသည်။

'ထိုင် ကိုဘကင်း၊ ဟောဒါ အေးအေးတို့ အမေပဲ' ဟူသော အသံကြောင့် နှစ်ယောက်သား အိမ်ရှေ့သို့ ခေါင်းငဲ့ကြည့်ရာ အသက်အစိတ်ခန့် လူရွယ်တစ်ယောက်သည် ဒေါ်မြအား ပြုံး၍ နှုတ်ဆက်နေသည်ကို တွေ့ရလေသည်။

'ကိုဘကင်း မေမေနဲ့ စကားပြောရစ်ဦးနော်၊ အေးအေး ကော်ဖီ ဖျော်ခိုင်းလိုက်ဦးမယ်' ဟု ပြော၍ အေးအေးလည်း ဧည့်သည်အား ဒေါ်မြနှင့် ထားခဲ့ကာ အိမ်တွင်းသို့ ဝင်လာပြီး–

'လေးလေး၊ ဆိုင်နားက ကိုဘကင်း အိမ်လိုက်လည်တာ ထွက်တွေ့ပါဦးလား'

လေးလေးသည် ဧည့်သည်အား မနှစ်သက်ဟန်ဖြင့်–

'သူများ အလုပ်များနေတာ တကူးတကန့် ထွက်ပြီး ဧည့်မခံနိုင်ပါဘူး။ အေးအေး ခေါ်လာတဲ့ဧည့်သည် အေးအေးပဲ ဧည့်ခံပေါ့'

'ကောင်းလှပါပြီ အမိရယ်၊ အေးအေး ခေါ်လာတဲ့ ဧည့်သည်ပဲ အေးအေး ဧည့်ခံရမှာပေါ့' ဟု ခပ်ငေါ့ငေါ့ကလေးပြောပြီး ပန်းရုံအား လှမ်းကာ–

'ဟဲ့ ပန်းရုံ၊ ဧည့်သည်ဖို့ ကော်ဖီဖျော်ပေးစမ်း'

'ဟုတ်ကဲ့ မမအေး'

'မြန်မြန်လည်း ဖျော်နော်' ဟု ပြော၍ အိမ်ရှေ့သို့ ပြန်ထွက်သွားလေ၏။

ပန်းရုံလည်း ရေနွေးအိုးတည်နေရာမှ စောင်းငဲ့ကြည့်လိုက်ရာ အိမ်ရှေ့တွင် ဒေါ်မြတို့နှင့် ဖောင်လောက်အောင် စကားပြောရင်း မီးဖိုဘက်မှ မျက်လုံးမခွာဘဲ စူးစူးဝါးဝါး ကြည့်ရှုနေသော ဧည့်သည်အား တွေ့ရသဖြင့် ငါးဟင်းနယ်နေသော လေးလေးအား လှမ်း၍–

'မမလေး ဟိုမှာ၊ ဧည့်သည်ကလည်း ပန်းရုံတို့ဘက်ချည်း လှမ်းကြည့်နေတယ်'

'ပန်းရုံကလည်း ကိုယ့်ဘာသာကိုယ် လုပ်စရာရှိတာ လုပ်တာမဟုတ်ဘူး' ဟု ကြိမ်းလိုက်မှ ပန်းရုံသည် ဧည့်သည်ကို ကျောခိုင်းလိုက်၍ ရေနွေးဆူသည်အထိ စောင့်ပြီး ကော်ဖီဖျော်နေလေသည်။

'ပန်းရုံရေ မပြီးသေးဘူးလားဟေ့' ဟု အပြင်မှ အေးအေးက လှမ်း၍ မေးသဖြင့်–

'ပြီးပါပြီ မမအေး' ဟု ပြော၍ ပန်းရုံလည်း ကော်ဖီခွက်များကို ယွန်းဗန်းတွင် ထည့်၍ အပြင်ဘက်သို့ ယူလာခဲ့လေသည်။

'ကဲ... မောင်ဘကင်း သောက်ပါ... သောက်ပါ၊ တော်ကြာ အေးကုန်ဦးမယ်' ဟု ဒေါ်မြက ယွန်းဗန်းပေါ်မှ ကော်ဖီပန်းကန်ကို ဧည့်သည်ရှေ့တိုးလိုက်ရာ ကော်ဖီပို့လာသော ပန်းရုံအား ကြည့်နေမိသည့် ကိုဘကင်းတွင်–

'ဟုတ်ကဲ့... ဟုတ်ကဲ့' ဟု ပြော၍ ကော်ဖီခွက်ကို လှမ်းယူသောက်စပြုနေသော်လည်း မျက်လုံးမှာမူ ပန်းရုံထံတွင် ရစ်ဝဲနေလေသည်။ ပန်းရုံသည် အမြင်ကတ်ကတ်နှင့် ခပ်မဲ့မဲ့ကလေး ကြည့်လိုက်ပြီး လှည့်ထွက်သွားတော့မှ ကိုဘကင်းမှာ–

'သူကကော ဒေါ်ဒေါ်နဲ့ ဘာတော်သလဲ'

'တူမလေးပါ၊ ငယ်ငယ်ကတည်းက မိမရှိ ဖမရှိလို့ အစ်မကြီးက မွေးစားထားတာ၊ အစ်မကြီးကလည်း ဥပုသ်ရက်ရှည် စောင့်နေတော့ ဒေါ်ဒေါ်တို့ကပဲ ခေါ်ထားလိုက်တာ–

'ဪ... ဪ သနားစရာကလေးပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့ခမျာ ကံဆိုးရှာရတယ်'

ဘကင်းက ပန်းရုံအား မျက်စိကျကာ သနားကရုဏာ သက်နေသလောက် ဒေါ်မြမှာမူ ဂရုစိုက်ခြင်းစိုက်လျှင် သူ၏ သမီးနှစ်ယောက်အားသာ စိုက်စေလိုရကား–

'ဒါထက် မောင်ဘကင်းတို့ ဇာတိက ဘယ်ကလဲ' ဟု အခြားစကားသို့ ရောက်အောင် ရမယ်ရှာ၍ ပြောလိုက်ရလေသည်။

'ကျွန်တော့်ဇာတိက မော်လမြိုင်ကပါ ဒေါ်ဒေါ်'

'သြော်... မော်လမြိုင်ကကိုး၊ ဒေါ်ဒေါ်တို့လည်း မော်လမြိုင်မှာ နေဖူးသကွယ့်၊ ဒီတုန်းကဆို မောင်ဘကင်းတို့ ငယ်ငယ်ပဲ ရှိဦးမယ်။ စက်သူဌေး ဦးဘိုးကြူးဆိုတာ ကြားဖူးမှာပေါ့'

'ဟုတ်ကဲ့၊ ဖေဖေတို့ မေမေတို့ ရှိတုန်းက ပြောလိုက်သံတော့ ကြားဖူးပါတယ်'

'သြော်... မောင်ဘကင်းရဲ့ မိဘများက မရှိတော့ဘဲကို'

'ဟုတ်ကဲ့၊ မနှစ်ကပဲ ဆုံးသွားလို့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လုံး ရန်ကုန်ပြောင်းလာပြီး ဆိုင်ဖွင့်နေတာပါပဲ။ ညီကလေးကတော့ အိမ်စောင့်ပေါ့ ဒေါ်ဒေါ်'

'သြော်... ညီတစ်ယောက်လည်း ရှိသေးသကိုး။ နောက် အလည်လာတဲ့အခါ သူ့ကိုလည်း ခေါ်ခဲ့နော်'

'အမယ်လေး ကိုဘရှင်းကို အိမ်လည်ခေါ်လို့ မရဘူး မေမေ။ သူက မိန်းမကလေးတွေရှိရင် သိပ်ရှက်တာ' ဟု အေးအေးက ဘကင်း၏ညီ ဘရှင်းနှင့် ပတ်သက်၍ သိထားသမျှကို ဝင်၍ ပြောလိုက်လေသည်။

'ဟင်... ဟုတ်လား မောင်ဘကင်း'

'ဟုတ်တယ် ဒေါ်ဒေါ်၊ ကျွန်တော့်ညီက လူတစ်မျိုး၊ မိန်းကလေးတွေနဲ့ စကားပြောရမှာ ကျားနဲ့တွေ့ရတာကမှ သူ့အဖို့ သက်သာသလိုပဲ၊ ဒီလိုဖြစ်တာ မကြာသေးပါဘူး။ မနှစ်က မေမေတို့ ဆုံးပြီးမှ။ ကျွန်တော့်အထင်တော့ နယ်လီဆိုတဲ့ အိမ်နားက သူငယ်မကလေးကြောင့်လို့ ထင်တာပဲ။ နယ်လီကို သူ အသေအလဲ ချစ်သလောက် နယ်လီက မချစ်ဘဲ ဒီပြင်လူတစ်ယောက်နဲ့ ယူလိုက်တယ်'

'ဩော်... လက်စသတ်တော့ မောင်ဘကင်းညီမောင်က မိန်းမ တစ်ယောက်ကို စိတ်နာတာနဲ့ မိန်းမတိုင်း သိမ်းကျုံးပြီး မုန်းနေတာကိုး'

'ဆိုပါတော့ ဒေါ်ဒေါ်၊ ကဲ... မိုးလည်းချုပ်လှပြီ၊ ကျွန်တော် ပြန်မှထင်တယ်' ဟု ဘကင်းက လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်း ပြောလိုက်ရာ ဒေါ်မြတို့လည်း အလိုက်သင့်စွာနှင့်–

'အေး... အေး၊ နောက်လည်း လာလည်တာပေါ့ကွယ်' ဟု ပြောလိုက်လျှင် ဘကင်းလည်း အားလုံးကို နှုတ်ဆက်ပြန်သွားလေသည်။

ဘကင်းသည် မိဘကိုယ်၌က ချမ်းသာသူဖြစ်ရာ သိမ်ကြီးဈေးတွင် လူမျိုးခြားများနှင့် ပြိုင်ဆိုင်ကာ အထည်ဆိုင်ကြီးတစ်ဆိုင် ဖွင့်ထားသူဖြစ်၍ ရန်ကုန်မြို့ ရပ်ကွက်တစ်ခု ခြံကျယ်ကြီး တစ်ခြံတွင် ကိုယ်ပိုင် တိုက်တာနှင့် နေနိုင်သူ ဖြစ်လေသည်။ အသက်အစိတ်ခန့် ရှိသည်တိုင် သားမယား မရှိသေးဘဲ ညီတစ်ယောက်နှင့် အတူနေလေသည်။ သို့ရာတွင် အသက်အစိတ်မှသည် မကြာမီ အရွယ်ကြီးရင့်လာကာ လူပျိုကြီးအဖြစ်သို့ ရောက်သွားမည် စိုးလှ၍ အချိန်ရှိခိုက် လသာတုန်း ဗိုင်းငင့်သောအားဖြင့် အရွယ်တင်တုန်းတွင် အစုံကြိတ်ရန် အားခဲထားလေရာ အခွင့်သင့်တိုင်း ဇနီးလောင်းကို ရှာဖွေခဲ့လေသည်။

မိန်းမပျိုပေါင်း မနည်းကို ချိန်ရွယ်ကြည့်ခဲ့လေသည်။ တစ်ယောက်မှာ ကာရန်မကျ၊ ငွေကိုသာလျှင် ငမ်းငမ်းတက် မက်၍ စစ်စစ်စီစီမရှိ၊ အသုံးအစွဲ ကျစ်လျစ်ပြန်လည်း အနေအထိုင် အပြောအဆို ကြမ်းတမ်းလှသည်။ ယဉ်ယဉ်ကျေးကျေး ရှိပြန်လည်း စိတ်ထား ဆိုးဝါးပြန်ခြင်းဖြင့် တစ်ခုတစ်ခုက စိတ်တိုင်းကျသော်လည်း တစ်ချက်ချက်က စိတ်ပျက်ဖွယ်ရာချည်းဖြစ်ခဲ့လေရာ နောက်ဆုံးတွင် ဆိုင်အနားမှ လေးလေးကို သွား၍ တွေးမိလေသည်။ လေးလေးနှင့် အသိဖွဲ့ အကျွမ်းတဝင် ဖြစ်ပြီး မကြာမီ လေးလေးဈေးမထွက်ဘဲ အေးအေးက ထွက်လေရာ အေးအေးကို ချိန်ကြည့်ပြန်၏။ အေးအေးနှင့် အသိဖွဲ့ပြီးသည်မှာ မကြာသေးသဖြင့် အကြောင်းစုံ မသိနိုင်သေးဘဲ ရှိစဉ် အဆင်သင့်ပင် အေးအေးက အိမ်လည်လိုက်ရန် ခေါ်သဖြင့် လိုက်လည်ခဲ့ရာ အိမ်တွင် ပန်းရုံကို သွား၍တွေ့လေသည်။ ပန်းရုံကိုမြင်လျှင်

မိမိမျှော်မှန်းထားသော မိန်းကလေးဖြစ်သဖြင့် အနှစ်သက်ကြီး နှစ်သက်သွားလေသည်။

တစ်ခေါက်က နှစ်ခေါက်၊ နှစ်ခေါက် သုံးခေါက်ဆိုသလို အိမ်လည်သွားခြင်းဖြင့် ပန်းရုံ၏ ရိုးရိုးယဉ်ယဉ် ဆံယဉ်ကလေးချကာ တစ်ပတ်လျှိုဆံထုံးထုံးလျက် မျက်နှာတွင် သနပ်ခါးဘဲကျား လူးရုံလူး၍ ပင်ကိုအတိုင်းပန်းနုရောင်ဖြာနေသော နှုတ်ခမ်းကလေး၊ လျှပ်ပေါ်လော်လည်ခြင်း ကင်းမဲ့သော ဣန္ဒြေနှင့် ဂုဏ်သိန်ပကာသန မက်မောခြင်းမရှိဘဲ အသုံးအစွဲ ကျစ်ကျစ်လျစ်လျစ် ရှိပုံများကို တွေ့ရလျှင် မဆိုင်းမတွ ဒေါ်မြအား နားဖောက်လေတော့သည်။

ဒေါ်မြတွင် နေရာချထားခြင်းချလျှင် ဘကင်းလို ငွေကြေးချမ်းသာသူနှင့် သမီးတစ်ယောက်ယောက်ကို နေရာချထားလိုလေသည်။ သို့ရာတွင် ကာယကံရှင် ကိုယ်နှိုက်က ပန်းရုံကိုသာလျှင် လိုလားနေသဖြင့် သူဌေးယောက္ခမ မဖြစ်သည့်တိုင် ပန်းရုံနှင့်ပတ်သက်၍ သူဌေးဆွေမျိုး တော်ရ မနည်းဟုမရ ဒသက ချိုင်ရမည် ဖြစ်ရာ–

'ဒေါ်ဒေါ်သဘောတစ်ခုတည်းနဲ့ မပြီးသေးဘူး။ ဒီတော့ ကျိုက္ကစံက သူ့ကြီးကြီးကို မှာလိုက်ပြီး တိုင်ပင်ကြည့်ရဦးမယ် မောင်ဘကင်းရဲ့' ဟု မယုတ်မလွန် ပြောလိုက်ရလေသည်။

'တိုင်ပင်ရင်လည်း သိပ်အချိန်ဆိုင်းငံ့မနေဘဲ ခပ်မြန်မြန် လုပ်စေချင်တယ် ဒေါ်ဒေါ်'

'စိတ်သာချပါ မောင်ဘကင်းရယ်၊ ဒီကနေ့ပဲ လူလွှတ်ပြီး မှာလိုက်ပါ့မယ်'

သို့အားဖြင့် ဒေါ်မြ၏ လူလွှတ်ခေါ်လိုက်ခြင်းကြောင့် ကျိုက္ကစံမှ ပန်းရုံ၏ ကြီးကြီး ရောက်လာကာ ညီအစ်မနှစ်ယောက် တိုင်ပင်ကြရာ ဘကင်းကဲ့သို့သော အကျင့်ကောင်း၊ အသောက်အစား အကစား မရှိ၊ ငွေကြေးကျိကျိတက် ချမ်းသာသူနှင့် သူတို့၏တူမအား သဘောမတူနိုင်စရာ မရှိသဖြင့် ခေါင်းညိတ် သဘောတူလိုက်ရလေသည်။

'ကဲ... မောင်ဘကင်းရေ ဝမ်းသာပေတော့၊ အားလုံး နေရာကျပြီ။ မင်းဘက်ကပဲ စီစဉ်စရာရှိတာ စီစဉ်ပေတော့' ဟု ဒေါ်မြကြီးထံမှ စကား

ပြန်ရလျှင် ဘကင်းတွင် မယားချော မယားလှ စိတ်တိုင်းကျ ဇနီးကလေး ရရချည်ရဲ့ဟု မနောတွင် ပီတိတွေ့ကာ နာရီမဆိုင်း မြို့တွင်းသို့သွား၍ မင်္ဂလာ အခမ်းအနားအတွက် ဝယ်ခြမ်းခြင်း၊ နေ့ကောင်းရက်သာ ရွေး၍ ပုံနှိပ်တိုက်တွင် မင်္ဂလာဖိတ်စာအတွက် ဝင်အပ်ခြင်းများကို တစ်နေကုန် ပြုလုပ်ပြီးမှ သီတာလမ်းသို့ ပြန်လာခဲ့လေသည်။

တစ်နေ့လုံး ဈေးတလုံးလုံးနှင့် ပြေးလွှားလာခဲ့ရသမျှကို ပင်ပန်း ရမှန်း မသိ။ လေတချွန်ချွန် သီချင်းတအေးအေးဖြင့် စိတ်ရွှင်လက်ရွှင် ရှိခဲ့ခြင်းတို့သည်–

'အဲဒါမှ အခက်ပဲ မောင်ဘကင်းရေ၊ မိဖုရားက သူ မယူပါရစေနဲ့လို့ တငိုငို တရယ်ရယ် လုပ်နေတယ်' ဟု ဒေါ်မြ၏ စကားများကြောင့် နေတွေ့သော မိုးပွင့်ကဲ့သို့ ပျောက်သွားကာ–

'ဟာ... ဒေါ်ဒေါ်တို့ကလည်း မသေချာဘဲနဲ့ မရေမရာ လုပ်ချင်တာ ကိုး။ ဒီမှာလည်း ပစ္စည်းတွေဝယ်၊ ဖိတ်စာတွေ ရိုက်ခိုင်းခဲ့ပြီးပြီ။ ကျွန်တော့်ကို သက်သက် အရှက်ကွဲ အကျိုးနည်းအောင် လုပ်တာလား ဒေါ်ဒေါ်ရယ်'

'ဒေါ်ဒေါ့်သမီး မဟုတ်လို့ ဒေါ်ဒေါ် မတတ်နိုင်ပေမဲ့ သူ့ကြီးကြီး ကတော့ အလျှော့ပေးမှာ မဟုတ်ပါဘူး။ နားချလို့ ရရင်ရ၊ မရရင်လည်း မောင်ဘကင်းနဲ့ပဲ ဖွတ်ပေးစားမှာ'

'ဒီလိုဆိုလည်း ကျွန်တော် ပြန်လိုက်ဦးမယ်။ မနက်ဖြန် တစ်ခေါက် လာလို့မှ နေရာကျရင်ကျ၊ မကျရင်တော့ ကျွန်တော့်အဆိုးမဆိုနဲ့ ဒေါ်ဒေါ်' ဟု ပြော၍ ဘကင်းလည်း ကားနှင့် အိမ်သို့ ပြန်သွားလေ၏။

'ကြားရဲ့လား ပြောသွားတာ၊ ညည်း လူကြီးတွေမျက်နှာ အိုးမဲ သုတ်ဖို့များ စိတ်မကူးနဲ့၊ ကျောစုတ်သွားအောင်သာ ပြင်ထား၊ ဟင်း... လူကြီးတွေက ကောင်းစေချင်လို့ စီမံတာကို စီမံမှန်း မသိဘူး။ ဘာလဲ၊ အရင်က ကောင်ကို ညည်းက မျှော်လင့်နေသလားဟင်'

ဘကင်း ပြန်သွားလျှင် အခန်းတွင်း၌ ခေါင်းမာနေသော တူမသည် အား ဒေါ်မြ၏ အစ်မကြီး ဒေါ်လှက ဘီလူးကြိမ်း ကြိမ်း၍ နားချနေရာ ပန်းရုံတွင် တရှုပ်ရှုပ် ငိုလျက်သားမှ–

'သတ်ပစ်လိုက်.... သတ်ပစ်လိုက်၊ ဒီလူကြီးကိုတော့ ပန်းရုံ မယူနိုင်ဘူး' ဟု တူးတူးခါးခါး ငြင်းလေသည်။

'မယူမနေရဘူး ယူရမယ်၊ အားလုံးစီစဉ်ပြီးမှ၊ ဘာလဲ လူကြီးက လက်နဲ့ရေးတာ ညည်းက ခြေထောက်နဲ့ ဖျက်မလို့လားဟင်' ဟု ပြောရင်း ဒေါ်လှသည် ပန်းရုံ၏ဆံပင်ကို ဆွဲလျက် ပါးထက်သို့ လက်ဝါးတင်ကာ မညှာမတာ ဂျပန်ရိုက် ရိုက်နေသဖြင့် လေးလေး ဝင်လာပြီး ဆွဲထားရလေသည်။

'ရိုက်ပါစေ မမလေး... လွှတ်လိုက်စမ်းပါ၊ ဘယ်အထိ နှိပ်စက်နိုင်မလဲလို့'

'အမယ်... ကြည့်စမ်း ကြည့်စမ်း၊ ကမြင်းမ ငါ့ကိုများ ပြန်ပြောလို့' ဟု ပြော၍ ဒေါ်လှသည် လေးလေးလက်တွင်းမှ အတင်းရုန်းထွက်ဦးမည် တကဲကဲ လုပ်နေလေရာ အေးအေးကပါ လာရောက်ကူညီလျက် အပြင်သို့ ဆွဲခေါ်သွားရလေသည်။

'ဟင်.... ကမြင်းမ ပန်းရုံ၊ နင် ဘယ်လို ခေါင်းမာမာ ရမယ် မှတ်သလား၊ မရဘူး။ မဖြစ် ဖြစ်အောင်ကို ပေးစားမယ်'

အပြင်သို့ ရောက်သည့်တိုင် ဒေါ်လှမှာ ဒေါသရှိန် မသေသေးဘဲ အော်ပြောလေရာ–

'ဩော်... ကြီးကြီးက တော်ပါတော့ဆိုမှ လူကြားလို့ ရှက်စရာ၊ လေးလေးတို့ လူငယ်ချင်း နားဝင်အောင် ပြောပါ့မယ်' ဟု လေးလေးက ဟန့်တားလိုက်မှ ငြိမ်သွားလေသည်။

လေးလေးလည်း ပန်းရုံ ရှိရာသို့ ဝင်လာပြီး–

'ပန်းရုံကလည်း လူကြီးတွေ စိတ်မကောင်းအောင် လုပ်တာကိုး' ဟု ချော့ချော့မော့မော့ ပြောလေရာ အိပ်ရာတွင် မှောက်လျက်လဲ၍ အားရပါးရ ငိုနေသော ပန်းရုံလည်း ခေါင်းထောင် ထ ကာ–

'ဟုတ်တယ်... ဟုတ်တယ်၊ ပန်းရုံက လူကြီးတွေကို သက်သက်စိတ်မကောင်းအောင် လုပ်တာ' ဟု လေးလေးကိုပါ စိတ်ခုခုနှင့် ခပ်ငေါ့ငေါ့ကလေး ပြန်ပြောလေသည်။

'ဩော်... ပန်းရုံ... ပန်းရုံ၊ လေးလေးက အကောင်းပြောတာတောင်

စိတ်ခုချင်တယ်။ ဒီမယ် မော့ကြည့်စမ်းပါဦး ပန်းရုံ’ဟု ပြောရင်း ပန်းရုံ၏ ပါးနှစ်ဖက်ကို ယုယုယယ ညှပ်ကိုင်၍ မော့လိုက်ပြီး ကျနေသော ဆံစကလေးများကို သပ်ပေး၍ မျက်ရည်စကလေးများကို သုတ်ပေးရင်း–

‘ဘာလုပ် ဒီလောက် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲချင်ရတာလဲ ပန်းရုံရယ်’

‘ပန်းရုံမှ ဒီလူကြီးကို မယူနိုင်ဘဲနဲ့ ဘာလုပ် သူတို့ ပေးစားတာလဲ၊ ပန်းရုံအချစ်ပန်းကို ပေါက်လွှတ်ပဲစား အဖြစ်မခံနိုင်ဘူးဆိုတာ မမလေးလည်း အသိသားနဲ့’

‘ဒါတော့ ဒါပေါ့ကွယ်၊ ဒါပေမဲ့ လူကြီးတွေ စီမံရာကို မနာခံချင်လို့လည်း ကိုတင်ထူးဆီကို ပန်းရုံ လိုက်မသွားနိုင်ဘူး မဟုတ်လား’

‘ပန်းရုံ လိုက်သွားရင် လူကြီးတွေမျက်နှာ အိုးမဲသုတ်ရာကျနေမှာစိုးလို့ပေါ့၊ နို့မို့ရင် မနက်ကတည်းက လိုက်သွားပြီ’

‘အေး… လူကြီးတွေမျက်နှာ အိုးမဲသုတ်ရာ ကျနေမှာစိုးလို့ လိုက်မသွားဝံ့ရင် အခုလို အစစအရာရာ စီစဉ်ပြီးမှ ပန်းရုံကြောင့် မင်္ဂလာကိစ္စဖျက်လိုက်ရင်ကော အိုးမဲသုတ်ရာ မကျပေဘူးလား ပန်းရုံ’

လေးလေး ပြောလိုက်ခြင်းသည် မငြင်းသာရကား ပန်းရုံသည် ခေါင်းကလေး ငိုက်စိုက်ချ၍ မျက်ရည်ပေါက်များ ကျဆင်းရင်း ရှိုက်ရှာလေသည်။

‘ဒီတော့ ပန်းရုံရယ် ကိုတင်ထူးဆီကိုမှ လိုက်မသွားနိုင်ဘဲဟာ၊ လူကြီးတွေကို အိုးမဲသုတ်ရာလည်း မရောက်အောင် လူကြီးတွေစကားပဲ နားထောင်လိုက်ပါလားကွယ်နော်။ နားထောင်လိုက်မယ် မဟုတ်လားဟင်’

လေးလေးက စိတ်အား ထက်ထက်သန်သန် နားချလွန်းမက နားချလွန်း၍ နောက်ဆုံး၌ ပန်းရုံလည်း စိတ်မပါဘဲ ခေါင်းညိတ်လိုက်လေသည်။

ထိုညအဖို့ ပန်းရုံလည်း အိပ်၍ မပျော်တော့ပေ။ အိပ်ရာတွင် တလူးလူး တလွန့်လွန့်နှင့် ရှိရာက ပြတင်းမှ မျှော်၍ ပြင်ဘက်လောကသို့ လှမ်းကြည့်မိလေသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေလျက် ကောင်းကင်သည် ပြာလဲ့၍ ဓာချဲ့နေလေသည်။ လူမမာ အမယ်အိုပမာ အလင်းရောင် ဖြူဖပ်ဖြူရော်နှင့် စန္ဒာ၏ဝန်းကျင်တွင် ကြယ်ကလေးများသည် အစီအရီ တည်ရှိနေလေ

သည်။ တစ်ချက်တစ်ချက် ဖွေ့ယမ်းလာသော လေရူးကလေးသည် အိပ်ရာ ထက်မှ ပန်းရုံ၏ ရင်ကို တိုးဝင်လာလေသည်။

"ပန်းရုံရယ်... နင့်ကိုက ကံဆိုးလှပါတယ်ဟယ်၊ နင်ချစ်တဲ့ ကိုတင်ထူးနဲ့တော့ မဆုံစည်းရဘဲနဲ့ နင် မချစ်မနှစ်သက်တဲ့ ကိုဘကောင်းကို ယူခိုင်းနေပြီ။ နင် ဘယ်လို ကြံမလဲဟင်"

"နင် လူကြီးတွေမျက်နှာ အိုးမဲသုတ်ပြီး ကိုတင်ထူးဆီ သွားရမှာလဲ အခက်။ ဘာပဲဖြစ်ဖြစ် ကိုဘကောင်းအချစ်ကို လက်ခံလိုက်ရမှာလဲ နင့်အချစ်ပန်းကို ချစ်ပေါက်ပန်းအဖြစ် အရောက်မခံနိုင်ဘူး။ နင် ဘယ်လိုကြံမလဲဟင်"

"အင်မတန် အားကိုးရတဲ့ လေးလေးကလည်း အရင်လို နင့်ဘက်က မဟုတ်တော့ဘူး။ ကိုတင်ထူးဆီမှ လိုက်မသွားနိုင်ဘဲဟာ လူကြီးတွေစကားနားထောင်ဖို့ ပြောနေပြီ။ ပန်းရုံရယ်... နင့်ကိုက ကံဆိုးလှပါတယ်ဟယ်"

အတွေးတို့သည် အဆွေးနှင့် ယှဉ်ပြိုင်ကာ မီးရထားသံလမ်းကဲ့သို့ အတိုင်းသား ထင်ရှားလာလေလေ ပန်းရုံသည် ခေါင်းအုံးတစ်ခုလုံး စိုစိုရွှဲအောင် ငိုပွဲကြီး ဆင်မိလေလေ ဖြစ်နေတော့ပေသည်။

အားရအောင် ငိုပွဲကြီး ဆင်ပြီးသည့်အဆုံးတွင် အတွေးနှင့်အဆွေး မီးရထားသံလမ်းအတိုင်း ဆိုးဝါးမှုန်မှေးလှသော သူ့ဘဝ၏ယာဉ်ကို မောင်းနှင်ကာ လွတ်ရာ ကျွတ်ရာသို့သာ သွားလိုက်ချင်တော့သည်။

ပန်းရုံ စိတ်မှုးစိတ်ရူးနှင့် သည်ကဲ့သို့စိတ်မျိုး ပေါ်လာသည်မှာ မဆန်းတော့ပေ။ လောကဓံ၏ အဖိအနှိပ်ကို မခံနိုင်သူတိုင်း၊ လောကသားအဖြစ် နေ၍ အဆင်မပြေသူတိုင်း လောကကို အရှုံးပေး၍ သည်နည်းနှင့် ပြေးကြလိုသည်သာ ဖြစ်လေသည်။

ပန်းရုံသည် အခန်းမှထွက်၍ မီးဖိုခန်းတွင် ကြိုးကို ရှာဖွေရာ အခန့်သင့်ပင် ပိုက်ဆံကြိုးခန့် ကြိုးတစ်ချောင်း တွေ့လေသည်။ ထို့နောက် ကုလားထိုင်ကို ရှာခုလျက် ရက်မပေါ်သို့ ကြိုးကို ပစ်တင်လိုက်ကာ ကြိုးစတစ်ဖက် ကွင်းလျှောလုပ်၍ ဆွဲလိုက်ရာ ရက်မကို တုပ်နှောင်ပြီးသား ဖြစ်နေလေသည်။ ခိုင် မခိုင် ဆွဲကြည့်ပြီးနောက် စိတ်ချရလျှင် ကျန်ကြိုးစကို ကွင်းလျှောလုပ်၍ လည်ကို စွပ်လိုက်လေသည်။

လောကကြီးမှ ထွက်ခွာသွားရန်မှာ မိနစ်ပိုင်းလောက်သာ လိုတော့၍ ပန်းရုံသည် နောက်ဆုံး ကြည်ညိုခြင်းအားဖြင့် ရွှေတိဂုံရှိရာသို့ ရည်မှန်းကာ မျက်ရည်လည်ရွဲနှင့် လက်အုပ်ချီ ကန်တော့နေရှာလေသည်။

"ဘုရားတပည့်တော်မကလေးကို နောင်ဘဝ ဆက်တိုင်း ဆက်တိုင်း ချစ်သူနဲ့ ပေါင်းရတဲ့ကိုယ် ဖြစ်ပါစေလို့ ဆုတောင်းပါတယ်" ဟု ဆိုးလှရှာသော ယခုဘဝမှ လွတ်ကင်းကာ ကောင်းမွန်သော ဘဝသို့ ရောက်အောင် ဆုတောင်းရှာလေသည်။

ကုလားထိုင်ပေါ်တွင် မတ်တတ်ရပ်နေရာက ပြင်ဘက်လောကကို ကြည့်လိုက်ရာ အလင်းရောင်များပြျုကာ ဝေလီဝေလင်းအချိန်သို့ ရောက်နေသည်ကို တွေ့ရလေသည်။ တအာအာ ကျီးသံများအကြားမှ မကြီးခင်တို့ အိမ်ဆီက မကြီးခင်၏ အရဏ်ဆွမ်းကပ် ရှိခိုးသံနှင့်အတူ ကြည်နူးဖွယ်ရာသော ကြေးစည်သံကလေး ထွက်ပေါ်လာလေသည်။

ခါတိုင်း ခါတိုင်းများသာဆိုလျှင် ကြေးစည်သံသည် သူ့အဖို့ ကြည်နူးဖွယ် ဖြစ်မည်မှန်သော်လည်း ယနေ့မူကား လောကပြင်ပ လမ်းခရီးသို့ သွားမည့်ဆဲဆဲဖြစ်ရာ၊ အသုဘရှေ့မှ ထု၍လိုက်ပါလာသော ကြေးစည်သံကဲ့သို့ လွမ်းဆွတ်ကြေကွဲဖွယ် ဖြစ်နေသဖြင့် အသံထွက်အောင် မငိုမိစေရန် စိတ်ကို မနည်းချုပ်တည်းထားရလေတော့သည်။

"ဒေါ်ဒေါ်ရေ… ကိုတင်ထူးလာရင် ကြည့်သာ ပြောရစ်ပေတော့၊ ပန်းရုံသွားပြီ ဒေါ်ဒေါ်ရေ" ဟု မကြီးခင်အား စိတ်တွင်းမှ လှမ်းနှုတ်ဆက်လိုက်ပြီးနောက် မတ်တတ်ရပ်ထားသော ကုလားထိုင်ကို နောက်သို့ ကန်ထုတ်လိုက်ရာ ဝုန်းခနဲ အသံနှင့်အတူ လောကကြီးသည် သူ့ရှေ့မှ ပျောက်ကွယ် သွားလေတော့သည်။

## [၉]

## ညှိုးခွေလို့ ယိုင်

မေ့ခနဲ ဖြစ်သွားရာက သတိမူလိုက်မိသောအခါ ဇက်ဆီက လေး၍ ခေါင်းဆီမှ အုံကာ မူးနောက်နောက်ကြီး ဖြစ်နေသည်ကို ခံစားရလေသည်။ မည်း

မည်းမှောင်ကာ ဘာဆိုဘာမျှ မမြင်ရဘဲ လောကသစ်ထဲသို့ ရောက်သွားသည်ဟုသာ အောက်မေ့လိုက်ရလေသည်။ ထို့နောက် အနားပတ်ဝန်းကျင်မှ ဝူးဝူးဝါးဝါးနှင့် ဆူသံညံသံများသည် နားတွင်းသို့ မသဲမကွဲ ပြေးဝင်လာလေရာ လေးလံသော မျက်ခွံကို ဖြည်းဖြည်းလေးလေးခြင်း ဖွင့်၍ ကြည့်လိုက်မိလေသည်။

ရှေးပထမ သဏ္ဌာန်တစ်ခုကို မှုန်ရီမှုန်ဝါး တွေ့ရ၍ တစ်စစ ထိုသဏ္ဌာန်သည် ထင်ရှားသထက် ထင်ရှားလာကာ ပုံပန်းဖမ်းမိသည်အထိ ဖြစ်လာလေရာ အားယူလျက် ခေါ်လိုက်မည်ပြုလိုက်၏။ သို့သော် နှုတ်ခမ်းကလေးများသာ လှုပ်နေ၍ အသံမှာမူကား ပူလောင် ခြောက်သွေ့လှသော အာခေါင်တွင်းဝင် ပျောက်ကွယ်သွားလေတော့သည်။

'ပန်းရုံ... ပန်းရုံ မျက်စိဖွင့်ကြည့်စမ်း၊ မမလေးတို့လေ'

ပန်းရုံအား ပွေ့ထားသော လေးလေးသည် အတော်ကြာ မေ့မြောနေရာမှ သတိလည်လာသဖြင့် စိတ်အားထက်သန်စွာ နှာနှတ်ပေးခြင်း၊ ရေချိုးပေးခြင်း စသည်တို့ကို ပြုလုပ်ပေးနေလေသည်။

ဒေါ်လှ၊ ဒေါ်မြနှင့် အေးအေးတို့မှာလည်း ၃-၄ နာရီခန့် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် အနားမှ ဝိုင်းဝန်းကာ သတိလည်လာအောင် လုပ်ပေးနေရလေသည်။

'ရေ... ရေ' ဟု ပန်းရုံက မျက်လုံးကလေး မှေးထားရာက အားယူ၍ ရေတောင်းလျှင် ဒေါ်လှက-

'ဟော... ရေတဲ့၊ သွား... သွား၊ အေးအေး ရေတစ်ခွက် ခပ်ခဲ့ချေ' ဟု ပြောလိုက်လျှင် အေးအေးလည်း ရေတစ်ခွက် သွားရောက်ခပ်ယူ၍ ပေးလေသည်။ ဒေါ်လှလည်း ရေခွက် လှမ်းယူ၍ ပန်းရုံအား ရေအနည်းငယ် တိုက်လိုက်ပြီး-

'မိုက်လှချည်လား ပန်းရုံရယ်၊ ဘာလုပ် ဒီလို မိုက်မိုက်မဲမဲ ကြံစည်ရတာလဲဟင်၊ ကံကောင်းလို့ ကြိုးက မခိုင်ဘဲ ပြတ်ကျပေလို့ပေါ့။ နို့မို့ရင် မခက်ပါလားဟင်'

သို့အတွက် လေးလေးတွင် မနေသာဘဲ-

'ကြီးကြီးတို့က သူ မကြိုက်ဘဲနဲ့ ဘာလုပ် ကိုဘကင်းနဲ့ ပေးစားကြသေးလဲ။ ဒါကြောင့် ကြံမိကြံရာ ကြံတာပေါ့'

ပန်းရုံမှာမူ လေးလေးနှင့် သူ့ကြီးကြီး ပြောသမျှကို မျက်ရည်အစို့သားနှင့် နားထောင်နေလေသည်။

'လူကြီးတွေက ကောင်းစားစေချင်လို့ စီမံကြတာပဲ။ ဒီလိုဖြစ်မှန်းသိရင် ကြီးကြီးတို့ကလည်း ပန်းရုံအလိုကို မလိုက်ဘဲ မနေပါဘူးကွယ်။ ကဲ... ကဲ ရှေ့ဆက်ပြီး စိတ်ညစ်သမျှတွေ ဖျောက်လိုက်တော့။ ပန်းရုံ သဘောမတူတဲ့ ကိစ္စကိုလည်း ဖျက်လိုက်မယ်၊ ဟုတ်လား'

အိပ်ရာထက်တွင် မှိန်း၍နေသော ပန်းရုံက မျက်ရည်တွေအကြားမှ ညင်သာစွာ ခေါင်းကို ညိတ်ပြလိုက်လျှင် ဒေါ်လှလည်း–

'အေးကွယ် ဒီလို လိမ္မာမှပေါ့။ မိုက်တယ်ဆိုတာ မကောင်းပါဘူး။ ဘုရားလည်း မကြိုက်၊ ရဟန်းလည်း မကြိုက်၊ ဘယ်သူမှ ကြိုက်တာမှမဟုတ်ဘဲ' ဟု ပြောနေစဉ် အိမ်ရှေ့တွင် ကားရပ်သံ ကြားရသဖြင့် အနားမှ ဒေါ်မြသည် အခန်းတွင်းမှ ထ သွားလေသည်။

'ဩော်... မောင်ဘကင်းပါလား၊ လာ... လာ'

ဘကင်းသည် မနေ့က ဒေါ်မြ စကားဖြင့် မိမိနှင့်ပန်းရုံ ကိစ္စမှာ ချောချောမောမော ဖြစ်မဖြစ် သိလိုဇောနှင့် အိပ်ရာ ထလျှင်ထချင်း ဈေးသို့မသွားဘဲ တမင်ဝင်လာခြင်း ဖြစ်ရာ–

'ဘယ့်နှယ်လဲ ဒေါ်ဒေါ်၊ မင်္ဂလာကိစ္စ နေရာကျရဲ့လား'

'ထိုင်ပါဦး မောင်ဘကင်းရယ်၊ ပြီးတော့ ဒေါ်ဒေါ် အေးအေးဆေးဆေး ပြောပြပါ့မယ်'

'အိုဗျာ... ကျွန်တော့်မှာ အချိန်မရှိဘူး။ ဈေးသွားစရာ ရှိသေးတယ် ဒေါ်ဒေါ်ရဲ့'

'ဒါဖြင့် အားနာနာနဲ့ပဲ ပြောရတော့မယ် မောင်ဘကင်းရေ၊ မင်္ဂလာကိစ္စတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ထင်တယ်'

'ဘာဖြစ်လို့လဲဗျာ'

'ပန်းရုံက သူ မယူပါရစေနဲ့လို့ တငိုငို တရယ်ရယ် လုပ်နေတယ်လို့ မနေ့က ပြောလိုက်တယ် မဟုတ်လား။ အဲဒါ လူကြီးတွေ စီမံတာကို မနာခံ

နိုင်လို့တဲ့၊ မနက်အစောကြီး ဆွဲကြိုးကျပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာ ကံကောင်းလို့ မသေဘဲ မေ့မြောနေလိုက်တာ ခုမှ သတိလည်ခါရှိသေးတယ်'

'ဟင်... ဟုတ်လား၊ အခု ဘယ်မှာလဲ၊ အခန်းထဲမှာလား'

'အခန်းထဲ ရွှေ့ထားတယ်။ လာလေ ဒေါ်ဒေါ် လိုက်ပို့မယ်' ဟု ဒေါ်မြက ဦးဆောင်၍ ခေါ်လာရာ ဘကင်းလည်း နောက်မှ ပါလာလေသည်။

ဘကင်းသည် အခန်းတွင်းသို့ ရောက်၍ အိပ်ရာထက်၌ မျက်ရည်အရွဲသားနှင့် သနားဖွယ်ရာ မှိန်းနေသော ပန်းရုံကလေးကို တွေ့ရလျှင် အစ်ကိုကြီးတစ်ယောက်က ညီမငယ်ကလေးအား ရိုက်မိသည့်အတွက် သနားမိသကဲ့သို့ နောင်တနှင့် ကရုဏာတို့သည် ရင်တွင်းမှ တဖွားဖွား ပေါ်ပေါက်လာမိလေသည်။

'ဖြစ်မှဖြစ်ရလေ ဒေါ်ဒေါ်ရယ်၊ ဒီလောက်တောင် ဖြစ်မှန်းသိရင် ကျွန်တော် ဖွတ်မတိုးပါဘူး။ ဒါထက် အခုဖြစ်တဲ့အကြောင်း အိမ်သားတွေပဲ သိပါစေ။ အပြင် ပေါက်ကြားသွားရင် ပုလိပ်က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုနဲ့ အမှုလုပ်လား၊ ဘာလုပ်လား လုပ်နေဦးမယ်'

'ဟင်... ဟုတ်လား၊ ဒီလိုဆိုရင် ဖုံးဖိထားမှပဲ။ ကြားလား၊ အေးအေးရော၊ လေးလေးကော' ဟု ဒေါ်မြက ပြောလိုက်ရာ သမီးနှစ်ယောက်လည်း ပြိုင်တူ ခေါင်းညိတ်ပြကြလေသည်။

'ကဲ... ဒေါ်ဒေါ်တို့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်'

ဘကင်းက ပြန်ရန် နှုတ်ဆက်လျှင် ဒေါ်လှက 'ကောင်းပါပြီ.... ကောင်းပါပြီ' ဟု ပြောလိုက်နိုင်သော်လည်း ဒေါ်မြမှာမူ–

'အို... ချက်ချင်းပဲလား မောင်ဘကင်းရဲ့'

'ဟုတ်သားပဲ၊ ကိုဘကင်းကလည်း ချက်ချင်းပဲလား၊ ထိုင်ပါဦးလား'

'ဈေးကိုသွားဖို့ ရှိသေးတယ် အေးအေးရဲ့၊ နောက်မှ လာလည်ပါဦးမယ်။ ကဲ... အားလုံးပဲ သွားပြီ' ဟု နှုတ်ဆက်၍ ဘကင်းသည် အခန်းပြင်သို့ ထွက်လာရာ ဒေါ်မြသည် အပြင်အထိ လိုက်ပို့ရင်း စကားပြောလာလေသည်။

'မောင်ဘကင်းကိုတော့ အားနာစရာ သိပ်ကောင်းနေတော့တာပဲ။ ဒေါ်ဒေါ်တို့က သိပ်ဖြစ်စေချင်ပေမဲ့ ပန်းရုံက မလိုက်နာတာက ခက်တယ်'

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ ကဲ... ကျွန်တော် သွားလိုက်ပါဦးမယ်'

'နေပါဦးလေ၊ ဒီလိုလည်း ဘယ်ကောင်းမလဲ။ ဒီတော့ စိုပြီးသား လက် မခြောက်စေနဲ့ ဆိုတာလို ပန်းရုံနဲ့ မဖြစ်ပေမဲ့ အင်း... ဒေါ်ဒေါ့်သမီး နှစ်ယောက်အနက် တစ်ယောက်ယောက်နဲ့ပဲ နေရာချလိုက်ချင်တယ်။ မောင်ဘကင်းသဘော ဘယ့်နှယ့်လဲ'

မူလဘူတကပင် ဒေါ်မြ၏သမီးနှစ်ယောက်လုံးကို ချိန်ရွယ်ခဲ့သည် ဖြစ်ရာ ဘကင်းလည်း...

'ကျွန်တော်ကတော့ ဒေါ်ဒေါ်တို့ စီမံရာပါပဲ။ သမီးတွေရဲ့ သဘော သာ မေးပါဦး'

'ဒါဖြင့် ဒီနေ့ပဲ မေးထားပြီး မောင်ဘကင်းလာတော့ စကားပြန်မယ် နော်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကဲ... ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဘကင်း နှုတ်ဆက်၍ ထွက်သွားရာ ဒေါ်မြသည် မနောပီတိ ဂွမ်းဆီ ထိကာ သမက်လောင်း၏ မော်တော်ကား မျက်စိအောက်မှ ပျောက်သွား သည်အထိ ပြုံးပြုံးကြီး ကြည့်နေမိသည်။ ဒေါ်မြ အိမ်တွင်းသို့ လှည့်လိုက် လျှင် လှည့်လိုက်ချင်း လေးလေးသည် အခန်းတွင်းမှ ထွက်လာကာ မီးဖို ချောင်သို့ တစ်စုံတစ်ခုယူရန် သွားမည်ပြုစဉ် 'ဟဲ့... လေးလေး လာစမ်း' ဟု လှမ်း၍ ခေါ်လိုက်မိလေသည်။

'ဘာလဲ မေမေ'

'ထိုင်စမ်း၊ ငါ ပြောစရာရှိလို့' ဟု ပြောသဖြင့် လေးလေးလည်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရလေသည်။

'သမီးကညာ အခါမလင့်စေနဲ့ ဆိုတာလို ငါ့သမီး အသက်အရွယ် လည်း မငယ်တော့လို့ မေမေ နေရာချထားဖို့ စီမံထားတယ်၊ တခြားလူတော့ မဟုတ်ဘူး၊ မောင်ဘကင်းနဲ့ပဲ'

လေးလေးသည် မျက်လွှာကလေး အောက်ချ၍ အတန်ကြာ စဉ်းစား တွေဝေနေပြီးမှ–

'မေမေတို့အလိုကို လေးလေး လိုက်ပါ့မယ်။ လေးလေးရဲ့အလိုကို ရော လိုက်လျောနိုင်ပါ့မလား'

'ဘာလဲ ပြောပြလေ၊ လိုက်လျောရမှာပေါ့'

'တခြားတော့ မဟုတ်ပါဘူး၊ ဒီနေ့ဒီရက်က စပြီး ပန်းရုံ မကြိုက် တာ မှန်သမျှကို မလုပ်ကြဖို့ပါပဲ'

'အမယ်လေး... ငါ့နှယ် ဘာများလဲလို့၊ ဒါကို ညည်း မပြောခင် ကတည်းက တို့လူကြီးတွေ တိုင်ပင်ပြီးသားပါ'

'ဒါပေမဲ့ လေးလေးကို ကတိပေးရမယ်။ ဒါမှ မေမေတို့ စီမံရာကို နာခံနိုင်မယ်'

ဒေါ်မြလည်း ဝန်ခံကတိ ပေးလိုက်ရလေသည်။ ထို့နောက် အစ်မ ဖြစ်သူအား အကျိုးအကြောင်း ပြောပြရာ ပန်းရုံ မကြိုက် မနှစ်သက်ဘဲနှင့် မလုပ်ဖို့ကို ဒေါ်လှကလည်း ကတိပေးလိုက်လေသည်။ သို့နှင့် ရက်များ မကြာမီ လေးလေးသည် ကတိအတိုင်း ဘကင်းအား မချစ်မနှစ်သက်ဘဲနှင့် ပန်းရုံကိုယ်စား လက်ထပ်လိုက်ရလေတော့သည်။

သျှောင်နောက်ဆံထုံးပါ ဆိုဘိသကဲ့သို့ အိမ်တွင် ရက်သတ္တပတ်ခန့် နေပြီးနောက် လေးလေးသည် အားလုံးနှင့် ခွဲခွာ၍ လင့်နောက်သို့ လိုက်ရ ပေတော့မည်။ ဝန်စည်စလယ် သေတ္တာများကို ကားပေါ်သို့ ဘကင်း စီမံ ကြီးကြပ်တင်ဆောင်နေစဉ် လေးလေးသည် နောက်တစ်ခဏတွင် နှစ်ပေါင်း များစွာ နေခဲ့သော နေအိမ်နှင့်တကွ ညီအစ်မတစ်တွေနှင့် မအေကို ခွဲခွာ၍ သွားရတော့မည်ဖြစ်ရာ စိတ်မချုပ်တည်းနိုင်ဘဲ မျက်ရည်တို့ စို့၍ လာလေ တော့သည်။

'ငိုမနေပါနဲ့ လေးလေးရယ်၊ တစ်ရပ်တဝေးကို ခွဲခွာသွားရတာမှ မဟုတ်ဘဲ၊ သမီး လာချင်တဲ့အခါ ခဏကလေးနဲ့ ရောက်နိုင်သားပဲ'

မအေကြီးက မည်မျှပင် နှစ်သိမ့်နေသော်လည်း မခွဲခွာစဖူး ခွဲခွာ သွားရမည် ဖြစ်သဖြင့် လေးလေးမှာ အနားတွင် စိတ်မကောင်းစွာဖြင့် ရှိကြသော ဒေါ်လှ၊ အေးအေးနှင့် ပန်းရုံကို တစ်လှည့်စီ လှည့်ကြည့်ရင်း

မျက်ရည်မဆည်နိုင်ဖြစ်ကာ လက်ကိုင်ပဝါကလေးဖြင့် တို့၍ တို့၍ နေရလေသည်။ ပန်းရုံနှင့်တကွ အားလုံးမှာလည်း စိတ်လက်မကောင်း ဖြစ်ရလေတော့သည်။

'လေးလေးရေ သွားကြစို့၊ အားလုံး အဆင်သင့် ပြင်ပြီးပြီ' ဟု ဘကင်း ရောက်လာကာ ခေါ်လေလျှင် လေးလေးသည် ဘာပဲဖြစ်ဖြစ် လိုက်မသွားဘဲ နေရစ်ခဲ့ရန် စိတ်ကူးလိုက်သေးသည်။ သို့ရာတွင် သူ့မယား ဘဝသို့ ရောက်နေပြီဖြစ်ရာ သူ့ဩဇာကို မနာခံ၍မဖြစ်။ သို့ကြောင့် လေးလေးလည်း ပခုံးလွယ် သားရေအိတ်ကလေးကို အသာချကာ မအေ့ရှေ့ ကြမ်းပြင်တွင် ပုဆစ်တုပ် ထိုင်ချလိုက်ပြီး–

'မေမေ လေးလေး ကန်တော့ပါတယ်' ဟု ပြော၍ ကန်တော့ရာလေသည်။

'အေး... အေး... သာစုကွယ် သာစု... ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ အိုအောင်မင်းအောင် ပေါင်းကြပါစေ။ ကဲ... ကဲ၊ နင့်ကြီးကြီးလည်း သွားကန်တော့လိုက်ဦး' ဟု ဒေါ်မြသည် ဣန္ဒြေမဆည်နိုင်ဘဲ အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်၍ အင်္ကျီလက်မောင်းဖြင့် မျက်ရည်စများကို ငုံ့သုတ်မိလေသည်။ လေးလေးလည်း မနီးမဝေးမှ ဒေါ်လှအား သွားရောက် ကန်တော့ပြန်ရာ ဒေါ်မြနည်းတူ ဒေါ်လှလည်း မျက်ရည်စို့စို့နှင့် ဆုပေးရှာလေသည်။

'ကဲ... ဒေါ်ဒေါ်ရော ကြီးကြီးပါ ကန်တော့ခဲ့ပါတယ်' ဟု ဘကင်းက လူကြီးများအား ကန်တော့၍ အိမ်ပေါ်မှ ဆင်းသွားလေသည်။ လေးလေးမှာမူ အစ်မ အေးအေးအား နှုတ်ဆက်လိုက်ပြီး တရှုပ်ရှုပ်ငိုနေသော ပန်းရုံအနားသို့ သွားကာ–

'ပန်းရုံ မမလေး သွားတော့မယ်နော်၊ လိမ်လိမ်မာမာ နေရစ်ခဲ့တော့။ ဟုတ်လား'

လေးလေးသည် အနိုင်နိုင် အားခဲကာ ပြောနေသကဲ့သို့ ပန်းရုံတွင်လည်း "ဟုတ်ကဲ့" ဟူ၍ပင် နှုတ်မှ ထွက်မလာနိုင်ဘဲ ခေါင်းကလေးသာ ညိတ်နေလေသည်။ ကြာရှည်နေလျှင် ပို၍သာ ဝမ်းနည်းစရာချည်း ဖြစ်နေတော့မည်ဖြစ်ရာ လေးလေးသည် စိတ်ကိုတင်းလျှက် အိမ်ထက်မှ ပြေးဆင်း

လာကာ အသင့်စောင့်နေသော ကားပေါ်သို့ တက်ရောက် လိုက်ပါသွား လေတော့သည်။

လေးလေးတို့ ပြောင်းသွားပြီး လေးငါးရက်အကြာတွင် ဒေါ်လှသည် စစ်ကိုင်းတောင်ရိုးသို့ ဥပုသ်ရက်ရှည်စောင့်ရန် သွားမည် ပြုလေသည်။ ပန်းရုံသည် စစ်ကိုင်းနှင့် မန္တလေး မဝေးလှရာ တင်ထူးနှင့် တွေ့ဆုံခွင့် ရလိုရငြား သူပါ စိတ်ပြေလက်ပျောက်သွားမည်ဟု ပူဆာ၍ ဒေါ်လှလည်း–

'ကဲ... ဒါဖြင့်လည်း လိုက်ခဲ့၊ ဒါပေမဲ့ ဟိုကျရင် တောင်သွားလား၊ မြောက်သွားလား မသွားရဘူးနော်' ဟု ပြောကာ ခွင့်ပြုလိုက်လေသည်။

သို့နှင့် ပန်းရုံသည် ဒေါ်လှနှင့်အတူ အေးအေးတို့ သားအမိနှစ်ယောက် ထဲ ထားခဲ့ကာ စစ်ကိုင်းတောင်ရိုးသို့ လိုက်သွားလေတော့သည်။ စစ်ကိုင်း တောင်ရိုးသို့ မန္တလေးမြို့၌ ညအိပ်ပြီးမှ (အမရပူရ) တောင်မြို့ဆိပ်မှ ငှက်ဖြင့် ကူးရ၏။မန္တလေး တည်းအိမ်တွင် ရှိစဉ် ညကတည်းက တင်ထူးအား ရှာဖွေ တွေ့ဆုံလိုလှသော်လည်း အခွင့်မသာခဲ့ပေ။ စစ်ကိုင်းတောင်ရိုး ဣန္ဒာသယ ချောင်တွင် တည်းခိုပြီး နောက်တစ်ရက်တွင် ဒေါ်လှကို ပူဆာမည် ကြံသော် လည်း အဖော်မရှိသဖြင့် အောင့်အည်း၍ နေရပြန်လေသည်။

တစ်ရက်ပြီး တစ်ရက်နှင့် ရက်သတ္တတစ်ပတ်က နှစ်ပတ်လောက် ရောက်မှ ပုသိမ်မှ လာရောက် ဥပုသ်ရက်ရှည်စောင့်နေသော အဒေါ်ကြီး တစ်ယောက်၏ သမီးနှစ်ယောက်နှင့် အသိဖွဲ့မိကြလေသည်။ လောကီအလုပ် ကို စက်ဆုပ်ကြသော ရဟန်း၊ ရှင်၊ လူ၊ သီလရှင်များနှင့် ဇရပ်ကြီးများ၌ နေ့ပေါင်းများစွာ နေကြရ၍ သူတို့လည်း ငြီးငွေ့ပျင်းရိနေရာ ပန်းရုံက မန္တလေးဘက် သွားလည်ရန် အဖော်ညှိသည်တွင် အလွယ်တကူပင် သဘော တူကြလေသည်။

သူတို့ကလည်း သူတို့မအေအား ပူဆာ၍ ပန်းရုံလည်း ကြီးကြီး ဖြစ်သူကို ခွင့်ပန်လေရာ၊ လူကြီးများသည် အစက ငြင်းနေသော်လည်း အတင်း နားပူနားဆာလုပ်တော့မှ ခွင့်မပြုချင် ပြုချင်နှင့် ခွင့်ပြုလေတော့ သည်။

ပန်းရုံနှင့်တကွ ပုသိမ်မှ လှလှနှင့် မြမြတို့ ညီအစ်မလည်း ဝမ်းသာ

အားရနှင့် လှောင်အိမ်မှ အလွတ်ခံရသော ငှက်ကလေးတွေအလား မြူးထူး ပျော်ပါးစွာဖြင့် အမရပူရမှတစ်ဆင့် မန္တလေးသို့ ရောက်ခဲ့ကြလေသည်။

'ကဲ... မပန်းရုံ ဘယ်ကို အရင်သွားလည်ကြမလဲ၊ မဟာမြတ်မုနိကို အရင် သွားဖူးမလား'

'အို... မမကလည်း ဘုရားဖူးချင်မှ စစ်ကိုင်းတောင်ရိုးမှာတင် နေခဲ့မှာပေါ့။ မဟုတ်ဘူးလား မပန်းရုံ၊ ဈေးချိုဘက်သွားပြီး မြီးရှည်တွေ သွားစားမယ် မဟုတ်လားဟင်' ဟု အငယ် မြမြက ဈေးချိုဘက်သွားရန် ပြောသော်လည်း ပန်းရုံသည် မန္တလေးသို့ ကူးခဲ့သည်မှာ မဟာမြတ်မုနိ ဖူးရန်လည်း မဟုတ်၊ ဈေးချိုသွား၍ မြီးရှည်စားရန်လည်း မဟုတ်ရကား–

'ကျွန်မတော့ အသိအိမ်ကို ခဏသွားချင်တယ်'

'ဟင်... မပန်းရုံ၊ ဒီမှာ အသိရှိသလား ဒါဖြင့် အတော်ပဲ၊ အဲဒီကို အရင်သွားပြီး ကျွန်မတို့ သွားချင်ရာ လိုက်ပို့ခိုင်းရအောင်'

'ဟုတ်တယ်၊ သူတို့မှာ ကားရှိရင် သိပ်ကောင်းမှာပဲ'

'ရှိလိမ့်မယ် ထင်တယ်... ဟုတ်တယ်... ဟုတ်တယ် ရှိမှာပဲ၊ သူ့ဦးလေး ကားတော့ ရှိမှာပဲ'

'ကဲ... ဒါဖြင့် အဲဒီကို အရင်သွားကြရအောင်၊ မပန်းရုံ သူတို့ နေတာ သိလား'

ပန်းရုံသည် တင်ထူးနှင့် တွေ့ချင်လွန်း၍သာ လာခဲ့ရသည်ဖြစ်ရာ တင်ထူး ဘယ်တွင်နေမှန်းကို မသိသဖြင့် အဖြေရ ကျပ်နေလေသည်။

'ဘယ်မှာ နေသတဲ့လဲ၊ မပန်းရုံ အသိဆိုတာ...'

'လက်ဆည်ကန်မှာ ဆိုလား... စာပေးလိုက်တုန်းက သိလိုက်ရတာပဲ'

'အဲဒါမှ ခက်တာပဲ၊ အသေအချာ မသိဘဲနဲ့ ဒီလောက် မြို့ကျယ်ကြီး ဘယ်လို လိုက်ရှာမလဲ'

'ဟုတ်သားပဲ မပန်းရုံကလဲ၊ ကဲ... ရှုပ်ပါတယ်... ဈေးချိုဘက်ပဲ အရင် သွားကြရအောင်'

သုံးယောက်သား ဆိုက်ကားများ စီး၍ ဈေးချိုဘက်သို့ လာခဲ့ရာ လမ်းတစ်လျှောက်လုံး ပန်းရုံသည် တင်ထူးနှင့် တိုးလိုတိုးငြား ကျီးကန်းမျက်စိ တောင်ကြည့် မြောက်ကြည့်သကဲ့သို့ ဟိုဟိုဒီဒီကြည့်ရင်း လိုက်ပါ

လာလေသည်။ သို့ရာတွင် တင်ထူးနှင့်တူသော လူတစ်ယောက်တလေ မျှပင် မတွေ့ရလေကား ခဲလေသမျှ သဲရေကျရတော့ပြီဟု မျက်ရည်ကလေး များပင် ရစ်ဝဲလာမိလေသည်။

ဈေးချိုသို့ ရောက်လျှင် မဝယ်မခြမ်းဘဲနှင့် ဈေးတွင်းသို့ လျှောက် လည် ကြည့်၍ မြီးရှည်ဆိုင်တွင် မြီးရှည် ဝင်စားကြပြီးနောက် မဟာမြတ်မုနိ ဘုရားကို သွားရောက်ဖူးမြော်လျက် ပြန်လာခဲ့ကြတော့သည်။ တကူးတကန့် လာရောက်ပြီးမှ တင်ထူးနှင့် တွေ့မသွားရဟုဆိုလျှင် မိမိအဖို့ ကြုံကြိုက် ခဲလှသော အခွင့်အရေးကောင်းတစ်ခု ဆုံးရှုံးတော့မည်ကို တွေးကာ–

'ဒီမှာ လက်ဆည်ကန်ဘက်က ပရိက္ခရာဆိုင်ကို ရှင် မသိဘူးလား' ဟု ဆိုက်ကားသမားအား ဖွင့်ဟ မေးမိလေတော့သည်။

'ဘယ်သူ့ဆိုင်ပါလဲ၊ ဦးဘိုးကြင်ဆိုင်လား... ဒေါ်ပုဆိုင်လား။ ဒါမှ မဟုတ်ရင်...'

'ဆိုင်နာမည်တော့ မသိဘူးရှင်၊ ရန်ကုန်က ကိုတင်ထူးဆိုတာ သူ့ ဦးလေးရဲ့ ပရိက္ခရာဆိုင်မှာ အလုပ်လုပ်နေတယ်လေ။ ရှင် မသိဘူးလား၊ လူက ငယ်ငယ်ရွယ်ရွယ် ရှိသေးတယ်'

'ဪ... သိပြီ... သိပြီ၊ ဦးဘိုးကြင်ဆိုင်က ကိုတင်ထူး မဟုတ် လား၊ ကျွန်တော် သိသားပဲ'

'ဒါဖြင့်လည်း ကျွန်မတို့ကို တစ်ဆိတ် လိုက်ပို့ပေးစမ်းပါရှင်'

ဆိုက်ကားသမားလည်း လက်ဆည်ကန်ဘက်သို့ ချိုးကွေ့ကာ တစ်ခု သောလမ်း အရောက်တွင် ပရိက္ခရာဆိုင်ရှေ့၌ ဆိုက်ကားကို ရပ်လိုက်လေ သည်။ ပန်းရုံလည်း ဝမ်းသာအားရ ဆိုက်ကားပေါ်မှ ဆင်းလိုက်ရင်းက ဆိုင်တွင်းသို့ မရဲတရဲ လှမ်းကြည့်လိုက်ရာ ရုတ်တရက် မျက်နှာပျက်ကာ ကြက်သေ သေသွားလေသည်။

အကြောင်းမူကား ဆိုင်တွင်း၌ တင်ထူးကို အခြား မိန်းမပျို တစ် ယောက်နှင့် နှစ်ယောက်ထဲ တွေ့ရသည့်ပြင် မိန်းမပျိုကော တင်ထူးပါ ပန်းရုံ တို့အား မမြင်ကြဘဲ တစ်စုံတစ်ရာကိုပြော၍ ရယ်မောနေရာက တင်ထူးသည် မိန်းမပျို၏လက်ကို ကိုင်ကာ လက်ပတ်နာရီကလေးကို ပတ်ပေးနေခြင်း ကြောင့် ဖြစ်လေသည်။

မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်းသည်ကမှ ခံသာသေးသည်။ သည်ကဲ့သို့ မျှော်လင့်ချက်ကြီးစွာဖြင့် တကူးတကန့် လာရရှာသော မိမိအား တမင်အရွဲ့တိုက်သလို အခြားမိန်းမပျိုတစ်ယောက်နှင့် အကြည်ဆိုက်နေသည်ကိုမူ မခံမရပ်နိုင်ဘဲ ပန်းရုံသည် နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ကာ ငိုတော့မည့် မျက်နှာဖြင့် စိုက်ကြည့်နေမိလေသည်။

'ဟိုမှာ... ကိုကို ဝယ်သူတွေ လာနေပြီ' ဟု မိန်းမပျိုက အရင်မြင်၍ လက်ကို ရုပ်သိမ်းလိုက်မှ တင်ထူးလည်း ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ ပန်းရုံအား မမျှော်လင့်ဘဲနှင့် တွေ့ရလျှင် ကြက်သေ သေသွားလေသည်။

'ဟင်... ပန်းရုံ ပန်းရုံ' ဟု တကြော်ကြော် ခေါ်သေးသော်လည်း ပန်းရုံသည် စိတ်နာသွားပြီဖြစ်ရာ တစ်ချက်မျှ လှည့်မကြည့်ဘဲ ဆိုက်ကားပေါ် ပြန်၍တက်ကာ ထွက်ခဲ့လေသည်။

လှလှတို့ ညီအစ်မတွင် ပန်းရုံ ထွက်လာသဖြင့်သာ လိုက်လာခဲ့ရာ အကြောင်းစုံကို ဘာမျှ နားမလည်ကြရကား–

'ဘယ်လိုဖြစ်တာလဲ မပန်းရုံရယ်၊ တွေ့ချင်လို့ရှာ၊ ရှာလို့ တွေ့ပြန်တော့လည်း ဘာလုပ်မဝင်ဘဲ လှည့်ပြန်ရတာလဲ'

'ဟုတ်တယ် ပန်းရုံ၊ ထွက်လာတော့ ဟိုလူက ပြေးထွက်လာပြီး အော်ခေါ်သေးတယ်'

'ပန်းရုံကို သနားကြရင် မမေးကြပါနဲ့ လှတို့ရယ်...' ဟု ပြော၍ ပန်းရုံသည် ရှိုက်ကြီးတငင်ငင် ဖြစ်နေလေရာ ညီအစ်မနှစ်ယောက်လည်း အလိုက်သိစွာနှင့်ပင် ဆိတ်ငြိမ်နေလိုက်ရလေသည်။

(အမရပူရ) တောင်မြို့ဆိပ်သို့ ရောက်လျှင် ဆိုက်ကားသမားများအား လှလှက ငွေထုတ်ပေး၍ သုံးယောက်သား ငှက်ကလေးဖြင့် စစ်ကိုင်းတောင်ရိုးဘက် ကူးခဲ့ကြလေသည်။

ဣစ္ဆာသယချောင် ဇရပ်သို့ ပြန်ရောက်လျှင် ဒေါ်လှသည် စာရွက်တစ်ရွက်ကို ကိုင်ကာ မျက်စိမျက်နှာ ပျက်ပျက်နှင့် စောင့်နေရာမှ–

'ပန်းရုံရေ... ညည်းဒေါ်ဒေါ် ဆုံးလို့တဲ့၊ ခုပဲ အေးအေးတို့ဆီက သံကြိုး လာတယ်' ဟု ဆီး၍ ပြောလေရာ တင်ထူးအတွက် တစ်လမ်းလုံး ငိုလာသော ပန်းရုံတွင် အဒေါ်ဆုံးကြောင်း သိရပြန်လျှင် အဘယ်မျှပင် မိမိ

ကို မချစ်သော အဒေါ် ဖြစ်စေကာမူ ကိုယ့်ဆွေ ကိုယ့်မျိုးထဲမှ အဒေါ် တစ်ယောက် ဆုံးသည်ကို ဝမ်းနည်းနည်းနှင့် မျက်ရည်အရွဲသား ဖြစ်ရပြန် တော့သည်။

'သေတဲ့လူလည်း သေပြီးမှ ငိုနေလို့လည်း မထူးပါဘူး၊ တရားနဲ့သာ ဖြေပါတော့ ပန်းရုံရယ်၊ ကဲ... ဟိုမှာလည်း အေးအေးတို့နှစ်ယောက်ထဲ မျက်နှာငယ်နေမယ်။ ဒီနေ့ပဲ မန္တလေးကို ကူးကြပြီး ရန်ကုန်ပြန်ကြရအောင်။ သိမ်းစရာရှိတာ သိမ်းပေတော့'

အဝတ်အစား ပစ္စည်းများကို သိမ်းဆည်းပြီးနောက် လှလှတို့သားအမိ အား နှုတ်ဆက်၍ စစ်ကိုင်းတောင်ရိုးမှ ထွက်လာခဲ့ကြရာ လှလှတို့လည်း လှေဆိပ်အထိ လိုက်ပို့၍ ဝမ်းနည်းစွာဖြင့် လက်တပြပြ ကျန်ရစ်ခဲ့လေ တော့သည်။

ရန်ကုန်မှ လာကြစဉ် တည်းခိုသောအိမ်တွင် တစ်ညအိပ်ပြီး နောက် တစ်နေ့မှ ရထားစီး၍ ထွက်ခဲ့ကြရာ လမ်းတွင် တစ်ညအိပ်၍ နောက်တစ်ရက် ညနေ၌ ရန်ကုန်သို့ ရောက်ကြလေသည်။

သို့ရာတွင် မသာမှာ သင်္ဂြိုဟ်၍ ပြီးစီးနေသဖြင့် လေးလေးနှင့် အေးအေးတို့ ညီအစ်မသည် ဒေါ်လှတို့ အိမ်တွင်းသို့ ဝင်လာလျှင် သောသော ညံအောင် ဆီးငိုကြတော့ရာ ပန်းရုံပါ မနေနိုင်ဘဲ ရောငိုမိလေ၏။

'ကဲ... ငိုနေလို့ မပြီးသေးဘူး၊ ရက်လည်ဆွမ်းသွတ်ဖို့ ကိစ္စအတွက် စီစဉ်ရအောင်၊ မောင်ဘကင်း တစ်ယောက်ကော'

'ခုနကလေးတင် အိမ်ခဏပြန်သွားတယ် ကြီးကြီး'

ဘကင်း ပြန်အလာကို စောင့်ရင်း ဘယ်ကျောင်းမှ သံဃာ ဘယ်နှ ပါး ပင့်ဖိတ်၍ မည်သို့စီမံမည်ကို တိုင်ပင်နေကြပြီး ဘကင်း ပြန်ရောက် လာလျှင်–

'ကဲ... မောင်ဘကင်း ဘုန်းကြီးတွေကို လိုက်ပင့်ပြီး ပန်းကန် အိုးခွက် တွေပါ တစ်ခါတည်း ငှားခဲ့။ တို့ ဈေးသွားပြီး ဝယ်ခြမ်းစရာရှိတာ ဝယ်မယ်' ဟု တာဝန်ခွဲဝေပေးလိုက်၍ အေးအေးနှင့်အတူ ထွက်သွားရာ အိမ်တွင် လေးလေးနှင့် ပန်းရုံသာလျှင် ဧည့်သည်များနှင့် ကျန်ရစ်ခဲ့လေသည်။

'ပန်းရုံ၊ ဟိုမှာ နေခဲ့တာ ပျော်ရဲ့လား'

'ပျော်သင့်သလောက်တော့ ပျော်ခဲ့တယ် မမလေး'

'ဘယ့်နှယ် ကိုတင်ထူးနဲ့ မတွေ့ခဲ့လို့လား'

'တွေ့ခဲ့သားပဲ' ပန်းရုံက စိတ်မပါတပါနှင့် ပြောလိုက်လျှင်–

'ဟင်... တွေ့ခဲ့ရက်သားနဲ့ ဘယ့်နှယ် မပျော်ခဲ့ရဖူးလို့။ ပြောစမ်းပါဦး မမလေးကို၊ ဘာတွေများ ဖြစ်ခဲ့ကြလို့လဲ၊ စကားများခဲ့လို့လား'

'မများပါဘူး မမလေးရယ်'

'နို့... ဘယ်လို ဖြစ်လာလို့လဲ'

'ရွှေမန်းသူ အလှနဲ့တွေ့တော့ ပန်းရုံကို မေ့သွားပြီ မမလေးရဲ့'ဟု ပြောရင်း ပန်းရုံသည် ဣန္ဒြေမဆည်နိုင်ဘဲ လေးလေး ရင်ခွင်တွင်းသို့ ပြေးဝင်ကာ ရှိုက်ငင်လေရာ လေးလေးမှာ ခေါင်းကလေးကို ယုယစွာ ပွတ်သပ်ပေးရင်းက သူပါ ဝမ်းနည်းလာမိလေသည်။ ငိုရင်းငိုရင်း ပန်းရုံက မန္တလေး အဖြစ်အပျက်များကို တိုင်တန်းလေရာ လေးလေးတွင် တစ်ချိုကွယ်ရုံနှင့် တမယ်မေ့သော တင်ထူးအား နုပ်နုပ်ပါအောင် စဉ်းပစ်ချင်စိတ်ပင် ပေါက်လာလေသည်။

သို့နှင့် အသီးသီး အသက အသက နံရံကို မှီ၍ ကြမ်းပြင်တွင် ထိုင်ရင်း သွားလေသူ ဒေါ်မြအတွက် စိတ်မကောင်း၍မဆုံး ဖြစ်နေရာက ရက်လည်ဆွမ်းလည်း သွတ်ပြီးခဲ့လျက် နှစ်ရက်ပင် လွန်မြောက်ခဲ့လေသည်။

'ကဲ... ကြီးကြီး၊ ဒေါ်ဒေါ်လည်း မရှိတော့ ကြီးကြီးပဲ လူငယ်တွေကို အုပ်ထိန်းရတော့မယ်။ အဲဒီတော့ ဒီအိမ်ကြီးကို ရောင်းချင်ရောင်း၊ ဒါမှမဟုတ်ရင် လူငှားတင်ထားပြီး အားလုံး တစုတရုံးတည်း ကျွန်တော့် တိုက် လိုက်နေကြရင် မကောင်းဘူးလား'

'ကောင်းတော့ ကောင်းသားပဲ၊ ဒါပေမဲ့ ကလေးတွေ မေးကြည့်ဦးမှ။ ဟဲ့... ပန်းရုံနဲ့ အေးအေး၊ မောင်ဘကင်းက သူ့တိုက် လိုက်နေဖို့ ခေါ်နေတယ်။ ညည်းတို့ နေကြမလား'

အေးအေးနှင့် ပန်းရုံတွင် မည်သို့မျှ မဖြေတတ်ဘဲ တစ်ယောက် အရိပ်အကဲ တစ်ယောက်ကြည့်နေရာ လေးလေးက ဝင်၍–

'ဟုတ်သားပဲ၊ ညီအစ်မတစ်တွေ တစုတရုံးတည်း နေကြရင် မကောင်းဘူးလား။ အရေးဟဲ့ဆိုရင် မပူရတော့ဘူးပေါ့'ဟု တိုက်တိုက်တွန်းတွန်း

ပြောလိုက်မှ အေးအေးနှင့် ပန်းရုံလည်း လေးလေးတို့နှင့် လိုက်နေဖို့ သဘောတူကြတော့၏။

ထိုနေ့တွင်ပင် ပစ္စည်းများ သိမ်းဆည်း၍ ဘကင်းတို့ တိုက်သို့ ပြောင်းရွှေ့သွားကြလေသည်။ ဘကင်းတို့တိုက်ကြီးမှာ ဆောက်လုပ်ပြီးစီးသည်မှာ မကြာသေးသဖြင့် ဟိန်းနေအောင် ခမ်းနားလှသည့်ပြင် အိမ်ထောင်ပရိဘောဂများကို အရောင် တဖိတ်ဖိတ်နှင့် တွေ့ရလေသည်။

ဧည့်ခန်းနှစ်ဖက် နှစ်ချက်တွင် အခန်းကြီးများရှိ၍ အခန်းတစ်ခန်းလျှင် အခန်းကလေး နှစ်ခန်းစီ ဖွဲ့ထားသည်၊ ထိုအခန်းများ နောက်ဘက်တွင်ကား ထမင်းစားခန်း၊ ရေချိုးခန်း၊ အစေခံများနေသော အခန်းများနှင့် မီးဖိုခန်းများရှိ၍ နောက်ဖေးတံခါးကို ဖွင့်လိုက်လျှင် စိမ်းလန်းစိုပြည်သော ခြံ၏ ရှုမျှော်ခင်းများအား တွေ့ရပေမည်။

တိုက်ခန်းမှာ ကြီးကျယ်သလောက် ဓာတ်မီးပွင့်များမှာလည်း အိမ်ရှေ့ ဆင်ဝင်မှစ၍ နေရာလပ်မရှိအောင် တပ်ဆင်ထားလေသည်။ တစ်အိမ်လုံး၏ ကျက်သရေကား နံရံကိုမှီ၍ထားသော ဂျာမန်လုပ် စန္ဒရားအသစ်စက်စက်ကြီးပင် ဖြစ်တော့သည်။ သို့ရာတွင် တိုက်ကြီးမှာ အပေါ်ထပ်မရှိဘဲ အောက်ထပ် တစ်ထပ်တည်းသာ ရှိလေရာ ပန်းရုံနှင့် အေးအေးမှာ ထမင်းစားခန်းနှင့် ကပ်လျက် အခန်းလွတ်တွင် နေရ၍ ဒေါ်လှမှာမူ ခေါင်းရင်းခန်းတွင် နေရလေသည်။ မျက်နှာချင်းဆိုင်မှ အခန်းတွင်ကား ဘကင်းတို့လင်မယားနှင့် ကပ်လျက် အခန်း၌ ဘကင်း၏ညီ ဘရှင်း နေလေသည်။

'ကဲ... ကြီးကြီး ခြံထဲ ဆင်းကြည့်စမ်းပါဦး'

ဘကင်းက ခေါ်သဖြင့် ဒေါ်လှနှင့်တကွ ပန်းရုံ၊ အေးအေး၊ လေးလေးတို့လည်း ခြံတွင်းသို့ ထွက်လာခဲ့ကြရာ မွှေးကြိုင်သော ပန်းရနံ့တို့သည် နှာခေါင်းတွင်းသို့ တိုးဝင်လာကြလေသည်။

ခြံကြီးမှာ ပုဏ္ဏရိက်ပင်များကို ညီအောင်ညှိ၍ ခြံစည်းရိုး ပြုလုပ်ထားလျက် မော်တော်ကား ဝင်ထွက်ရာ အပေါက်ဝများတွင် ဖန်မီးလုံးကြီးများ တပ်ဆင်ထားလေသည်။ မော်တော်ကားလမ်းမှာလည်း မြေနီများခင်းထား၍ နှစ်ဖက်နှစ်ချက်တွင် အုတ်ခဲကလေးများကို အစီအရီ မြှုပ်စိုက်ထားလေသည်။ ခြံတစ်ခြံလုံး နှင်းဆီ၊ စံပယ်၊ သရဖီ၊ ကုံကော်ပန်း မျိုးစုံ

အောင် စိုက်ပျိုးထားရာ ပန်းပေါ်ချိန်တွင် ဝေနေအောင် ပန်ထားသော တော အပျိုကလေးကဲ့သို့ ရှိတော့သည်။ ခြံ၏အလယ်တွင်လည်း အလိုလို ရေပန်း ဖွား လွှတ်နေသော ရေကန်အဝိုင်းကလေးရှိ၍ ရေပန်းဖွားကို ဗဟိုထားကာ ပတ်လည်တွင် ညနေခင်း လေညင်းခံရန် နှစ်ယောက်ထိုင် အုတ်ခုံကလေး များ လုပ်ထားလိုက်သေးသည်။

'မသာယာဘူးလား ပန်းရုံ' ဟု လေးလေးက အနားမှ ပန်းရုံကို မေးလိုက်ရာ–

'ဟုတ်ကဲ့ မမလေး' ဟု ပန်းရုံက ဖြေလိုက်ရသည့်တိုင် ခြံကြီးသည် မည်မျှလောက်ပင် သာယာ၍ တိုက်ကြီးမှာ အဘယ်မျှလောက်ပင် ပျော်စရာ ကောင်းသော်လည်း သူ့အဖို့ကား မသာယာနိုင်၊ မပျော်နိုင်။ မိမိ ချစ်သလောက် ပြန်မချစ်သော တင်ထူးအတွက်သာ စိတ်တွင်း၌ ရေဝေးပန်းအလား ညှိုးညှိုး ခွေခွေကလေး ရှိရှာတော့သည်။

တစ်နေ့နံနက် အစောကြီး မကြီးခင်တို့အိမ်တွင် တွေ့ကြစဉ် တင်ထူး က "ဟိုတွေ့စကတည်းက ပန်းရုံဟာ ရာသက်ပန်အဖော်ပဲလို့ ပိုင်းဖြတ်ပြီး သားပါ။ မပြောဝံ့၊ မစဝံ့တာနဲ့ အောင့်အည်းနေရတာပါ မပန်းရုံရယ်"ဟု ပြော၍ ချစ်သော့ကို အတင်းဖွင့်ခံရပုံ။

တစ်ညနေ ဆေးလိပ်ခုံမှအပြန် ကိုသိန်း လှဲနေကျ ပက်လက်ကုလား ထိုင်ပေါ် လှဲနေစဉ် တင်ထူး ဗြုန်းခနဲ ရောက်လာ၍ နဖူးတွေ့၊ ဒူးတွေ့ မကြုံဖူးသဖြင့် တစ်ကိုယ်လုံး တုန်၊ တစ်ရင်လုံး ခုန်နေရာ–

"မနက်က ကိုတင်ထူး ပြုမူမိတာကို စိတ်ဆိုးနေတယ်ပေါ့လေ"ဟု ပြောရင်းက မေးကို ကိုင်မော့၍ အမွေးခံရပုံနှင့် တစ်ဦးနှင့်တစ်ဦး ကြင်နာ ယုယ မကြီးခင်တို့အိမ်တွင် တွေ့ဆုံရတိုင်း ချစ်ရေးဖွဲ့ခဲ့ကြသည်များကို တသီတတန်းကြီး ပြန်လည်တွေးမိကာ ဝမ်းနည်းလာမိတော့သည်။

'ကဲ... နေပူလှသဟယ်... လာကြဟေ့၊ တိုက်ထဲ ပြန်ဝင်ကြစို့' ဟု ဒေါ်လှက ပြော၍ ရှေ့မှထွက်သွားရာ ခြံတွင်း၌ လှည့်ပတ်ကြည့်ရှု နေသူများလည်း တိုက်ဆီသို့ ထွက်လာကြလေသည်။

'မောင်ဘကင်း၊ မင်းညီတစ်ယောက်ကော မမြင်ပါလား'

ဧည့်ခန်းတွင် ထိုင်မိကြလျှင် ဒေါ်လှက ဘကင်း၏ညီ ဘရှင်းအား မတွေ့ရသဖြင့် မေးလိုက်ရာ–

'ဘရှင်းလား… အပြင် ခဏသွားတယ် ကြီးကြီး'

ထိုနောက် အစေခံများသည် လိမ္မော်ရည်များ ဖျော်၍ ယူလာရာ–

'သောက်ကြပါ… သောက်ကြပါ' ဟု ပြော၍ ဘကင်းက အသီးသီး ရှေ့တွင် ဖန်ခွက်များ ချပေးပြီး သူကိုယ်တိုင် စတင်သောက်စပြုလျှင် အားလုံး လည်း ယူသောက်နေကြလေသည်။

ညနေစောင်းလောက်တွင် ခြံအတွင်းသို့ မော်တော်ဆိုင်ကယ်တစ်စီး ဝင်လာကာ ဆင်ဝင်အောက်တွင် စက်သတ်၊ ဒေါက်ထောက် ရပ်ထားပြီး အသက်နှစ်ဆယ်ကျော် ဗလကောင်းကောင်း ရုပ်ဖြောင့်ဖြောင့် လူရွယ် တစ်ယောက် ဝင်လာလေသည်။ လူရွယ်သည် ဧည့်ခန်း၌ ထိုင်နေသူများကို တွေ့ရလျှင် ရုတ်တရက် ခြေလှမ်းများ တန့်သွားစဉ်–

'ပြန်လာခဲ့ပလားဟေ့ ဘရှင်း၊ လာပါဦးကွယ့်၊ ဟောဒီက ကြီးကြီး တို့က မင်းပြန်မလာသေးလို့ စောင့်နေကြတယ်' ဟု ဘကင်းက လှမ်းခေါ် လိုက်မှ မလှမ်းချင် လှမ်းချင်နှင့် ကပ်လာသော်လည်း နေရာလွတ်တွင် ဝင်မထိုင်ဘဲ မတ်တတ်ရပ်နေမိလေသည်။

"ကျွန်တော့်ညီက လူတစ်မျိုး၊ မိန်းကလေးတွေနဲ့ စကားပြောရမှာ ကျားနဲ့ တွေ့ရတာကမှ သူ့အဖို့ သက်သာသလိုပဲ" ဟူသော အိမ်လာလည် စဉ်က ဘကင်းပြောသော စကားကို အမှတ်ရကာ အေးအေးတွင် ဘရှင်း အား ပြုံးစိစိနှင့် ကြည့်နေသော်လည်း ပန်းရုံမှာမူ "သြော်… သူ့ခမျာ ငါ့လိုပဲ သူ့ရည်းစားကို ချစ်သလောက် ရည်းစားက သစ္စာဖောက်ခံရရှာတယ်" ဟု မိမိအဖြစ်နှင့် နှိုင်းကာ ကရုဏာဝေသော မျက်လုံးများဖြင့် လှမ်းကြည့်နေ မိလေသည်။

'ကြီးကြီး၊ ဟောဒါပဲ… ကျွန်တော့်ညီ ဘရှင်းလေ'

'သြော်… ဟုတ်လား'

'ဘရှင်း၊ ဟောဒါ လေးလေးရဲ့ ကြီးကြီး၊ ဟိုဘက်က လေးလေး အစ်မ အေးအေးနဲ့ လေးလေးညီမ မပန်းရုံ'

ဘကင်းက အားလုံးနှင့် မိတ်ဆက်ပေးရာ ဘရှင်းသည် ဒေါ်လှအား ပြုံးပြနိုင်သော်လည်း အေးအေးနှင့် ပန်းရုံတို့ အလှည့်တွင်မူ ရှုတည်တည် ကြီးနှင့် နေလိုက်လေသည်။

'ကဲ... အဝတ်အစားလေး ဘာလေး သွားလဲချင်လဲတော့' ဟု ဘကင်းက ညီဖြစ်သူ၏ အကြောင်းကို သိသည့်အတိုင်း အလိုက်သိစွာဖြင့် ပြောလိုက်မှ ဘရှင်းလည်း မည်သူ့အားမှ ဂရုမစိုက်ဘဲ သူ့အခန်းသို့ ဝင်ရောက်သွားလေတော့သည်။

## [ ၁၀ ]

## ဒုတိယမွှ ရွှေနဂိုး

စားပြီးအိပ်၊ အိပ်ပြီးစား၊ ညနေတွင် ခြံထဲဆင်း၍ လေညင်းခံပြီး တစ်ခါတစ်ရံ လေးလေးက ခေါ်သဖြင့် မြို့ထဲသို့ လိုက်၍ လည်ပတ်ချင် လည်ပတ်၊ သို့မဟုတ် ရုပ်ရှင်ဝင်ကြည့်ခြင်းဖြင့် အချိန်တို့သည် ကုန်မှန်းမသိ ကုန်ကာ သီတာလမ်းဘက်မှ ဘကင်းတို့တိုက်သို့ ပြောင်းရွှေ့လာကြသည်မှာ ရက်နှစ်ဆယ်ပင် ပြည့်ခဲ့တော့သည်။

ပန်းရုံသည် တင်ထူးအကြောင်းကို မေ့နိုင်သလောက် မေ့ထားလိုက်မည်ဟု စိတ်တင်းပါသော်လည်း "အချစ်ဦးကို ဘယ်တော့မှ မမေ့ဘူး" ဟူသော စကားအတိုင်း ချစ်ဦးသူ ဖြစ်သဖြင့် တင်ထူးက အဘယ်မျှပင် ရက်စက်စိမ်းကား ချစ်သစ္စာ မတည်ငြားသော်လည်း မိမိမှာ သူပျိုးသွားခဲ့သော အချစ်ပင်ကို ထိန်းသိမ်းထားရင်း နေ့စဉ်နှင့်အမျှ သတိတရ ရှိနေရှာလေသည်။

နယ်လီသည် သူ အသေအလဲချစ်သလောက် မချစ်ဘဲ အခြားသူနှင့် ယူသွားရမလားဟု နယ်လီတစ်ယောက်အတွက်နှင့် မိန်းမတိုင်းကို ဝါးလုံးရှည်နှင့် သိမ်းကျုံး မုန်းတီးနေသော ဘရှင်းမှာလည်း ပန်းရုံ၏ သနားဖွယ်ရာ မျက်နှာညှိုးကလေးနှင့် ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်များတွင် လာရောက်ခေါ်တတ်၍ လျှပ်ပေါ်လော်လည်ခြင်း မရှိဘဲ ရိုးရိုးကလေးနှင့် ယဉ်ကျေးစွာရှိသော ပန်းရုံကလေးကြောင့် ရှေးကလောက် ခပ်ဖယ်ဖယ် မနေဘဲ ရောရာဝင်ဝင် လုပ်လာလေတော့သည်။

ဘယ်တော့မှ သူတစ်ထူးအပေါ် စိတ်ကောင်းမမွေးချင်သော အေးအေးမှာလည်း ကိုယ့်ညီမအိမ်ပဲဟူသော မာနနှင့် နေရာတကာ စွာကျယ် စွာကျယ်

ပါတတ်သည့်အပြင် ရုပ်ဖြောင့်လူချော ဘရှင်းလို လူတစ်ယောက်ကို မိမိအဖို့ လင်လုပ်ရ၍ မနစ်နာဟူသော သဘောဖြင့် အခွင့်ကြုံတိုင်း ပွတ်သီးပွတ်သပ်နှင့် ရိုးတိုးရိပ်တိပ် လုပ်တတ်လေရာ၊ ဘရှင်းက ရိပ်မိသော်လည်း မသိယောင်ဆောင်ကာ အကြောင်းရှာ ထသွားရသည်မှာ အခါပေါင်း မနည်းလှပေ။

'ကိုဘရှင်း စန္ဒရားမတီးတာ အတော်ကြာသွားပြီ၊ ဟောဒီက ပန်းရုံလည်း နားထောင်ရအောင် တီးပြစမ်းပါ'

တစ်နေ့တွင် လေးလေးသည် ပန်းရုံနှင့်အတူ ဧည့်ခန်း၌ ထိုင်နေရာမှ ပြောလိုက်ရာ ဘရှင်းလည်း ငြင်းမနေဘဲ စန္ဒရားဆီသို့ သွားကာ ခုံတွင် ဝင်ထိုင်လိုက်ပြီး၊ စန္ဒရားအဖုံးကို ဖွင့်လိုက်လျက် လက်ချောင်းကလေးများကို ခလုတ်များပေါ်သို့ တင်လိုက်ကာ အသံစမ်းနေရာမှ–

'ဘာသီချင်း နားထောင်ကြမလဲ' ဟု ဘရှင်းသည် လေးလေးတို့ဘက် လှည့်၍ မေးလိုက်လေသည်။

'ကိုဘရှင်း တီးချင်တဲ့သီချင်း တီးလေ၊ ဒါပေမဲ့ အဆိုရော အတီးရော နော်'

'*စက်လည်းမရှင်... ကျမျက်ရည် တွေတွေကျဆင်း... ငွေနှင်းလည်သို့သွင်*' ဘရှင်း၏ အောင်မြင်သော သီဆိုသံသည် စန္ဒရားသံနှင့် ရောထွေး၍ ငြိမ့်အေးစွာ ပေါ်ထွက်လာရာ တစ်ခန်းလုံး ငြိမ်သက်နေမိကြလေသည်။ ဘရှင်း၏လက်သံနှင့် သီချင်းသံသည် မဆို၊ မတီးသည်မှာ ပန်းရုံတို့ ရောက်လာကတည်းက ဖြစ်သော်လည်း အခါတိုင်းထက် ထူးထူးခြားခြား ပိုင်လှ၊ မြိုင်လှလေသည်။

*'တို့ကာ ဝင်္ဂတင်... မယ်မြင်လှည့်လေး... ဆိုယောင်မှိုင်မိသေး... ရိပ်ပေးခါ× × မျှော်လို့ တော်ရုံပင်... မာန်ပျိုးပ... ဘိုးရွှေလ ယုန်မင်း × × ပြာလဲ့မှာ ဓာချဲ့တယ် မုန်းမာန်နှင့်တင်း...'*

ဘရှင်းသည် စန္ဒရားခလုတ်များကို နှိပ်နေရာက ပန်းရုံ မျက်နှာကို လှမ်း၍ အကဲခတ်လိုက်ရာ ပန်းရုံသည် တုန်ယင်လှိုက်လှဲစွာဖြင့် ထွက်လာသော သီချင်းသံကြောင့် မျက်ရည်လဲ့လဲ့နှင့် တွေ့ရလျှင်၊ မိမိပြောလိုက်သောပုံပြင်ဖြင့် နားထောင်သူ တစ်ဖက်သားတွင် ကြောက်သေးပါသည်ထိ ကြောက်

ဒူး တုန်သွားသည်ကို တွေ့ရသည့် တဈေထပ်ပုံပြောသူကဲ့သို့ တစ်ချက်မျှ ကျေနပ်စွာ ပြုံးလိုက်ပြီး–

*'နှင်းထုံတဲ့ ဘုံမှာကိုလဲ၊ ခင်းကြုံရနဲ၊ မယ်လဲ ကံသာသည်မှာ ရွှေကိုယ် အလိုလိုဆွေးလို့၊ ဆွေးတယ်ကို× ×ပြုံတော့မည့်နှယ်၊ ရွှေရင်ဝယ် တအုံလုံးမှာ အုံအောင် ခြိမ့်သဲသဲ။ ။ ဘယ်နတ်ကယ်တဲ့ စီမံ ပူဆွေးရပြန်'။ ။*

ပန်းရုံသည် ရှေ့ဆက်၍ ဘာတွေ ဆိုနေမှန်း မသိအောင် ဂီတ၏ ညို့ဓာတ်တွင်းသို့ လိုက်ပါသွားကာ မိမိ ချစ်သလောက် ပြန်မချစ်ဘဲ ချစ်သစ္စာဖောက်သွားသူ တင်ထူးအား သတိတရနှင့် မျက်ရည်များ စို့လာလေသည်။

'ဘယ့်နှယ်လဲ ပန်းရုံ၊ နားထောင်လို့ ကောင်းရဲ့လား' ဟု လေးလေးက မေးမှ သီချင်းလည်းဆုံး၊ စန္ဒရားသံလည်း သုဉ်းသွားမှန်းသိကာ–

'ဟုတ်ကဲ့၊ ကောင်းပါတယ်' ဟု အနိုင်နိုင် အားခဲ၍ ပြောလိုက်ရလေသည်။

'ကဲ... ကိုဘရှင်း၊ နောက်တစ်ပုဒ်လောက် တီးစမ်းပါဦး' ဟု လေးလေးက ထပ်မံ၍ ပွဲတောင်းနေစဉ် အေးအေး ရောက်လာကာ–

'ကိုဘရှင်း ချစ်ဗျူဟာ မရဘူးလား၊ အေးအေး လိုက်ဆိုမယ်လေ' ဟု စပ်စုလျှင် ဘရှင်းလည်း အမြင်ကတ်ကတ်နှင့် သီချင်းကို ရသော်လည်း မရဟု ပြောလိုက်လေသည်။

'ဒါဖြင့် သက်ဝေကော'

'မရဘူး... ဘာမှ မရဘူးဗျာ၊ ကဲ... မတီးတော့ဘူး' ဟု ပြောပြောဆိုဆို ဘရှင်းသည် စိတ်တိုတိုနှင့် စန္ဒရားအဖုံးကို ဆောင့်၍ပိတ်လိုက်ပြီး ထိုင်ရာမှ ထသွားတော့ရာ ညီအစ်မသုံးယောက်လည်း အံ့အားသင့်၍ ကျန်ရစ်ခဲ့လေတော့သည်။

ဘကင်းနှင့်တကွ ဒေါ်လှမှာ ထိုအချိန်တွင် ဈေး၌ ရောက်နေသဖြင့် ဘာမျှမသိလိုက်ကြသော်လည်း ပန်းရုံသည် အေးအေးအစား ရှက်လှသဖြင့် နေစောင်းလျှင် ပန်းခြံတွင်းသို့ ဆင်းခဲ့ကာ ပန်းပင်ကလေးများကို မြေတောင်မြှောက်ပေးနေလေသည်။

'မပန်းရုံ' ဟု နောက်မှ ဆီးခေါ်သံ ကြား၍ လှည့်ကြည့်လိုက်ရာ ဘယ်အချိန်က ရောက်နေမှန်း မသိဘဲ ဘရှင်းကို တွေ့ရလျှင် ရုတ်တရက် အံ့အားသင့်သွားမိလေသည်။

'မပန်းရုံကို နေ့ခင်းက ဧည့်ခန်းမှာ ပြုမူမိတဲ့အတွက် တောင်းပန်ရအောင် လာတာပါ'

'အို... ကိစ္စမရှိပါဘူးရှင်၊ ပန်းရုံလည်း ဘယ်လိုမှ မအောက်မေ့ပါဘူး'

'ဒါပေမဲ့ ကျွန်တော့်အပြုအမူကိုက လွန်သွားမိတယ်။ ဒီလိုဖြစ်ရတာလည်း အေးအေးကြောင့်ပါ၊ ဘယ့်နှယ်ဗျာ နေရာတကာ သူ ဝင်ပါချင်လို့ ဘယ်ဖြစ်မလဲ'

'ရှင် ဒီလိုလုပ်မဲ့အစား ပြောင်ပြောလိုက်ပါလား၊ မကြိုက်ရင် မကြိုက်တဲ့ အကြောင်းပေါ့။ ခုလိုဆိုတော့ မသိတဲ့လူက ရှင့်ကို အထင်သေးကြမှာပေါ့'

'ဘယ်သူ အထင်သေးသေး မပန်းရုံ အထင်မသေးရင် ပြီးတာပါပဲ၊ ကျွန်တော့်ကို အထင်မသေးဘူး မဟုတ်လား မပန်းရုံ'

ပန်းရုံသည် မိန်းမတစ်ယောက်ကြောင့် မိန်းမတွေကို မုန်းလှသည်ဆိုသော သူတစ်ယောက်ထံမှ သည်စကားမျိုးကို ကြားရလျှင် အံ့အားသင့်သွားမိသည်။ ထိုနောက် မသိလိုက်ဘာသာ နေလိုက်လျှင် ထွက်သွားလေမလားဟု စကားကို မဆက်ဘဲ နှင်းဆီပင်များ စိုက်ထားရာဘက်သို့ ထွက်လာခဲ့မိလေသည်။

နှင်းဆီပင်ထက်တွင် ရဲရဲနီသော အပွင့်များကို တွေ့ရ၍ ပင်ရင်းတွင်ပန်သူ မရှိသဖြင့် အချိန်တန်တော့ ပျောင်းပျော့ခွေညိုးနေသော နှင်းဆီပွင့်များကို တွေ့ရလျှင် နှမြောလှသဖြင့် နှင်းဆီပွင့်များကို ကုန်း၍ ကောက်မိလေသည်။

'ဒီက အပွင့်တွေ ပန်ပါလား မပန်းရုံ' ဟူသော အသံကြောင့် မော်ကြည့်လိုက်ရာ ဘရှင်းသည် နှင်းဆီပင်မှ နှင်းဆီပွင့်ကြီး သုံးလေးပွင့်ကို ဆွတ်ယူ၍ ပေးနေသဖြင့် ပန်းရုံလည်း ငြင်းလျှင် ရိုင်းရာကျမည်ကို စိုးရိမ်ကာ–

'ကျေးဇူးတင်ပါတယ်ရှင်' ဟု ပြော၍ နှင်းဆီပွင့်များကို လှမ်းယူလျက် တိုက်ဘက်သို့ ထွက်သွားလေရာ ဘရှင်းသည် ပန်းရုံများအကြား၌ ပန်းရုံအား တိုက်တွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိလေသည်။

သို့အားဖြင့် မိန်းမများကို စိတ်နာနာနှင့် မုန်းတီးခဲ့သော ဘရှင်းသည် ရိုးရိုးယဉ်ယဉ်နှင့် လိမ္မာရေးခြားရှိ၍ မပြုမပြင်ဘဲ ချောလှသော ပန်းရုံအပေါ်တွင် အခြားသူများထက် ပိုကာ ဂရုစိုက်မှန်းမသိ စိုက်လာလေသည်။

အချစ်သတ်လျှင် သေ၊ အချစ်ဆုံးလျှင် မုန်း၍ အချစ်ဆွယ်လျှင် ကိုယ်ပါ ပါတော့သည်ဖြစ်ရာ ဘရှင်းသည် ပန်းရုံအား ဂရုစိုက်နေရာက တစ်နေ့တွင်–

'မပန်းရုံ၊ ကျွန်တော်တော့ မပန်းရုံကို ချစ်နေပြီ' ဟု ရွှေလက်ကို ဆွဲ၍ ချစ်ရေးဆိုလေတော့သည်။

'မဖြစ်နိုင်ပါဘူး ကိုဘရှင်းရယ်'

'အို... ဘာလုပ် မဖြစ်နိုင်ရမှာလဲ၊ မပန်းရုံကသာ မေတ္တာတုံ့ပြန်စမ်းပါ။ ကျွန်တာ ကိုဘရှင်း တာဝန်ထား၊ ဘယ့်နှယ်လဲဟင်၊ ကျွန်တော့်ကို ချစ်မယ် မဟုတ်လား မပန်းရုံရယ်'

'ဖြုန်းခနဲ အဖြေပေးရမယ်ဆိုတော့ ရှင်ပဲ စဉ်းစားကြည့်လေ၊ လေးငါး ရက် လောက်တော့ အချိန်မပေးနိုင်ဘူးလား'

'အို... လေး ငါး ရက် မကဘူး၊ မပန်းရုံကသာ မငြင်းဘူးဆိုရင် ကြိုက်သလောက် အချိန်ယူ'

ပန်းရုံသည် ဝေ့လည်ကြောင်ပတ်နှင့် လုပ်၍ ထိုနေ့အဖို့ စိတ်အေးခဲ့ရသော်လည်း နောက်ရက်များမကြာမီ စိတ်ကျဉ်းကျပ်စရာ တွေ့ရတော့သည်။ ဘရှင်း၏အကြံကို သိသဖြင့် ပန်းရုံသည် တစ်ယောက်တည်း မနေဘဲ လေးလေးအနားသို့ သွား၍လည်းကောင်း၊ ဒေါ်လှအနားသို့ သွား၍လည်းကောင်း ရှောင်ရှားလာနိုင်ခဲ့သော်လည်း တစ်နေ့တွင် လေးလေးရောဒေါ်လှပါ ဈေးသို့ သွားကြသဖြင့် မရှောင်သာဘဲ ဘရှင်းနှင့် ရင်ဆိုင် တွေ့ရတော့သည်။

'ဘယ့်နှယ်လဲ မပန်းရုံ၊ ကျွန်တော့်အဖို့ မျှော်လင့်ချက် ရှိသေးသလား ဗျာ'

ဘရှင်းက လူမမာ အမဲခြောက်တောင်းသလို အနားမှ နားပူနားဆာ လုပ်လေ၊ ပန်းရုံတွင် စိတ်အိုက် စိတ်ကျဉ်းကျပ်လေလေ ဖြစ်တော့သည်။ ပန်းရုံအဖို့တွင် မိန်းကလေးများ၏ သဘာဝအတိုင်း တစ်ပင်လဲပြီး တစ်ပင် ထူသလို အလွယ်တကူ အချစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလွဲရန် မလွယ်ကူ လှရကား ချစ်ဦးသူတင်ထူး၏ မျက်နှာကိုသာ ပြေး၍ မြင်ယောင်မိလေ တော့သည်။ တင်ထူးက မိမိအပေါ် အဘယ်မျှ စိမ်းကား၍ အချစ်ပျက်ပြား စေကာမူ မိမိဝတ္တရားမှာ သူပျိုးခဲ့သော အချစ်ပင်ကို စောင့်ထိန်းမှသာ အချစ် စစ် အချစ်မှန် ရောက်ပေတော့မည်ဟု ထင်မိကာ–

'မဖြစ်နိုင်ပါဘူး ကိုဘရှင်းရယ်၊ ဒီအကြောင်းတွေ မေ့ပစ်လိုက်တာ ကောင်းပါတယ်'

'ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ မပန်းရုံရယ်၊ ဩော်... မပန်းရုံ ကျွန်တော့် ထက် ဦးနေတဲ့ ချစ်သူရှိလို့လား၊ ဒီလိုဖြင့်လည်း ကျွန်တော် ပြောမိတာတွေ ကို စိတ်မဆိုးဖို့ တောင်းပန်ပါတယ်ဗျာ။ ကဲ... ဒီနေ့ကစပြီး ကျွန်တော် စိတ်ပြောင်းလိုက်ပါတော့မယ်။ မပန်းရုံ စိတ်အေးအေးထားပြီး နေပါတော့။ တစ်ခုတော့ မှတ်ထားစေချင်တယ် မပန်းရုံ၊ သူများအချစ်ကို လုတဲ့ကောင် ဖြစ်မှာစိုးလို့သာ နောက်ဆုတ်လိုက်ရတယ်။ မပန်းရုံအပေါ်တော့ အချစ် မလျှော့ဘူးဆိုတာ ယုံပါ'

ဘရှင်းသည် အချစ်စခန်း စတင်ရာတွင် ဆန်းသလောက် ဆုံးရာ တွင်လည်း ဆန်းလှတော့သည်။ အားရအောင် ပြောပြီးသည်အဆုံး၌ မပန်းရုံ အား ရှိလေသည်မှ မအောက်မေ့ဘဲ ချာခနဲ လှည့်၍ ထွက်သွားရာ ပန်းရုံ မှာ အံ့အားသင့်လျက် ကျန်ရစ်ခဲ့တော့သည်။

ထိုနေ့မှစ၍ ဘရှင်းသည် ပြောင်းရွှေ့လာစကထက် ဆိုးဝါးကာ ပန်းရုံအား အတွေ့မခံ၊ နံနက် ကော်ဖီသောက်ရာတွင် လည်းကောင်း၊ ထမင်းစားရာတွင် လည်းကောင်း ပန်းရုံပြီးမှ ဝင်လာတတ်လေရာ ပန်းရုံက တမင်နောက်ချန်လိုက်မှ အရင်စားသောက်လျက် ပြီးသည်နှင့် သူ့အခန်းသို့ ပြန်သွားကာ တစ်နေကုန် မထွက်ဘဲ အခန်းအောင်း၍ နေတတ်လေသည်။

ညနေကျပြန်လျှင်ကား မော်တော်ဆိုင်ကယ် တစ်စင်းနှင့် ထွက်သွားကာ ညဥ့်အတော်နက်မှ ပြန်လာတတ်လေသည်။

ခါတိုင်းနေ့များတွင် ပန်းရုံသည် အမှုမဲ့ အမှတ်မဲ့ ဖြစ်၍ မသိလိုက်သော်လည်း တစ်ညသ၌ လေးလေးနှင့်အတူ ဘရှင်းပြန်အလာကို စောင့်မိမှ မိမိတစ်ယောက်ကြောင့် ဘရှင်း မည်သို့ဖြစ်နေမှန်း သိရှိလေတော့သည်။

အားလုံး အိပ်ရာသို့ ဝင်ရောက် အိပ်ပျော်နေကြသော်လည်း ပန်းရုံတို့ နှစ်ယောက်မှာ မအိပ်ပျော်နိုင်ကြသေးဘဲ ဧည့်ခန်းတွင် အစေခံများနှင့် စကားပြောရင်း ဘရှင်း ပြန်အလာကို စောင့်နေမိလေသည်။

တိုင်ကပ်နာရီမှ ၁၂ နာရီထိုးသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းပင် ခြံတွင်းသို့ မော်တော်ဆိုင်ကယ်တစ်စီး ဝင်လာသံကို ကြားရလျှင် ပန်းရုံသည်–

'ဟော... ပြန်လာပြီ၊ ပြန်လာပြီ'

ညစဉ် တံခါးစောင့်၍ ဖွင့်ရသော ထမင်းချက် ဦးသိန်းဖုံကြီးလည်း သွားရောက်၍ တံခါးဖွင့်ပေးလိုက်ရာ ဘရှင်းသည် မော်တော်ဆိုင်ကယ်ကို ဦးသိန်းဖုံထံ အပ်ခဲ့လျက် အိမ်တွင်းသို့ ဝင်လာလေသည်။ ဘရှင်း၏ မျက်နှာသည် ရဲရဲနီ၍ တစ်ကိုယ်လုံးလည်း အရက်စော် နံနေလေသည်။

'ဟင်... ကိုဘရှင်း၊ လက်စသတ်တော့ ရှင် အရက်တွေ ပြန်သောက်နေပါလား' ဟု လေးလေးက ဆီး၍ ပြောလိုက်သော်လည်း–

'ဟဲ... ဟဲ ထမင်းစား မြိန်ရုံလေး သောက်တာပါ မမလေးရဲ့'

လေးလေးသည် 'ဦးသိန်းဖုံ... ဦးသိန်းဖုံ' ဟု တကြော်ကြော် အော်ခေါ်လိုက်ရာ မော်တော်ဆိုင်ကယ်ကို နေသားတကျ ထားနေရာက ထမင်းချက် အဘိုးကြီးသည် ပျာယီးပျာယာနှင့် ရောက်လာလေသည်။

'ဟင်... သိပ်တော်တယ် ဦးသိန်းဖုံ၊ ရှင်လည်း တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့လေ'

'ပေးချင်တဲ့အပြစ် ပေးပါ သခင်မရယ်၊ ဆရာကလေးက ပြောရင် သတ်ပစ်မယ် ဆိုလို့ပါ'

ထားရာက နေရမည်ဖြစ်သော အစေခံကို ကြိမ်းနေ၍ ထူးမည် မဟုတ်ရကား–

'ကဲ... ကဲ သူ့အိပ်ရာထဲ လိုက်သိပ်ပေးလိုက်' ဟု ပြောလိုက်လျှင် ဦးသိန်းဖုံလည်း ဒယီးဒယိုင် ကိုယ်မဟန်နိုင် ဖြစ်နေသော ဘရှင်းအား တွဲယူ ခေါ်သွားလေတော့သည်။

'အရင်တလောက နယ်လီကြောင့် အရက်သောက်လို့ ပြတ်သွားတာ မကြာသေးဘူးတဲ့၊ ခု ဘာများ စိတ်ညစ်လို့ ပြန်သောက်ရပြန်တာလဲ မသိပါဘူး ပန်းရုံရယ်။ ကဲ... ကဲ ညဉ့်လည်းနက်လှပြီ၊ ပန်းရုံလည်း အိပ်တော့' ဟု လေးလေးက ပြော၍ သူ့အခန်းသို့ ဝင်သွားလျှင် ပန်းရုံသည် သူ့အခန်းသို့ ထွက်လာခဲ့လေသည်။ မျက်နှာချင်းဆိုင်အခန်းသို့ ကြည့်လိုက်ရာ မှုံးမှုံးနှင့် မြင်မကောင်း ရှုမကောင်း ခုတင်တစောင်း အိပ်မောကျနေသော ဘရှင်းအား တွေ့ရလျှင်–

"အရင်တလောက နယ်လီကြောင့် အရက်သောက်လို့ ပြတ်သွားတာ မကြာသေးဘူးတဲ့။ ခု ဘာများ စိတ်ညစ်လို့ ပြန်သောက်ရတာလဲ မသိပါဘူး"ဟု စောစောက လေးလေး ပြောသွားသော စကားများကို ကြားယောင်ရင်း ဘရှင်း စိတ်ညစ်၍ အရက်သောက်သည်မှာ မိမိ၏ ပယောဂ မကင်းဟု တွေးကာ စိတ်မကောင်း ဖြစ်သွားလေသည်။

သို့ရာတွင် ဘရှင်းအား အရက်ပြတ်စေရန်မှာ သူ့အချစ်ကို လက်ခံမှ ဖြစ်မည်။ သို့သော် တင်ထူးအပေါ်တွင် ချစ်ခဲ့သော အချစ်ကို ဖြိုဖျက်၍ ဘရှင်းနှင့် အချစ်သစ် မဆောက်တည်နိုင်ပြန်သဖြင့် ဆုပ်လည်း စူး၊ စားလည်း ရူးသာ ဖြစ်နေသောကြောင့် ဘရှင်းအပေါ် သနားရုံသာ သနားနိုင်တော့သည်။

ဘရှင်းမှာလည်း စိတ်ညစ်ညစ်နှင့် အရက်ကိုချည်း ဖိသောက်နေလေရာ ကြာလျှင် ရောဂါစွဲမည်ကိုပင် စိုးရလေသည်။ ထို့ထက် မော်တော်ဆိုင်ကယ် စီးနင်းသွားလာလေ့ရှိသူဖြစ်ရာ တစ်နေ့တွင် ယာဉ်တိုက်မှုပေါင်း ၁၀ မှုထက်မနည်း ဖြစ်နေသော ရန်ကုန်မြို့ကြီး၌ တစ်နေ့နေ့ တိုက်ခိုက်မိမည်ကိုပင် စိုးရိမ်ရလေသည်။

တစ်နေ့သော နံနက်ခင်းတွင် ပန်းရုံသည် အညောင်းလည်းပြေ၊ လေညင်းလည်းခံရင်း ပန်းရုံနံဘေး လူသွားလမ်းကလေးအတိုင်း ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိလေ၏။

တစ်အိမ်လုံး၌ အစေခံများနှင့် မိမိသာရှိ၍ အေးအေး၊ လေးလေးနှင့် ဒေါ်လှတို့မှာ ဘုရားသို့ သွားနေလျက် ဘကင်းမှာမူ ဈေးမှ ပြန်မလာကြ သေးပေ။ ဘရှင်းလည်း နေ့လယ်ကတည်းက မော်တော်ဆိုင်ကယ်တစ်စီး ဖြင့် ထွက်သွားလေသည်။

နေဝင်ရီတရော အချိန်လောက်တွင် တဖုတ်ဖုတ်နှင့် မော်တော် ဆိုင်ကယ်သံ တစ်သံသည် အဝေးကြီးမှ ထွက်ပေါ်လာရာ ထိုအသံသည် ဘရှင်း စီးထားနေကျ မော်တော်ဆိုင်ကယ်မှန်း သိရ၍၊ ဘရှင်း စောစော မပြန်စဖူး ပြန်လာသဖြင့် အရက်မသောက်ဖို့ ပြောရန် အခွင့်ကြုံလေပြီဟု ဝမ်းသာအားရနှင့် ဘရှင်း အလာကို စောင့်မျှော်နေမိလေသည်။

ခပ်ဝေးဝေးတွင် ဘရှင်း၏ မော်တော်ဆိုင်ကယ်သည် ညနေအလုပ် ပြန် မော်တော်ကားများကို တော်တော်နှင့် ကျော်မတက်နိုင်ဘဲ ကားဘေးမှ မှေး၍ မောင်းလာလေသည်။ စစ်ဘက်မှ ဂျစ်ကားတစ်စီးသည် ခြံဝသို့ အရောက်တွင် တိမ်းပေးသလိုနှင့် ရှေ့ဆက်အမောင်း၊ ဘရှင်းကလည်း နံဘေး မှ ပန်းတက်၍ ခြံထဲသို့ ကွေ့အဝင်၊ မရှောင်သာဘဲ တိုက်မိသဖြင့် 'အမယ် လေး သေပါပြီ' ဟု အော်ရင်း ပန်းရုံတွင် မကြည့်ဝံ့သဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိလေသည်။

မျက်နှာကို လက်ဝါးမှ ခွာ၍ မော့ကြည့်လိုက်သော အချိန်တွင် လမ်းမထောင့်၌ လူအများ စုအုံနေသည်ကို တွေ့ရသဖြင့် ပန်းရုံသည် ဘာမျှ စဉ်းစားမနေနိုင်ဘဲ ပြေးထွက်လာခဲ့မိလေသည်။

'တော်သေးရဲ့... တော်သေးရဲ့၊ ခေါင်းနဲ့လက်ပဲ ပြဲသွားတယ်'

ပန်းရုံသည် လူများကို တိုးဖေ့ကာ ရောက်သွားရာ ဘရှင်းသည် လဲကျနေသော မော်တော်ဆိုင်ကယ်ဘေး၌ သွေးအလိမ်းလိမ်းနှင့် ထ ထိုင်နေ သည်ကို တွေ့ရလျှင်–

'ကိုဘရှင်း ကိုဘရှင်း၊ ဘယ်ထိသွားသလဲဟင်' ဟု ထိတ်ထိတ် ပျာပျာနှင့် မေးလိုက်လေသည်။

'ခေါင်းနဲ့ လက်ပဲ ထိသွားတယ်' ဟု ဘရှင်းက ဂရုမစိုက်သလို ထိုင်ရာမှ ထရင်း ပြောလိုက်ရာ သွေးထွက်လွန်နေသဖြင့် မိုက်ခနဲ ယိမ်း ယိုင် သွားရာ ပန်းရုံလည်း ကပျာကယာ ဝင်တွဲရင်း–

'တစ်ဆိတ်ရှင် ဟိုတိုက်ထဲကို လိုက်ပို့စမ်းပါ' ဟု ဝိုင်းအုံကြည့်နေသူ တစ်ယောက်ကို အကူအညီတောင်း၍ ဘရှင်းအား တိုက်တွင်းသို့ တွဲ၍ ခေါ်ခဲ့လေသည်။

အစေခံများလည်း သွေးသံရဲရဲနှင့် ဘရှင်းအား တွဲယူလာသည်ကို အံ့အားသင့်သွားကြလေသည်။

'ဦးသိန်းဖဲ....ရေနွေးတည်ပေးစမ်းပါ၊ တစ်ယောက်ကိုလည်း လမ်းမက မော်တော်ဆိုင်ကယ် သွားယူခိုင်းစမ်းပါဦး'

ပန်းရုံက လျင်မြန်ဖျတ်လတ်စွာ အမိန့်ပေးလိုက်လျှင် အစေခံများ လည်း ရေနွေး ပြေးတည်သူကတည်၊ လမ်းမသို့ မော်တော်ဆိုင်ကယ် ပြေး ယူသူ ယူနှင့် ရှုပ်ယှက်ခတ်သွားပြီး ဦးသိန်းဖဲသာလျှင် ပန်းရုံနှင့်အတူ ဘရှင်းအား အခန်းထဲသို့ ရောက်အောင် တွဲယူသွားလေသည်။

တစ်ကိုယ်လုံး အရက်စော်နံကာ သွေးများ ခြင်းခြင်းနီနေသော်လည်း ပန်းရုံတွင် မရွံရှာနိုင်ဘဲ ကိုယ်ဖိရင်ဖိ အဝတ်စကို အစေခံယူလာသော ရေနွေးတွင် နှစ်၍ သွေးများကို သုတ်ပေးနေပြီး ဆေးထည့်ပေးနေလေသည်။

'အမယ်... အမယ်... ကျွတ်... ကျွတ်'

'စပ်သလားဟင်၊ ခဏလေး အောင့်လိုက်စမ်းပါ ကိုဘရှင်းရယ်၊ နို့မို့ရင် အနာရင်းသွားရင် ပိုအခံရ ခက်နေလိမ့်မယ်'

လက်မှတ်မရသော သူနာပြုဆရာမကလေးသည် ပုဆိုးဟောင်း တစ်ထည် ဆုတ်ဖြဲ၍ ဆေးထည့်ပြီးသော ဒဏ်ရာများကို စိတ်ရှည်လက်ရှည် ပတ်တီးစည်း၍ပေးနေရာ ဘရှင်းလည်း ကြည့်ကောင်းကောင်းရှိသည်နှင့် ကြည့်နေရာက–

'မပန်းရုံကို သက်သက် ဒုက္ခပေးနေသလို ကျနေပြီနော်'

'အို... ကိစ္စမရှိပါဘူးရှင်၊ ပြုစုရမယ့် ဝတ္တရားရှိလို့ ပြုစုရတာပဲ'

'ခုလို ခံနေရမဲ့အစား သေတာပဲ အေးပါတယ်ဗျာ'

'အို... ကိုဘရှင်းကလည်း ဘာတွေ လျှောက်ပြောနေတာလဲ'

'ဟုတ်တယ် မပန်းရုံ၊ ကိုယ်က ချစ်သလိုမှ မချစ်တဲ့နောက် ဒီ လောကကြီးမှာနေလို့ ဘာထူးဦးမှာလဲလို့'

'ဒီလိုပဲ သွေးပူတုန်းတော့ ပြောကြတာပဲ၊ ပန်းရုံတောင် တစ်ခါတုန်း

က စိတ်ရှုးရှူးနဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့အထိ ဖြစ်ခဲ့တာပဲ။ နောက်မှ ဒါတွေဟာ လောကကြီးကို အနိုင်မယူနိုင်ဘဲ အရှုံးနဲ့ပိုင်းတဲ့ လူပျော့လူညံ့တွေရဲ့ အလုပ်ပဲလို့ တွေးပြီး မသေခဲ့တာကိုပဲ ကျေးဇူးတင်မိသေးတယ်'

'လူပျော့ပဲဆိုဆို၊ လူညံ့ပဲပြောပြော၊ ကျွန်တော်တော့ မပန်းရုံဆီက မေတ္တာတုံ့ပြန်မှု မရရင် ဒီလောကကြီးထဲမှာ နေလို့လည်း မထူးတော့ပါဘူး'

ဘရှင်း၏မျက်နှာသည် တကယ်ပြောနေသည်ကို တွေ့ရ၍ စောစောက ဂျစ်ကားနှင့် မော်တော်ဆိုင်ကယ် တိုက်ခဲ့သည်မှာလည်း မတော်တဆ ဟုတ်ချင်မှ ဟုတ်ပေမည်၊ တမင်အတိုက်ခံခြင်း ဟုတ်မဟုတ်ကို ဘရှင်းမှ တစ်ပါး မည်သူမျှ သိနိုင်မည်မဟုတ်ရကား ပန်းရုံတွင် ဘရှင်း၏ အတင်းအကျပ် ချစ်ရေးဆိုနေခြင်းကို အဖြေရ ကျပ်နေတော့သည်။

'ဘယ့်နှယ်လဲဟင်… ချစ်မယ် မဟုတ်လားဗျာ' ဟု ပြောပြောဆိုဆို ဘရှင်းက လက်မောင်းကလေးကို လှမ်းကိုင်လိုက်ရာ ပန်းရုံသည် အဘယ်ကြောင့် မသိ၊ ရုန်းမထွက်မိဘဲ ငြိမ်သက်နေလိုက်ရာ ရည်းစားတစ်ယောက်ပင် လင်ယူသွားခဲ့ဖူးသော ဘရှင်းတွင်–

'ချစ်တယ်မဟုတ်လား… နော်… နော်' ဟု တနော်နော် နော်ရင်း လုံးထစ်ကျစ်လျစ်သော ကိုယ်လုံးကလေးကို ရင်ခွင်တွင်းသို့ ဆွဲယူကာ ချစ်ချင်တိုင်း ချစ်ပစ်လိုက်လေတော့သည်။

သို့အားဖြင့် ပန်းရုံသည် သနားရာတွင် ကရုဏာရောစွက်ကာ ဘရှင်းအပေါ်တွင် အချစ်ကို ပုံအပ်မိတော့သည်။ ဘရှင်းမှာလည်း ပန်းပွင့်ကလေးလို လှသော ပန်းရုံအား ငုံထားမတတ် "ပန်းရုံ… ပန်းရုံ" နှင့် တရုံတည်းရုံနေလေသည်။ ဒေါ်လှနှင့်တကွ ဘကင်းနှင့် လေးလေးတို့အတွက်လည်း အစကနဦးကပင် ဘရှင်းနှင့် ပန်းရုံအား လူငယ်ချင်းသင့်မြတ်လျှင် နေရာချထားဖို့ သဘောတူထားသည် ဖြစ်ရကား၊ အသစ်စက်စက် ချစ်သူနှစ်ဦးတွင် ဘယ်သူအားမျှ သိသွားမည်ကို မစိုးရိမ်ရဘဲ ပွင့်ပွင့်လင်းလင်း ချစ်နိုင်ကြတော့သည်။ ဘရှင်းကဲ့သို့ လူတစ်ယောက်ကို လင်လုပ်ရ၍ မိမိအဖို့ မနစ်နာဟု ရည်မှန်းကာ မိန်းမနောက်ပိုး လုပ်မိသော အေးအေးမှာမူ ထင်

သာ ထင်၊ မဝင်သော မိမိအဖြစ်ကို မကျေချမ်းတိုင်း ပန်းရုံအား အခွင့်သာသော တစ်နေ့တွင် ချောက်ချရန် ကျိတ်ကြံနေလေသည်။

ချစ်တုန်း... ခင်တုန်းအခါသည် တစ်ဦးကိုတစ်ဦး မိုးမမြင် လေမမြင် အစွမ်းကုန်ချစ်၊ အစွမ်းကုန် အလိုလိုက်သောအခါ ဖြစ်ရကား–

'ကိုကိုရေ ပန်းရုံ ဘိုင်စကုတ်ကြည့်ချင်တယ်' ဟု ဆိုလျှင် ဦးမလေးဘဲ လိုက်ပို့၍–

'ကိုကိုရေ ကားနဲ့ လျှောက်လည်ရအောင်' ဟု ပူဆာလျှင် မဆိုင်းမတွအလိုလိုက်ခဲ့လေသည်။

"ကိုကိုရေ ဘာလုပ်ရအောင်..." ဟု ဆိုသောအခါတိုင်း ဘရှင်းသည် ချစ်သူအား အလိုလိုက်ကာ အကြိုက်ကို ဆောင်ခဲ့လေသည်။ ထို့အတူ ပန်းရုံသည်လည်း ဘရှင်းက–

"ပန်းရုံရေ အားကစားရုံ လိုက်ခဲ့ပါကွယ်" ဟု ခေါ်ရာ အလွန်ပျင်းစရာကောင်းသော နေရာသို့ မငြင်းမဆန် လိုက်သွားကာ ချစ်သူ၏ ကျန်းမာရေးလေ့ကျင့်ခန်း ယူနေသည်ကို တစ်နေရာမှ ကျေကျေနပ်နပ် ကြည့်နေမိလေ၏။ ယုတ်စွအဆုံး ဘရှင်းက–

'ကိုယ့်မှာ မတတ်နိုင်သလို ကျနေတာပဲ၊ ခေတ်ဆန်အောင် နေစမ်းပါလား ပန်းရုံရယ်' ဟု ဖြီးဖြီးလိမ်းလိမ်း မရှိသဖြင့် ဖြီးလိမ်းဖို့ပြောရာ၊ လေးလေးကဲ့သို့ အမောက်ဆောက်၍ နှုတ်ခမ်းနီဆိုးကာ အမြဲတမ်း သနပ်ခါးဘဲကျားဖြင့် စခန်းသွားခဲ့သော မျက်နှာတွင် နိုင်ငံခြားဖြစ် အဖိုးတန်ပေါင်ဒါများကို မလိမ်းလိုဘဲနှင့် လိမ်းရရှာလေသည်။

သို့အတွက် ပန်းရုံသည် နဂိုက မပြုမပြင်ဘဲနှင့် လှယမင်းကလေးမှာ အလှခြယ်လိုက်သဖြင့် မြင်သူတကာ ငေးလိုက်အောင် တစ်နေ့တခြား လှ၍သာ လာတော့သည်။

ပန်းရုံ အသွင်ပြောင်းသလို တစ်ယောက်သောသူမှာလည်း တစ်နေ့တခြား ရေဆေးငါးလို အလှကြွယ်လာသော ပန်းရုံကို သတိထားကာ စိတ်တွင်း၌ မရိုးမရွ ဖြစ်နေလေသည်။ ထိုသူကား အခြားသူ မဟုတ်၊ တစ်ကြိမ်တစ်ခါသော အခါက ပန်းရုံနှင့် လက်ထပ်ရန် ကြံရွယ်ခဲ့ဖူးသည့် ဘရှင်း၏ အစ်ကို ဘကင်းပင် ဖြစ်လေသည်။

ဘကင်းသည် ပန်းရုံအား မိမိမယား လေးလေးနှင့် ယှဉ်ကြည့်မိသည်။ လေးလေးသည် အပျိုတုန်းကလို အနေအထိုင် မကျစ်လျစ်၊ အဝတ်အစားမှာလည်း ဖြစ်သလို နေတတ်၍ သားသည်မအေကြီးလို စိတ်ပျက်ဖွယ်ရာ ဖြစ်နေလေသည်။ တစ်ခါတစ်ရံ 'ဖြီးဖြီးလိမ်းလိမ်း နေစမ်းပါ လေးလေးရယ်' ဟု မိမိက မနေသာ၍ ပြောမှ ဝတ်စားဖြီးလိမ်းပြန်ပါလည်း အချိုးအစားက မကျ။ ဘယ်လိုမှ ပန်းရုံကဲ့သို့သော အပျိုစင်ကလေးနှင့် နှိုင်းယှဉ်မရအောင် ရှိတော့ရာ ဘကင်းသည် တစ်နေ့တခြား လေးလေးအပေါ် သားစိတ်မယားစိတ်များ ကုန်ခန်းခဲ့တော့သည်။ လေးလေးအပေါ်၌ သားမယားစိတ် ကုန်ခန်းသည်နှင့်အမျှ ပန်းရုံအပေါ်တွင်ကား တစ်နေ့ထက် တစ်နေ့ အချစ်ဒီဂရီ တက်ခဲ့တော့သည်။

ပန်းရုံကား ဘကင်း သူ့အပေါ်တွင် ဖောက်လွဲဖောက်ပြန် ဖြစ်၍မှ ဖြစ်မှန်းမသိ၊ ခါတိုင်းလိုပင် မေးစရာရှိ မေး၍ ပြောစရာရှိ ပြောလိုက်နှင့်သာ ရှိလေသည်။

သို့ရာတွင် တစ်နေ့သော နေ့တစ်နေ့ဝယ် ပန်းရုံအဖို့ ကံကြမ္မာဆိုးသည် တိုးဝင်လာတော့သည်။

'ဘရှင်းရေ အစ်ကိုကြီး နေမကောင်းလို့ကွာ၊ ငါ့ညီပဲ လေးလေးနဲ့ ဆိုင်ထွက်ချေစမ်းကွယ်'

ဉာဏ်သမား ဘကင်းသည် မရှိသော ဝေဒနာကို ဇန်းပြကာ မယားနှင့် ညီကို ဈေးသို့ လွှတ်လိုက်လေသည်။ ဒေါ်လှမှာမူ ကျိုက္ကစံသို့ ဥပုသ်ရက်ရှည်စောင့် သွားရာတွင် အေးအေးကိုလည်း ခေါ်သွား၍ ပန်းရုံ တစ်ယောက်တည်း ချက်ပြုတ်ရေး ကြီးကြပ်ရန် အိမ်တွင် အစေခံများနှင့် ကျန်ရစ်ခဲ့လေသည်။

'မပန်းရုံ... ပန်းရုံ'

'ရှင်... အစ်ကိုကြီး'

ပန်းရုံသည် သဘောရိုးနှင့် ခေါ်သည်မှတ်ကာ မီးဖိုချောင်၌ ကြီးကြပ်စီမံနေရာမှ ပြေးလာလေသည်။

'အစ်ကိုကြီး ပန်းရုံကို ခေါ်သလား'

'ကိုယ်တွေလက်တွေ ကိုက်လွန်းလို့ အစ်ကိုကြီးကို နှိပ်ပေးစမ်းပါ ညီမလေးရယ်'

'ဟင်... ဟုတ်လား၊ ဘယ်နားကလဲ၊ ပန်းရုံ နှိပ်ပေးမယ်လေ'

ပန်းရုံက ဘရှင်းနှင့် ပတ်သက်၍ တကယ့်အစ်ကိုကြီးတစ်ယောက်ကို နှမငယ်က ပြုစုယုယသကဲ့သို့ ဂရုတစိုက် ပြုမူနေသော်လည်း လူယုတ်မာကြီးတွင် သူထောင်ထားသော ပိုက်ကွန်တွင်းသို့ သက်ဆင်းတော့အံ့ဟု တဏှာခိုးလွှမ်းသော မျက်လုံးဖြင့် မချင့်မရဲ ကြည့်ရှုနေလေသည်။

'ခိုင်းတယ်လည်း မအောက်မေ့ပါနဲ့ ညီမလေးရယ်၊ ကိုယ်ပေါ်တက်ပြီး နင်းပေးစမ်းပါကွယ်'

ထိုအချိန်အထိ ပန်းရုံသည် မရိပ်မိရှာသေးဘဲ စိတ်ရိုးစေတနာရိုးနှင့် ခြင်ထောင်တန်းကို အားပြု၍ နင်းပေးလေသည်။ ကိလေသာစိတ်မွှန်နေသော အကောင်ကြီးမှာကား မျက်နှာတစ်ပြင်လုံး တဏှာမာန်ထကာ အဆီတဝင်းဝင်းနှင့် ရှိနေရာမှ ခြေကလေး ကြွကာကြွကာ ဆင်းချီ တက်ချီ နင်းပေးနေရှာသော ခြေသလုံး ဖွေးဖွေးဖြူကစ၍ အထက်သို့ဆန်ကာ ဖြောင့်တန်းသော ပေါင်တံ၊ လုံးထစ်ထစ် အစ်သော ကိုယ်လုံးများကို ကသိဏ်းရှုလျက် မွှေးပျံ့သော ပေါင်ဒါနံ့များကိုပါ အဆစ်ရှူရှိုက်လိုက်ရင်း–

'မပန်းရုံ၊ အစ်ကိုကြီး ဒီနေ့ ဘာလုပ် ဈေးမသွားတာလဲ သိရဲ့လား'

'နေမကောင်းလို့ မဟုတ်လား အစ်ကိုကြီးရဲ့'

'မဟုတ်ဘူး မဟုတ်ဘူး၊ ဟောဒီက အချစ်ကလေးကြောင့် သိလား'

'အို... အစ်ကိုကြီး ဘယ့်နှယ့်ပြောလိုက်တာလဲဟင်'

'စိတ်ဆိုးသွားသလား မပန်းရုံ၊ အစ်ကိုကြီးတော့ မေတ္တာအိုးတွေပေါက်ကွဲကုန်လို့ မင်းကို ချစ်နေပြီ။ အစ်ကိုကြီးကို ပြန်ချစ်မယ် မဟုတ်လား မပန်းရုံ၊ ပြန်ချစ်မယ် မဟုတ်လား'

ပန်းရုံသည် အဖြစ်အပျက် လျှပ်တစ်ပြက်အတွင်း ဖြစ်သဖြင့် မည်သို့ဖြစ်သွားသည်မသိရဘဲ နောက်ဆုံးတွင် ဘကင်း၏ရင်ခွင်တွင်းသို့ ရောက်နေသည်ကို တွေ့ရလျှင် တုန်တုန်ယင်ယင်နှင့် ရုန်းထွက်မိလေသည်။

'လွှတ်... လွှတ်... လွှတ်ဆို လွှတ်'

'ချစ်ပါရစေလား ပန်းရုံရယ်၊ တစ်ဖက်သားကို မသနားတော့ဘူးလား ဟင်'

ကျားရေ့ မှောက်ရက်လဲသည်ကမှ လွတ်ချင်လွတ်ပေမည်။ ဘကင်း၏ စက်ကွင်းမှကား မိမိကဲ့သို့သော ခွန်အားနုနဲ့နဲ့သည့် မိန်းမသား တစ်ယောက်သည် အလွတ်ရုန်းကန်ရန် ခဲယဉ်းလှရာ၊ အစေခံများကို ဟစ်အော်ခေါ်ရမှာလည်း တစ်ရက်က နှစ်ရက်ဖြစ်သည်က အရေးမကြီး၊ ချစ်သူ ဘရှင်းသည် မိမိကြောင့် အစ်ကိုဖြစ်သူနှင့် တုတ်တပြက် ဓားတပြက်ဖြစ်မည် မလွဲရကား–

'ရှိကြီးခိုးပါရဲ့.... မတော်ပါဘူး၊ ညီမလေးလို သဘောထားပါ အစ်ကိုကြီးရယ်'

မည်မျှပင် အသနားခံသော်လည်း ဘကင်းသည် အသည်းစိုင်ကို အင်္ဂတေကိုင်ထားသည့်အလား ညီနှင့် စပ်လျက် ခယ်မ တော်ရတော့မည် ပါတကား ဟူ၍ပင် အသိဉာဏ် မဝင်နိုင်ဘဲ ရှေ့တွင် ရောက်နေသော သားကောင်ကို အလွတ်မပေးတမ်း ခဲမည့် ကျားတစ်ကောင်လို မာန်တဖီဖီ အံတကြိတ်ကြိတ်နှင့် ရှိလေတော့သည်။

နောက်ဆုံး၌ ပန်းရုံတွင် 'အိုအို... ဟင်ဟင်' နှင့်ပင် ရေတိမ်တွင် နစ်မွန်းရှာလေရတော့သည်။

[ ၁၁ ]

## ညှိုးပေါ့ ချစ်ပန်း

အပ်ကျသံပင် ကြားရမတတ် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားသော အခန်းကြီးသည်လည်း တရှုပ်ရှုပ်နှင့် ပန်းရုံ၏ ငိုရှိုက်သံဖြင့် အသက်ပြန်ဝင်လာလေသည်။

'ဝမ်းနည်းသလား ပန်းရုံရယ်၊ အစ်ကိုကြီး ချစ်လွန်းလို့ပါကွယ်၊ တိတ်စမ်းပါ၊ ကဲ... တိတ်တိတ်၊ မျက်ရည်တွေကြောင့် အလှတွေ ပျက်ကုန်ပါဦးမယ်'

ဘကင်းက အောင်ပွဲရ စစ်သူကြီးအလား ဝင့်ကြွားကြွား၊ မျက်ရည်စ

ကလေးများကို ကိုယ်တိုင်သုတ်ပေးနေသည်ကို ပန်းရုံသည် မလှုပ်မယှက် ငြိမ်သက်နေမိလေသည်။ သာယာလွန်း၍ ငြိမ်သက်နေသည် မဟုတ်ဘဲ ချစ်ဦးသူ တင်ထူးတုန်းကပင် အလိုမလိုက်ခဲ့သော ပစ္စည်းကို ဓားပြတိုက်ခံရလေခြင်းဟု ယူကျုံးမရ ဖြစ်နေခြင်းဖြစ်၏။ ထိုယူကျုံးမရရာမှ ဘာမျှမသိရှာသေးသော ဘရှင်းအား မသန့်ရှင်းတော့ပြီဖြစ်သည့် ကိုယ်ခန္ဓာကို မအပ်ရက်အောင် အပူလုံး ကြွလာမိလေသည်။ "ပန်းရုံ... ပန်းရုံ ပန်းပွင့်ကလေးလို လှသလို ပန်းပွင့်ကလေးလို ညှိုးရရှာတော့သည်။"

သံလိုက်ဓာတ်ရှိသော သံနောက်သို့ သံမှုန်သမျှ လာကပ်သလို ပန်းရုံကိုယ်၌ကပင် ဒုက္ခလိုက်ဓာတ် ရှိနေသည့်အလား ဒုက္ခဟူသမျှ ကုန်နိုင်သည် မရှိဘဲ တစ်ခုပြီးတစ်ခု ဆက်သာ တွေ့နေရလေသည်။

'တောက်... တော်ပါပေ့ ပန်းရုံရယ်' ဟူသော အသံကိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဘယ်အချိန်က ရောက်နေသည် မသိ၊ ဘရှင်းအား အပေါက်ဝတွင် တွေတွေကြီး တွေ့ရလျှင် နှစ်ယောက်သား လူချင်း ခပ်ခွာခွာ နေလိုက်ရလေသည်။

'ကောင်းကြပါပေ့၊ တစ်ယောက်က နေမကောင်းချင်ယောင်ဆောင်၊ တစ်ယောက်ကလည်း အိမ်မှာ ချက်ပြုတ်ရမယ့်သူ သူတစ်ယောက်ပဲ ရှိသလိုလိုနဲ့ ဉာဏ်ဆင်နေကြပြီး အဆုံးတော့ ဒီလို ကမြင်းကြော ထချင်ကြလို့ကို။ ထွီ... ခြံထဲက လာသမျှ ဝတ်ရည်စုပ်ခံတဲ့ နှင်းဆီပင်နဲ့ ဘာခြားသေးသလဲ၊ ကဲ... ခင်ဗျားတို့ ချစ်ချင်တိုင်း ချစ်ကြရစ်တော့' ဟု ပြော၍ ဘရှင်းသည် ချာခနဲ လှည့်ထွက်သွားရာ ပန်းရုံမှာ 'ကိုကို... ပန်းရုံ ရှင်းပရစေဦး ကိုကို' ဟု တကြော်ကြော် အော်ခေါ်ရင်း ပြေးသွားမိလေသည်။

'သွား... သွား၊ ရှင်းပြစရာ မလိုဘူး။ အကုန်လုံး မြင်ပြီးသား'

'ပန်းရုံ ရှင်းပြတာ နားထောင်ပါဦး ကိုကို၊ ပြီးတော့မှ သတ်ပစ်ချင် သတ်ပစ်'

'ဖယ်... ဖယ် မလိုချင်ဘူး၊ မထောင်ချင်ဘူး၊ သွားဆို သွား'

'ရှင်းပြတာကလေးမှ နားမထောင်နိုင်လောက်အောင် ရက်စက်တော့မှာလား ကိုကိုရယ်'

'တယ်... ငါ ရိုက်လိုက်ရ၊ နာချင်ပြီ မှတ်တယ်၊ ဖယ်... ဖယ်'

'ရိုက်ချင်ရိုက်၊ သတ်ချင်သတ်၊ ပန်းရုံ ရှင်းပြတာကလေး နားထောင်ပါဦး' ဟု သနားဖွယ်ရာ ပန်းရုံမှာ ဘရှင်း ခြေကို အတင်းဖက်ထားကာ တောင်းပန်ရှာလေသည်။

သို့ရာတွင် ဘရှင်းမှာကား သူ အထင်တကြီး အမြတ်တနိုးထားသော ပန်းရုံသည် "နယ်လီလို မိန်းမစားထဲကပင်"ဟု အထင်တလွဲ စိတ်ထဲ၌ ချစ်မျက်ကြီးနေသည် ဖြစ်ရာ–

'ဘာအခုမှ အလွမ်းသယ်နေရတာလဲ၊ ဖယ်... ဖယ်' ဟု ပြောပြောဆိုဆို အညာတာစိတ်ပင် ကုန်ခန်းနေတော့သလို ဆံပင်ကိုဆွဲ၊ တွန်းလှဲလျက် ထွက်သွားလေတော့သည်။

ဤသို့အားဖြင့် အလွန် စိုပြည်သာယာခဲ့သော "ချမ်းမြေ့ရိပ်မြုံ"ကြီးသည် တစ်ခဏတာအတွင်း အသုဘအိမ်ကဲ့သို့ ခြောက်သွေ့စွာဖြင့် ပြောင်းလဲသွားကာ၊ တဟင့်ဟင့်နှင့် အခန်းတွင်း၌ ကျိတ်၍ ငိုနေသော ပန်းရုံ၏ ငိုသံကလေးသည် ကြေကွဲဖွယ်ရာ ထွက်ပေါ်လာလေတော့သည်။

အရက်ရက် အညည စိတ်တွင်း၌ မျိုသိပ်ခဲ့ရသမျှ ယခုမှပင် အလိုပြည့်ဝ အကြံမြောက်တော့သည်ဖြစ်ရာ ဘကင်းသည် သူ့ဘာသာသူ လှပန်းပွင့်နေသော ပန်းပွင့်ကလေးကို လက်ဆိပ်ထိုးခဲ့မိသည်ဟုလောက်သာ မှတ်ကာ အေးအေးလူလူ ရေမိုးချိုး၊ အဝတ်အစားလဲ၍ လမ်းလျှောက် ထွက်သွားလေသည်။

'ဟော... မမလေးတို့ ပြန်လာပြီ' ဟူသော အစေခံများ၏ အသံကြောင့် အိပ်ရာထဲတွင် အားရအောင် ငိုနေသော ပန်းရုံလည်း ခေါင်းမော်ကြည့်လိုက်ရာ အနောက်ဘက်မှ မိုးကပ်စက်ဝိုင်းတွင် ခြင်းခြင်းနီလျက်ရှိသည့် မိမိမျက်လုံးနှင့် ဂဏ်တုဂဏ်ပြိုင် တစ်လုံးတည်းသော ကမ္ဘာ့မျက်ရွဲနီကြီးသည် နှုတ်ဆက်ရန် လူကျန်သေးသကဲ့သို့ ပျောက်ကွယ်လုဘနန်းရှိနေလေသည်။

တိုက်ရှေ့ဆင်ဝင်မှ ကားရပ်သံနှင့်အတူ အိမ်တွင်းသို့ ဝင်လာသောခြေသံများကို ကြားရလျှင် ကပျာကယာ အိပ်ရာမှ လူးလဲထ၍ ပြေးထွက်လာမိလေသည်။

'မမလေး'

'တော်... တော်၊ ပန်းရုံ တော်၊ ကောင်းတယ်ထင်လို့ လုပ်ခဲ့ကြတာ ဘာမှ ပြောနေစရာ မလိုပါဘူး'

'မဟုတ်ပါဘူး မမလေးရဲ့၊ ပန်းရုံ ရှင်း...'

'တော်ပါ ပန်းရုံရယ်၊ နောက်ထပ်ပြောနေလို့ အကျိုးမထူးပါဘူး။ ဒါပေမဲ့ ညည်းစိတ်ကို အံ့သြပါတယ်။ ဘယ့်နှယ့် ပေးစားမယ်လို့ လူကြီးတွေ စီမံတုန်းကတော့ ခါးခါးတူးတူး ငြင်းခဲ့ပြီး ခုမှ အကြံပက်စက်တာ၊ သက်သက် မမလေး အသည်းကွဲအောင်ပေါ့လေ။ လုပ်ရက်ပါပေ့ ပန်းရုံရယ်... လုပ်ရက်ပါပေ့'

'မမလေး၊ ပန်းရုံ ရှင်းပြချင်တာကလေးများ နားထောင်ပါဦးလား မမလေးရယ်'

'မလိုပါဘူး ပန်းရုံရယ်၊ ကိုဘရှင်း ကိုယ်တိုင် လက်ပူးလက်ကြပ် အခန်းထဲမှာ မိတာပဲ၊ ရှင်းပြစရာ မလိုပါဘူး။ မမလေးလည်း ပန်းရုံတို့ ချစ်ခြင်းကို ခွင်းမှာ မဟုတ်ပါဘူး၊ စိတ်သာချ။ နဂိုကတည်းက ချစ်လွန်းလို့ ယူတာမှ မဟုတ်ဘဲ၊ ပန်းရုံအစား လက်ဝင်လျှိုရတာမို့ အမြဲတမ်း ပန်းရုံ အတွက် အနစ်နာခံခဲ့တဲ့ လက်စနဲ့ ဒီတစ်ခါ နောက်ဆုံးအနစ်နာခံခြင်းအဖြစ် မမလေးကပဲ ရှောင်သွားပါ့မယ်'

ဘယ်သူ မယုံယုံ၊ လေးလေးတစ်ယောက် ယုံရင်ဖြင့် ကျေနပ်ပြီဟု အားခဲထားသော ပန်းရုံတွင် လေးလေးကပါ လုံးဝ အရှင်းမခံဘဲ သူ၏ အခန်းသို့ ထွက်သွားသဖြင့် နတ်သိကြားများမှ တစ်ပါး မည်သူမျှ မိမိ လော်လည် လျှပ်ပေါ်သည်၊ မပေါ်သည်ကို မသိနိုင်တော့သကဲ့သို့ ရှိလေ တော့သည်။

လေးလေးသည် ပြောသည့်အတိုင်းပင် သားရေသေတ္တာတစ်လုံးတွင် အဝတ်အစားများ ထည့်ကာ အခန်းတွင်းမှ ထွက်လာလျှင်–

'မမလေး တကယ်ပဲ ရက်စက်တော့မလို့လား... ဟင်...'

'ဒါ ရက်စက်တာမှ မဟုတ်ဘဲ၊ ပန်းရုံတို့ လွတ်လွတ်လပ်လပ် နေရအောင် မမလေး တမင်ရှောင်ပေးတာ'

'မသွားရဘူး... မသွားရဘူး၊ မမလေး သွားချင်ရင် ပန်းရုံကို သတ်

ပစ်ခဲ့ပြီးမှသွား' ဟု မျက်ရည်အသွယ်သွယ်ကျရင်း ပန်းရုံသည် လေးလေး၏ သားရေသေတ္တာကို အတင်းဆွဲထားလေသည်။

'ဘယ်လိုသဘောလဲ ပန်းရုံရယ်၊ မမလေး လွတ်ရာကျွတ်ရာ သွားမှာကို ဘာလုပ် မသွားစေချင်ရတာလဲဟင်။ ပေး... ပေး'

'ဟင့်အင်း မပေးဘူး... မပေးဘူး၊ မမလေး မဆင်းနဲ့၊ ပန်းရုံ ဆင်းမယ်။ ပန်းရုံအပြစ် ပန်းရုံပဲ ခံပါရစေ'

'မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့ ပန်းရုံရယ်'

'မမလေး ပန်းရုံကို ဒီလောကမှာ ရှိစေချင်သေးရင် မသွားပါနဲ့ မမလေးရယ်၊ ပန်းရုံပဲ ဆင်းပါရစေနော်... ပန်းရုံကို ချစ်တယ် ဆို'

ပန်းရုံက မရမက ပြောလွန်းသဖြင့် လေးလေးလည်း လက်လျှော့လိုက်ရကာ–

'သဘောပဲလေ... ပန်းရုံ သဘောပဲ'

'ကဲ... ပန်းရုံ ကန်တော့ခဲ့ပါတယ်။ ပန်းရုံ လွန်မိကျူးမိတာများ ရှိရင် တောင်းပန်ပါတယ် မမလေး' ဟု ပန်းရုံသည် မျက်ရည်တွေ တွေတွေကျရင်း ကြမ်းပြင်တွင် ပုဆစ်တုပ်၍ ကန်တော့ပြီး သေတ္တာကို အဖော်ပြုလျက် ထွက်သွားလေရာ–

"ဩော်... ပန်းရုံ ပန်းရုံ၊ အမိုက်မကလေး အမိုက်မကလေး" ဟု နှုတ်မှညည်းညူရင်း လေးလေးလည်း စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

အချိန်သည် တရွေ့ရွေ့နှင့် နေ့မှညသို့ ကူးပြောင်းခဲ့လေသည်။

သားရေသေတ္တာနံဘေးမှ ခရီးသည်မကလေးလည်း တရွေ့ရွေ့နှင့် ခြေညောင်းလို့မှ ညောင်းရမှန်းမသိ၊ ခရီးစဉ်မရှိသော ခရီးကို ဆုံးအောင် လျှောက်နေလေသည်။ တစ်ခါတစ်ရံ ဖြတ်သန်းသွားလာနေသော ဘတ်စ်ကားများသည် ယာဉ်စီးမည့်သူ အမှတ်ဖြင့် "လိုက်မလား အစ်မလေး"ဟု ရပ်၍ လာခေါ်ကြသော်လည်း ခရီးသည်မကလေးသည် ခေါင်းတွင်တွင်ခါလျက် ကုန်းကြောင်းခရီး ဆက်ခဲ့မိလေသည်။

ပန်းရုံသည် အမှတ်တမဲ့ ထွက်သာ လာခဲ့ရသည်။ ပိုက်ဆံဟူ၍ ပဲစေ့တစ်စေ့မျှပင် ထည့်မလာမိရကား ဘတ်စ်ကားပေါ်သို့ တက်ရောက်

လိုက်သွားချင်လျက်နှင့် မသွားဝံ့ဘဲ ခြေဖဝါးနုနုကို အားကိုးပြုကာ ရန်ကုန်ဘက်သို့ လျှောက်ခဲ့လေသည်။

နေ့လယ်ကတည်းက ဘာမျှမစားရဘဲ တစ်နေကုန် ငိုရာမှ ထွက်လာခဲ့ရသည်ဖြစ်ရာ ဝမ်းထဲက အူဟောင်းလောင်းတို့သည် အစာတောင်းစပြုလာပြီဖြစ်သဖြင့်၊ ထွက်စက သွက်ခဲ့သော ခြေလှမ်းတို့သည် တဖြည်းဖြည်းလေး၍ လေး၍ လာကာ နောက်ဆုံး၌ ကိုယ်ကိုပင် မသယ်နိုင်တော့ဘဲ လမ်းဘေးတွင် သေတ္တာကို ဖင်ခုထိုင်လျက် အမောဖြေရတော့သည်။ ရေကလည်း အလွန်ဆာသဖြင့် ရေတစ်ပေါက်လောက် သောက်လိုက်ရရင် ကောင်းချည်ရဲ့ဟု ရေအိုးစင်ကို လှည့်ပတ်ရှာရာ ရေအိုးစင် မဆိုထားဘိ၊ လူနေအိမ်ခြေပင် မတွေ့ရှိရကား သဲကန္တာရခရီးသည် အဖြစ်နှင့်မခြား အိုအေစစ်ရှိရာ မရောက်မချင်း အောင့်အည်းထားရပေတော့မည်။

တစ်ခါတစ်ခါ ရှဲခနဲ ရှဲခနဲ ဖြတ်သန်းသွားသော မော်တော်ကားများမှ တစ်ပါး လမ်းပေါ်တွင် လူသွားလူလာ ကင်းဝေးလာသလောက် ညဥ့်သည် နက်သထက် နက်လာလေသည်။

"ကလင်… ကလင်" ဟူသော ခေါင်းလောင်းသံကလေးနှင့်အတူ မှိတ်တုတ်မှိတ်တုတ် မီးကလေးထွန်းကာ ဆိုက်ကားတစ်စီး ပေါ်လာလေသည်။ ပန်းရုံသည် မှောင်ထဲမှ ဆိုက်ကား၏ အရိပ်အကဲကို ကြည့်နေရာ ဆိုက်ကားသည် အတော်ဝေးဝေးသို့ လွန်သွားပြီး ပြန်ကွေ့လာကာ အနား၌ မယောင်မလည်နှင့် လုပ်နေလေသည်။

'ဘယ်သွားမလို့လဲ အစ်မကြီး၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ'

ဆိုက်ကားသမားသည် စေတနာနှင့် မဟုတ်ဘဲ အချောင်မိန်းမပျက်အမှတ်ဖြင့် ရိသဲ့သဲ့ လုပ်လာလေသည်။

'ဘယ်မှ မသွားဘူး' ဟု ပန်းရုံက စိတ်ပေါက်ပေါက်နှင့် ငေါက်ဆတ်ဆတ် လုပ်လိုက်ရာ မနီးမဝေးမှ မော်တော်ကားမီးရောင်လည်း ထွက်ပေါ်လာသဖြင့်–

'ဩော်… ဟုတ်လား' ဟု ဆိုက်ကားသမားလည်း လာလမ်းအတိုင်း ဆက်လက်နင်းသွားကာ မှောင်ထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

ပန်းရုံလည်း ထိုနေရာတွင် ကြာရှည်နေက ဆိုက်ကားသမား၏

ဘေးမှ အေးတော့မည်မဟုတ်ဟု အသိဉာဏ် ရလျှင်ရချင်း ဖင်ခုထိုင်နေသော သေတ္တာကလေးကို ဆွဲ၍ ရှေ့သို့ ခရီးဆက်ခဲ့ပြန်လေသည်။ တစ်အောင့် လောက်မှ မကြာသေးမီ နောက်ဆီမှ အသံများ ကြားရ၍ လှည့်ကြည့်လိုက် မိရာ မီးမှိန်မှိန် သုံးလေးပွင့်ကို တွေ့ရလျှင် ကပျာကယာ လမ်းပေါ်မှ လမ်း ဘေးသို့ ပြေးဆင်းကာ မှောင်ရိပ်မှ မြောင်းတွင်း၌ ပုန်းနေလိုက်ရလေသည်။

'ဟော့... ဘယ်မလဲကွ၊ မင်း အချောင် ဆိုတာ...'

'အေးကွာ... ခုနတုန်းက ဒီနားမှာ ထိုင်ကျန်ရစ်ခဲ့တာပဲ'

'မင်းပြောတဲ့ အချောင်ဆိုတာ ဘိန်းရှူတဲ့ အချောင်လား၊ ဟား... ဟား... အလကားပါဗျာ၊ ဒီအကောင် အိပ်ချင်မူးတူးနဲ့ ဟိုနားက သစ်ငုတ် ကြီးကို မျက်စိလွဲလာတယ် ထင်တယ်။ ကဲ... ဟိုဘက် သွားကြရအောင် ကွာ၊ ဟိုကမှ မျှော်လင့်ချက်ကလေး ရှိချင် ရှိနေမှာ'

တစ်ယောက်တစ်ပေါက် ဆူညံအောင် ပြော၍ ဆိုက်ကားသမား များလည်း ရှေ့သို့ ဆက်လက် နင်းထွက်သွားတော့မှ ပန်းရုံတွင် အသက် ရှူသာနိုင်တော့သည်။

ပန်းရုံခမျာ ထိုညအဖို့ တစ်လမ်းလုံး သူတစ်ပါး ဒုက္ခရောက် မျက်ရည်ကျမှ ကိုယ်အားရမည့် အလုပ်ကို အဟုတ်ကြီး မက်မောနေသော ညဥ့်ငှက်ကြမ်းပိုးများနှင့်သာ တိုးနေရမည်ဖြစ်ရာ၊ သည်နေရာတွင် တမိုးလင်း ခြင်းသည် ဘေးရန်အလုံခြုံဆုံးဟု ဆုံးဖြတ်လျက် မြေပြင်ထက်ဝယ် သားရေ သေတ္တာ ခေါင်းအုံး၍ ညဥ့်သုံးယံ ကုန်ဆုံးအောင် စောင့်နေလေတော့သည်။

## [၁၂]

## ချစ်နဲ့ တကြူကြူ

'ဟင်... ပန်းရုံ ဘယ်က လာတာလဲ၊ အမယ် သားရေအိတ်ကြီးနဲ့ ပါလား၊ ပေး... ပေး'

မကြီးခင်သည် ထူးထူးဆန်းဆန်း ရောက်လာသော ပန်းရုံလက်တွင်းမှ သားရေအိတ်ကို ဆီးယူကာ အိမ်တွင်းသို့ ခေါ်လာခဲ့လေသည်။

'ချွေးတွေ သံတွေနဲ့၊ အိမ်က ကားပါမလာဘူးလား'

အကြောင်းမသိသေးသော မကြီးခင်သည် ပန်းရုံအား တစ်စွန်းတစ်စ ကြားရသည့်အတိုင်း ဘရှင်းနှင့် ချစ်ကြိုက်ရာက လက်ထပ်ပြီးပြီ ဟုပင် ထင်နေလေသည်။

သို့အတွက် ပန်းရုံလည်း 'ဒီကားအကြောင်း မမေးပါနဲ့ ဒေါ်ဒေါ် ရဲ့၊ ပန်းရုံ ဒုက္ခအရောက်ကြီး ရောက်လာပြီ ဒေါ်ဒေါ်ရယ်' ဟု ဘရှင်းနှင့် ချစ်ကြိုက်ရာက စ၍ ဘကင်း၏ ယုတ်မာမှုကြောင့် ကွဲလာရပုံ၊ ပိုက်ဆံပါမလာသဖြင့် ခြေကျင်လျှောက်လာရသည်တွင် ဆိုက်ကားကြမ်းပိုးများ ရန်ကြောင့် မြောင်းတွင်း၌ အိပ်နေရပြီး မိုးလင်းမှ ထလာခဲ့ရပုံများကို မျက်ရည် တစမ်းစမ်းနှင့် ပြောပြရလေတော့သည်။

'ဖြစ်မှဖြစ်ရလေ ပန်းရုံရယ်၊ ညည်းမယ် ဝဋ်ဒုက္ခတွေချည်း ကြုံခဲ့ ရပါလား' ဟု ရင်ထုမနာ ဖြစ်နေလေ၏။

'အဲဒါကြောင့် ဘဝရဲ့ ဝဋ်ဒုက္ခတွေကို ကန်ထရိုက် အပေးခံထား ရသလို ကျနေလို့ ပန်းရုံတော့ ဒေါ်ဒေါ့်ဆီမှာပဲ ကျွန်ခံနေရ နေရ နေမယ်လို့ လာခဲ့တာပဲ'

'ဟယ်... ပန်းရုံကလည်း ပြောတော့မယ်၊ ဘာလုပ် ကျွန်ခံရမှာလဲ။ အရင်တုန်းကလိုပဲ ဆေးလိပ် ပြန်လိပ်ပြီး ဆေးလိပ်ခကလေးနဲ့ စားသောက် နေတာပေါ့'

'ဖြစ်ပါ့မလား ဒေါ်ဒေါ်ရယ်၊ တော်ကြာ ဆေးလိပ်ခုံက ကောင်မ တွေရဲ့ မေးငေါ့ခံနေရလို့'

'ကိုယ်ကောင်း ခေါင်းဘယ်မရွေ့တဲ့ ပန်းရုံ၊ ဒီပတ်ဝန်းကျင်ကို ကြောက်နေရင် လောကမှာ ဘာအလုပ်မှ ဖြစ်တော့မှာ မဟုတ်ဘူး'

ထိုနေ့စ၍ ပန်းရုံလည်း မကြီးခင်တို့အိမ်တွင် နေကာ ရှေးတုန်းက ဆေးလိပ်ခုံသို့ ပြန်လည် ဆေးလိပ် လိပ်နေရှာလေတော့သည်။

ညနေခင်းသည် ကလေးများအဖို့ ထွေခင်းတမ်း ကစား၍ အကောင်းဆုံး ဖြစ်သကဲ့သို့ အဝေးနေရပ်ရှိ ချစ်သူကို သတိတရ အတွေးမိဆုံးကား ထိုညနေခင်းဖြစ်တော့ရာ၊ ညနေ နေကလေးညို့၍ အလုပ်မှ ပြန်လာပြီဆိုလျှင် ပန်းရုံမှာ အထင်တလွဲနှင့် ဘဝင်ကွဲအောင် စိမ်းကားသွားသူ ဘရှင်းကို ဘယ်လိုများ နေလိမ့်မလဲဟု တတွေးတွေး ရှိသည့်နည်းတူ၊ ချစ်သူ တင်ထူး

နှင့် တွေ့ဆုံကြုံခဲ့ရသော နေရာဟောင်းကလေးတွေကို ရောက်တိုင်း ယခုဆိုလျှင် မယားသစ်ကလေးနှင့် ကလေးတွေပင် ရကောင်း ရနေမည်ဖြစ်သော တင်ထူးအား တအောက်မေ့မေ့ တမှတ်ရရနှင့် ရှိလေတော့သည်။

ပိုမို၍ သတိရဖွယ်ရာ ဖြစ်စေရန် ထိုနေ့ညနေခင်းတွင် တစ်နေ့လုံး ချစ်ချစ်တောက် ပူခဲ့ရာက အလုပ်အပြန်များအား တမင်ပဲ နှိပ်စက်ကလူပြုမူသကဲ့သို့ မိုးက သွန်း၍ရွာနေရာ တစ်ယောက်တည်း ဘတ်စ်ကား စီး၍ပြန်လာကာ ပန်းရုံသည် ခေါင်းကလေး လက်ကိုင်ပဝါအုပ်ကာ ဘတ်စ်ကားမှ ပြေးဆင်းပြီး မိုးဝင်ခိုနေရလေသည်။ မိမိဝင်ခိုသော နေရာကို ကြည့်လိုက်ရာ တစ်ကြိမ်တုန်းက ယခုလို ညနေအလုပ်ကအပြန် မိုးကြီးရွာသွန်းစဉ် ဝင်ခိုခဲ့ဖူးသော ကွမ်းယာဆိုင်ကလေးဖြစ်မှန်း တွေ့ရလျှင် မယောင်မလည်နှင့် တင်ထူးရောက်လာကာ "မပန်းရုံ" ဟု ခေါ်လိုက်သည်တွင် မိုးစိုမည်စိုး၍ အကူအညီပေးရန်လာသည်ကို အထင်လွဲကာ ရိုင်းရိုင်းစိုင်းစိုင်း မိုးရွာထဲသို့ ထွက်ပြေးမိသည့်အကြောင်းကို ပြန်လည်အမှတ်ရလာသဖြင့် မျက်ရည်များသည် မိုးရေနှင့် ရောထွေးကာ မျက်နှာတွင် စီးဆင်းလာမိလေသည်။

ပန်းရုံသည် တဟီးဟီးနှင့် အအေးဒဏ် မခံနိုင်ဘဲ ကိုယ်ကို လက်ချင်းယှက်ပြန်ဆက်ထားကာ စဲနိုင်ခဲလှသော မိုးကိုကြည့်နေမိစဉ် မည်းမည်းရိပ် သဏ္ဌာန်တစ်ခုသည် တရွေ့ရွေ့ မိမိထံသို့ လာနေသည်ကိုတွေ့ရလျှင် မိမိမျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားလေတော့သည်။

မိုးကာအင်္ကျီဝတ်ထားသော သဏ္ဌာန်သည်လည်း ကွမ်းယာဆိုင်အောက်မှ တစ်ယောက်တည်း မိုးခိုနေသော ပန်းရုံအား တွေ့ရလျှင် အံ့ဩစွာနှင့် ငေးကြည့်နေမိရာက–

'ပန်းရုံ' ဟု လွှတ်ခနဲအခေါ်...

'ကိုတင်ထူး' ဟူသော အသံနှင့်အတူ ပန်းရုံသည် တင်ထူး၏ ရင်ခွင်တွင်းသို့ ပြေးဝင်ကာ ဖက်ထားမိလေသည်။ တင်ထူးလည်း အလိုက်သင့်ပြန်ဖက်ရင်း သူတို့ကဲ့သို့ မတွေ့တာကြာ၍ ကွဲကွာနေရသော ကိုရွှေနှာခေါင်းနှင့် မမ ပါးပြင်နှတို့အား ဂယောချင်း ဆက်ပေးလိုက်လေသည်။

'ပြန်တွေ့ရသေးတယ်နော်'

'ဖူးစာရေးနတ်က ကြာကြာကစားမထားနိုင်ပါဘူး ပန်းရုံရယ်'

တင်ထူးသည် ပန်းရုံနှင့် အတိုးချကာ အငြိုးနှင့် သည်းနေသော မိုးပေါက်ထဲ၌ပင် မရှောင်၊ ချစ်ချင်း ပြိုင်ကြပြန်သည်။

'ခု ဘယ်လာတာလဲ၊ ကို အစ်မတွေဆီ လည်ရအောင်လား'

'ပန်းရုံ မသိသေးပါဘူး၊ လာ… လာ မကြီးခင်တို့အိမ် သွားကြစို့'

'ဟင့်အင်း မလိုက်ချင်ဘူး'

'ဘာဖြစ်လို့လဲ၊ ဪ… အရင်တစ်ခါတုန်းကလို အိမ်က သိသွားရင် ရိုက်ခံရမှာစိုးလို့လား။ ဒီတစ်ခါ ကိစ္စမရှိတော့ပါဘူး ပန်းရုံရယ်၊ ကို တစ်ယောက်လုံး ရှိပါတယ်'

'ကို မသိသေးဘူးလား'

'ဟင့်အင်း… ဘာသိရမှာလဲ' ဟု တင်ထူးက တကယ်နားမလည်သဖြင့် မေးနေလေရာ ပန်းရုံလည်း တင်ထူး ထွက်သွားသည်မှစ၍ နောက်ဆုံး မိမိ ဘရှင်းအိမ်မှ ဆင်းလာခဲ့ရပုံများပါ ပြောပြလိုက်လေသည်။

'အမယ်… လက်စသတ်တော့ သူက နောက်ရည်းစားတွေ ဘာတွေနဲ့။ ကြည့်စမ်း… ကြည့်စမ်း'

'သူကတော့ကော… ကိုယ့်ကိုယ်များ ပြန်စစ်စမ်းပါဦး'

'ကဲ… ဒါဖြင့် ကျေရော၊ ပန်းရုံက ဘရှင်း အတင်းအကျပ်ကိုင်လို့ သနားတာနဲ့ ချစ်ခဲ့ရတယ်။ ကိုလည်း ဦးလေးတို့ မမတို့ အတင်းစီမံလို့ ဦးလေးတူမကို ယူခဲ့ရတယ်။ ခု ပန်းရုံလည်း ဘရှင်းကို ပစ်ခဲ့ပြီ၊ ကိုလည်း ဦးလေး ပေးစားတဲ့ မယားကို ပစ်ခဲ့ပြီ။ ရှေ့လျှောက် အတိုးနဲ့ ချစ်ကြပါစို့နော်'

ထို့နောက် ချစ်သူနှစ်ဦးလည်း တစ်ဦးနှင့်တစ်ဦး သံသယကင်းကာ အကြွေးတင်နေသော ချစ်စာရင်းများ ရှင်းရန် မိုးရေမင်္ဂလာသွန်းခံကာ မကြီးခင်တို့ အိမ်သို့ ယွန်းပြန်ကြတော့သည်။

မကြီးခင်တို့ လင်မယားလည်း တင်ထူး ပြန်ရောက်လာသည်ကို ဝမ်းသာအားရ ဆီးကြိုကြ၍ အိမ်ထောင်ရေး အဆင်မပြေဘဲ လင်မယား ကွဲလာကြကြောင်း သိရလျှင် အချစ်ဦးချင်း ယခုမှပဲ ပေါင်းရတော့သည်ဟု အောက်မေ့ကာ ဝမ်းသာသထက် သာသွားကြလေသည်။

'ဟန်တာပေါ့ကွာ၊ တို့လင်မယားကို အားကျမခံ မင်းတို့က လိုက်စင်ပြိုင်ထောင်သလိုပေါ့လေ။ ငါက စက်သမား၊ မကြီးခင်က ဆေးလိပ်လိပ်၊ မောင်တင်ထူးက ခုတစ်ခါ စက်သမားပြန်ဖြစ်၊ ပန်းရုံလည်း ဆေးလိပ်ပြန်လိပ်ဆိုတော့ စင်ပြိုင်ပေါ့ကွာ'

သို့နှင့် လက်ဖက်တစ်ရိုး ကွမ်းတစ်ရွက် မကုန်ဘဲနှင့် တင်ထူးနှင့် ပန်းရုံလည်း ပုဆိုးတန်းတင် အကြင်လင်မယား ခေါ်ဆိုရမည်ကဲ့သို့ ရောက်ရှိသွားလေသည်။ သို့ရာတွင် ပန်းရုံသည် အများရှေ့၌ ပြုံးပြုံးရယ်ရယ်ရှိသလောက် ကွယ်ရာဝယ် ညှိုးညှိုးငယ်ငယ် နိုင်တတ်လေသည်။

တစ်နေ့ ပန်းရုံသည် လူလစ်ပြီအထင်နှင့် သူတို့လင်မယားနေသော အခန်းတွင်း၌ လဲလျောင်းကာ "ဒီလူကြီး ယုတ်မာလို့ ငါ ဒီလိုဖြစ်ရလေခြင်း" ဟု အမြတ်တနိုး ပျိုးထားသော ချစ်ပန်းပင်ကို လက်ဆိပ်ထိုးခံရခြင်းအတွက် စိတ်မကောင်းနိုင်ဘဲ ညှိုးခွေ၍လာလေသည်။

'ပန်းရုံ' ဟု ခေါ်လိုက်သံနှင့်အတူ တင်ထူးသည် အနားသို့ ရောက်လာကာ အိပ်ရာဘေးသို့ ဝင်လျှင် ပန်းရုံလည်း မိမိအပူကို မရိပ်မိအောင် ကပျာကယာ မျက်နှာပိုး သတ်လိုက်လေသည်။ သို့ရာတွင် ယခင်နှင့်မတူ တစ်မူထူးခြားနေသော မယားသည်ကလေးကို အကဲခတ်နေသည်မှာ ၃–၄ ရက် ရှိပြီဖြစ်ရာ–

'ဘယ်လို ဖြစ်နေတာလဲ ပန်းရုံ'

'ဘာမှ မဖြစ်ပါဘူး ကိုရဲ့' ဟု ပန်းရုံက မပူရပ် ဆောင်နေသော်လည်း–

'ဖုံးမနေစမ်းပါနဲ့ကွယ် ပြောစမ်းပါဦး၊ ဘာ အလိုတော် မကျလို့ မျက်နှာတော် ညှိုးနေရတာလဲကွယ့်' ဟု ဖွင့်၍ မေးမိလေတော့သည်။

'ဘာမှ အလိုမကျလို့ မဟုတ်ပါဘူး ကိုရယ်'

'မဟုတ်ပါဘူး၊ ကို အကဲခတ်နေတာ ကြာလှပါပြီ၊ တမှိုင်မှိုင် တညှိုးညှိုးနဲ့၊ တစ်ခုခုတော့ တစ်ခုခုပဲ'

'မဟုတ်ပါဘူးလို့ ဆိုခါမှပဲ' ပန်းရုံသည် မပြောလို၍ ဖုံးဖုံးဖိဖိ လုပ်မြဲ လုပ်နေလေရာ တင်ထူးသည် မကျေမနပ်ဖြစ်ကာ–

'ဖုံးမနေပါနဲ့ ပန်းရုံရယ်၊ လင့်အရေး မယားသိသလို၊ မယားအရေး ကိုလည်း လင့်ကို အသိပေးမှပေါ့'

'မသိသင့် မသိထိုက်တာကော အသိပေးရမလား ကို'

ပန်းရုံ၏စကားကြောင့် တင်ထူးလည်း ရုတ်တရက် ဒေါပွသွားကာ–

'ဩော်... ဟုတ်လား။ ကောင်းပါပြီ၊ ဒီကနေ့က စပြီး ကျုပ်ကို ဘာမှ လာမပြောနဲ့တော့။ ကျုပ်လည်း ပြောလိမ့်မယ် မထင်နဲ့'ဟု ပြော၍ ထွက်သွားလေရာ ပန်းရုံလည်း လျှို့ဝှက်ထားသည်ကို ဖွင့်ပြောလိုက်ရ ကောင်းနိုးနိုးနှင့်ပင် နောက်ဆုံး မပြောဖြစ်တော့ပေ။

ထိုညအဖို့ အိပ်ရာဝင်ခဲ့သော်လည်း ကိန္နရာမောင်နှံလို မိုးမမြင် လေမမြင် ချစ်ပွဲဝင်ခဲ့ကြသောသူ နှစ်ဦးလည်း တစ်ဦးက "လင်ကို အသိမပေး ရဲလောက်အောင် ဘာအကြောင်းမို့လဲ" ဟု စိတ်ခုကာ စကားမပြော၊ တစ်ဦး မှာလည်း ဘကင်းနှင့် ကျူးကျူးလွန်လွန် ဖြစ်ခဲ့သည်ကို ပြောရမှာ အခက်၊ မပြောပြန်လည်း အသက်ပေး ချစ်သောသူအား မသန့်ရှင်းသော ကိုယ်ခန္ဓာ ကို သကာဖုံးသလိုကျလျက် ချစ်သူအား တကယ်ချစ်ရာမရောက် ဖြစ်ပေ မည်။ တစ်ဖန် ထိုအကြောင်းကြောင့် ဖွင့်ဟပြောလိုက်ပြန်လည်း "ငါ့ နွား မဟုတ်ဘူး၊ သူများ လှည်းကျိုး ဝင်ထမ်းမယ့်အကောင် မှတ်သလား"ဟု မသန့်ရှင်းခဲ့သော မိမိကိုယ်ကို သတိနိုင်ပါတော့မည် မဟုတ်ရာ မုချ အချစ် ကြီး ချစ်ကြလျက်နှင့် ကွဲရတော့မည်ဟု ရှေ့မတိုးသာ နောက်မဆုတ်သာ ဘဝကို တွေးကာ အိပ်ရာတွင် ကျောချင်းခိုင်း၍ စိတ်မကောင်း ဖြစ်နေလေ သည်။

နောက်ဆုံး၌ ပန်းရုံလည်း ဖြစ်ချင်ရာဖြစ်၊ နောင်ခါမှ လျှောက်လျှား၊ ယခုလက်ငင်း စိတ်အေးကြရလျှင် တော်ပြီဟု ဆုံးဖြတ်ကာ ကျောခိုင်းရာမှ လှည့်လာပြီး–

'ကို... ဒီဘက် လှည့်စမ်းပါဦး'ဟု မရဲတရဲကလေး ပြောလိုက်လေ သည်။

'ဘာလဲ၊ ညဉ့်နက်ပြီကွယ်၊ အိပ်ချင်တယ်'

'ကို ပန်းရုံကို စိတ်ဆိုးနေတယ်ပေါ့လေ'

'ဒါတော့ မင်းအသိဆုံးပါ' ဟု ပြော၍ တင်ထူးလည်း တစ်ဖက်သို့ လှည့်မြဲ လှည့်သွားလေသည်။

'ကို လှည့်စမ်းပါဦး ဒီဘက်ကို၊ တကတဲ စိတ်ချည်းပဲ'

'ဟုတ်တယ်၊ မင်း လွန်တာတော့ မင်း မစဉ်းစားဘူး'

'ကဲပါ၊ ဒီလောက်တောင် သိချင်တဲ့ဟာ ပန်းရုံ ဖွင့်ပြောမယ်၊ တခြား မဟုတ်ဘူး။ ဟိုဟာလေ... ဟိုဟာ'

'ဘာ ဟိုဟာလဲ၊ ပြောမှာ ပြောစမ်း'

'ပြီးတော့ ပန်းရုံကို စိတ်မဆိုးနဲ့နော်'

'အို... ဒါတော့ နွားကျတဲ့အလုပ် မဟုတ်ရင် စိတ်ဆိုးတဲ့လူ အပြစ်ပေါ့'

'ဘာ.... နွားကျတဲ့အလုပ်'

ပန်းရုံလည်း ဘကင်းနှင့် ဖြစ်ခဲ့သည်ကို ဘာပဲဖြစ်ဖြစ် အကြောင်းစုံ ဥသသုံ ဖွင့်ဟမည်ပြုရာ မပြောဝံ့ဘဲ ဖြစ်သွားလေသည်။

'ပြောမယ်ဆိုတာ ပြောလေ၊ မပြောချင်လဲ နေကွာ'

တင်ထူးလည်း စိတ်မရှည်တော့၊ ကျောခိုင်းလိုက်ပြီး စောင်ကို ခေါင်းမြီး ခြုံလိုက်လေသည်။

ပန်းရုံမှာမူ ချစ်လင်၏ ကျောပြင်ကို ငေးကြည့်ကာ မျက်ရည်တွေတွေနှင့် ဖြစ်နေလေသည်။ နောက်တစ်နေ့ အရဏ်ကျင်း၍ အလင်းသို့ ရောက်သောအခါတွင် ပန်းရုံမှာ ပျောက်ခြင်းမလှ ပျောက်သွားကာ တင်ထူးလည်း ဒေါင်းတောက်အောင် ရှာဖွေနေရတော့သည်။

## | ၁၃ |

## ညှိုးပန်းတစ်ပွင့်

ပန်းရုံအဖို့ သဘာဝ၏အကြီးအကဲက "ဟဲ့... ပန်းရုံ၊ နင် ဒီလောက် စိတ်ဆင်းရဲ ဒုက္ခရောက်ရရုံလေးနဲ့ မပြီးသေးဘူး" ဟု အမိန့်ပေး ချအပ်ထားသည့် အလား ဒုက္ခတို့သည် သံကွင်းဆက်လို တစ်ခုပြီးတစ်ခု ဆက်စပ် ပေါ်ပေါက်နေလေတော့သည်။ ဒုက္ခအမျိုးမျိုး ကြုံခဲ့ရာမှ ကံအားလျော်စွာ ချစ်ဦးသူနှင့်

ပြန်လည်ဆုံစည်းရပြန်သော်လည်း ဘာကင်းနှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းကြောင့် ကွဲကြရပြန်လေသည်။

"ဖွင့်မပြောလျှင် အချစ်စစ်နှင့် ချစ်ရာမရောက်မှာစိုး၊ သို့အတွက် ဖွင့်ပြောလိုက်၍လည်း အစဦး ကနဦးကတည်းက မပြောဘဲ နွားလုပ်ဖုံးဖိထားပြီးမှ ပြောရကောင်းသလား" ဟု စိတ်ကွက်ကာ လင်မယား ကွဲသွားမည်စိုးရပြန်၊ သို့နှင့် ချီတုံချတုံ ပြောလိုက်ရကောင်းနိုးနိုး၊ ဖုံးထားရကောင်းလိမ့်နိုးနိုးနှင့် ရှိခဲ့၏။ တင်ထူးကလည်း အသိမပေးချင်ဟု ဆိုခါမှ လျှို့ဝှက်ထားသော အရာမှန်သမျှကို စပ်စုသိချင်ကြသော လူ့သဘာဝအတိုင်း အသိမပေးရ ကောင်းလားဟု စိတ်ခုကာ စကားမပြောဘဲနေ၏။ နောက်ဆုံး ဘာပဲဖြစ်ဖြစ် ပြောမည် ကြံလိုက်စဉ် လင်ဖြစ်သူ၏ အရိပ်အကဲ မဟန်သောကြောင့် မပြောတော့ဘဲ မသန့်ရှင်းသော ကိုယ်ခန္ဓာကို တကယ်ချစ်နှစ်သက်သူအား အပ်နှံရမည်မှာ အလွန်ရှက်ဖွယ်လီလီ ဖြစ်တော့သည်ဟု အတွေးဝင်ကာ လင်းအရဏ်ပေါ်ချိန်တွင် နေအိမ်မှ အသာ ထွက်လာခဲ့မိလေသည်။

ထွက်သာ လာခဲ့ရသည်၊ ဘယ်သွား၍ ဘယ်လာရမှန်း ခရီးစဉ် မရှိ။ တစ်ကြိမ်တုန်းကလို စိတ်ညစ်ညစ် ရှိသည်နှင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံကာ ဘဝတုံးလိုက်ရန် စိတ်ကူးကြည့်မိသည်။ ဤလမ်းစဉ်သည် လောကကို အရှုံးပေးသော လူပျော့လူညံ့တို့ လမ်းစဉ်ဟု ကိုယ်၌က ဘရှင်းအား တရားဟောခဲ့သည်ဖြစ်ခြင်းကြောင့် စိတ်ရှုးစိတ်မိုက် တုံးတိုက်တိုက် ပြုလုပ်ဖို့ကို မလိုလားရကား ထိုအကြံကို လက်မခံဘဲ ခြေဦးတည့်ရာ လမ်းလျှောက်နေခြင်းဖြင့်သာ စိတ်ညစ်နေသော ပြဿနာ၏ အဖြေကို ရှာဖွေနေမိလေသည်။

တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ဆောက်တည်ရာ မရသော အရှူးမကြီးနှင့်မခြား တသွားတည်း သွားနေရာမှ ရန်ကုန်မြို့ အသွားအလာ ရှုပ်ထွေးရာ ဌာနသို့ ရောက်လာခဲ့လေသည်။

'တီ... တီ... တီ... တီ' ဟူသော ကျယ်လောင်စွာ ထွက်ပေါ်လာသော ဘက်ထရီ ဟွန်းသံများကိုပင် မကြားနိုင်။ လမ်းမအတိုင်း လျှောက်လာခဲ့ရာ သဘောကောင်းသော ဒရိုင်ဘာများနှင့်သာ တွေ့သဖြင့် လူက မရှောင်ရဘဲ ကားကသာလျှင် ရှောင်၍ ရှောင်၍သာ သွားလေသည်။

သို့နှင့် သီခနဲ သီခနဲ ပွတ်ကာ ပွတ်ကာ လွတ်လာရာမှ တစ်ခုသော လမ်းဆုံအရောက်တွင် လမ်းကိုဖြတ်အကူး၊ အတော်ဝေးဝေးမှ အပြင်းမောင်းနှင်လာသော ကားသည် အရှိန်မသတ်နိုင်ဘဲ တည့်တည့်မတ်မတ်ကြီး တိုးဝင်လာလေသည်။

"ကျွိ" ခနဲ အသံနှင့်အတူ လမ်းဘေးမှ လူများလည်း "ဟယ်... တိုက်ပဟ" ဟု လမ်းလယ်ကောင်သို့ ပုရွက်ဆိတ်အုံသလို စုအုံလာကြလေသည်။

ကံအားလျော်စွာ ကားမောင်းသူ စတီယာရင် အဆွဲ လျင်မြန်သဖြင့် ပန်းရုံကို မတိုက်မိဘဲ မော်တော်ကားသည် လမ်းဓာတ်မီးတိုင်ကို ဝင်ဆောင့်ရုံ ဆောင့်မိလေသည်။ ကားမောင်းလာသူမှာ ဘရှင်းဖြစ်လေရာ ပန်းရုံအားတွေ့ရလျှင် ကားပေါ်မှဆင်း၍ နဖူးတွင် စူးဝင်နေသော မှန်ကွဲစ ဒဏ်ရာကိုမှ သတိမရဘဲ–

'ပန်းရုံ ပန်းရုံ... ကိုဘရှင်းလေ ကိုဘရှင်း' ဟု ဝမ်းသာအားရ ပြောရင်းက–

'လာ... လာ... ကားပေါ်လိုက်ခဲ့' ဟု ငေးကြောင်ကြည့်နေသော ပန်းရုံကို အတင်း ကားပေါ်သို့ ဆွဲခေါ်သွားပြီး ကားကို စက်နှိုး၊ နောက်ပြန်ဆုတ်၍ မောင်းထွက်သွားရာ လူအုပ်ကြီးလည်း ငေးမောကျန်ရစ်ခဲ့လေ၏။

'အမယ်လေး လိုက်ရှာလိုက်ရတာ၊ တွေ့မယ့်တွေ့တော့ ကားနဲ့ကို တိုက်မိတော့မလို့ သီသီကလေး'

ဘရှင်းက စတီယာရင်ကို ထိန်းလာရင်း ဝမ်းသာအားရ ပြောနိုင်သော်လည်း ပန်းရုံမှာမူ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသော ကားများကို ကြည့်ရင်း လိုက်ပါလာလေသည်။

'ပန်းရုံကို မှားမိတာတွေ တောင်းပန်ရတော့မှာပဲ၊ အစ်ကိုကြီးလည်း နောင်တ တရားရ၊ အမွေတွေ စွန့်ပြီး မိုးညွင်းဆရာတော် နောက်တော်ထဲ လိုက်သွားပြီ။ အဲဒါ ပန်းရုံ ချွတ်လိုက်တဲ့ ကောင်းမှုပေါ့။ မောင်မင်းကြီးသား သူတော်ကောင်းကြီး ညီ အရက်သောက် ပျက်စီးနေတာ မကြည့်ရက်တာနဲ့ သူ့ဥမှား ဝန်ခံပေလို့ပေါ့။ နို့မို့ရင် ကျုပ်တို့ လင်မယားချင်း အချောင်ကွဲနေရဦးမှာ'

ဘရှင်းက အဖြစ်အပျက် အားလုံး ပြေပြေပြစ်ပြစ် ဖြစ်သဖြင့် မြိန်နေအောင် ပြောလိုက်ရာ ပန်းရုံသည် အိမ်တွင်ကျန်ရစ်ခဲ့သော ချစ်လင်တင်ထူးကို သွား၍ သတိရမိလေသည်။ ခုနေ တင်ထူးသည် မိမိ ပျောက်သဖြင့် တကောက်ကောက်လိုက်၍ ရှာနေတော့မည်။ "နင့်ကိုက မိုက်ပါတယ် ပန်းရုံရယ်၊ နင် ဖွင့်ပြောလိုက်ပေမဲ့ နင်ထင်သလို မုန်းသွားမှာမဟုတ်ပါဘူး" ဟု ဖွင့်မပြောမိသည့် မိမိကိုယ်ကိုပင် ပြန်လည် အပြစ်တင်မိလေသည်။

'ပျော်ပျော်နေစမ်းပါ အချစ်ရယ်၊ ဒုက္ခဟူသမျှ ဒီနေ့ နောက်ဆုံးပိတ်'

ဘရှင်းတွင် ပန်းရုံ၏ အေးအေးစက်စက်နိုင်ပုံကို အားမလို အားမရနှင့် စတီယာရင်ကို လက်တစ်ဖက်ဖြင့်ထိန်းကာ လက်တစ်ဖက်ကို ပန်းရုံပခုံးပေါ်တင်လိုက်ပြီး အနားသို့ တိုးကပ်သွားလျက် မွှေးရက် အတော်ပြတ်ခဲ့သော ပါးပြင်ထက်သို့ နှာခေါင်းတင် မွှေးမွှေးပေးလိုက်ရာ၊ ကားကလေးသည် လမ်းဘေးသို့ ထိုးသွားသဖြင့် ကပျာကယာ စတီယာရင်ကို ထိန်းထားလိုက်၍သာ နှစ်လောင်းပြိုင် မဖြစ်တော့သည်။

'ကိုဘရှင်းကလည်း ကားကို သတိထား မောင်းစမ်းပါဦး' ဟု ပန်းရုံတွင် မနေသာတော့ဘဲ ပြောလိုက်ရတော့သည်။

'ကိစ္စမရှိပါဘူး အချစ်ရဲ့၊ ဓာတ်တိုင်ကို ဝင်တိုက်ပြီးမှ နောက်ထပ်တိုက်စရာ မလိုတော့ပါဘူး၊ စောစောကတည်းက ကျိန်းကျေနေမှပဲ။ ဟဲ... ဟဲ'

ဘရှင်းသည် စိတ်ပျော်လက်ပျော် အူမြူးကာ အိမ်သို့ရောက်ချင်ဇောနှင့် လီဗာကို ခပ်နာနာကလေး နင်းလာခဲ့ရာ၊ ကားကလေးသည် လေယာဉ်ပျံ ရှုံးလောက်အောင် တရိပ်ရိပ် ပြေးလွှားနေလေသည်။

တင်ထူးကိုလည်း မမေ့နိုင်၊ ဘရှင်းကိုလည်း မရက်စက်နိုင်နှင့် လင်နှစ်ယောက်ကြားတွင် စိတ်ကူးဝေခွဲရခက်နေသော ပန်းရုံပင် လန့်ဖျပ်ကာ–

'ကိုကို ဖြည်းဖြည်း ဖြည်းဖြည်း' ဟု အော်ဟစ် သတိပေးမိလေရာ ဘရှင်းလည်း လီဗာလျှော့နင်းကာ–

'ကြောက်သလား အချစ်ရဲ့ဟင်၊ ကြောက်သလား' ဟု ပြောရာက ပန်းရုံကို ထပ်မံမွေးလိုက်ရာ အရှိန်မနည်းလှသော မော်တော်ကားသည် လမ်းဘေးသို့ ဖဲဆင်းသွားလေသည်။ သိလျှင်သိချင်း ဘရှင်းက စတီယာရင်ကို ပြန်ဆွဲလိုက်ပါသော်လည်း မရတော့။ ဘေးဘက် သရက်ပင်ကြီးဆီသို့ တည့်တည့်မတ်မတ်ကြီး ဝင်သွားရာ ပန်းရုံ၏ ငယ်သံပါအောင် အော်လိုက်သော အသံနှင့်အတူ "ဂျုံး" ခနဲ မြည်ဟည်းကာ မော်တော်ကားဘီး လေးဘီးသည် မြေပြင်နှင့် လွတ်ကင်းသွားမှန်းသာ သိလိုက်ရတော့သည်။

ဘရှင်းသည် မည်မျှကြာအောင် လောကကြီးသည် မျက်စိအောက်မှ ပျောက်သွားသည်မသိ။ ဝူးဝူးဝါးဝါး အသံများ စူးဝင်လာ၍ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်ရာ နီကြင်ကြင် ပိုးမွှားလိုလို အကောင်တစ်ကောင် မျက်လုံးထဲ စူးဝင်လာသည် ထင်ရကာ တဖြည်းဖြည်း စူးစိုက်ကြည့်သည်မှ ဖြူဖြူဖွေးသော အဝိုင်းကြီး၌ စောစောကထက် အကောင်ကြီးသော ပိုးမွှားလိုလို အရာကို မြင်ရလေသည်။ တစ်ဖန် သတိမူ၍ အားယူကြည့်လိုက်မှ ဓာတ်မီးလုံးကို ပြောင်းဆောင်းထားမှန်း သိရလေသည်။

"ငါ ဘယ်ရောက်နေပါလိမ့်" ဟု ဘေးဆီသို့ စွေစောင်းကြည့်လိုက်ရာ–

မည်သူမှန်း မသိရအောင် ဝိုးတိုးဝါးတား ဖြစ်နေရပြီး တစ်စတစ်စ အရုပ်ပီသစွာ ပေါ်လာကာ မျက်ရည်ကလေး တစမ်းစမ်းနှင့် စိုးရိမ်နေသော လေးလေးအား ဦးစွာတွေ့ရလေသည်။ နောက်မှ အနားက ဒေါ်လှ၊ အေးအေး၊ အဝတ်ဖြူ ဝတ်ရုံကြီးများ ဝတ်ထားသော ဆရာဝန်ကြီးများနှင့် ကရင် သူနာပြုမကလေး နှစ်ယောက်ကို တွေ့ရမှ ဆေးရုံရောက်နေမှန်း သိရတော့၏။

'ကိုဘရှင်း' ဟု လေးလေးက ဦးစွာ ခေါ်လိုက်လေသည်။ ဘရှင်းသည် မျက်လုံးဖွင့်၍ ပြန်ကြည့်ပြီး ဆေးရုံရောက်ရခြင်း အကြောင်းကို အစ ပြန်ရှာကြည့်နေမိလေသည်။ ချက်ချင်းပင် ပန်းရုံနှင့် ကားစီးလာရာမှ သရက်ပင် ဝင်တိုက်မိမှန်း သိလျှင်–

'ပန်းရုံကော' ဟု ဘရှင်းသည် ပန်းရုံကို မေးရင်း လူးလဲထမည် ပြုရာ ခေါင်းပင် မထူနိုင်အောင် ဝေဒနာပြင်းပြစွာ ခံစားရလေသည်။ ရင်ဆီ

မှ အောင့်၍ ပါးစပ်တွင်လည်း သွေးများ ယိုစီးကျလာရာ မိမိဒဏ်ရာ မသေး ငယ်ကြောင်း သိရလေ၏။

'မလေးလေး အနားတိုးစမ်းဗျာ၊ ကြီးကြီး....'

ဒေါ်လှနှင့် လေးလေးလည်း လူနာဆန္ဒအတိုင်း အနားသို့ တိုးကပ် သွားရလေသည်။

'ကျွန်တော်တော့ ပန်းရုံကို ခွဲသွားရတော့မယ်'

'အို... မောင်ဘရှင်းကလည်း မတော်တာ ပြောတော့မယ်၊ ဆရာဝန် ကြီး တစ်ယောက်လုံး ရှိပါသေးတယ်ကွယ့်'

'ကျွန်တော့်ဝေဒနာ ကျွန်တော်သာ သိတယ် ဒေါ်ဒေါ်၊ ကျွန်တော့် အတွက် ရည်မှန်းပြီး ကုသိုလ်တစ်ခုခုသာ ပြုပါ၊ ကျွန်တော့်ရှိ ပစ္စည်းတွေ ကိုတော့ ပန်းရုံကို အားလုံးပဲ လွှဲပေး....'

'မောမယ် မောင်ဘရှင်း... မောမယ်' ဟု လေးလေးက ရင်ကို လက်ဝါး ဖြင့် အသာအယာ ဖိ၍ သတိပေးလိုက်လေသည်။ ဘရှင်းသည် အသက်ရှူ ပို၍ မြန်လာကာ ပါးစပ်မှ သွေးများလည်း ယိုထွက်လာလေသည်။ နောက် ဆုံး၌ 'ပန်းရုံ... ပန်းရုံ... အစ်ကိုကြီး... အစ်ကိုကြီး' ဟု ပန်းရုံနှင့် သူ့အစ်ကို ဘကင်းကို တမ်းတရင်း အသက်ပျောက်သွားလေတော့ရာ လေးလေးနှင့် တကွ အားလုံး ကျိတ်၍ ငိုနေရတော့သည်။

ထိုအတွင်း စူးစူးဝါးဝါးအသံကြောင့် အားလုံး လှည့်ကြည့်ကြရာ လူတစ်ယောက်သည် အခန်းတွင်းသို့ အတင်းဝင်ရောက်လာသဖြင့် မယ် တယ် ကုလားက အတင်းဆွဲထုတ်၊ ဝင်လာသူကလည်း 'ဟေ့... ခွေးကုလား၊ ဖယ်' ဟု ဗွတ်အတင်း ဝင်လာသည်ကို တွေ့ရသည်။

'ဟင်... ကိုတင်ထူး၊ ဘယ်က သတင်းကြားနဲ့ လိုက်လာတာလဲ'

တင်ထူးလည်း ကျီးကန်းတောင်းမှောက် တစ်စုံတစ်ရာကို လှည့်ပတ် ကြည့်ရှုလိုက်ပြီးမှ–

'ပန်းရုံကောဟင်... ပန်းရုံကော၊ သတင်းစာထဲမှာ တွေ့လိုက်ရလို့ လိုက်လာတာပဲ လေးလေးရဲ့။ မနေ့က မနက်ကတည်းက အိမ်က ပျောက် သွားလို့ ကျွန်တော်လည်း ရှာနေတာ။ သိပ်မိုက်တဲ့ ပန်းရုံ လေးလေးရဲ့၊ မကြီးခင် ပြောပြမှပဲ သူ ကျွန်တော့်အပေါ် သိပ်ချစ်မှန်း သိရတာပဲ၊ ဘယ်မှာ

လဲ ပန်းရုံ... ဘယ်မှာလဲ ပန်းရုံ၊ ခု ဘယ်မှာလဲဗျာ' ဟု ပြောနေရာက အဝတ်ဖုံးထားသော ဘရှင်းအလောင်းကို တွေ့ရလျှင်–

'ဒါ... ဒါ ဘယ်သူလဲ၊ ပန်းရုံလား... ဟင်၊ ပန်းရုံလား'

'ကိုဘရှင်းပါ'

တင်ထူးလည်း ထိုမျှနှင့် မယုံကြည်သေးဘဲ အလောင်းနားသို့ လျှောက်သွားကာ အဝတ်ကို လှန်ကြည့်လိုက်မိလေသည်။

'ဟင်... သူ ဘယ်သူလဲ၊ ပန်းရုံနဲ့ စေ့စပ်တယ်ဆိုတဲ့ လူလား'

'ဟုတ်တယ် ကိုတင်ထူး၊ ပန်းရုံနဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ ကိုဘရှင်းပဲ'

တင်ထူးလည်း စိတ်မကောင်းသလို ဖြစ်သွားပြီး–

'နို့ နေပါဦး၊ ပန်းရုံကော ရင်ခွဲရုံမှာလား၊ ဘယ်မှာလဲ၊ သေသည် ရှင်သည် သိပါရစေ မမလေးရယ်၊ သေရင်လည်း အလောင်းကလေးဖြစ်ဖြစ် အားရအောင် ကြည့်ပါရစေဗျာ၊ သိရင် ပြောကြစမ်းပါ'

ချစ်ဦးသူ ပန်းရုံအတွက် အရပ်ကူပါ၊ လူကယ်ပါနှင့် ရတက်ဝေဖြာ နေရှာသော တင်ထူးကို လေးလေးနှင့်တကွ ဒေါ်လှရော အေးအေးပါ စိတ်မကောင်း ဖြစ်နေကြတော့သည်။

'ပန်းရုံတော့ ဟိုအခန်းထဲမှာ၊ ဆရာဝန်က အပြင်က စောင့်နေပြီး သူခေါ်မှ ဝင်ဆိုလို့ ကိုဘရှင်းဆီ ဝင်ကြည့်ရင်း စောင့်နေကြတာ။ ပန်းရုံ ကိုက ကံဆိုးပါတယ်ရှင်၊ ဘုရားသိကြား မ လို့ အသက်ကလေးတော့ ရှင်အောင် မှိုင်းမတော်မူပါ'

လေးလေးသည် ပန်းရုံအတွက် စိုးရိမ်ကာ တိုးတိုးကလေး ဆုတောင်း ရှာလေသည်။

ထိုအတွင်း ပိတ်ထားသော တစ်ဖက်ခန်းမှ တံခါးပွင့်လာကာ ဆရာ ဝန်ကြီးသည် ကိုယ်တစ်ဖက်ထွက်၍ 'လာ... လာ' ဟု ခေါ်သဖြင့် အားလုံး ဝမ်းသာအားရ ပြေးသွားကြလေသည်။ သို့ရာတွင် ဆရာဝန်ကြီးသည် လေးလေးမှတစ်ပါး အားလုံး အပြင်မှ စောင့်နေရန် ပြောခဲ့သဖြင့် တင်ထူး တွင် မချင့်မရဲကြီးနှင့် ဖြစ်၍ ကျန်ရစ်တော့သည်။

ဘယ်လိုများ ဖြစ်ပါလိမ့်၊ ဆရာဝန် အကဲခတ်ရတာ ဝေခွဲလို့လဲ မရ၊

သေများ သေသွားပလားနှင့် တထင့်ထင့် ချစ်သူအတွက် ပူပန်ရင်း နောက်ဆုံး မနေနိုင်တော့...

'ကြီးကြီး မျှော်လင့်ချက်ကလေး ရှိပါ့မလားဟင်၊ သတင်းစာထဲမှာ တွေ့လိုက်ရတာတော့ ဒဏ်ရာ အတော်ပြင်းတယ်တဲ့။ ဒီအတိုင်း ဟုတ်ရဲ့လားဗျာ' ဟု တစ်ကြိမ်တစ်ခါမျှ စကားမပြောဖူးသည့် ဒေါ်လှအား မေးမိတော့သည်။

'စိုးရိမ်စရာ မရှိပါဘူး မောင်ရဲ့၊ လက်နဲ့ နားရွက်လောက်ပဲ ထိသွားတယ် တဲ့'

'ဟုတ်တယ်၊ ကျွန်မတို့လည်း သိပ်သိချင်လို့ လိုက်လာတော့ ဆရာဝန်က လူနာတွေနဲ့ အတွေ့မခံလို့ အတော်ကြာ စောင့်နေရသေးတယ်။ နောက်မှ ဆရာဝန်က ခင်ဗျားတို့နဲ့ ဘာတော်သလဲမေးပြီး ပန်းရုံအတွက် စိုးရိမ်စရာ မရှိပါဘူး၊ ပြီးတော့ တွေ့ရပါစေ့မယ်၊ ဟိုဘက်က ကိုဘရှင်းသာ ခုထက်ထိ သတိမရသေးဘူး ဆိုတာနဲ့ ကိုဘရှင်း အခန်း ဝင်ကြတုန်း ရှင်ရောက်လာတာပဲ'

အေးအေးကပါ ဝင်ရောက်၍ ပြောလိုက်ပြန်ရာ စိုးရိမ်ပူပန်သောက ရောက်မိသော တင်ထူးတွင် စိတ်အနည်းငယ် သက်သာရာ ရသွားလေသည်။ သို့ရာတွင် ဒဏ်ရာ စိုးရိမ်စရာမရှိဟု ဆိုလျက်နှင့် အဘယ့်ကြောင့် ရုတ်တရက် တွေ့ဆုံခွင့် မပေးသည့်အပြင် တွေ့ခွင့်ပြုပြန်လည်း လေးလေး တစ်ယောက်တည်းကိုသာ ဝင်ခွင့်ပြုလေရာ စဉ်းစားစရာ တစ်ပုံတစ်ခေါင်းကြီး ဖြစ်နေတော့၏။

ပန်းရုံ.... ပန်းရုံ၊ မိမိကိုယ်ကို ချစ်ရှာလွန်းသဖြင့် လက်ဆိပ်ထိုးညှိုးပန်း သူ့ကိုယ်ခန္ဓာကို မပုံရက် လတ်ဆတ်စင်ကြယ်စွာသာ ထိုးအပ်လိုသည်။ သို့အတွက် မစင်ကြယ် မလတ်ဆတ်သော မိမိကိုယ်ခန္ဓာကို မအပ်တော့ဟု တမင်ရှောင်ရှား၍ ထွက်ခွာခဲ့သည်။ သို့ထွက်ခွာခြင်းကြောင့် သည်လိုအဖြစ်သို့ ရောက်ရှိရတော့သည် ဖြစ်ရာ နောက်ဆုံး၌ ပန်းရုံ၏ ချစ်စိတ်သည် အကောင်အထည် ပေါ်လာတော့သည်။ သည်လို အကောင်ထင်ခါမှ ပန်းရုံကို အဆုံးရှုံးခံ၍ မဖြစ်။ အို... ဘယ်နည်းနှင့်မျှ မဖြစ်၊ အသက်ရှင်ရမည်။ ရှင်ကို ရှင်စေရမည်။

တင်ထူး ဆုတောင်းသည့်အတိုင်း ဖြစ် မဖြစ်ကား မသိရ။ ကျွဲခနဲ တံခါးပွင့်သွားသံ ထွက်လာပြီး ဆရာဝန်သည် အားလုံးကို ဝင်ခဲ့ရန် ခေါ်လေရာ တင်ထူးတို့လည်း ကပျာကယာ ဝင်လိုက်သွားကြလေသည်။

တင်ထူး ဝင်သွားလျှင် ဝင်သွားချင်း လေးလေးသည် မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ရှိုက်ငို ငိုနေ၍၊ အနားမှ စင်းစင်းကြီးလဲနေသော ပန်းရုံကို တွေ့ရလျှင် ထိတ်ခနဲ ဖြစ်သွားလေသည်။

"သွားပြီ... သွားပြီ ပန်းရုံရယ်၊ ကို လာအောင်တောင် မစောင့်တော့ ဘူးလား" ဟု ရင်ထုမနာ ဖြစ်ရတော့မည်လော။ မရဲတရဲကလေးနှင့် လက်ကလေး ဆွဲကိုင်စမ်းသပ်ကြည့်လိုက်ရာ သွေးတိုးလျက် ပူနွေးနေသေးသည်ကို တွေ့လျှင်–

'ပန်းရုံ... ပန်းရုံ... မသေသေးဘူး၊ မသေသေးဘူး' ဟု ဝမ်းသာအားရ အော်ပြောမိလေ၏။ တင်ထူး၏ အော်သံကြောင့် ပန်းရုံလည်း လဲနေရာက ငေါက်ခနဲ ထ ထိုင်လာလေသည်။

'ပန်းရုံ... ပန်းရုံ မသေဘူးနော်၊ မသေဘူး၊ ကို မှားမိတာ တောင်းပန်ပါတယ်ကွယ်၊ ပန်းရုံ ဖြစ်ခဲ့တာတွေလည်း အစကတည်းက ကို ခွင့်လွှတ်ပြီးသားပါ။ ဘာလုပ် မကြီးခင်တော့ ဖွင့်ပြောပြီး ကို့ကိုကျတော့ ဖုံးထားရတာလဲဟင်။ ပြောစမ်း... ပြောစမ်း'

တင်ထူးက အငမ်းမရနိုင်သလောက် ပန်းရုံမှာမူ ဟက်ဟက် ပက်ပက် လက်ခုပ်လက်ဝါးတီးပြီး–

'ဘာပန်းရုံလဲ... မသိဘူး၊ သွား... သွား၊ ဘယ်က ပန်းရုံလဲ... ဟား... ဟား၊ အရူး... အရူး... အရူး... အရူး'

'ဟင်... ပန်းရုံ ဘယ်လို ပြောလိုက်တာလဲ၊ ကိုတင်ထူးလေ၊ မမှတ်မိတော့ဘူးလား'

ပန်းရုံလည်း သေချာစွာ ကြည့်လိုက်ပြီး–

'သြော်... ကိုတင်ထူးလား၊ ဟိုအိမ်ရှေ့က ရေတွင်း အိမ်နောက်ဖေးပို့လိုက်'

လေးလေးတွင် ငိုနေရာမှ မနေသာတော့ဘဲ ဝင်ပြောရတော့သည်။

'ပန်းရုံ စိတ်နောက်နေပြီ ကိုတင်ထူးရဲ့'

'ဟင်' ဟု မျှော်လင့်ချက်ကြီးစွာဖြင့် ဝမ်းသာအားရ ဖြစ်ခဲ့မိသော တင်ထူးတွင် တစ်ခဏအတွင်း မျက်နှာအိုသွားတော့သည်။

'ဟုတ်တယ်ကွယ့် သူငယ်ရဲ့၊ ယူလာကတည်းက သတိမရတစ်ချက် ရတစ်ချက်နဲ့၊ ကို ကိုနဲ့ တ တနေတာပဲ၊ ဦးတို့လည်း ကိုဘရှင်း မျက်နှာနဲ့ အိမ်တောင်မပြန်ဘဲ ဝီရိယစိုက် ကုနေတာ၊ နောက်ဆုံးတော့ အုပ်ဆက် ထိသွားတဲ့ဒဏ်ရာက ဦးနှောက်ထဲ သွေးရောက်ပြီး စိတ်နောက်သွားတာ ပါပဲကွယ်'

ဆရာဝန်လည်း စိတ်မကောင်းစွာနှင့်ပင် ဖွင့်ပြောလိုက်ရတော့သည်။

ဒေါ်လှနှင့် အေးအေးမှာလည်း ရင်ထုမနာ–

'အမယ်လေး ပန်းရုံရဲ့၊ နင့်ကံ ဆိုးလှချည်လား ဟင်'

တင်ထူးမှာမူ ပြတင်းမှ ကျော်၍ ပတ်ဝန်းကျင်သို့ စူးစူးဝါးဝါး ကြည့်ရင်း ငေးမောနေမိလေသည်။

'တောက်... ဖြစ်ရလေ ပန်းရုံရယ်... ဖြစ်ရလေ'

မကျေမချမ်းသံနှင့်အတူ ပန်းရုံ၏ ရှိုက်သံသည် ထွက်ပေါ်လာလေ သည်။ ချက်ချင်းပင် ရှိုက်သံပျောက်၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက် သံသည် ဆေးရုံပြင်ပ ပန်းရုံအောက်မှ ညှိုးရော် ကြွေကျနေသော ပန်းပွင့် များ အထိ ဂယက်ရိုက်သွားသယောင်ယောင် ရှိလေတော့သတည်း။

**၁၉၄၉ ခုနှစ် ပထမအကြိမ် ထုတ် "ညှိုးပန်းတစ်ပွင့်" ဤတွင် ပြီး၏။**

## ပန်းရုံ

*[ ပန်းရုံကလေးကို ကရုဏာသက်သက်နှင့် ဆက်လက် ရေးသားရန် တိုက်တွန်းကြကုန်သော ကိုထွန်းဦး (အင်းစိန်) စသော စာရှုသူများအား ဤဝတ္ထုဖြင့် နှစ်သိမ့်အပ်ပါသည်။ ]*

### (၁)

ရှိုက်သံနှင့် ရယ်သံသည် ရောနှောပေါ်ထွက်လာလေသည်။ ရှိုက်သံနှင့် အတူ ဟက်ပက်စွာ ရယ်မောလိုက်သော အသံသည် ဆေးရုံပြင်ပရှိ ပန်းရုံ အောက်မှ ညှိုးရော်ကြွေကျနေသော ပန်းပွင့်ကလေးတွေအထိ ဂယက်ရိုက် သွားသလား ထင်ရသည်။

'တောက်... ဖြစ်ရလေ... ပန်းရုံရယ်၊ ဖြစ်ရလေခြင်းကွယ်...' တင်ထူး က တုန်ယင်လှိုက်လှဲ ကြေကွဲဝမ်းနည်းသံကြီးဖြင့် ယူကျုံးမရ ဖြစ်နေလေ သည်။ အစမှအဆုံး တစ်အူထုံ့ဆင်း အစ်မရင်းထက် ချစ်ခင်တွယ်တာ လာခဲ့သော လေးလေးမှာ ငိုရလွန်း၍ မျက်ရည်ပင် မထွက်တော့။ ဒေါ်လှနှင့် အေးအေးတို့ပင် ပန်းရုံကလေး၏ အဖြစ်ဆိုးကို မရှုရက်၊ မကြည့်ရက်နှင့် ရင်ထုမနာ ဖြစ်နေပေတော့သည်။ ပန်းရုံကလေး၏ အဖြစ်ကား အသက်ရှင် လျက်နှင့် လူဖြစ်ရှုံးကာ ဘဝဆုံးနေရှာပေပြီ။ လက်ဆိပ်ထိုး ညှိုးပန်းကို ချစ်သူ တင်ထူးအား မအပ်နှင်းလိုသည့် အတွက်နှင့် သူ့ခမျာ အဖြစ်ဆိုးနှင့် တိုးရရှာလေသည်။

(၂)

ပန်းရုံ... ပန်းရုံ၊ ပန်းပွင့်ကလေးလို လှသဖြင့် ပန်းပွင့်ကလေးလို ညှိုးရရှာချေပြီ။

သဘာဝ၏ဖန်တီးသမျှထဲတွင် ပန်းပွင့်ကလေးတို့သည် အလှပဆုံး၊ နှစ်လိုဖွယ် အကောင်းဆုံးဖြစ်၍ သဘာဝကိုယ်တိုင် အသက်သွင်းပေးဖို့ မေ့ကျန်ခဲ့သည့် အရာကလေးတွေ ဆိုလျှင် မမှားပေ။

ပန်းပွင့်ကလေးတွေနှင့် မခြားလှသော ပန်းရုံမှာ အသက်သွင်း ခံပင်ခံငြားရသော်လည်း မွေးစဥ်ကပင် လောကဓံ၏ ဆွဲချက်အတိုင်း သူ့ခမျာကခဲ့ရရှာလေသည်။ မျက်စိနှစ်ကွင်း အလင်းရ၍ နှာခေါင်းပေါက်များမှ အသက်ရှူနိုင်စဥ်ကပင် ဘနှင့် မိတို့သည် သူ့ကို စွန့်ခွာသွားခဲ့ကြသည်။ လူဖြစ်လာရသည်မှာပင် ကြီးကြီးတော်သူ ဒေါ်လှက ကောက်ယူမွေးကျွေးခဲ့သောကြောင့် ဖြစ်လေသည်။ သို့ရာတွင် ပန်းရုံကလေးမှာ ဒစ်ကင်၏ ဝတ္ထုထဲမှ အိုလီဗာတွစ်ကလေးနှင့် မခြား၊ ကံဆိုးမ သွားလေရာ မိုးလိုက်လို့သာ ရွာခဲ့သည်။

သူ့ကို မွေးကျွေးသူ ကြီးကြီးအပျိုကြီးမှာ မွေးရုံသာမွေးပြီး မကျွေးဘဲ ကျိုက္ကစံမှာ ဥပုသ်ရက်ရှည်စောင့် သွားသည်နှင့် ပန်းရုံခမျာ မျက်နှာငယ်ငယ်နှင့် ကြီးကြီးညီမ အဒေါ်အိမ် ကပ်နေရပြန်သည်။ ကျောင်းနေရဖို့တော့ ဝေလာဝေး၊ အများနည်းတူ ဝတ်စားနေထိုင်ဖို့ပင် သူ့လုပ်အားကိုသူ အသုံးပြုရရှာသည်။ တစ်နေ့ကုန် တစ်နေ့ခန်း မနားတမ်း ဆေးလိပ်လိပ်၊ ညနေအိမ်ပြန်တော့ အိမ်မှုကိစ္စ ဗာဟီရ မှန်သမျှကို ဒိုင်ခံလုပ်ဆောင်ပေးရသည်။ သည်လိုနှင့်ပင် ချားရဟတ်လို လည်နေရာက တစ်နေ့သောတစ်နေ့မှာ တင်ထူးနှင့် တွေ့ကြသည်။ တင်ထူးမှာလည်း တစ်နေ့လုပ်မှ တစ်နေ့စားရသော ခြေထောက်အားကိုး စာပုံနှိပ်စက်နင်း အလုပ်သမားကလေး ဖြစ်သည်။

နှစ်ယောက်၏အသက်ကို စုပေါင်းလိုက်သည်ပင် ၄၀ မပြည့်သေးသည့် ငယ်ရွယ်သူ ချစ်သူနှစ်ဦးမှာ မကြာမီပင် ပန်းရုံ၏ ဒေါ်ဒေါ်နှင့် ကြီးကြီးတို့ သိရှိသွားကာ ချစ်ခြင်းကို ခွင်းခံရရှာတော့သည်။ တင်ထူးမှာလည်း သူ့အစ်မ၏ စေလွှတ်ခြင်းကြောင့် အဝေးအရပ်ရှိ ဦးလေးတော်ထံ

သွားရတော့သည်။ တင်ထူးနှင့် သဘောမတူ မကြည်ဖြူခဲ့သော ပန်းရုံ၏ ကြီးကြီးနှင့် အဒေါ်က သိမ်ကြီးဈေးမှ အထည်ဆိုင်ရှင်၊ ခြံပိုင်၊ တိုက်ပိုင်၊ ကားပိုင် ကိုဘကင်းနှင့် တူမကို နေရာချရန် စီစဉ်ကြသည်။ အချစ်သစ္စာ ကြီးသော ပန်းရုံ၏ ခေါင်းမာမှုကြောင့် မင်္ဂလာဆောင်မည့်ဆဲဆဲမှ အစီအစဉ် ကို ဖျက်လိုက်ရသည်။ မြေမသေ တုတ်မကျိုး သဘောမျိုးဖြင့် တူမအစား သမီးကိုပင် အစားထိုးကာ ပေးစားလိုက်ခြင်းကြောင့် တစ်မီး ငြိမ်းခဲ့ရသည်။ သို့ရာတွင် ပန်းရုံခမျာ ဘဝသာလျှင် ကံဆိုးသည်မဟုတ်၊ အချစ်မှာလည်း ကံဆိုးရရှာသည်။ စစ်ကိုင်းတောင်သို့ ကြီးကြီးဖြစ်သူ ဥပုသ်ရက်ရှည်စောင့် သွားရာတွင် လိုက်ပါရင်း မန္တလေးမြို့သို့ ရောက်နေသော ချစ်သူကို သွား တွေ့သည်။ မျှော်လင့်ချက်ကြီးစွာနှင့် သွားရှာသော သူ့ခမျာ ရင်ကွဲပက်လက် အသည်းအက်စေသည့် အဖြစ်ဖြင့် တိုးခဲ့ရရှာသည်။ သူက အချစ်သစ္စာ ကြီးခဲ့သလောက် တင်တူးကား သူ့အပေါ် သစ္စာမတည်၊ ဦးလေး ပေးစား သော ရွှေမန်းသူနှင့် ကြည်နေသည်။

ထိုအတွင်း အဒေါ် ဆုံးကြောင်း ကြေးနန်းလာသည်နှင့် ရန်ကုန်သို့ ကြီးကြီးနှင့် ပြန်လာခဲ့ကြသည်။ ဈာပနကိစ္စပြီးလျှင် ကွယ်လွန်သူအတွက် ကုသိုလ်ကောင်းမှု ပြုပြီးနောက် အားလုံး တစုတရုံးတည်း နေချင်သည်နှင့် လေးလေးတို့ လင်မယားတိုက်သို့ ပြောင်းရွှေ့နေခဲ့ကြသည်။

တိုက်နှင့်တာနှင့်၊ ဝင်းနှင့်ခြံနှင့်၊ အိမ်ထောင်ပရိဘောဂ အများအပြား ခမ်းခမ်းနားနား၊ အခိုင်းအစေ ဆိုလျှင်လည်း လိုလေသေးမရှိ နေရထိုင်ရ သော်လည်း ပန်းရုံမှာ ရေဝေးပန်းအလား တစ်နေ့တခြား ညှိုး၍ ညှိုး၍သာ ရှိတော့သည်။ ချစ်သူ တင်ထူးနှင့် စတင်တွေ့ခဲ့ကြပုံ၊ ပျော်ခဲ့ကြပုံများကို တသိကြီး တွေးရင်း တွေးရင်း အဟောင်းတို့သည် အသစ် အသစ် ဖြစ် နေကြလေသည်။

သို့ရာတွင် အဟောင်းသည် အဟောင်းမျှသာ ဖြစ်၍ အသစ်တကယ် မဖြစ်နိုင်လေရာ ပန်းရုံအဖို့မှာလည်း ထိုနည်းတူစွာ ဖြစ်ခဲ့လေသည်။ ဤ ကဲ့သို့ပင် အချစ်၏ စိမ်းကားခြင်း ခံနေရရှာသော တစ်အိမ်ထဲနေ လေးလေး ၏ မတ်တော်သူ ကိုဘရှင်းနှင့် ချစ်ရေးဖွဲ့မိကြပြန်သည်။

ဤသို့ဆိုလျှင် ပန်းရုံအဖို့ ဒုက္ခတွေ စုံခဲ့ပြီမို့ ဝဋ်ကုန်လောက်ပေပြီ။

သို့သော် တကယ်မစုံသေးလို့ မကုန်သေးပါ။ တစ်ခါက သူနှင့် ဓေ့စပ်ခဲ့ဖူးသော ခဲအိုတော် ကိုဘကင်း၏ အခမ္ဘကြံစည်ခြင်းကို ခံရရှာပြန်သည်။ ရေတိမ်နစ်ရပြန်သေးသော ပန်းရုံအဖို့ ရင်နာစရာကောင်းပုံမှာ အစ်မဖြစ်သူ၏ အထင်လွဲခြင်းကို ခံရခြင်းပင် ဖြစ်လေသည်။ သူ့အဖို့ ဤအိမ်မှာ နေခြင်းဖြင့် သင့်လျော်တော့မည် မဟုတ်သည်နှင့် ပန်းရုံသည် သားရေသေတ္တာတစ်လုံးကို အဖော်ပြုကာ ခြေဦးတည့်ရာ ထွက်လာခဲ့ရရှာလေသည်။

သူ့အဖို့ မှီခိုအားထားစရာ ဘယ်မှ မမြင်သည်နှင့် နောက်ဆုံးမှာ သူ့ကို ကြင်နာချစ်ခင်သော မကြီးခင်တို့ရှိရာသို့ ရောက်သွားကာ နဂိုမူလ ဆေးလိပ်သမား ဘဝသို့ပင် ပြန်လည် သက်ဆင်းနေမိသည်။

## (၃)

လောကကြီးတွင် မဖြစ်စေချင်တာမှ ဖြစ်တတ်၍ ဖြစ်စေချင်တော့ ဖြစ်ချင်မှ ဖြစ်တတ်သော ဓမ္မတာအတိုင်း မမျှော်လင့်ဘဲနှင့် ချစ်သူ တင်ထူးနှင့် ပြန်လည် ကြုံတွေ့မိရပြန်သည်။

တင်ထူးမှာ ဦးလေး ပေးစားသော မယားကို ပစ်ခဲ့ပြီး သူ့မှာလည်း အားလုံးနှင့် ကင်းကင်းရှင်းရှင်း ဖြစ်ခဲ့ကြပြီဖြစ်ရာ၊ ပန်းရုံနှင့် ကွေကွင်းခဲ့လေသမျှ ရက်တွေ အတိုးချကာ ချစ်ကြဖို့သာ ရှိတော့သည်။

သို့ရာတွင် ဒေါင်ကျကျ၊ ပြားကျကျ ခံနိုင်ရည်မရှိတော့သော ပန်းရုံကလေးမှာ အတိတ်ဆိုးအဖြစ်မှန်များကို ဖွင့်ဆိုမပြောပြလျှင် ချစ်ရာမရောက်မှာ စိုး၊ ပြောလိုက်လို့လည်း ချစ်သူ အထင်လွဲ စိမ်းကားမှာစိုးနှင့် အမျိုးမျိုးတွေးကာ ဖွင့်ပြောကောင်းနိုး၊ မျိုသိပ်ထားရကောင်းနိုးနိုးနှင့် ရှိရှာလေသည်။

နောက်ဆုံး ဝေခွဲမရ၊ ညစ်နွမ်းခဲ့ပြီဖြစ်သော သူ့ကိုယ်ကို ချစ်သူအား မအပ်နှင်းလိုရကာ ချစ်လျက်နှင့်ပင် ခွဲခွာခဲ့လေသည်။

ခြေဦးတည့်ရာ ထွက်သာ လာခဲ့ရသော်လည်း ဘယ်သွား၍ ဘယ်လာရမှန်းမသိ၊ ခရီးစဉ်ကလည်း အရှင်းမရှိ။ တစ်ကြိမ်တုန်းကလို လောကကို အရှုံးပေးသော စိတ်ဖြင့် ဘဝဆုံးသို့ သွားလိုက်ဖို့ ကြံမိသေးသည်။ ကိုယ်တိုင်ကကို အမြင်မှန်ရကာ စက်ဆုပ်ရွံရှာခဲ့လေသဖြင့် စိတ်ရှုးစိတ်မိုက်

တုံးတိုက်တိုက် ကမ်းဆိုက်ဆိုက် မလုပ်တော့ဘဲ ခြေဦးတည့်ရာ လျှောက်နေခြင်းဖြင့်သာ ဖြေဆေးကို ရှာဖွေကြည့်နေမိသည်။

ထိုစဉ်မှာပင် ပန်းရုံကို လိုက်ရှာနေသော ဘရှင်းနှင့် မရှောင်သာဘဲ သွားတိုးသည်။ ဘရှင်းက မြင်လျှင်မြင်ချင်းပင် ကားပေါ်သို့ အတင်းဆွဲခေါ်ကာ၊ သူ့အစ်ကိုဘကင်းမှာ နောင်တ တရားရကာ ဘမွှေ မိမွှေတွေပင် စွန့်ပြီး မိုးညှင်းဆရာတော် နောက်တော် လိုက်သွားကြောင်း ဝမ်းသာအားရ ပြောပြရှာသည်။ ပန်းရုံမှာ ဝမ်းမသာနိုင်ဘဲ ခုလောက်ဆိုလျှင် မယားပျောက်ကို တကောက်ကောက် ရှာနေမည်ဖြစ်သော ချစ်ဦးသူ တင်ထူးကိုသာ မြင်ယောင်ကာ မစဉ်းမစား ထွက်လာမိခဲ့သော သူ့ကိုယ်သူ အပြစ်တင်မိနေသည်။

ဘရှင်းကမူ စိတ်ပျော်ကိုယ်မြူး အိမ်သို့ ရောက်ချင်ဇောကြီးနှင့် ကားကလေးကို လီဗာနာနာနင်း မောင်းလာခဲ့ရင်း ကြောက်အား ပိုနေရှာသော ပန်းရုံကို 'ကြောက်သလား အချစ်ရဲ့ ဟင်၊ ကြောက်သလား' ဟု ပြောလည်း ပြောသည်။ လက်ကလည်း မငြိမ်၊ ပန်းရုံကို လှမ်းဖက် မွှေးလိုက်ရာ အရှိန်မသေးလှသော မော်တော်ကားမှာ လမ်းဘေးသို့ ဖဲ့သွားလေသည်။ သိလျှင်သိချင်း စတီယာရင်ကို ကပျာကသီ ပြန်ဆွဲလိုက်ပါသော်လည်း မရတော့။ ဘေးဘက် သရက်ပင်ကြီးဆီသို့ တည့်တည့်မတ်မတ်ကြီး ဝင်သွားရာ ကြောက်အားနှင့် အော်လိုက်သော ပန်းရုံ၏ ငယ်သံနှင့် အတူ ကြောက်ခမန်းလိလိ မြည်ဟိန်းသံကြီး ထွက်ပေါ်လာလေသည်။ အနီးအနားမှ လူအများအပြား ပြေးလွှား စုအုံလာကြကုန်သော အခါတွင် မော်တော်ကားမှာ ဘီးလေးဘီး မြေနှင့် ကင်းလွတ်ကာ ရစရာမရှိအောင် ကြေမွ ပျက်စီးနေတော့သည်။

သတိကောင်းသူများက ထိုအချိန်အထိ စက်မသေသေးသော မော်တော်ကား အင်ဂျင်ကို ရပ်စေပြီး ကားထဲမှ လူများကို ခဲယဉ်းစွာ ဖော်ထုတ်ယူရလေသည်။ မနေနိုင်သူအချို့က တယ်လီဖုန်းဆက်ပြောမှု ကြောင့် မကြာမီပင် ဆေးရုံမှ သူနာပြုကားတစ်စီး ရောက်လာပြီး ဒဏ်ရာရသူများကို သယ်ဆောင်သွားကြခြင်းဖြင့် ဘရှင်းနှင့် ပန်းရုံမှာ ဆေးရုံသို့ ရောက်လာခဲ့ကြရလေသည်။

ဒေါ်လှတို့ သားအမိသုံးယောက်မှာလည်း ရဲဌာနမှ အကြောင်းကြား ချက်အရ ရောက်လာကာ၊ တင်ထူးမှာလည်း မယားပျောက် စုံစမ်းရင်း သတင်းစာမှာ တွေ့သဖြင့် ဆေးရုံသို့ ပြေးလာခဲ့လေသည်။

ဘရှင်းမှာမူ ဒဏ်ရာ ပြင်းထန်သဖြင့် ဝေဒနာကို ကြာရှည်ပင် မခံစား ရဘဲ ဆေးရုံ၌ပင် အသက်ပျောက်သွားရလေသည်။ မကွယ်လွန်မီ သူ့ကို ရည်မှန်းပြီး ကုသိုလ်တစ်ခုခု ပြုရန်နှင့် သူပိုင် ပစ္စည်းများကို သူ ချစ်သော ပန်းရုံကို လွှဲပေးသွားရှာလေသည်။ သို့သော် ပန်းရုံခမျာမှာ သူ့အမွေ၊ သူ့ ပစ္စည်းကို ခံစားနိုင်သော ဘဝ၌ မရှိတော့ပြီကိုကား သူ သိမသွားလေ။

(၄)

'ပန်းရုံ... ပန်းရုံ အဖြစ်ဆိုးလှချည်လား တူမရယ်' တစ်ခါက ကျော ကွဲ မတတ် ထုရိုက်ခဲ့၊ ဆုံးမခဲ့သော ကြီးကြီးဒေါ်လှက ရင်ထုမနာ ဖြစ် နေလေသည်။

အမြဲလိုလို ပန်းရုံအပေါ် ဆိုးခဲ့၊ သွမ်းခဲ့၊ နှိပ်စက်ခဲ့သော အစ်မ အေးအေးကဆိုလျှင် ပန်းရုံအဖြစ်ကို မရှုရက်၊ မကြည့်ရက်နိုင်တိုင်း မျက်ရည် ဖြိုင်ဖြိုင် ကျနေလေသည်။

ပန်းရုံကမူ ဘာဆို ဘာကိုမျှ သတိမမူနိုင်၊ မထားနိုင်၊ ငိုလိုက် ရယ် လိုက်၊ မဲ့လိုက် ရွဲ့လိုက်၊ ထိုင်လိုက် ထလိုက်၊ ရယ်လိုက် ငိုလိုက်နှင့် ဂနာ မငြိမ်အောင် ဖောက်နေသဖြင့် 'ပန်းရုံ... ပန်းရုံ၊ သတိထား သတိထား'ဟု အနားမှ လေးလေးက တဖွဖွ သတိပေးနေရသည်။

'သတိထား.... သတိထား၊ နင်သာ သတိထား၊ ငပိစား ဖြစ်သွား မယ်၊ ဟဲ... ဟဲ... ဟီး'

ပြောလေ ကဲလေ... မန်းလေ ပြလေ ဆိုသလို ပန်းရုံ၏ ရောဂါက ဖောက်သထက် ဖောက်လာသဖြင့် မနေသာသော ဆရာဝန်က တံတား ကလေး စိတ္တဇဆေးရုံသို့ တင်ပို့ရန် ညွှန်ကြားလိုက်ရသည်။

'ဟုတ်တယ်... ဒီအတိုင်း ကြည့်နေမယ့်အတူတူ စိတ္တဇဆေးရုံကို ပို့တာက ကောင်းလိမ့်မယ် ကြီးကြီး' ဟု တင်ထူးကပါ သဘောတူကာ ဝင်ပြောလေရာ၊ နောက်ဆုံးတွင် ဆေးရုံကြီးမှ ဆရာဝန်၏ အကူအညီဖြင့်ပင်

ထိုနေ့ညနေမှာ တံတားကလေး စိတ္တဇဆေးရုံသို့ ပန်းရုံကို တင်ရန် စီစဉ်ရသည်။

(၅)

ရန်ကုန်ဆင်ခြေဖုံး တံတားကလေးမှာ စိတ္တဇဆေးရုံ အရှုံးထောင် ရှိမှန်းတော့ သိကြသည်။ ဆေးရုံအကြောင်းကိုကား မည်သူမျှ မသိကြပေ။

ဆေးရုံမှ ဆရာဝန်၏ ဆက်သွယ်ပေးချက်အရ တင်ထူးတို့သည် စိတ္တဇဆေးရုံမှ ဆရာဝန်ကြီးနှင့်တွေ့ရန် လာခဲ့ကြရသည်။ သံဆူးကြိုးခတ်ထားသော ဝင်းအတွင်းမှ ရန်ကုန်ထောင်ကြီးကဲ့သို့ အုတ်တံတိုင်းများကို လှမ်းမြင်ကြရသည်။ တံတိုင်းအတွင်း၌ကား များလှစွာသော တိုက်တာအဆောက်အဦတို့၏ အမိုးတို့ကို တွေ့ကြရသည်။ ထောင်အပြင်ဘက်မှာ အလုပ်လုပ်ကာ ပြန်လာကြသော အရူးအချို့ကိုလည်း တွေ့ရသည်။ သူတို့မှာ ထောင်ဝတ်ထောင်စား ဝတ်ထားကြသည်။ ပတ်ဝန်းကျင် တစ်ခုလုံးတိတ်ဆိတ်ကာ ခပ်ဝေးဝေးမှ ငှက်များ၏ အသံများသာ ကြားနေရလေသည်။

တင်ထူးက ကားပေါ်မှ ဆင်းကာ ဝင်းတံခါးပေါက်မှ ဂိတ်စောင့်ကရင်ကို သွားရောက်စုံစမ်းပြီး ဆရာဝန်ကြီး သူ့အိမ်မှာ ရှိသည်ဆိုသဖြင့် မနီးမဝေးမှ ဝင်းခြံနှင့် တိုက်နီနီကလေးကို သွားကြရပြန်သည်။ တိုက်အောက်တွင် ဂျစ်ကားရပ်မိလျှင် တင်ထူးပင် ဆင်းရသည်။ ခွေးတစ်ကောင်နှင့် ကုလားမလေး တစ်ယောက်ကိုသာ တွေ့ရပြီး ဆရာဝန်ကို မေးကြည့်တော့ ခဏနေဦး ဆိုကာ၊ အတွင်းသို့ ဝင်သွားကာ ဘွိုင်ကုလားနှင့် ထွက်လာလေသည်။

ဘွိုင်ကုလားကိုပင် လူနာအတွက် ဆရာဝန်နှင့် ချိန်းဆိုထားကြောင်းပြောမှ ပိတ်ထားသော သံတံခါးကို ဖွင့်ပေးပြီး၊ ဧည့်ခန်းမှာ ဝင်ထိုင်ခိုင်းကြပြီး အပေါ်ထပ်သို့တက်သွားလေသည်။ မကြာမီပင် ဘွိုင်ကုလားနှင့်အတူ ပိန်ပိန်ပုပု ကျွဲကော်မျက်မှန်နှင့် အသားမည်းမည်း၊ ရှီးရှီးကုပ်ကုပ်နှင့် ဆေးပြင်းလိပ် ခဲထားသော ဘောင်းဘီဝတ် ကုလားဆရာဝန်ကြီး ဆင်းလာလေသည်။ တင်ထူးက ဆေးရုံကြီးမှ ဆရာဝန် ရေးပေးလိုက်သော စာကို ပြ

လိုက်မှ ခေါင်းတညိတ်ညိတ်နှင့် လုပ်ပြီး ခဏနေပါဟုဆိုကာ အပေါ်ထပ်သို့ ပြန်လည် တက်ရောက်သွားပြန်လေသည်။ ကံအားလျော်စွာ ပန်းရုံမှာ ထိုအချိန်အထိ မဖောက်မပြန် တောင်ကြည့်မြောက်ကြည့်နှင့် ရှိရာက ဘာစိတ်ပေါက်လာသည်မသိ၊ ဧည့်ခန်းစားပွဲပေါ်မှ နွာထားလက်စ လိမ္မော်သီး တစ်စိတ်ကို ဆတ်ခနဲ ကောက်ဖဲ့စားပြီး ဣန္ဒြေကြီးနှင့် လုပ်နေလေသည်။

တင်ထူးနှင့်တကွ လေးလေးတို့မှာ ပန်းရုံ၏ အပြုအမူကြောင့် မျက်နှာထား ပျက်သွားပြီး ရင်တမမနှင့် ရှိနေကြရသည်။ ထိုစဉ်မှာပင် ဆရာဝန်ကြီး ကုပ်ကုပ် ကုပ်ကုပ်နှင့် မလှုပ်တလှုပ်နှင့် ပြန်ရောက်လာကာ ပါလာသော ကိရိယာများမှ တုတ်တံနှစ်ချောင်းဖြင့် ပန်းရုံ၏ ဒူး၊ လက်၊ တံတောင်၊ လက်ပြင်ရိုး စသည်တို့ကို မနာမကျင် ခေါက်ကြည့်သည်။ နားကြပ်နှင့်လည်း ရင်ညွန့်ကို ထောက်ကြည့်၊ လက်မောင်းသွေး စမ်းသည်။ ပါးစပ်ဟ၊ လျှာထုတ်စေကာစစ်ဆေးပြီး ကျေနပ်မှ လူနာ့အဖြစ်ကို မေးလေတော့သည်။

တင်ထူးကပင် မော်တော်ကားမှောက်ပြီး ဒဏ်ရာရကာ စိတ်နောက်သွားရကြောင်း ပြောပြရသည်။

'ကိစ္စမရှိဘူး၊ ဒဏ်ရာကြောင့်က ဒီလောက်မဟုတ်ဘူး၊ အာရုံကြောထိခိုက်သွားတာ၊ ၃-၄ လလောက် ကုလိုက်ရင် ပျောက်သွားမှာပဲ'

ပန်းရုံတော့ လူဖြစ်ရှုံးပြီဟု ယူဆ စိတ်လျှော့ထားကြသော တင်ထူးနှင့် တကွ ဒေါ်လှတို့ မိသားစုသုံးယောက်ပါ ဝမ်းသာအားရဖြစ်သွားကာ-

'ကယ်နိုင်ရင် ကယ်ပါဆရာရယ်၊ ဆရာ့လက်ကို အပ်ပါတယ်၊ ဆရာ့ကျေးဇူးကို မမေ့ပါဘူး' ဟု ပြိုင်တူ ပြောလိုက်မိကြတော့သည်။

ကုပ်ကုပ်ကုပ်ကုပ်နှင့် အပြောသမား မဟုတ်၊ အလုပ်သမားသာဖြစ်ဟန်တူသော ဆရာဝန်လည်း ပြုံးလည်းမပြုံး၊ ရယ်လည်း မရယ်ဘဲ-

'အခု သူ့ကို ဆေးထိုးပေးမယ်၊ ပြီးတော့ ဆေးရုံကို သွားပြီး ဓာတ်နှိပ်ပေးရမယ်' ဟု ပြောပြီး ဘွိုင်ကုလား အကူအညီဖြင့် ဆေးထိုးတံများ ပြင်ဆင်စေကာ ပန်းရုံကို ကိုယ်တိုင် ဂရုတစိုက် ဆေးထိုးပေးလေသည်။

ငြိမ်ငြိမ်ဆိမ်ဆိမ် ခံမှ ခံလေမလားဟု တထိတ်ထိတ်နှင့် စိုးရိမ်နေသော သူများမှာ ပန်းရုံက အသာတကြည်ပင် ဆေးထိုးခံသဖြင့် ကျိတ်ဝမ်းသာကြရပြန်သည်။ အရေးထဲ ဒေါ်လှက 'ပန်းရုံ.... သမီး ဘယ်နှယ့်နေသလဲ၊

နေကောင်းရဲ့လား' လုပ်နေသဖြင့် လေးလေးက 'ကြီးကြီးက လုပ်တော့မယ်' ဟု ဟန့်တားလိုက်ရလေသည်။

ဆေးထိုးပေးပြီးနောက် ဆရာဝန်ကြီးနှင့်အတူ တက္ကစီ ငှားလာသော ဂျစ်ကားဖြင့် စောစောက ရောက်ခဲ့သော စိတ္တဇဆေးရုံ အရှေ့ထောင်သို့ သွားကြပြန်သည်။ ကားပေါ်မှာ ဆရာဝန်ကြီး ပါလာသည်ကို မြင်ရလျှင် အစောင့်သည် အရိုအသေပေးကာ ပျာပျာသလဲ ဝင်းတံခါးကို ဖွင့်ပေးသဖြင့် ဝင်သွားကြရလေသည်။

ဝင်းတံခါးအတွင်းမှ တံခါးများ ပိတ်ထားသော အဆောက်အဦတစ်ခုရှေ့မှာ ကားကို ရပ်စေပြီး၊ ဆရာဝန်ကြီးက အရင်ဆင်းလိုက်ပြီး အလုပ်ပြန်တော့မည့်ဆဲဆဲ ဆေးရုံလုပ်သားတစ်ယောက်ကို ခေါ်လိုက်ရာ ငါးမိနစ်အတွင်းမှာပင် ဘယ်က ရောက်လာသည် မသိ၊ အလျှိုလျှို ပေါက်လာကြကုန်ကာ တံခါးပိတ်ထားသော အဆောက်အဦ တံခါးများ အသီးသီးလည်း ပွင့်နေလေသည်။ အားလုံး အဆင်သင့်ဖြစ်လျှင် ဆရာဝန်ကြီးက ကားပေါ်တွင် ထိုင်နေသော ပန်းရုံကို အခန်းတွင်းသို့ ခေါ်လာစေသည်။ လေးလေးနှင့် တင်ထူး၏ တွဲခေါ်ခြင်းဖြင့် ပန်းရုံမှာ ငေးတိငေးကြောင်ကလေးနှင့် အခန်းတွင်းသို့ ရောက်လာရလေသည်။ ဆရာဝန်ကြီးက လူနာစမ်းသပ်ရာ သံခုတင်မြင့်ပေါ်တွင် လှဲအိပ်နေစေပြီး တင်ထူးနှင့်တကွ အားလုံးကို အပြင်ခဏ ထွက်နေကြဖို့ပြောရာ၊ မငြင်းသာသည်နှင့် အခန်းပြင်သို့ အသီးသီး ထွက်လာကြရလေသည်။ အခန်းတွင်း၌ လူနာနှင့် ဆရာဝန်ကြီး၊ အခြားအကူအညီများသာ ကျန်ရစ်လျှင် ကရင်လိုလို လူတစ်ယောက်က အခန်းတံခါးကို အပြင်မှ ကန့်လန့်ထိုး ပိတ်လိုက်လေသည်။

မရှေးမနှောင်းပင် အခန်းတွင်းမှ ပန်းရုံ၏ ငယ်သံပါအောင် ဟစ်အော်လိုက်သံကြီး ထွက်ပေါ်လာသဖြင့် 'လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ဘယ်လိုများ ဖြစ်ကုန်ကြတုံး' ဟု မိန်းမသားများက ရင်မ၍ တင်ထူးမှာ ပိတ်ထားသော တံခါးရွက်ကို စိုက်ကြည့်ရင်း မျက်နှာပျက်ကာ မျက်ရည်ဝဲနေရှာလေသည်။

'ကိစ္စမရှိပါဘူး၊ အာရုံကြောတွေကို ဓာတ်နှိပ်တာပါ။ ဝန်ကြီးတွေ၊ အတွင်းဝန်တွေလည်း တစ်ခါတစ်ခါ အလုပ်များပြီး ဒီလိုဖြစ်ရင် ဒီမှာပဲ

ခေါက်လာနိုပ်ကုကြတာပဲ' ဟု ဆေးရုံအလုပ်သမား ကရင်က ပြောပြမှ အားလုံးမှာ အနည်းငယ် စိတ်သက်သာရာ ရသွားကြသည်။ မကြာမီ တံခါးများ ပွင့်လာပြီး ဆရာဝန်ကြီးက 'ဝင်ကြည့်ချင် ကြည့်နိုင်ပါပြီ' ဟု ပြောလာမှ အားလုံးပြေးကြည့်ရာ သံခုတင်ကလေးပေါ်တွင် ပက်လက်ကလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသော ပန်းရုံကို မြင်ရမှ အသီးသီးမှာ အလုံးကြီး ကျသွားကြတော့သည်။

'နောက် ငါးမိနစ်လောက်ဆိုရင် နိုးလာမှာပဲ'

ဆရာဝန်ကြီးက သူ့လက်ပတ်နာရီကို ကြည့်ပြီး ပြောလိုက်ရာ တင်ထူးရော၊ လေးလေးတို့ သားအမိသုံးယောက်ပါ မျက်တောင်မခတ်အားအောင် စိတ်အားထက်သန်စွာ စောင့်ကြည့်နေမိကြသည်။ ဆရာဝန်ကြီး ပြောသည့်အတိုင်းပင် ငါးမိနစ်ခန့်အကြာတွင် ပန်းရုံသည် လှုပ်ရှား လူးလွန့်လာကာ ရေကို ရှေးဦးစွာ တောင်းသဖြင့် တင်ထူးက အဆင်သင့် တွေ့ရသော ရေအိုးမှ ရေပြေးခပ်ကာ တိုက်ရလေသည်။

'ပန်းရုံ ပန်းရုံ၊ သတိရပလား၊ ကြီးကြီးလေ၊ မမလေးရော၊ မမအေးရော ရှိကြတယ်' ဒေါ်လှက မှတ်မိလို မှတ်မိငြား လူစေ့တက်စေ့ ပြပေးနေရာ ပန်းရုံက ရေကို ကျိုက်လိုက်ပြီး ဒေါ်လှတို့သားအမိကို ဇဝေဇဝါနှင့် တွေကြည့်နေရင်း တွေးမရနိုင်ကာ ခေါင်းထဲက ကိုက်လာဟန်နှင့် ရှုံ့မဲ့သွားပြီး နားထင်ကြောများကို နှိပ်နေသဖြင့် ဆရာဝန်ကြီးက လူနာ စိတ်ရှုပ်အောင် မလုပ်ဖို့ တားမြစ်ရလေသည်။ ခဏနားနေပြီး ဆရာဝန်ကြီးက တစ်ယောက်စီ တစ်ယောက်စီ ခေါ်ယူကာပြရင်း မေးရသည်။ ရှေးဦးစွာ ဒေါ်လှကို ပြသည်။

'သူငယ်မ သူ့ကို မှတ်မိသလား'

ပန်းရုံက ခေါင်းခါပြသည်။

'သူ့ကိုကော...' အေးအေးကို ခေါ်ပြသည်။

'ဟင့်အင်း...'

'သူ့ကော...' လေးလေးကို ပြပြန်သည်။ အကြောင်းမထူး၊ တွင်တွင်သာ ခေါင်းခါပြသည်။ နောက်ဆုံး တင်ထူး အလှည့်တွင် အရိပ်အကဲကြည့်နေပြီး စိတ်ငြိမ်လောက်ပြီ ထင်မှ ကောက်မေးလိုက်သည်။

'သူ့ကိုကော သိလား'

'ကိုလေ... ကိုတင်ထူးလေ' တင်ထူးကလည်း မျှော်လင့်ချက်ကြီးစွာဖြင့် ဝင်မေးရှာလေသည်။ သို့ရာတွင် အကြောင်းမထူး။ ပန်းရုံက 'သိဘူး... သိဘူး... ဘယ်က တင်ထူးလဲ' ဟု ဆိုလိုက်သဖြင့် တင်ထူးမှာ တအားလျော့သွားတော့သည်။ ဆရာဝန်ကသာ စိတ်မပျက်လက်မပျက် ဆက်လက်မေးစမ်းနေပြန်သည်။

'ကဲ... သူငယ်မ၊ မင်းနာမည် ဘယ်သူလဲ၊ မှတ်မိသလား'

ပန်းရုံက ရုတ်တရက် တွေဝေနေပြီးနောက်မှ-

'ကျွန်မ နာမည်၊ နာမည်... ဟုတ်လား' ဟု ပြန်မေးလိုက်ရာ-

'ဟုတ်တယ်... ဟုတ်တယ်၊ မင်းနာမည် ဘယ်သူလဲ' ဟု ဆရာဝန်၏ ပါးစပ်က ဝင်ထောက်ရုံမက ပန်းရုံကိုပါ လက်ညှိုးထိုးရင်း မေးလိုက်ပြန်သည်။ ပန်းရုံကလည်း ဆရာဝန်ကို တုကာ ဆရာဝန်ကို လက်ညှိုးပြန်ထိုးရင်း-

'မင်း နာ-မည် ဘယ်သူလဲ၊ ဟုတ်လား' ဟု မေးခွန်းထုတ်နေပြန်၍ ဆရာဝန်ခမျာ နဖူးပြင်မှ ချွေးဒီးဒီးကျရင်းက 'ဟုတ်တယ်... ဟုတ်တယ်၊ မင်းနာမည် ဘယ်သူ ခေါ်သလဲ' ဟု ဆိုလိုက်ရပြန်သည်။

'မင်းနာမည် ဘယ်သူခေါ်သလဲ၊ မင်းနာမည် ဘယ်သူခေါ်သလဲ'

ဆရာဝန်က အဟုတ်မှတ်ကာ တအေးအေးနှင့် ခေါင်းလိုက်ညိတ်နေရာမှ ပန်းရုံက 'မင်းနာမည် ဘယ်သူခေါ်သလဲ၊ မင်းတုန်းမင်းပေါ့' ဟုလည်း ဆိုလိုက်လျှင် ခေါင်းတယမ်းယမ်းနှင့် နဖူးမှ ချွေးပေါက်များကို လက်ကိုင်ပဝါ ထုတ်သုတ်လိုက်ပြီး ဖူးခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိတော့သည်။

ဘာမှ မသိရှာသော ပန်းရုံက 'ဟုတ်လား ဆရာ... မင်းနာမည် မင်းတုန်းမင်း ဟုတ်တယ် မဟုတ်လား' ဟု လုပ်နေသေးသဖြင့် အလိုက်သင့်လူနာကျေနပ်အောင် 'အေး...အေး ဟုတ်တယ်၊ မင်းတုန်းမင်း၊ မင်းတုန်းမင်း' ဟု ပြန်ဖြေလိုက်ရာ ခပ်လှမ်းလှမ်းမှ လက်ထောက်အကူအညီများပင် မအောင့်အည်းနိုင်ကြဘဲ တစ်ဖက်သို့ လှည့်ကာ ကျိတ်ပြုံးနေကြတော့သည်။

'ကဲ... လူနာကတော့ လွယ်လွယ်နဲ့ ကုမရဘူး၊ ဒီမှာ ထားကုရင်

ပိုကောင်းမယ်' ဟု ဆရာဝန်ကြီးက တင်ထူးနှင့် လေးလေးကို တစ်နေရာသို့ ခေါ်ကာ ပြောပြရာ၊ တင်ထူးက အလွယ်တကူ သဘောတူနေသော်လည်း လေးလေးကမူ တွေးပူကာ–

'အရူးထောင်ထဲ ထည့်ထားလို့ ပိုဆိုးမှာပေါ့ ဆရာ' ဟု ပြောရှာသည်။

'ဒီမှာ ထားခဲ့ဖို့ ပြောတာ မဟုတ်ဘူး ဆေးရုံတင်ဖို့ ပြောတာ။ အရူးထောင်ဆိုတာက ရာဇဝတ်မှု ကျူးလွန်ရင်း သွေးပျက်သွားတဲ့ လူတွေအတွက်ပဲ။ လူကောင်းတွေအတွက် စိတ္တဇဆေးရုံဆိုတာ ရှိတယ်။ လူတွေက မသိကြလို့ အရူးထောင်နဲ့ စိတ္တဇဆေးရုံ အတူတူပဲ ထင်နေတာ။ တစ်နေရာ ထဲမှာ ရှိပေမဲ့ တခြားစီပါ' ဟု ဆရာဝန်က အရူးထောင်နှင့် စိတ္တဇဆေးရုံကို စိတ်ရှည်လက်ရှည်နှင့် ခွဲခြား ရှင်းပြရလေသည်။

'ဒါပေမဲ့ ဆရာ၊ သူ့တစ်ယောက်တည်း ထားခဲ့ရမှာ ကျွန်တော်တို့ မထားရက်နိုင်ဘူး၊ ပြီးတော့လည်း ဒီ့ပြင် စိတ်နောက်တဲ့ လူတွေနဲ့ ရောနှော ထားတာနဲ့ ဒီ့ထက်ရောဂါ သည်းမလာပေဘူးလား။ အိမ်ကို ပြန်ခေါ်သွားပြီး အပြင်လူနာအနေနဲ့ ကုလို့ရရင်လည်း အဲဒီလို ကုပါရစေ ဆရာ' ဟု တင်ထူးက တောင်းပန်ရာ–

'ဒီမှာ ဒီလို မဖြစ်တတ်ပါဘူး၊ ပထမခန်းမှာ ထားချင်ရင်လည်း ဖြစ်တာပါပဲ။ ဒါပေမဲ့လေ ခင်ဗျားတို့က လူနာရှင်ပဲ၊ ဆေးရုံမတင်ချင်လို့ အပြင်လူနာအဖြစ် ကုချင်သပဆိုလည်း ကုတာပေါ့။ ကျုပ်ကတော့ ရောဂါ အခြေအနေ ကြည့်ပြီး ဆေးရုံတင်စေချင်တဲ့ စေတနာနဲ့ ပြောတာ' ဟု ဆရာဝန်ကြီးက ပြောသဖြင့် တင်ထူးမှာ အားနာသွားမိလေသည်။ သို့ရာတွင် ဘယ်နည်းနှင့်မှ ပန်းရုံကို တစ်ယောက်တည်း ထားမပစ်ခဲ့နိုင်ရက်သည်နှင့်–

'ဒါဖြင့် ကျွန်တော်တို့ ဘယ်တော့ ခေါ်လာကြရဦးမလဲ ဆရာ၊ ဒီ့ပြင် ညွှန်ကြားလိုတာများ ရှိလည်း ညွှန်ကြားပါဆရာ' ဟု တောင်းပန်ရလေသည်။

ဆရာဝန်ကြီးလည်း 'အင်းလေ၊ ပြောမရမှတော့ ဇွတ်မတိုက်တွန်းချင်တော့ပါဘူး။ လာရတဲ့ ခရီးကလည်း မနီးလှတော့ တစ်ပတ်တစ်ခေါက် လာပေါ့။ ကနေ့ သောကြာနေ့ဆိုတော့ နောက်သောကြာနေ့ ခေါ်ခဲ့၊ မနက်

ပိုင်း ဆေးရုံဖွင့်ချိန်မှာ လာပါ၊ ဒီအတွင်း ကျွမ်းကျင်တဲ့ ဆရာဝန်ဆီမှာ ဟောဒီဆေးစာအတိုင်း စပ်ပြီး လူနာကို ထိုးခိုင်းပါ။ တိုက်ဖို့ဆေးတော့ ဒီက ပေးလိုက်မယ်'ဟု ပြောကာ၊ ဆရာဝန်ထံ ထိုးရန် ဆေးစာနှင့် တိုက်ရန် ဆေးများ ပေးလိုက်သဖြင့် ဆရာဝန်ကြီးအား ကျေးဇူးတင်စကား ပြောကြားပြီး ပန်းရုံအနားသို့ ကပ်သွားကာ–

'ပန်းရုံ ပြန်ကြစို့' ဟု ခေါ်လေသည်။ ပန်းရုံက လွယ်လင့်တကူ ထမလိုက်ဘဲ ကျိုးကြည့်ကြောင်ကြည့်နှင့် လုပ်နေသဖြင့် လာစဉ်က ဂျစ်ကား စီးရသည်ကို သဘောကျကာ၊ လက်ခုပ်လက်ဝါး တီးသည်ကို အမှတ်ရကာ လက်ပြခေါ်ပြနှင့် အပြင်ဘက်၌ရပ်ထားသော ဂျစ်ကားကို ပြခေါ်မှ ပန်းရုံမှာ ဆတ်ခနဲ ပြေးထွက်သွားပြီး ကားပေါ်သို့ ဖွေ့ခနဲ တက်ထိုင်လေတော့ သည်။ သည်တော့မှ အားလုံး ဟီးချ၊ ကားပေါ်လိုက်ထိုင်ကာ ထွက်လာနိုင် ခဲ့ကြသည်။

## (၆)

'ကျွန်တော် ကြားဖူးတာကတော့ ကားမှောက်လို့ ဖြစ်ဖြစ်၊ တစ်ခုခု ထိမိခိုက်မိလို့ ဒဏ်ရာရရင်း ဦးနှောက်ပျက်သွားရင် နောက်တစ်ခါ တစ်ခုခု နဲ့ ပြန်ထိမိ ခိုက်မိ ဒဏ်ရာရမှ ဦးနှောက်ပြန်ကောင်းကြတာပဲ။ ကျွန်တော် တို့ ပုံနှိပ်တိုက်က ဝတ္ထုစာအုပ်တွေထဲမှာတောင် ဒီလို ခပ်ဆင်ဆင် ဖတ်ဖူး တယ် မမလေးရဲ့'

တင်ထူးက စိတ္တဇဆေးရုံမှ ဆရာဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း မဂို လမ်းမှ ဆရာဝန်တစ်ယောက်ကို ပင့်ကာ ဆေးထိုးပေးရင်း ဆေးရုံမှ ပေးသော ဆေးကို မှန်မှန်တိုက်နေသော်လည်း လူမမာမှာ ထူးခြားမလာသဖြင့် ပြောနေရာ လေးလေးက–

'ဆရာဝန်ကြီးက ပြောတော့ ကြောက်လန့်ပြီး အာရုံကြောကို ထိခိုက် သွားတာ ၃–၄ လနဲ့ ပျောက်မယ်ဆိုပဲ။ သူ့ထက်မက ဆိုးတဲ့လူနာတွေတောင် ပျောက်အောင် ကုခဲ့နိုင်တာပဲ။ စိတ်ပျက်တာက အရင်ကို' ဟု ပြော၍ ဆေးလိပ်တစ်လိပ်နှင့် မှိန်းနေသော ဒေါ်လှကလည်း–

'ဟုတ်သားပဲ မောင်တင်ထူးရဲ့၊ ရောဂါရှိရင် ဆေးရှိတာပဲ၊ စိတ်ပူ

စရာ မလိုပါဘူးကွယ့်၊ ဆရာဝန်ပြောတဲ့ရက်အထိ စောင့်လည်း ကြည့်ဦး မှပေါ့'ဟု ပြော၏။ အေးအေးကလည်း–

'ကိုတင်ထူး ပြောသလိုဖြင့် နောက်ထပ် အသက်တစ်ချောင်း အဆုံး ခံပြီး ကားမှောက်ကုရမလို ကျနေပြီ။ ဒီလိုဆိုရင် ကိုဘရှင်းနေရာကို ဘယ်သူ ဝင်မလဲ'ဟု ရယ်စရာ မောစရာ ပြောလိုက်ရာ၊ ဒေါ်လှမှာ ကိုဘရှင်း ဆိုသည် နှင့် တစ်စုံတစ်ရာကို သတိရကာ–

'ဟုတ်ပါရဲ့၊ မောင်ဘရှင်းဆိုလို့ မောင်ဘကင်း တစ်ယောက်လည်း ထွက်သွားကတည်းက ဘာသံမှ မကြားရဘူး၊ စုပ်စမြုပ်စ ကောင်းနေလိုက် တာ'ဟု ပြောလိုက်ရာ ကာယကံရှင်ဖြစ်သော လေးလေးမှာ မိမိ ပြုခဲ့သမျှ မကောင်းမှုကို နောင်တကြီးစွာရကာ ညီကို အမွေများ လွှဲပေး ထွက်သွား သော လင်ယောကျ်ားကို အမှတ်ရရင်း မျက်ရည်များ ရစ်သီလာလေသည်။

'ခုလောက်ရှိ ဆရာတော်ကြီး နောက်တော်ပါးက ပုတီးတကားကား နဲ့ နေရောပေါ့'

အေးအေးက ပြောလိုက်သော်လည်း မည်သူကမျှ အသိအမှတ် မပြုဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေကြလေသည်။

ထိုအတွင်း အတွင်းခန်းဆီမှ 'အမယ်လေး... လာကြပါဦးတော့' ဟူသော ပန်းရုံ၏အသံကြောင့် အားလုံး မတိုင်ပင်ရဘဲ ပြေးသွားမိကြသည်။

'အမယ်လေး ကယ်တော်မူပါ၊ ဘုရား... ဘုရား... ကြောက်တယ်၊ ကြောက်တယ်'

စောစောက ခုတင်ပေါ်တွင် သိပ်ထားခဲ့သော ပန်းရုံသည် ဆံပင် ဖိုးရိုးဖားရားနှင့် ထဘီမနိုင်၊ ပဝါမနိုင် အပြင်သို့ ပြေးထွက်လာရင်း အော် သံကြောင့် ရှေ့ဆုံးမှ ပြေးဝင်လာသော တင်ထူး၏ ရင်ခွင်တွင်းသို့ ပြေးဝင် ခိုလှုံလေရာ၊ တင်ထူးကလည်း အလိုက်သင့်သင့်နှင့် ဆီးကြိုဖက်ထားကာ–

'ကို ရှိတယ်လေ၊ ကို တစ်ယောက်လုံး ရှိတာပဲ၊ ဘာမှ ကြောက်စရာ မလိုဘူး'ဟု နှစ်သိမ့်ရရှာလေသည်။ သို့ရာတွင် စိတ်ကယောင်ချောက်ချား ဖောက်ပြားနေရှာသော ပန်းရုံခမျာမှာ အကြောက်မပြေနိုင်ဘဲ 'ဟင့်အင်း... ကြောက်တယ်... ကြောက်တယ်'နှင့် တင်ထူး၏ ရင်ခွင်တွင်းသို့ တိုးဝင်

သထက် ဝင်လေရာ နာရီပေါင်းများစွာ သတိလက်လွတ်နေရာက ပန်းရုံ ပြန်လည် သတိရလေပြီဟု တင်ထူးမှာ တအားတက်သွားမိသည်။

လေးလေးကလည်း ကပျာကယာ စားပွဲပေါ်မှ ဆေးပုလင်း ယူလာပြီး–

'ရော့... ရော့ ပန်းရုံ၊ ဒါလေး သောက်လိုက်' ဟု တိုက်သည်။

'ဟင့်အင်း... ဟင့်အင်း... ကြောက်တယ်၊ ကြောက်တယ်' ဟု ပန်းရုံက တင်ထူး ရင်ခွင်မှ မခွာဘဲ ဖွတ်ပေကတ်နေသဖြင့် တင်ထူးကပင်–

'လိမ္မာသားနဲ့ ပန်းရုံရယ်၊ သောက်လိုက်လေ သောက်လိုက်၊ ဒါမှ အိပ်ပျော်သွားမယ်'

'အိပ်မယ်၊ အိပ်မယ်... ပေး... ပေး... သောက်မယ်၊ သောက်မယ်' ဟု ပြောပြောဆိုဆို ပန်းရုံက ကြမ်းကြမ်းတမ်းတမ်းနှင့် ဆေးကို လှမ်းယူ သောက်ချလိုက်ပြီး–

'ကဲ... သောက်ပြီးပြီ၊ လာ... အိပ်မယ် အိပ်မယ်' ဟု တင်ထူးကို ခုတင်ရှိရာသို့ အတင်းဆွဲခေါ်ယူနေသဖြင့် တင်ထူးမှာ အိမ်သားတစ်စုကို အားနာသော မျက်နှာဖြင့် လှမ်းကြည့်မိလေသည်။

'ကဲပါ ကိုတင်ထူး၊ သူ ကျေနပ်အောင် အလိုလိုက်လိုက်ပါရှင်'ဟု လေးလေးက လူနာအတွက် လိုက်လျောစွာ ပြောပြီး ကြီးကြီးနှင့် အစ်မနှစ်ယောက် ထွက်သွားကြမှ တင်ထူးမှာ ပန်းရုံ ဆွဲခေါ်ရာသို့ ပါသွားရရှာလေသည်။

ခုတင်နားသို့ ရောက်လျှင်ပင် ပန်းရုံက တစ်ချက် သမ်းဝေလိုက်ပြီး–

'ဝါး လား လား၊ အိပ်ချင်လှပြီ၊ သိပ် နော်' ဟု ပြောရင်း ခုတင်ပေါ်သို့ ဧွေ့ခနဲ ခုန်တက်၊ ပစ်လှဲ အိပ်ချလိုက်သည်။

လူကိုမူ မလွှတ်ဘဲ ပန်းရုံက ရင်ခွင်ထဲတွင် ဆွဲယူထား၍ တင်ထူးမှာ ခုတင်စွန်းတွင် တင်ပါးလွှဲ ဝင်ထိုင်လိုက်ရလေ၏။

တစ်ခဏအတွင်းမှာပင် လေးလေးတိုက်သော အိပ်ဆေးတန်ခိုးဖြင့် ပန်းရုံ အိပ်ပျော်သွားလေရာ တင်ထူးလည်း ဆုပ်ကိုင်ထားသော သူ့လက်ကို အသာဖြေယူလိုက်ပြီး အိပ်ကောင်းခြင်းနှင့် အိပ်နေသော ချစ်သူကလေး

၏မျက်နှာကို ကြင်နာစွာ တစိမ့်စိမ့်ကြည့်နေသေး၏။ ပြီးမှ ဝဲကျနေသော ဆံစများ သပ်တင်ပေးကာ နဖူးပြင်ကို အသာငုံ့မွှေးလိုက်၍ ခြေသံမကြားအောင် ခြေဖော့နင်းလျက် ထွက်လာခဲ့လေသည်။

အခန်းပြင်ရောက်လျှင် လေးလေးတို့ သုံးယောက်လုံးပင် ထိုင်စောင့်နေကြရာမှ "ဘယ့်နှယ်လဲ" ဟူသော မျက်နှာဖြင့် လေးလေးက မေးသဖြင့် လေးသံတိုးတိုးနှင့် 'ပြန်အိပ်သွားပြီ' ဟု တင်ထူးက ဖြေလိုက်ရလေသည်။

'ကဲ... ညဉ့်နက်လှပြီ အိပ်ကြစို့၊ မောင်တင်ထူးလည်း ညဉ့်နက်လှပြီ၊ မပြန်ပါနဲ့၊ ဒီည ဒီမှာပဲ အိပ်ပေါ့' ဟု ဒေါ်လှက ပြောလိုက်လေရာ၊ ချစ်သူအတွက် နောက်ဆံတင်းနေသော တင်ထူးမှာ အကြိုက်ကျသွားလေသည်။

အေးအေးက စီမံပေးခြင်းဖြင့် ပန်းရုံ၏ အခန်းနှင့် မျက်နှာချင်းဆိုင်မှ ဘရှင်း၏အခန်းမှာ အိပ်ရလေသည်။ အိပ်ရာမဝင်မီ စိတ်ကမချသည်နှင့် ပန်းရုံအခန်းကို လှမ်းကြည့်လိုက်ရာ ဟနေသော ကဲလားကြားမှ အိပ်နေရှာသော ချစ်သူမျက်နှာကလေးကို မြင်ရမှ စိတ်ချချနှင့် အိပ်ရာဝင်နိုင်တော့သည်။

သို့နှင့်လည်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ အိပ်ရာထက်တွင် ပန်းရုံနှင့် စတင်တွေ့ခဲ့ပုံ၊ ချစ်ခဲ့ပုံများကို ပြန်ပြောင်းတွေးတောနေရင်း ယခုလို မဖြစ်သင့်ဘဲနှင့် ရောဂါမှာ နစ်ရသည့်အတွက် ယူကျုံးမရ ဖြစ်မိသည်။ တစ်ခါတစ်ခါ ပန်းရုံ၏ ရောဂါတော့ ဆေးမရှိပြီဟု အောက်မေ့ အားလျော့မိသည်။ တစ်ဖန် စိတ္တဇဆေးရုံမှ ဆရာဝန်စကားကို ကြားယောင်ကာ ဆေးရှိသေးသည်ဟု တအားတက်ပြန်ကာ နောက်တစ်နေ့ နံနက်တွင် ဆရာဝန်အမှာအတိုင်း မဂိုလမ်းမှ အကောင်းဆုံး ဆရာဝန်ကို ထပ်မံပင့်ကာ ဆေးထိုးပေးလိုဇောနှင့် မြန်မြန်မိုးလင်းပါစေတော့ဟု ဆုတောင်းမိသည်။ တောင်တွေး မြောက်တွေးနှင့် သန်းခေါင်ကျော်ကာ နှစ်ချက်ထိုးလောက်မှ ဦးခေါင်းမှ မူးဝေကာ မေ့ခနဲ ပျော်သွားတော့သည်။ မည်မျှကြာအောင် အိပ်မောကျသွားသည် မသိ။

'ကိုတင်ထူး၊ ကိုတင်ထူး၊ ထ စမ်းပါဦး' ဟု တစ်စုံတစ်ယောက်၏ အရေးတကြီး လှုပ်နှိုးခံရမှ လန့်နိုးလာသည်။

'ဟင်... လေးလေး' ဟု မျက်လုံးတွင် စူးဝင်လာသော အလင်းရောင်ကို လက်ဖြင့် ကာကွယ်လျက် မေးလိုက်သည်။

'ပန်းရုံ မရှိတော့ဘူးရှင့်၊ မရှိတော့ဘူး'

'ဟင်... ဟုတ်လား' ဟု ဆိုကာ တင်ထူးသည် အိပ်ရာက ငေါက်ခနဲ လူးလဲ ထလိုက်ပြီး ကပျာကယာ ပြေကျနေသော ပုဆိုးကို ပြင်ဝတ်လိုက်ရင်း အခန်းပြင်သို့ ပြေးထွက်သွားလေသည်။ အကယ်ပင် ပန်းရုံ သူ့အခန်းတွင်းမှာ မရှိ။

သူ့ကို နောက်ပြောင်နေတာများလားဟု 'ဟုတ်ရဲ့လားဗျာ၊ နောက်နေတာလား' မေးကြည့်သေး၏။

'အို... အဟုတ်ပေါ့၊ ကျွန်မတို့လည်း နေမြင့်မှ နိုးကြတယ်။ အခန်းထဲ ဝင်ကြည့်တော့ မရှိဘူး။ အိမ်တံခါးလည်း ပွင့်လို့၊ မာလီကုလားတွေ မေးကြည့်တော့လည်း ခုမနက် ဘယ်သူမှ ထွက်လာတာ မမြင်ပါဘူးတဲ့။ ကျွန်မတို့လည်း ရှာတာနဲ့နေပြီ၊ ဘယ်မှ မတွေ့ခဲ့ဘူး။ ကြီးကြီးနဲ့ အေးအေးတော့ ကားတစ်စီးနဲ့ လျှောက်ရှာနေလေရဲ့။ ကျွန်မတို့ကိုက ပေါ့ပါတယ်။ စိတ်မကောင်းနေတာကို ပစ်ထားတော့ ဖောက်လာပြီး ရောက်ရာပေါက်ရာ ထွက်သွားတာ နေမှာပဲ'

'ရောက်ရာပေါက်ရာသွားရင် ကိစ္စမရှိဘူး၊ ရေထဲတို့ ဘာတို့ ခုန်ဆင်းနေမှာ တစ်ချက် စိုးရတယ်။ ဒါနဲ့ ဂါတ်ကော တိုင်ပြီးပြီလား'

'မတိုင်ရသေးဘူး'

'လာ.... ဒါဖြင့် သွားတိုင်ထားမှ၊ ပြီးတော့ ဆေးရုံကိုလည်း တစ်ချက် စုံစမ်းကြည့်ရအောင်'

တင်ထူးနှင့် လေးလေးတို့သည် အနီးဆုံးဌာနာသို့ ပြေးလာခဲ့ကြသည်။ လူပျောက်မှုလောက်ဖြင့် ထူးခြားအရေးကြီးသည်ဟု ယူဆဟန်မတူသော ဌာနာမှ စာရေးကြီးက 'အသက်စေ့နေမှပဲ၊ ခိုးရာလိုက်ပြေးတာမှ မသိဘဲ' ဟု သမားရိုးကျ ဆင်ခြေပေးပြန်သေး၍ တင်ထူးမှာ အတော်ဒေါဖောင်းမိသေး၏။

'ခိုးရာလိုက်ပြေးရအောင် ခုဟာက စိတ်မနှံ့တာဗျ၊ စိတ်မနှံ့ ဖြစ်နေတာ' ဟု တင်ထူးက ခပ်မာမာကလေး ပြောမှ–

'သြော်... ရှူးနေတာလား၊ ဒါဖြင့် တံတားကလေး အရှူးထောင် ရောက်ချင် ရောက်နေမှာပေါ့၊ အဲဒီကို သွားစုံစမ်းကြည့်ပါလား၊ တချို့ သိပ်ဆိုးတဲ့ အရူးတွေကို ရဲအဖွဲ့က ဖမ်းပြီး ပို့ချင် ပို့တတ်တယ်'

'ဒါဖြင့် စုံစမ်းပေးပါလား ခင်ဗျာ'

တင်ထူးက အကူအညီတောင်းခံမှ ဌာနာစာရေးကြီးက သူ့မှာ အမှု တိုင်ချက် မှတ်တမ်းများ ရေးစရာ ရှိသေး၍ မအားဟု ငြင်းပယ်ကာ 'ဟော ဟိုမှာ တယ်လီဖုန်း၊ မောင့်ဟာမောင် ဆက်ပေတော့' ဟု ပြောပြောဆိုဆို သူ့အလုပ်သူ ကုန်းလုပ်နေလေ၏။

တင်ထူးလည်း တယ်လီဖုန်းကို ခပ်ရွံ့ရွံ့နှင့်ပင် သွားရောက် ကောက် ယူလိုက်ရာ 'နံပါတ် ပလီ(စ်)' ဆိုသော ညောင်နာနာ ပြန်မေးသံနှင့် တိုး နေ၏။

တင်ထူးမှာ စိတ္တဇဆေးရုံ အရူးထောင် တယ်လီဖုန်းနံပါတ်ကို မသိ သည်နှင့် ယောင်အအ ဖြစ်နေသေးသည်။

'ဘယ်ကို စကားပြောချင်ပါသလဲ ရှင်' ဟု ကံအားလျော်စွာ တွေ့ ရသော သဘောကောင်း တယ်လီဖုန်းမယ်ကလေးက ထပ်မေးတော့မှ–

'တံတားလေး စိတ္တဇဆေးရုံကို ခင်ဗျာ၊ တစ်ဆိတ်လောက်...'

'ဒါဖြင့် ခဏ ကိုင်ထားနော်'

'ဟုတ်... ဟုတ်... ဟုတ်ကဲ့' ဟု တင်ထူးက နဖူးမှ ချွေးပေါက် ချွေးသီးများကို သုတ်လိုက်ရင်း အဖြေပေးလိုက်စဉ်မှာပင် ကလစ်ခနဲ တစ် ချက် မြည်သွားပြီး အသံတစ်သံ ပေါ်လာပြန်ကာ တယ်လီဖုန်း စုံစမ်းရေး ဌာနက ဖြစ်ကြောင်း၊ အဘယ်သို့ စကားပြောလိုကြောင်း ယဉ်ကျေးဖွယ်ရာ မေးနေသဖြင့် တံတားကလေး စိတ္တဇဆေးရုံသို့ စကားပြောလိုကြောင်း ပြောလိုက်ရသည်။

တစ်ခဏချင်းပင် တံတားကလေး စိတ္တဇဆေးရုံနှင့် ဆက်မိကာ–

'ဟဲလို တံတားကလေး စိတ္တဇဆေးရုံက စကားပြောနေပါတယ် ခင်ဗျား၊ ဘာများ ကိစ္စထူးလို့ပါလဲ ခင်ဗျာ'

'ဟို... ဟို... မိန်းကလေးတစ်ယောက်များ ဆရာတို့ဆီ မရောက်

လာဘူးလားလို့၊ စိတ်ကောင်းကောင်း မနှံ့ဘူး၊ မနက်ကမှ အိမ်က ပျောက် သွားတယ်'

'ဂါတ်ကို တိုင်ပါလား'

'ခု ဂါတ်ကနေ စကားပြောတာပါ ခင်ဗျာ၊ သူတို့က ဆရာတို့ဆီ ရောက်ချင် ရောက်နေမယ်ဆိုလို့ စုံစမ်းကြည့်ရတာပါ။ သေသေချာချာများ စစ်ဆေးကြည့်စမ်းပါဦး ခင်ဗျာ၊ သူ့နာမည်က ပန်းရုံတဲ့၊ လူပုံက လုံးလုံး ထည်ထည်၊ ပုပုပျပ်ပျပ်၊ အသက် ၂၀ လောက်၊ သရက်ထည်လုံချည် အနက်စင်းနဲ့၊ နိုင်လွန်အင်္ကျီ လက်တိုကလေး ဝတ်ထားပါတယ်ခင်ဗျာ'

တစ်ဖက်က အသံရှင်က ဘာများ သဘောကျသွားသည် မသိ၊ တစ်ချက် ဟဲ... ခနဲ ရယ်မောလိုက်ပြီး–

'ဒီမှာ မိတ်ဆွေ၊ ကျုပ်တို့ဆီက လူတိုင်း အခမဲ့ကုပေးကြတာ မဟုတ် ဘူး၊ အခန်းခ ပေးတဲ့ လူနာမှ ကုတာ'

'ခင်ဗျာ၊ မသိပါဘူးခင်ဗျာ၊ ဒီက စာရေးကြီးက အမြင်မတော်တဲ့ စိတ်မနှံ့တဲ့ သူတွေကို ဖမ်းပို့တတ်တယ်ဆိုလို့ အဲဒီအထဲမှာ ပန်းရုံ ပါမလား လို့ စုံစမ်းကြည့်ရတာပါ' ဟု ပြောနေစဉ် တစ်ဖက်မှ တယ်လီဖုန်းကို အဆက် ဖြတ်လိုက်သဖြင့် တင်ထူးလည်း စကားပြောခွက်ကို လေးကန်စွာဖြင့် ခွဆုံ ကလေးပေါ် ပြန်လည် တင်ထားလိုက်ရလေသည်။

'ဘယ့်နှယ်လဲ...' ဟု လေးလေးက မေးသည်ကိုပင် ပြန်လည် မပြောတော့ဘဲ စားပွဲတွင် အလုပ် ကုန်းလုပ်နေသော ဌာနာစာရေးကြီးကို တစ်ချက် နှုတ်ဆက်ကာ ထွက်လာခဲ့မိကြလေသည်။

တစ်လျှောက်လုံး တင်ထူးမှာ ခေါင်းကြီးငိုက်စိုက်နှင့် စကားတစ်လုံး မပြောနိုင်ဘဲ ရှိနေလေရာ လေးလေးက မနေနိုင်ဘဲ–

'သိပ်လည်း စိတ်မပျက်ပါနဲ့ဦး ကိုတင်ထူးရယ်၊ ဆေးရုံကို တစ်ချက် သွားစုံစမ်းကြည့်သေးတာပေါ့' ဟု အားပေးစကား ပြောကြားရတော့သည်။

'ကျွန်တော်တော့ သိပ်မမျှော်လင့်တော့ဘူးဗျာ၊ သူ့ကိုက ကံဆိုးလွန်း အားကြီးပါတယ်လေ'

'ဘယ် ဒီလိုလည်း ဟုတ်မလဲရှင်၊ လာပါ၊ အချိန်ရှိတုန်း ဆေးရုံကို

သွားစုံစမ်းကြစို့' ဟု ပြောပြောဆိုဆို ဆိုက်ကားတစ်စီး လှမ်းခေါ်၊ တက်စီးကာ ဆေးရုံသို့ ထွက်လာခဲ့ကြပြန်လေသည်။

ဆေးရုံရောက်ကြပြန်သော်လည်း မောရသည်သာ အဖတ်တင်တော့၏။ စုံစမ်းရေးဌာနမှ ရှောင်တခင် မီးရထား၊ ကား စသော ယာဉ်အမျိုးမျိုး တိုက်ခံရသော လူနာ၊ ရေနစ်သေဆုံးရသော လူနာ စသော စာရင်းများတွင် ပန်းရုံနှင့် ဆင်ဆင် အမည်တူပင် မတွေ့လေရ။

နောက်ဆုံး၌ စိတ်ပျက်လက်ပျက်နှင့် နှစ်ယောက်သား အိမ်သို့ ပြန်လာခဲ့ကြရတော့သည်။

ထိုအချိန်အထိ နံနက်ကတည်းက ကားတစ်စီးဖြင့် ပန်းရုံ ရှာပုံတော် ထွက်သွားကြသော ဒေါ်လှနှင့် အေးအေးတို့မှာ ပြန်မရောက်ကြသေးဘဲ ရှိနေရာ၊ တင်ထူးရော လေးလေးပါ အေးအေးတို့ အလာကို နောက်ဆုံး မျှော်လင့်ချက်ထားကာ စောင့်စားနေရလေသည်။

မျှော်လင့်ရကျိုး နပ်စရာပင်။ အေးအေးတို့ ပြန်လည်ရောက်ရှိသော အခါတွင် ပန်းရုံကို တွေ့ရှိမလာခဲ့ကြသော်လည်း ပန်းရုံ၏ သတင်းအစအန ကိုကား ကြားသိရပေသည်။ ထိုအချိန်တွင် နေစုပ်စုပ်မြုပ်၍ မိုးချုပ်၍နေပြီ ဖြစ်သော်လည်း တင်ထူးမှာ ဆိုင်းတွ တွေဝေမနေဘဲ ချက်ချင်းပင် နေရာက ထ လာသဖြင့် လေးလေးက–

'နေဦး ကိုတင်ထူး၊ ကျွန်မလည်း လိုက်ခဲ့မယ်' ဟု ဆိုကာ နှစ်ယောက်သား ထွက်လာခဲ့ကြပြန်သည်။

သည်တစ်လှည့်တွင်မူ အိမ်က ကားနှင့်ဖြစ်သဖြင့် နံနက်ကလောက် ခရီးမဖင့်တော့ပေ။ ကောင်းစွာ စိတ်မနှံ့ဟန်ရှိသော မိန်းမရွယ်တစ်ယောက် ကိုတော့ တွေ့လိုက်ရသည်ဟု ပြောသော ဘီလူးမဈေးနားမှ ချင်းသုပ်သည် မိန်းမကြီးထံ လာခဲ့ပြီး စုံစမ်းကြည့်သည်။ မိန်းမကြီးက ဝေ့လည်လည်နှင့် စိတ်နှံ့ မနှံ့တော့ မသိ၊ ခပ်စောစောက မိန်းမတစ်ယောက် သူ့ဆိုင်မှ ချင်းသုပ် ဝယ်ပြီး ပိုက်ဆံမပေးဘဲ ထွက်သွားသဖြင့် ချင်းသုပ်ကို ပြန်လုယူထားလိုက်ရကြောင်းသာ ပြောလေသည်။ ပန်းရုံ၏ အသက်အရွယ်နှင့် ပုံပန်း သဏ္ဌာန်ကို မေးစမ်း၍ ပြောပြပြန်တော့လည်း ဇဝေဇဝါနှင့် ရေရေရာရာ မဖြေနိုင်ဘဲ ရှိနေပြန်လေရာ၊ တင်ထူးလည်း စိတ်ပျက်စွာဖြင့်–

'ဒါဖြင့် ဒေါ်ဒေါ်ရယ် အဲဒီမိန်းမ ဘယ်ဘက်များ ထွက်သွားပါသလဲ ခင်ဗျာ' မေးကြည့်ရ၏။

'ကန်တော်ကြီးဘက် တည့်တည့်ထွက်သွားသလား ဆိုနိုင်ပါဘူး' ဟု ပြောရင်း သူ့ဟာသူ မသေချာဟန်ဖြင့် အနားမှ မျက်လုံးကလေး ပေကလတ် ပေကလတ်နှင့် သားလား၊ မြေးလား မသိရသော ကလေးငယ်တစ်ယောက်ကို 'ဟုတ်တယ် မဟုတ်လား အောင်ကြည်... ဟင်'ဟု လှည့်မေးနေပြန်သည်။ တင်ထူးလည်း သည့်ထက် စိတ်မရှည်နိုင်တော့သည်နှင့် 'လာ... လာ... လေးလေး သွားကြစို့'ဟု ဆိုကာ ကားပေါ်သို့ ပြန်တက်ကာ ကန်တော်ကြီးဘက်သို့ မောင်းစေခဲ့ဂလသည်။

လူအိုရုံလမ်းထိပ်မှ ဆိုက်ကားဂိတ်တွင် တစ်ထောက်ဝင်ရပ်ကာ ဆိုက်ကားသမားများအား ညနေဝင်ရီတရောလောက်က မိန်းမတစ်ယောက် ကန်တော်ကြီးဘက် လျှောက်သွားတာများ သတိပြုမိပါသလားဟု စုံစမ်းကြည့်သေးသည်။

အချို့က အမှတ်တမဲ့မို့ မမြင်လိုက်ကြောင်း ပြော၍၊ အချို့ကမူ မိန်းမတစ်ယောက်တော့ လျှောက်သွားတာ တွေ့သည်ဟု ဆိုသည်။ သို့ရာတွင် ပုံပန်းသဏ္ဍာန်ကို ကွဲကွဲပြားပြား ထပ်မံ စုံစမ်းပြန်သည်တွင်ကား သေချာရေရာအောင် မပြောပြနိုင်ကြ။

'ကဲပါရှင်.... မေးနေလို့လည်း အကြောင်းမထူးပါဘူး၊ ဒါနဲ့ပဲ မှောင်သထက် မှောင်တော့မယ်၊ အချိန်ကလေးရှိတုန်း သွားရှာရအောင်' ဟု လေးလေးက နှိုးဆော်မှ တင်ထူးလည်း ကားကို ကန်တော်ကြီးနားသို့ ရှေးရှု မောင်းသွားစေရသည်။

ဒိုဘီလိုင်းနားမှ ကျွန်းဆွယ်နားရောက်လျှင် ကားကိုရပ်စေကာ နှစ်ယောက်သား ဆင်းကြည့်ကြသည်။ ထိုစဉ်က ကန်တော်ကြီး တစ်ဝိုက်မှာ လူဆိုးသူဆိုးများ သောင်းကျန်းလွန်းသဖြင့် ညမှောင်သည်နှင့် မည်သူမျှ ကူးသန်းသွားလာခြင်း မရှိ။ ခြောက်သွေ့ တိတ်ဆိတ်ရရာတွင် စစ်ပြီးစ လမ်းဓာတ်မီးများလည်း ပြန်လည် မထွန်းသေး။ မော်တော်ကားမီးကလည်း မှိန်တိမ်တိမ်တွင် ညက မှောင်မှောင်မည်း၍ တိတ်ဆိတ်နေရာက လူသံကြောင့် အိပ်တန်းတက်နေကြသော ငှက်အုပ် ထပျံသဖြင့် မိန်းမသားဖြစ်သူ

လေးလေးမှာ တင်ထူးကို ယောင်ယမ်း၍ ဖက်ထားမိလေသည်။ လူစသူစ ဟူ၍ ဘာမျှ မမြင်ရသည့်အထဲ အသည်းငယ်စရာ ငြိမ်ချက်သား ကောင်း နေသော ရေပြင်ကျယ်ကို ကြည့်ရင်း ကျောချမ်းလာမိသည်နှင့်–

'ရှိမထင်ပါဘူး၊ သွားကြပါစို့ ကိုတင်ထူး' ဟု လေးလေးက စတင် လောဆော်သောကြောင့် တင်ထူးလည်း ထိုနေရာတွင် ကြာရှည် အချိန်ဖြုန်း မနေတော့ဘဲ ကားရှိရာသို့ ပြန်လာကာ ကားပေါ်ပြန်တက်၊ ရှေ့ဆက် ထွက် လာခဲ့ကြပြန်လေသည်။

ကနေဒီလမ်းထောင့် စက္ကူသဘောကြီး ထားဖူးသည့် ကျွန်းဆွယ် အရောက်တွင် မှုန်မွှားမွှား ကားမီးရောင်အောက်၌ သဏ္ဍာန်တစ်ခု ခပ် သွက်သွက် ဖြတ်လျှောက်သွားသလို တွေ့လိုက်ရသဖြင့် လေးလေးက–

'ဟိုမှာ... ဟိုမှာ လူတစ်ယောက်၊ လူတစ်ယောက်' ဟု တစ်ချိန်လုံး လူစသူစ လုံးဝ မတွေ့ခဲ့ရာမှ ရုတ်တရက် လူရိပ် တွေ့မြင်လိုက်ရသဖြင့် လွှတ်ခနဲ ပြောလိုက်သည်ဟု ထင်ကာ ကောင်းစွာ မမြင်လိုက်သော တင်ထူး က–

'ကြည့်လည်း လုပ်ဦးနော်၊ တော်ကြာ အပေါ့အပါး သွားနေတဲ့လူ ဖြစ်နေလို့ စကားများနေဦးမယ်' ဟု ပြောနေစဉ်ပင် မော်တော်ကားမှ မီးမှာ အလိုလို ခေတ္တမှိတ်သွားပြီး ချက်ချင်း ပြန်လင်းလာသောအခါ လျှပ်တစ်ပြက် အတွင်းမှာပင် စောစောက မြင်ရသော သဏ္ဍာန်မှာ ရှာမတွေ့ရတော့ပေ။ မကျေနပ်သည်နှင့် ကားရပ်ကာ ချက်ချင်း ဆင်းရှာကြည့်သည်။ ရေစပ်ထိ အောင် သွားကြည့်သော်လည်း လူစသူစဟူ၍ ခြေရာပင် မတွေ့ရ။ လေးလေး ရော ဒရိုင်ဘာကပါ မျက်စိနှင့် တပ်အပ်တွေ့လိုက်လျက်ပါကနဲ့ သဏ္ဍာန် ရှင်ကို ရှာမတွေ့သဖြင့် မကျေနပ်နိုင်ဘဲ ရှိပေသည်။ သစ်ပင်အကြိုအကြား ပုန်းအောင်းနေမလားဟု ဆိုရအောင်လည်း ထိုနေရာတစ်ဝိုက်မှာ ကုန်း ပြောင်ပြောင် သစ်ပင်ခေါင်သော နေရာဖြစ်သည်။

အထူးသဖြင့် ကားဒရိုင်ဘာမှာ တောက်တခေါက်ခေါက်နှင့် ဖြစ် နေရာက နောက်ဆုံးတွင် မော်တော်ကားကြီးကို လမ်းပေါ်မှ ရွှေ့ကာ ခေါင်း ကို ကန့်လန့်ဘက်လှည့်ပြီး ကားမီးဖြင့် ထိုး၍ ကြည့်သေးသည်။ ထိုအခိုက်တွင်

ကားဦးထိပ်တွင် စက်သေနတ် တပ်ဆင်ထားသော ပန်ချာပီ ပတ္တရောင် ဂျစ်ကားတစ်စီး ဘယ်ကနေ ဘယ်လိုရောက်လာသည်မသိ၊ ဗြုန်းခနဲ ရောက်လာပြီး တင်ထူးတို့လူစုကို မီးမောင်းကြီးများနှင့် ထိုးထားပြီး လက်နက်များဖြင့် ဝိုင်းချိန်ကြခြင်း ခံရလေသည်။ ထိုစဉ်က မကြာခဏ ကန်တော်ကြီးတစ်ဝိုက်မှာ လူဆိုးများ ကျက်စားတတ်သဖြင့် ပတ္တရောင် ကားများက တင်ထူးတို့အား မလျော်သောနေရာတွင် မတော်သောအချိန်မှာ လာတွေ့ရ၍ သင်္ကာမကင်းဖြစ်နေသဖြင့် တင်ထူးရော ဒရိုင်ဘာကပါ ကုလားလိုရော၊ ဗမာလိုရော၊ အင်္ဂလိပ်လိုရော၊ လက်ဟန်ခြေဟန်ရော ရောကာ မိမိတို့မှာ လူဆိုးမဟုတ်၊ လူကောင်းများဖြစ်ကြောင်း ရှင်းပြရသည်။ သို့နှင့်လည်း ပတ္တရောင်များက သင်္ကာမရှင်းသေးဘဲ ကားပေါ်တွင် လည်းကောင်း၊ ကိုယ်ပေါ်တွင်လည်းကောင်း အနှံ့အပြား ရှာဖွေ၍ မသင်္ကာဖွယ်ရာ ဘာမျှ မတွေ့ရမှ ကျေနပ်သွားကာ လူကောင်းမှန်း ယုံကြည်ပြီး သူတို့၏ အားကောင်းလှသော ဂျစ်ကားရှေ့က မီးမောင်းကြီးနှင့်ပင် ထိုးပြ ကူညီရှာပေးသေး၏။ သို့သော် မတွေ့ရပေ။ နောက်ဆုံး၌ ကြာကြာနေ၍ ရှိသော် မိန်းမသားတစ်ယောက်အတွက်ပါ စိုးရိမ်ရဖို့သာ ရှိသဖြင့် သုံးယောက်သား တိုင်ပင်မနေရဘဲ ကားပေါ်သို့ ကပျာကယာ တက်ရောက်ကာ ထွက်လာခဲ့ကြရလေ၏။

အားလုံးသော အိမ်သားများနှင့်တကွ တင်ထူးကပါ မျှော်လင့်မိသည်။ မည်သည့်နည်းနှင့်ဖြစ်ဖြစ် ပန်းရံတော့ တစ်နေ့သော တစ်နေ့နေ့မှာ စိတ်လည်ကာ အိမ်သို့ သူ့အလိုလို ပြန်လာပေမှာပဲ ဟု....။

သို့ရာတွင် အချိန်တွေသာ ညောင်းခဲ့သည်။ ပန်းရံ တစ်ယောက်ကား မျှော်လင့် စောင့်စားမိကြသလို သူ့အလိုလို အိမ်သို့ ပြန်ရောက်မလာသေးပေ။

## (၇)

သည်အတွင်း အခြားသူများက စိတ်လျှော့လက်လျှော့သလိုနှင့် တစ်ဝက်လောက် အေးနေကြသော်လည်း တင်ထူးတစ်ယောက်မှာ ဖွဲကောင်းကောင်းနှင့် ပန်းရံရှာတော်ပုံ လုပ်နေတုန်းပင်။ ကျောက်မြောင်း၊ တာမွေ၊ သဃ်န်းကျွန်း၊ ဘောက်ထော်၊ ရေကူး၊ တံတားလေး၊ ကံဘဲ့၊ ကမာရွတ်၊ ကြည့်မြင်

တိုင်၊ မြေနီကုန်း၊ စမ်းချောင်း၊ အလုံ၊ ဆင်နင်းကွက်သစ်၊ မင်းမနိုင် ကွက်သစ်၊ ဖ–ဆ–ပ–လ ကွက်သစ်၊ ဗိုလ်တာထောင်၊ အလီမူလာ၊ စက်ဆန်း၊ ပုဇွန်တောင်၊ အိုးဘို စသော ရပ်ကွက်များ၊ ကွက်သစ်များ၊ ဆင်ခြေဖုံးနေရာများလည်း ရောက်ခဲ့ နှံ့ခဲ့ပြီ။ ရန်ကုန်မြို့ထဲတော့ ပြောစရာ မရှိ။ ဓာတ်ဆီဂါလံ အတော်များများ မီးရှို့ပစ်ခဲ့၍ ဘီးလေးဘီးမှ ရော်ဘာပန်းများကို အတော် ပွန်းစေခဲ့ပြီ။

ပန်းရုံကိုတော့ မတွေ့။ အဆုံး၌ ဖွဲသမား တင်ထူးပင် လက်လျှော့ရကာ နောက်ဆုံးသော ကြိုးပမ်းချက်၊ မျှော်လင့်ချက် အဖြစ်ဖြင့် သတင်းစာကြီး သုံးစောင်၏ အကူအညီကို ယူရလေတော့သည်။

**ကူညီပါ**

**ဆုငွေတစ်ထောင် ကျေးဇူးပြုပါမည်။**

လုံးလုံးထည်ထည် ပုပုပျပ်ပျပ်၊ အသက်နှစ်ဆယ်ရွယ်လောက် မိန်းမပျိုတစ်ယောက် နေအိမ်မှ သူ့အလိုအလျောက် ထွက်သွားပါသည်။ နေအိမ်မှ ထွက်ခွာသွားစဉ်က ကိုယ်ပေါ်တွင် သရက်ထည် လုံချည် အနက်စင်းနှင့် နိုင်လွန်အင်္ကျီ လက်တိုကလေး ဝတ်ထားပါသည်။

သက်ဆိုင်ရာဌာနသို့ လူပျောက်တိုင်ချက် ပေးထားပြီ ဖြစ်သော်လည်း တွေ့ရှိသူများက အဆိုပါ မိန်းမပျိုကို အောက်ပါ နေရပ်သို့ ကူညီပေးနိုင်ပါက၊ သို့မဟုတ် သတင်းအစအန ဖြစ်စေ မှန်ကန်စွာ ပေးနိုင်ပါက ဆုငွေတစ်ထောင် ကျေးဇူးပြုပါမည်။

**ဒေါ်လှ**

တူမ–အေးအေး၊ လေးလေး

ခြံအမှတ် ၁၀၊ (.............) လမ်း၊ ရန်ကုန်မြို့။

သတင်းစာများတွင် လူပျောက်ကြော်ငြာ ထည့်သွင်းခါနီးတွင် ဒေါ်လှက လက်ဦး၌ ချက်ချင်း သဘောမတူနိုင်သေးပေ။ အကြောင်းကား ဆုငွေတစ်ထောင်တောင် ပေးရမည်ကို နှမြောတွန့်တိုနေခြင်းပင် ဖြစ်ပေသည်။ အေးအေးကမူ မည်သို့မျှ မဖြစ်သော်လည်း လေးလေးကမူ ငွေစိတ် မွန်လှ

သော ကြီးကြီး ဖြစ်သူအတွက်ကြောင့် တင်ထူးကို ကြားထဲက အားနာနေရသည်။

'ကိစ္စမရှိပါဘူး၊ တကယ်လို့ ကျွန်တော်တို့ ကြော်ငြာလိုက်တဲ့အတိုင်း ပန်းရုံကိုသာ ပြန်တွေ့ရင် ဒီငွေတစ်ထောင်လောက်တော့ ကျွန်တော် တစ်နေရာမှာ ကျွန်ခံလို့ဖြစ်ဖြစ် ရှာကြံပြီး ပေးမှာပါ' ဟု တင်ထူးက အာမခံတာ ခံတော့မှ–

'ဒီလိုလည်း ဘယ်ဟုတ်မလဲ မောင်တင်ထူးရဲ့၊ ကြီးကြီးက နမြောလို့ ပြောတာ မဟုတ်ဘဲ။ ကာလက ယုံရတာ မဟုတ်ဘူး၊ ဆုငွေမက်ပြီး မဟုတ်တရုတ်တွေ ရှုပ်နေမှာစိုးလို့ ပြောရတာ။ ကဲပါလေ၊ မောင်တင်ထူး သဘောပဲ' ဟု ဒေါ်လှက လျှော့ချလိုက်ခဲ့လေသည်။

သို့နှင့် သတင်းစာများတွင် လူပျောက်ကြော်ငြာ ထည့်သွင်းခဲ့ရာ သုံးရက်မြောက်သော ညနေတွင် ခြံတွင်းသို့ လူစိမ်းတစ်ယောက် ဝင်လာလေသည်။ ထိုသူမှာ အဝတ်အစား သားသားနားနား မရှိဘဲ ခပ်နွမ်းနွမ်း ဝတ်ဆင်ထား၍ ခေါင်းတွင် သက္ကလတ်ဦးထုပ်ပျော့ကို မျက်လုံးအုပ်ကာ ဆောင်းထားလေသည်။ လူရုပ်မှာ ပိန်ပိန်ပါးပါး၊ သွားခေါခေါ၊ မျက်လုံး မှေးမှေးနှင့် သူခိုးဓားပြသော် လည်းကောင်း၊ လူပြန်ပေးဂိုဏ်းဝင် တစ်ယောက်သော် လည်းကောင်း တွေ့မြင်ရသူတိုင်းအဖို့ ထင်ဖွယ်ရာ ရှိလေသည်။

ထိုသူသည် ကျီးကြည့်ကြောင်ကြည့် ကြည့်ကာ မရဲတရဲနှင့် ခြံတွင်းသို့ ဝင်လာလေရာ၊ ထိုအချိန်တွင် ခြံတွင်း၌ တစ်ယောက်တည်း ပန်းဆင်းရှူးနေမိသော အေးအေးမှာ ရုတ်တရက် ဘာမှမမေးနိုင်ဘဲ ပါးစပ်ကြီးဟ ကာ ကြောက်အားပိုနေမိလေသည်။

'ဒီမှာ... အစ်မကြီး ဒေါ်လှတို့ခြံဆိုတာ ဒီခြံလား ခင်ဗျာ' ဟု ထိုသူက မေးတော့မှ အေးအေးမှာ ရုတ်တရက် အသံကုန်...

'ဟောဒီမှာ ဟောဒီမှာ' ဟု ဟစ်အော်ရင်း အိမ်ဘက်သို့ ပြေးသွားသဖြင့် ထိုသူမှာ ခြံတွင်းမှ တစ်ခါတည်း ထွက်ပြေးရကောင်းနိုးနိုး၊ ရပ်နေရကောင်းနိုးနိုး၊ ပြေးလိုက်သွားရ ကောင်းနိုးနိုးနှင့် ချီတုံချတုံ ဖြစ်နေရပေသည်။ အေးအေး၏ ရုတ်တရက် အသံကုန် ဟစ်အော်လိုက်သံကြောင့် အိမ်တွင်း

၌ ရှိကြသော တင်ထူးနှင့်တကွ လေးလေးတို့မှာ စိုးရိမ်တကြီးနှင့် ပြေးထွက်လာကြလေသည်။

ခြံတွင်းမှ လူမှာ နဂိုကမှ မရဲမဝံ့နှင့် ရှိရာက ယခုလို တစ်ယောက်က အသံကုန် ဟစ်အော်ပြေး၍ အိမ်သားများ ထွက်လာကြသည်ကို တွေ့ရလျှင် ထိုနေရာ၌ ကြာရှည်စွာ ရပ်နေခြင်းဖြင့် အကျိုးမမြင်သဖြင့် ခြံပြင်သို့ ထွက်ရန် ဟန်ပြင်လေတော့သည်။ တင်ထူးက မြင်သဖြင့် 'ဟေ့လူ... ဟေ့လူ၊ နေဦး.... နေဦး' ဟု ခေါ်သည်ကိုပင် ပြန်မလာတော့ဘဲ လှည့်ကြည့် လှည့်ကြည့်နှင့် ခြံပြင်သို့သာ ခြေကုန်သုတ်တော့၏။ တင်ထူးက နောက်က မီအောင် ပြေးလိုက်ကာ မီလျှင် အင်္ကျီလည်ကုပ်ကို ဖမ်းဆွဲထားလိုက်မှ ယက်ကန် ယက်ကန်နှင့် ပါလာလေသည်။

'ခင်ဗျား ခေါ်နေတာ မကြားဘူးလား' ဟု တင်ထူးက လည်ကုပ်ကို လွှတ်လိုက်ပြီးမှ တစ်ဖန် 'ဘာကိစ္စ ခြံထဲ ဝင်လာတာလဲ' ဟု မေးလိုက်မှ ထိုသူက တုန်တုန်ယင်ယင်နှင့် အိတ်ကပ်တွင်းမှ တစ်စုံတစ်ရာကို ထုတ်ပြကာ–

'ဒီကြော်ငြာတွေ တွေ့ရလို့ပါ ခင်ဗျာ'

တင်ထူးမှာ ကြေမွနေပြီဖြစ်သော သတင်းစာ ဖြတ်ပိုင်းကလေးကို မြင်ရလျှင် ချက်ချင်း ရွှင်လန်းသွားပြီး–

'လာ... လာ၊ အိမ်ထဲကြွပါခင်ဗျာ အိမ်ထဲကို' ဟု ဂရုတစိုက်ဖြင့် ထိုသူကို အိမ်တွင်းသို့ ခေါ်သွင်းရာ ထိုသူလည်း လိုက်ပါသွားရလေ၏။

'ကဲ... ပြောစမ်းပါဦး၊ ပန်းရုံ ဘယ်မှာလဲ၊ ခင်ဗျားကိုယ်တိုင် တွေ့ခဲ့သလား၊ ဘယ်တုန်းကလဲ၊ ဘယ်နားမှာလဲ'

တင်ထူးသည် သူ့ရှေ့တည့်တည့်မှ ကော်ဖီခွက်ကို ဆာလောင် မွတ်သိပ်စွာဖြင့် မော့သောက်နေသော၊ သတင်းပေးလာသော လူစိမ်းကို မေးခွန်းပေါင်း များစွာ ထုတ်နေလေသည်။

သတင်းလာပေးသူ လူစိမ်းဖြစ်သူက ခွက်တွင် ကပ်နေသော သကြား အနယ်များကို နောက်ဆုံးကျန်ရှိသော ကော်ဖီရည်ဖြင့် လှုပ်ကာ မော့ချလိုက်ပြီးမှ–

'ကန်တော်ကြီးမှာ တွေ့ခဲ့တယ်' ဟု အဖြေပေးလိုက်လေတော့သည်။

'ကန်တော်ကြီးမှာ ဘာလုပ်နေသလဲ'

'သေလား ရှင်လားတော့ မသိဘူး၊ လူတွေ အုံနေတုန်း ကျုပ်လည်း သတင်းပေးရအောင် ဒီကို ပြေးလာခဲ့တာပဲ'

'ဒရိုင်ဘာ ဒရိုင်ဘာ' တင်ထူးက ကြာရှည်လေးမြင့် အချိန်ဆွဲမနေဘဲ ဒရိုင်ဘာကို အော်ခေါ်ကာ ကားကို အမြန်ထုတ်ယူလာစေလေသည်။

'ကဲ... ကြီးကြီးတို့တော့ နေရစ်ခဲ့ကြ၊ ကျွန်တော် လိုက်သွားမယ်၊ လာ... လာ' ဟု သတင်းပေးလာသူအား ကားနှင့် တင်ဆောင်ပြီး ထွက်လာခဲ့ကြလေသည်။

သတင်းပေးလာသူ ပြောသော ကန်တော်ကြီးနားသို့ ရောက်လာကြလေသည်။ 'ဘယ်နေရာမှာလဲ' ဟု တင်ထူးက သေချာအောင် ထပ်မေးရာ ထိုသူက ဒိုဘီလိုင်းနားဘက်သို့ မောင်းသွားစေကာ ကျွန်းဆွယ်တစ်ခု ရောက်လျှင် ကားကို ရပ်စေသည်။

'ဟောဒီနေရာမှာပဲ၊ မနက်က လူတွေ ဝိုင်းအုံပြီး ကြည့်နေကြတာပဲ၊ ဆရာတို့ ကြော်ငြာထားတဲ့ မိန်းမတစ်ယောက်ပဲ။ ရေပေါ်မှာ မှောက်လျက်ကြီး ပေါ်နေလို့'

ထိုနေရာမှာ တစ်ည တင်ထူးနှင့် လေးလေးတို့ အရှာထွက်ရင်း ငှက်တွေ ထ ပျံသော နေရာပင်။

'အဝတ်အစားတွေကော မှတ်မိသလား'

'ဟာ... မှတ်မိတာပေါ့၊ သရက်ထည် လုံချည်ကလေးဝတ်လို့ မဟုတ်လား'

ထိုအတွင်း အနီးအနား တဲအိမ်တစ်အိမ်မှ လူတစ်ယောက် ကပ်လာသဖြင့်–

'ဒီမှာ ဆရာကြီး၊ မနက်က ဒီနားမှာ ရေနစ်တဲ့ မိန်းမတစ်ယောက် တွေ့ရလို့ဆို။ ဆရာကြီးကော မြင်လိုက်သေးလား ခင်ဗျာ' ဟု တင်ထူးက မေးရလေသည်။

'မိန်းမတစ်ယောက်လား ဘာလားတော့ မသိဘူး၊ အလောင်း တစ်လောင်းတော့ လူတွေ ဝိုင်းကြည့်နေလို့ နေ့လယ်လောက်ကပဲ ဂါတ်က ပုလိပ်တွေ လာယူသွားလေရဲ့'

'ဘယ်ဂါတ်ကလဲ၊ ဗဟန်းဌာနာကလား'

'ဟုတ် ထင်ပါရဲ့၊ ကျုပ်လည်း ကိုယ့်အလုပ်နဲ့ကိုယ် ဆိုတော့ ကောင်းကောင်း မကြည့်လိုက်မိပါဘူး'

တင်ထူးသည် ထိုနေရာတွင် အချိန်ဖြုန်းတီးနေခြင်းဖြင့် အကျိုး မမြင်ရာ သတင်းပေးပို့သူကိုပါ ခေါ်ဆောင်ကာ ဗဟန်းဌာနာသို့ သွားရောက် စုံစမ်းကြည့်ပြန်သည်။ ဌာနာရှေ့တွင် ကားကိုရပ်ထားခဲ့ပြီး ဌာနာတွင်းသို့ ဝင်သွားကာ၊ ဂါတ်စာရေးနှင့်တူသော လူတစ်ယောက်ကို ချဉ်းကပ်ကာ မေးကြည့်မိ၏။ ထိုသူက စားပွဲ တစ်လုံးတွင် အလုပ် ရှုပ်နေသော လူ တစ်ယောက်ကို လက်ညှိုးထိုးပြသဖြင့် တစ်ဖန် ထိုသူ့ထံ သွားရောက်ကာ–

'စာရေးကြီး၊ မနက်က ကန်တော်ကြီးမှာ ရေနစ်တဲ့ မိန်းမတစ်ယောက် ဒီယူလာတယ်လို့ ကြားလို့ သတင်းလာမေးပါတယ် ခင်ဗျာ'

'မောင် ဘယ်ကလဲ' ဂါတ်စာရေးကြီးက ချက်ချင်းမဖြေဘဲ ပြန်လည် မေးခွန်းထုတ်နေသဖြင့်–

'ကျွန်တော်က သူ့အစ်ကိုပါ၊ မကြာသေးခင်က အိမ်က ထွက်သွား လို့ သတင်းစာထဲကတောင် ကြော်ငြာထားပါသေးတယ်' ဟု ပြောပြတော့ မှ–

'ဩော်... ဆုငွေတစ်ထောင် ထုတ်ထားတဲ့ မိန်းမလား၊ အဲဒီ မိန်းမ ဟုတ်မဟုတ်တော့ မဆိုနိုင်ဘူး၊ ရေနစ်သေတဲ့ အလောင်းတစ်လောင်းတော့ လူတစ်ယောက် သတင်းလာပေးလို့ နေ့လယ်ကပဲ သွားယူလာခဲ့တယ်။ အလောင်းကတော့ ပုပ်ပွတောင် နေပြီ'

'ခု ဘယ်မှာ ရှိပါသလဲ ခင်ဗျာ၊ ဟုတ် မဟုတ် ကျွန်တော် ကြည့် ပါရစေ ခင်ဗျာ'

သို့သော် ဂါတ်စာရေးက စောစောကပင် အလောင်း ဆေးရုံကြီးကို ပို့လိုက်ကြောင်း၊ ယခုနေ လိုက်သွားလျှင်လည်း အချိန်မရှိတော့သဖြင့် ရင်ခွဲရုံ ပိတ်ချင်ပိတ်လောက်ပြီ ဖြစ်ကြောင်း ပြောပြလေသည်။

တင်ထူးက ဒါဖြင့် အလောင်း၏ ပုံပန်းသဏ္ဍာန် သိပါရစေဟု ဌာနာ မှတ်တမ်းကို ကြည့်ခွင့်တောင်းပြန်သည်။ အကြောင်းမထူး။ မှတ်တမ်းတွင် အသက် ၂၀ ခန့် မိန်းမတစ်ယောက်၏ အလောင်းဟုသာ ရေးသားထား၍

အဝတ်အစား ပုံသဏ္ဌာန်များ တိတိကျကျ ရေးသားထားခြင်း မရှိသဖြင့် စိတ်ပျက်ရပြန်သည်။

သို့နှင့် လက်လျှော့ ပြန်လာခဲ့ရပြန်ပေသည်။ ဆေးရုံကိုတော့ အချိန်လည်း မရှိတော့သဖြင့် မနက်ဖြန်မှပင် သွားတော့မည်ဟု သတင်းပေးလာသူကို သူ့အိမ်အထိ လိုက်ပို့ပြီး အိမ်သို့ ပြန်လာခဲ့ကြသည်။ လမ်းတွင် ဒရိုင်ဘာက ကန်တော်ကြီး အလယ်ကျွန်းမှ ကရင်သုံ့ပန်းစခန်းမှ ကရင်မ တစ်ယောက်ယောက် ထွက်ပြေးရင်း ရေနစ်သေခြင်း ဖြစ်ချင်ဖြစ်မည်ဟု ပြောသဖြင့်–

'ဒါဖြင့် ခင်ဗျား အိမ်ပြန်ရင်း ကရင်စခန်းကို သွားပြီး တစ်ရက်၊ နှစ်ရက်အတွင်း သုံ့ပန်းတွေ စခန်းက ထွက်ပြေးတာများ ရှိသလားလို့ စုံစမ်းပေးစမ်းပါဦး။ နောက်ပြီးတော့ ရေကောင်းကောင်း ငုပ်တတ်တဲ့ လူတစ်ယောက် ငှားပြီး အလောင်းတွေ့တဲ့ နေရာတစ်ဝိုက်ကို ငုပ်ခိုင်းပါ။ အဝတ်အစားဖြစ်ဖြစ် သဲလွန်စ တစ်ခုခုတော့ တွေ့ရမှာပဲ' ဟု တင်ထူးက မှာကြားရ၏။ ဒရိုင်ဘာကလည်း သူ ကရင်စခန်းကို စုံစမ်းခဲ့မည်ဟု အာမဝန်ခံသည့်အပြင် ရေငုပ်တတ်သူ ရှာဖွေ၍ ငုပ်စမ်းခိုင်းရန်အတွက်လည်း တာဝန်ယူလိုက်လေသည်။

(၈)

အိမ်မှ စိတ်တထင့်ထင့်နှင့် စောင့်နေကြသော လေးလေးတို့ မိသားတစ်စုကိုမူ အမှန်အတိုင်း ပြောမပြဘဲ ကောလာဟလ သတင်းမျှသာဖြစ်ကြောင်း ပြောပြ နှစ်သိမ့်ထားရလေသည်။ နံနက် ဒရိုင်ဘာ အလုပ်ဆင်းလာသော အခါတွင် ကရင်သုံ့ပန်းစခန်းမှာ အစောင့်ကျသော အသိပုလိပ်ကို စုံစမ်းပေးရန် ပြောထားကြောင်းနှင့် သူ့ညီကို ရေငုပ်ကျင်လည်သော လူတစ်ယောက် ငှားခိုင်းပြီး အလောင်းတွေ့သော နေရာတစ်ဝိုက်ကို ငုပ်ခိုင်းထားခဲ့ကြောင်းများပါ ပြောပြလေသည်။

'ကဲ... ဒါဖြင့် ကျွန်တော်တို့ ဆေးရုံတစ်ချက် သွားစုံစမ်းကြစို့'ဟု ပြောပြီး 'ကြီးကြီးတို့ ဘုရားပေါ် သွားရှာကြည့်ကြမလို့ဆို၊ တစ်ခါတည်း လိုက်ခဲ့ပါလား' ဟု ဆိုသဖြင့် ဒေါ်လှနှင့်တကွ လေးလေးတို့ ညီအစ်မ

လည်း လိုက်ပါလာကြကာ သားအမိတစ်တွေကို ရွှေတိဂုံ တောင်ဘက် မုခ်ပေါက်ဝတွင် ချထားခဲ့ပြီး ဒရိုင်ဘာနှင့် နှစ်ယောက်အတူ ဆေးရုံသို့ တန်းလာခဲ့ကြလေသည်။

ဆေးရုံတွင် စုံစမ်းကြည့်သောအခါတွင် အလောင်းကို ပိုင်ရှင်မပေါ် သဖြင့် မနေ့ကပင် မြှုပ်နှံလိုက်ပြီဟု အဖြေပေးလိုက်ရာ၊ တင်ထူးမှာ လက် မတင်ကလေး လွဲရခြင်းဟု စိတ်ပျက်ရမိလေသည်။

စုံစမ်းရေးဌာနမှ စာရေးက ကိုယ်ချင်းစာနာစွာဖြင့် ဂရုတစိုက်ပင် အလောင်းကို မြှုပ်နှံရသော ရင်ခွဲရုံမှ ကုလားကို ခေါ်ယူ တွေ့ပေးသေး သည်။

ကုလားက ကြည့်ချင်လျှင် သူ ပြန်လည်တူးဖော်၍ ပြပါမည်ဟု ပြောသော်လည်း ယခုလောက်ဆိုလျှင် ရုပ်ပျက်ဆင်းပျက်နှင့် ပုပ်ပွကာ ရုပ်ဖမ်းရတော့မည် မဟုတ်သဖြင့် အကျိုးမထူးသည်နှင့် အဝတ်အစားများ သိမ်းဆည်းထားသည်များ ရှိလျှင် ပြပါတော့ဟု ပြောရလေသည်။ ရင်ခွဲရုံ သို့ ရောက်လာသော အလောင်းတို့မှ အဝတ်အစားတို့ကို ချွတ်ယူ ရောင်း စားတတ်ဟန်တူသော ကုလားမှာ သူ့အကျင့်တွေ ဘူးပေါ်သလို ပေါ်ကုန် မှာ စိုးသောကြောင့်ပေလား၊ ဘာကြောင့်လားတော့ မသိ။ ခေါင်းကို တွင်တွင် ခါလေသည်။

'ပိုက်ဆံပေးပါမည်၊ ဟုတ်မဟုတ် ကြည့်ရုံတင်...' ဟု ပြောသော် လည်း မရဘဲ အဝတ်တွေပါ ထည့်မြှုပ်ပစ်သည်ဟု အဖြေပေးတော့သဖြင့် တင်ထူးလည်း လက်လျှော့လိုက်ရလေသည်။ ဤတွင် စုံစမ်းရေးဌာနမှ စာရေးက ဂါတ်သို့ရောက်သမျှ အလောင်းတို့ကို ရဲတပ်ဖွဲ့ ဓာတ်ပုံဌာနမှ ဓာတ်ပုံရိုက်ယူထားရကြောင်းနှင့် ဓာတ်ပုံဌာနကို သွားကြည့်ဖို့ အကြံပေး ပြန်ရာ–

'ဓာတ်ပုံဌာနက ဘယ်မှာလဲခင်ဗျာ၊ လွယ်လွယ်ကူကူကော သူတို့ ထုတ်ပြပါ့မလား' ဟု တင်ထူးက မေးရသေးသည်။

'ပန်းဆိုးတန်းက လက်ပြဌာနာမှာပေါ့၊ သက်ဆိုင်ရာလူကို ပြောပါ၊ ဗမာအချင်းချင်းပဲ သူတို့ ကူညီမှာပါပဲ၊ သွားသာ သွားကြည့်ပါဗျာ' ဟု

တိုက်တိုက်တွန်းတွန်း ပြောသည်နှင့် တင်ထူးလည်း ပန်းဆိုးတန်းဌာနမှ ဓာတ်ပုံဌာနသို့ လာခဲ့ရပြန်လေသည်။

ရှောရှောရှူရှူပင် မောင်မင်းကြီးသားများက ဓာတ်ပုံကို ထုတ်ယူပြကြလေသည်။ သို့ရာတွင် အလောင်းမှာ ငါးများ တွတ်ထားဟန်တူသဖြင့် ရုပ်ပျက်ဆင်းပျက်နှင့် ရုပ်ဖမ်းမရနိုင်ဘဲ ရှိနေသည့်ပြင် ပန်းရုံ၏ ပုံသဏ္ဌာန်နှင့် မတူဘဲ ခပ်ဝဝ ဖြစ်နေလေသည်။ ရဲအရာရှိကြီးက ရေနစ်သေသော အလောင်းဟူသမျှ ထိုသို့ ခပ်ဝဝ ဖြစ်နေတတ်ကြောင်း ပြောပြသေးသော်လည်း တင်ထူးကမူ ဘယ်နည်းနှင့်မျှ ပန်းရုံ၏အလောင်းတော့ မဖြစ်နိုင်ဟု စွဲမှတ်ထားလေသည်။ နောက်ဆုံး၌ သူတစ်ယောက်တည်း ဆုံးဖြတ်ရုံနှင့် ကိစ္စမပြီးနိုင်သည်နှင့် ဘုရားသို့ တစ်ခေါက်ပြန်လာကာ ဖုံးဖိထားခဲ့သော အကြောင်းကို ဖော်ပြောရတော့သည်။ ကုန်းတော်ပေါ်အနံ့ ရှာဖွေကာ ပြန်ဆင်းလာခဲ့သော လေးလေးတို့ သားအမိတစ်တွေမှာ ပန်းဆိုးတန်းဌာနသို့ လိုက်လာခဲ့ကြပြန်သည်။

ဓာတ်ပုံဌာနမှ ဓာတ်ပုံကို ကြည့်ကာ မည်သူမျှ တပ်အပ်သေချာ "ပန်းရုံပါပဲ" ဟု မပြောနိုင်ကြဘဲ ဇဝေဇဝါသာလျှင် ဖြစ်နေသဖြင့် ကိစ္စမှာ မရေမရာနှင့် မတင်မကျ ဖြစ်နေရပြန်လေ၏။ သို့ရာတွင် ထိုနေ့ ညနေစောင်းလောက်တွင် ဒရိုင်ဘာ၏ ညီဖြစ်သူ လိုက်လာကာ ပန်းရုံ သေ၊ မသေ ဆိုသော ပြဿနာ မတင်မကျကြီးကို ထင်ရှားစေသော သဲလွန်စ တစ်ခုကို ယူလာခဲ့လေသည်။ ယင်းသဲလွန်စကား အခြား မဟုတ်၊ သရက်ထည် လုံချည်အနက်စင်းကလေးပင် ဖြစ်လေသည်။ ပန်းရုံ အိမ်မှ ထွက်သွားစဉ်က ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်ပင်ဖြစ်သဖြင့် ဒေါ်လှမှာ ကြွေမဆည်နိုင်ရှာတော့ဘဲ–

'အမယ်လေး ပန်းရုံရဲ့၊ တို့ကို တကယ်ပဲ ခွဲသွားပြီလား' ဟု အော်ဟစ်ငိုယိုလေတော့၏။ လေးလေးနှင့် အေးအေးမှာလည်း နှာရည်တရှုပ်ရှုပ်နှင့် ရှိကြလေသည်။ တင်ထူးမှာ သရက်ထည်စကလေးကို ကိုင်ကာ ငေးမောနေလေသည်။ ပန်းရုံအတွက် ပူပင်ရလွန်းသဖြင့် သူ့အဖို့ နောက်ထပ် ပို၍ ပူပင်သောကရောက်စရာ မရှိပေတော့ပြီ။ အတိတ်တွေကို တွေးရတောရလွန်းသဖြင့် အဟောင်းမှန်သမျှပင် အသစ်တို့ချည်းသာ ဖြစ်ကုန်ခဲ့ချေပြီ။

နောက်ဆုံး၌ ရင်နာစရာ၊ အသည်းနာစရာကောင်းလောက်အောင် ဖြစ်ပျက်တွေ့ကြုံခဲ့သော ပန်းရုံကလေး၏ အဖြစ်ဆိုးကိုသာ သနား ကရုဏာသက်စွာဖြင့် ရှိသည်နှင့် အံကြိတ်ကာ မေးကြောနှစ်ဖက်ကို တင်းလိုက်မိလေသည်။

## (၉)

သတင်းစာတွင် ကြော်ငြာခဲ့သော ဆုငွေတစ်ထောင်ကို မည်သူ့အား ချီးမြှင့်ရမည်ဟု မဆုံးဖြတ်နိုင်ကြသေးသော်လည်း တင်ထူးနှင့်တကွ လေးလေးတို့ မိသားတစ်စုပါ ပန်းရုံတော့ဖြင့် ဘဝ အဆုံးသတ်သွားရရှာချေပြီဟု တထစ်ချ မှတ်ယူလိုက်ကြကာ၊ ဗမာ့ရိုးရာ ထုံးစံအတိုင်း သွားလေသူအတွက် ရည်မှန်းကာ ကောင်းမှုများပြုရန် စီမံကြရလေသည်။ ကိုးကွယ်နေကျ ကျောင်းတိုက်မှ သံဃာတော် ၁၀ ပါးကို ပင့်ဖိတ်ကာ သပိတ်သွတ်ကြရလေသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီး တရားနာကြရင်း အားလုံးမှာ ပန်းရုံကို သတိရရနှင့် မျက်ရည်များ စီးကျကြရတော့သည်။

ရေစက်ချပြီး အမျှအတန်းဝေသော အခါတွင်ကား ဒေါ်လှမှာ ဣန္ဒြေပင် မလုပ်နိုင်တော့ဘဲ 'ပန်းရုံရေ... အမျှ ဟဲ့၊ အမျှ အမျှ၊ ရောက်ရာဘဝက သာဓုသာ ခေါ်ပေတော့ကွယ့်' ဟု တမ်းတရင်း ငိုလေတော့သည်။ လူငယ်များကား ပြောဖွယ်ရာ မရှိပြီ။ အားလုံး မျက်ရည်ကြောင်းတွေနှင့် ခေါင်းငိုက်စိုက်ချလျက် ရှိကြသည်။ သံဃာတော်ထဲမှ ဦးပဉ္ဇင်းတစ်ပါးက မနေသာဘဲ 'တရားနဲ့ ဖြေမှပေါ့... သေမျိုးချည်းဟာ၊ တစ်နေ့နေ့တော့ ဒကာမကြီးတို့ ကျုပ်တို့လည်း ဒီလမ်း သွားကြမှာပဲ' ဟု တရားရေအေး တိုက်ကျွေးရလေသည်။

ထိုစဉ်မှာပင် ဒရိုင်ဘာ ကိုသိန်းသည် အပြင်သို့ စီးကရက်ဘူးများ ဝယ်ခိုင်းလိုက်ရာမှ ပြန်ရောက်လာကာ ပျာယီးပျာယာနှင့် တင်ထူးကို ခေါ်ယူကာ တစ်စုံတစ်ရာကို တိုးတိုး တိုးတိုးနှင့် ပြောပြနေလေသည်။ မနေနိုင်သော လေးလေးမှာ နေရာမှ ထသွားကာ ဝင်ရောက်မေးရပြန်သည်။ ဒရိုင်ဘာကိုသိန်းထံမှ ကြားရသော သတင်းကား မယုံရအခက်၊ ယုံရအခက် ဖြစ်နေလေသည်။

'ဟုတ်မှ ဟုတ်ရဲ့လားရှင်' ဟု လေးလေးက သေချာအောင် ထပ်မေးရပြန်၏။

'ဟုတ်ပါတယ်၊ တွေ့တဲ့လူက အသေအချာကို ပြောတာ၊ ပုလိပ်လက်ပြတိုင်မှာ လက်တကက်ပြနေလို့ အမြင်မတော်တဲ့ လူတွေက အရူးထောင်ကို ဖမ်းပို့ရသတဲ့'

ထိုအချိန်တွင် တစ်ယောက်တစ်ပေါက်နှင့် တစ်ယောက်နား တစ်ယောက် ရောက်လာကာ ဘဝတစ်ပါးသို့ ပြောင်းရလေပြီဟု မှတ်ထင်ရသော ပန်းရုံတစ်ယောက် မသေသေးကြောင်း သိရလျှင် တစ်အိမ်သားလုံး မျက်နှာများ ကြည်ကြည်လင်လင် ဖြစ်ကုန်ကြရသည်။ ဆွမ်းစားကြွလာမိသော သံဃာတော်များကား အလှူရှင်များအစား အားနာကာ၊ ရှုံးတိုးရှန့်တန့်ပင် ဖြစ်ကုန်ကာ ထုံးစံအတိုင်း တရားစကားများ အကျယ်ပွားမနေနိုင်တော့ဘဲ–

'ကဲ... ဒကာမကြီးတို့၊ ဦးဇင်းတို့ ပြန်ကြွတော့မယ်၊ ကြားရတဲ့သတင်း မှန်ပါစေလို့ ဆုတောင်းပါတယ်။ ခုလို ကောင်းမှုပြုတဲ့ အကျိုးကြောင့်လည်း ဆုတောင်းပြည့်မှာပါပဲ' ဟု မိန့်ကြားကာ ကျောင်းသို့ ပြန်ကြွရန် ဟန်ပြင်ကြသဖြင့် ဒေါ်လှတို့ မိသားစုမှာ 'တင်ပါ... ကိုယ်တော်၊ ကိုယ်တော် တင်ပါ' နှင့် ရိုသေကျိုးနွံစွာ ဦးချ ကန်တော့လိုက်ကြရလေသည်။

သံဃာတော်များ ပြန်ကြွသွားလျှင် သွားချင်းပင် တင်ထူးက 'ကဲ... ကြီးကြီး၊ ကျွန်တော်တို့ လိုက်သွားမယ်၊ သိမ်းစရာ ဆည်းစရာရှိတာတွေ ကြီးကြီးတို့ပဲ သိမ်းနှင့်ကြ၊ ပြန်ပို့စရာ ပစ္စည်းတွေတော့ ကျွန်တော် ပြန်လာမှပဲ သွားပို့တာပေါ့' ဟု ပြောပြီး ဒရိုင်ဘာ ကိုသိန်းနှင့်အတူ တံတားကလေး ဆေးရုံသို့ အပြင်းမောင်းနှင်စေကာ ထွက်လာခဲ့ကြလေ၏။

တစ်နာရီလျှင် မိုင်နှုန်း အဘယ်မျှလောက်ဖြင့် မောင်းနှင်ခဲ့သည်ကို မော်တော်ကား၏ မိုင်ဂဏန်းကွက်က ပျက်နေသဖြင့် မသိရသော်လည်း နံဘေး နှစ်ဖက်နှစ်ချက်မှ သစ်ပင်များ ဝီခနဲ ဝီခနဲ ဖြတ်သွားခြင်းကို ခန့်မှန်းကြည့်ခြင်းအားဖြင့် မောင်းနှင်နေသော ကားအရှိန် မသေးကြောင်း သိနိုင်ပေသည်။

သို့ရာတွင် စိတ်စောနေသော တင်ထူးမှာ ထိုမျှ ကားမမှောက်ရုံ

တမည် အရှိန်ပြင်းပြင်း မောင်းနှင်နေသည်ကို နေးကွေးလှသည်ဟု အောက်မေ့ကာ–

'ကိုသိန်း၊ ဒီထက်မြန်အောင် မောင်းလို့ မရတော့ဘူးလားဗျ' ဟု နှုတ်မှ လွှတ်ခနဲ ပြောလိုက်မိလေသည်။

လက်ကိုင်ဘီးကို ကျင်လည်စွာ ထိန်းနေသော ဒရိုင်ဘာ ဘသိန်းက တစ်ချက်ပြုံးရင်း–

'ဒီ့ထက်မြန်အောင် မောင်းရင် ဆေးရုံရင်လည်း ရောက်ချင်ရောက်၊ ဒါမှမဟုတ် မော်တော်ပီကယ် ရုံးရင်လည်း ရောက်ကုန်မှာပေါ့ ဆရာရဲ့' ဟု ပြောပြီး ပန်းရုံအတွက် စိတ်စောနေသော တင်ထူး၏ ချွေးစို့နေသော မျက်နှာကို တစ်ချက် လှမ်းကြည့်ပြန်ကာ–

'ခု ရောက်တော့မှာပါ၊ နီးပါပြီ ဆရာ' ဟု နှစ်သိမ့်စကား ပြောကြားလိုက်လေသည်။ ပြီးနောက် သူ့အိတ်တွင်းမှ စီးကရက်ဘူးကို လက်တစ်ဖက်ဖြင့် ထုပ်ယူကာ တင်ထူးကို တည်လိုက်လေသည်။ သူ့အတွက်ကိုမူ တင်ထူးကို နှိုက်ယူစေပြီး မီးကူညီ ညှိခိုင်းရ၏။ တစ်ဖန် တင်ထူးလည်း မီးညှိပြီး သူ့စီးကရက်ကို ဖွာနေလျှင် ဆေးလိပ်စွဲစွဲမြဲမြဲ သောက်တတ်သူမဟုတ်သော်လည်း စိတ်ရှုပ် နောက်ကျိနေသော သည်လို အချိန်အခါမျိုးတွင် စီးကရက်မှာ ဖွာလို့ကောင်းကာ နောက်ထပ်တစ်လိပ်ပင် တောင်းယူညှိသောက်နေပြန်တော့သည်။

သို့ဖြင့် မော်တော်ကားလည်း တံတားကလေးသို့ ရောက်လာခဲ့ကာ စိတ္တဇဆေးရုံရှေ့သို့ ရောက်လာခဲ့လေသည်။

သည်အကြိမ်နှင့်ပါဆိုလျှင် နှစ်ကြိမ်ရှိပြီ။ ပထမအကြိမ်ကမူ ပန်းရုံပါခဲ့၍ ယခုတစ်ကြိမ်တွင်မူ သူတစ်ယောက်တည်းသာလျှင် ဖြစ်နေပေသည်။

ပြီးတော့ ပထမအကြိမ်တုန်းက သည်နေရာသို့ လာခဲ့သည်မှာ ပန်းရုံ၏ ရောဂါဝေဒနာကို ကုစားဖို့ဖြစ်ကာ၊ ယခု ဒုတိယအကြိမ်မှာမူ ပန်းရုံတစ်ယောက် ပုလိပ်လက်ပြတိုင်မှာ လက်တက်ပြသဖြင့် အရပ်က စိတ္တဇဆေးရုံ ဖမ်းပို့လိုက်ကြသည် ဆို၍ ရှာပုံတော်လာခဲ့ခြင်း ဖြစ်လေသည်။

တင်ထူးက သံဆူးကြိုးဖြင့် ဝင်းခတ်ထားသော အတွင်းမှ အုတ်

တံတိုင်းများနှင့် အဆောက်အဦများကို မျှော်လင့်ချက် ဖုံးလွှမ်းသော မျက်နှာဖြင့် လှမ်းမျှော်ကြည့်ရင်း ကားပေါ်မှ ဆင်းလိုက်လေသည်။

ဝင်းတံခါးပေါက်မှ ဂိတ်စောင့် ကရင်သည် သူ့ကို မှတ်မိစွာဖြင့် 'ဆံရာလေး လာရပြန်ပြီလား' ဟု ဆီးကြို နှုတ်ဆက်ရင်း ဝင်းတံခါးမှ လူတစ်ကိုယ်စာ ဝင်ပေါက်ကို ဖွင့်ပေးလိုက်လေသည်။

တင်ထူးလည်း "အင်း"တစ်ချက်သာ ပြန်လည် အဖြေပေးပြီး စိတ္တဇဆေးရုံ၏ ရုံးခန်းသို့ ရှေးရှုသွားလေသည်။ ရုံးခန်းသို့ အသွားတွင် တစ်ကြိမ်တုန်းက ပန်းရုံကို ခတ်ဖြင့်နှိပ်ကာ ကုသခဲ့သော အခန်းဆောင်ရှေ့မှ ဖြတ်သွားရလေသည်။ အခန်းဆောင်ထဲမှ လူနာတစ်ယောက်နှင့် ကိစ္စများနေသော ဆရာဝန်ကြီးကို တွေ့မြင်ရသော်လည်း အနှောင့်အယှက် မပြုလိုသည်က တစ်ကြောင်း၊ လူနာကိုမြင်လျှင် ပန်းရုံကိုသာ ပိုမို၍ သတိရဖွယ်ရာသာ ရှိမည်ဖြစ်သောကြောင့် တစ်ကြောင်းကြောင့် ခပ်သုတ်သုတ်ပင် လှမ်းကာ ရုံးခန်းသို့ ထွက်လာခဲ့မိလေသည်။

'ဘာကိစ္စ ရှိလို့ပါလဲ ခင်ဗျာ'

သိပ်အလုပ်ရှိဟန် မတူသဖြင့်လား၊ လုပ်စရာရှိလျက်နှင့် အနားယူနေ၍လား မသိသော ပိန်ပိန်သေးသေး၊ ဆံပင်ကို ပိရိစွာ ဖြီးထားအပ်သော စာရေးတစ်ယောက်က ဆေးပေါ့လိပ်တိုကို မှိန်းရင်းက မေးသဖြင့် တင်ထူးက–

'ဒီကို မိန်းကလေးတစ်ယောက် အရပ်က လာပို့သွားတယ်ဆိုလို့ လာစုံစမ်းတာပါ။ စိတ်ကောင်းကောင်းမနှံ့လို့ ဒီက ဆရာဝန်ကြီးနဲ့ ကုနေတဲ့လူနာပဲ။ အိမ်ကနေ တလောက ထွက်သွားလို့ လိုက်ရှာနေကြတာပဲ ခင်ဗျာ' ဟု ပြောပြရလေသည်။

'ပန်းရုံဆိုတဲ့ မိန်းမလား'

'အဲ... ဟုတ်တယ်... ဟုတ်တယ်... ပန်းရုံဆိုတာပဲ၊ သူ အခု ဘယ်မှာလဲ... ဘယ်မှာလဲဗျာ'ဟု တင်ထူးက အငမ်းမရ မေးကြားလေသော် စာရေးကလေးက ဘာကို သဘောကျ၍ သွားသည် မသိ၊ တစ်ချက် ပြုံးရယ်လိုက်ပြီး–

'မဟုတ်ပါဘူး၊ ကျွန်တော် တလောက သတင်းစာမှာ ကြော်ငြာတာ

တွေ တွေ့လို့ ဒီမိန်းမကို ပြောတာလားလို့ မေးကြည့်တာပါ' ဟု ပြောလိုက်သဖြင့် မျှော်လင့်ချက်ကြီးကို တအားတင်းထားသော တင်ထူးမှာ စားပွဲရှေ့က ကုလားထိုင်ပေါ်သို့ စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်မိလေတော့သည်။

သို့ရာတွင် စိတ်ပျက်နေ၍ ကိစ္စက ပြီးဆုံးမည် မဟုတ်သဖြင့်–

'တစ်ဆိတ် ကြည့်စမ်းပါဦးဗျာ၊ သူ့ကို ပုလိပ်လက်ပြတိုင်မှာ လက်တက်ပြနေလို့ အရပ်က ဖမ်းပို့တယ်ဆိုတာ ဟုတ်များ ဟုတ်သလားလို့'ဟု တောင်းပန်ရလေသည်။

စာရေးကလေးလည်း 'နေဦး၊ ကျွန်တော် ကြည့်လိုက်ဦးမယ်' ဟု ဆိုကာ လူနာ လက်ခံသော စာရေးမှတ်ထားဟန်တူသော စာအုပ်ကြီးကို လှန်လှောကြည့်ရှုရင်း 'ဒီထဲမှာတော့... မတွေ့ဘူး... နေဦး၊ ကျွန်တော် မေးပေးမယ်' ဟု ဆိုကာ ခပ်လှမ်းလှမ်း စားပွဲမှ ဒူးနှန့်နေသော စာရေးကြီး ဝဝ တစ်ယောက်ကို လှမ်း၍–

'ဗျို့... ဦးအောင်ဘ၊ ဒီရက်အတောအတွင်းမှာ ပုလိပ်လက်ပြတိုင်မှာ လက်တက်ပြနေလို့ အရပ်က လာပို့ထားတဲ့ လူနာများ ရှိသလား'ဟု စုံစမ်းပေးပြန်လေ၏။

'ပုလိပ်လက်ပြတိုင်မှာ လက်တက်ပြနေလို့ လာပို့တာလား၊ ဘာလားတော့ မသိဘူး။ လူနာတစ်ယောက်တော့ဖြင့် သူ့မိတ်ဆွေတွေ လာတင်သွားတာပဲ'

'ယောကျ်ားလား... မိန်းမလား'

'ယောကျ်ားပေါ့၊ ဆံပင်ညှပ်တဲ့လူတဲ့၊ မအိပ်နိုင် မစားနိုင်ကနေ စပြီး စိတ်ကယောင်ချောက်ချား ဖြစ်သွားတာ ဆိုပဲ'

'ကဲ... ကြားတဲ့အတိုင်းပဲ၊ ခင်ဗျား ပန်းရုံတော့ဖြင့် ဒီမှာ မရှိဘူးဗျာ' ဟု စာရေးကလေးက အဖြေပေးလိုက်သဖြင့် တင်ထူးသည် ကြာရှည်လေးမြင့် ထိုင်နေ၍ အကြောင်းမထူးသည်နှင့်–

'ဒါဖြင့်လည်း ကျွန်တော့်ကို ခွင့်ပြုပါ၊ ပန်းရုံနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာများ အကြောင်းထူးရင် ကျွန်တော့်ဆီကို တစ်ဆိတ် အကြောင်းကြားဖို့ တောင်းပန်ပါတယ် ခင်ဗျာ'

'စိတ်ချပါ စိတ်ချပါ၊ သတင်းစာထဲမှာပါတဲ့ လိပ်စာပဲ မဟုတ်လား'

'ဟုတ်ပါ အဲဒီကိုပဲ အကြောင်းကြားချင်ရင်လည်း ဖြစ်ပါတယ်။ ဒါမှမဟုတ် ကျောက်မြောင်း သီတာလမ်း အိမ်နံပါတ် (....) ကို ဖြစ်ဖြစ် အကြောင်းကြားတာပေါ့'

'ဟုတ်ကဲ့... ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်'

တင်ထူးလည်း လာလမ်းအတိုင်း စိတ်ပျက်စွာဖြင့် လျှောက်ခဲ့ရာ ခတ်နှိပ်ရာ အခန်းရှေ့အရောက်တွင် တံခါးပိတ်ထားသော အခန်းတွင်းမှ စူးရှစွာ ဟစ်အော်လိုက်သော အသံကြီးကို ကြားရသဖြင့်၊ မကြားရက်ဟန်နှင့် နားနှစ်ဖက်ကို တင်းကျပ်စွာ ပိတ်ကာ ကားရပ်ထားရာသို့ သုတ်သုတ် လျှောက်လာခဲ့မိလေသည်။

'ဘယ့်နှယ်လဲ ဆရာ၊ တွေ့ခဲ့ရဲ့လား'

ဒရိုင်ဘာ ကိုသိန်းက ကားတံခါးကို အသင့်ဖွင့်ပေးရင်း မေးလိုက်ရာ၊ တင်ထူးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြရင်း-

'မတွေ့ခဲ့ပါဘူးကွာ' ဟု စိတ်ပျက်သံကြီးဖြင့် အဖြေပေးလိုက်ပြီး ကားကူရှင်ပေါ်သို့ ခြေပစ်လက်ပစ် ဝင်ထိုင်လေသည်။

ဒရိုင်ဘာ ကိုသိန်း ကားစက်ကို မနှိုးနိုင်သေးဘဲ-

'မတွေ့ခဲ့ဘူး၊ ကျွန်တော့်ကို ပြောလိုက်တဲ့လူကတော့ အသေအချာ ပြောလိုက်တာပဲ၊ မိန်းမတစ်ယောက် ပုလိပ်လက်ပြတိုင်ပေါ် လက်ပြနေလို့ အမြင်မတော်တာနဲ့ ဒီကို ဖမ်းပို့ကြတာတဲ့'

'အင်း... ပြောတဲ့လူက အသေအချာ ပြောလိုက်တာတော့ ဟုတ်ပါရဲ့၊ ဒီမှာ ရောက်နေတာက ကိုသိန်း ကြားခဲ့သလို မိန်းမတောင် မဟုတ်ဘူး၊ ယောကျ်ားတဲ့၊ ဆံပင်ညှပ်သမားတဲ့ဗျ။ ကဲပါဗျာ ပြန်ကြပါစို့၊ ဒီတစ်သက်တော့ သူ့ကို ပြန်တွေ့ဖို့လမ်း ရှိတော့မယ် မထင်ပါဘူးဗျာ'

ထိုအခါမှ ကိုသိန်းလည်း ကားစက်ကို နှိုးလိုက်ကာ ဂီယာပြောင်း၍ ကားကို ရန်ကုန်ဘက် မောင်းနှင်ခဲ့ရင်း၊ တင်ထူးကို တတ်နိုင်သမျှ နှစ်သိမ့် စကားများ ပြောကြားရပြန်လေသည်။

'ဆရာက စိတ်ပျက်တာ အရင်ကို၊ မသေသေးရင် တစ်နေ့ ပြန်တွေ့ရမှာပေါ့ ဆရာ၊ ကျွန်တော်တို့ ဘကြီးတစ်ယောက်လည်း ဒီလိုပဲ၊ ဦးနှောက် ပျက်သွားဖူးလို့ ခြေဦးတည့်ရာ ထွက်သွားလိုက်တာ တစ်ခါတည်း ပေါ်

မလာတော့ဘူး။ ကျန်ရစ်တဲ့ လူတွေကတော့ သေပြီမှတ်ပြီး သပိတ်တွေ ဘာတွေ သွတ်လို့။ လား... လား၊ ဂျပန်ခေတ်က ဘယ်လိုက ဘယ်နဲ့ မသိပါဘူး၊ သူ့ဟာသူ အိမ်ရောက်လာလို့ အားလုံး အံ့အားသင့် မယုံနိုင်အောင် ဖြစ်သွားကြတယ်'

သို့ ဒရိုင်ဘာ ကိုသိန်းက လံကြုတ်ပြောသည်ကို ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ရုတ်တရက်မူ "ဒီတစ်သက်တော့ ပန်းရုံတော့ကာ မပြန်လမ်းသို့ မြန်းရှာလေပြီ" ဟု စိတ်အားလျှော့ချထားလိုက်သော တင်ထူးမှာ မျှော်လင့်ချက်ရောင်ခြည် တစ်ခဏမျှ ဝင်းလက်သွားမိလေသည်။

'သူ့ကို မေးကြည့်တော့ လားလား... ဖိုးစောက ရှမ်းပြည်တွေ ဘာတွေ လွင့်သွားပြီး ဟိုမှာ ရှမ်းမကလေးနဲ့ ကလေးတွေ ဘာတွေတောင် ရနေဆိုပဲ၊ ခုပြန်လာတာလည်း သူ မသေသေးတာကို ဆွေမျိုးတွေ သိရအောင်နဲ့ ဒီက ဆွေမျိုးတွေလည်း စစ်ဘေးက လွတ်ရဲ့လားလို့ လာစုံစမ်းရအောင် လာတာတဲ့ဗျ၊ ဟား... ဟား... ဟား'

ကိုသိန်းက ကားမျိုးစုံ မောင်းခဲ့ဖူးသော လူရည်ဝ ဒရိုင်ဘာပီပီ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောနေလျှင် တင်ထူးပင် တစ်ခဏပန်း ရွှင်လန်းသွားမိလေသည်။

'ဆရာ့ ပန်းရုံလည်း ကျွန်တော့်ဘကြီးလိုများ ရှမ်းပြည် ရောက်သွားသလားမှ မသိဘဲ။ အဲဒါ ကိစ္စမရှိပါဘူး၊ တော်ကြာ သေပြီ အောက်မေ့ပြီး ဆရာက စိတ်ချလက်ချ နောက်အိမ်ထောင်အသစ် ထူထောင်လို့ ကလေးတွေ ဘာတွေ ရနေပြီးမှ ဗြုန်းခနဲ ပြန်ပေါ်လာရင် မယားနှစ်ယောက်ကြားဗျာများနေမယ်နော'

'ဒါတော့ စိတ်ချပါဗျာ၊ ကျွန်တော့်တစ်သက် နောက်ထပ် အိမ်ထောင်ပြုဖို့တော့ ခဲယဉ်းသွားပါပြီ။ သူ ပြန်လာသည်ဖြစ်စေ၊ တစ်ခါတည်း ပြန်မလာတော့သည်ဖြစ်စေ ကျွန်တော်ကတော့ သစ္စာကြီးနေတော့မှာပါပဲ' ဟု တင်ထူးက သူ့စိတ်တွင်းမှ စိတ်ရင်းကို ထုတ်ဖော်ပြောလိုက်ပြီး ပန်းရုံနှင့် ပတ်သက်သော မီးခိုးကြွက်လျှောက် တသီတတန်း တွေးတောရင်း ဆိတ်ငြိမ်စွာ လိုက်ပါလာသဖြင့် ကိုသိန်းလည်း အလိုက်သိသိဖြင့် ကားကို ဂရုစိုက်မောင်းနှင်လာခဲ့ရလေ၏။

အမှန်စင်စစ်အားဖြင့်လည်း တင်ထူးမှာ ဒီတစ်သက်မှာဖြင့် ပန်းရုံကို အချစ်ဦးမို့ "မေ့နိုင်ဘူး" ဖြစ်နေသော်လည်း၊ ဒရိုင်ဘာ ကိုသိန်း ပြောသောဘကြီးလို အရပ်တစ်ပါးသို့ လွင့်သွားကာ လင်သားအသစ် ရနေပြီးမှတစ်ယောက်နှင့်တစ်ယောက် ပြန်လည် ဆုံတွေ့ရသည့်တိုင်အောင် သူ့အဖို့သဘောထား ကြီးနိုင်၊ မကြီးနိုင်မှာ ပြဿနာတစ်ရပ် ဖြစ်နေလေသည်။

အချစ်စစ် အချစ်မှန်ဆိုသည်မှာ မည်သည့်လက္ခဏာများအပေါ်တွင်မူသေထားကာ လူတို့ ဆုံးဖြတ်ကြသည်ကို မသိသော်လည်း အချစ်စစ်အချစ်မှန် ကိန်းအောင်းလျက် ရှိသူတို့ကား မိမိချစ်သောသူနှင့် ပေါင်းဖော်ရသည်ဖြစ်စေ၊ မပေါင်းဖော်ရသည်ဖြစ်စေ ပဓါန မထားကြဘဲ ချစ်ပင်ချစ်မြဲ ချစ်ပန္နက်သည်းခိုင် စိုက်ထူ ထားတတ်ကြသည်ကိုမူ တင်ထူးကကောင်းကောင်းကြီး နားလည်ထားပေသည်။

သို့ကြောင့်လည်း အကယ်၍ ကံကောင်းခြင်းမက ကောင်းလှစွာဖြင့် ပန်းရုံတစ်ယောက်ကို မသေမပျောက် ပြန်လည်ဆုံတွေ့ရသော တစ်နေ့သော တစ်နေ့မှာ ပန်းရုံသည် မည်သည့်ဘဝသို့ ဆိုက်ရောက် ဆိုက်ရောက်၊ သူကတော့ အချစ်မပျက်၊ ချစ်လျက်သာပင် ရှိနေဖို့ ကြိုးစားမည်မှာကားအမှန်ပင် ဖြစ်လေသည်။

## (၁၀)

'ဘယ့်နှယ့်လဲ၊ တွေ့ခဲ့ရဲ့လား ကိုတင်ထူး'

လေးလေးနှင့်တကွ အိမ်မှ မျှော်လင့်စောင့်စားနေကြသော ဒေါ်လှတို့ကဆီး၍ မေးကြသည်ကို တင်ထူးက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြရင်း–

'မတွေ့ခဲ့ပါဘူး၊ ပန်းရုံတော့ ဒီတစ်သက် ပြန်တွေ့ရတော့မှာ မဟုတ်ပါဘူး၊ သူ့အတွက် ကောင်းရာမွန်ရာကို ရောက်ဖို့သာ ကျွန်တော်တို့ ဆုတောင်း မေတ္တာပို့ကြဖို့ပဲ ရှိတော့တယ်' ဟု ပြောကာ ဆိုဖာတစ်ခုပေါ်သို့ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်လေသည်။

'ဘယ့်နှယ့် မင်းပြောတော့ အသေအချာပါလား' ဟု ဒေါ်လှကမကျေမနပ်ဟန်ဖြင့် တင်ထူး နောက်မှ ထက်ကြပ်ဝင်လာသော ဒရိုင်ဘာကိုသိန်းကို မေးမြန်းလေရာ၊ ကံသေကံမ သတင်းပေးမိသော ကိုသိန်းမှာ–

'ကျွန်တော်လည်း ပြောတဲ့လူက သေသေချာချာ မိန်းမတစ်ယောက် ပုလိပ်လက်ပြတိုင်မှာ လက်တက်ပြနေလို့ အရပ်က အမြင်မတော်တာနဲ့ အရူးထောင် ဖမ်းပို့လိုက်ကြတယ် ဆိုလို့ ပန်းရုံပဲ ဖြစ်ရမယ်ဆိုပြီး...'

'နို့ ဘယ့်နှယ့်.... ဟို လိုက်သွားတော့....'

'ဟို လိုက်သွားတော့ ပုလိပ်လက်ပြတိုင်မှာ လက်ပြနေလို့ ဆိုတာ တော့ ဟုတ်တယ်။ ဒါပေမဲ့....'

'ဒို့ပြင် မိန်းမ ဖြစ်နေလို့လား'

'မဟုတ်ဘူး၊ ယောကျ်ား ဆံပင်ညှပ်သမား ဖြစ်နေတယ်။ သူ့မိတ်ဆွေ တွေက သွားပို့ကြတာတဲ့၊ စကားဆိုတာ တစ်ဆင့်တစ်ဆင့်နဲ့ ကားသွား တာပေါ့' ဟု တင်ထူးက ဝင်၍ ပြောလိုက်ပြီး–

'ဒီလောက် နှံ့နေအောင် ရှာဖွေလို့ မတွေ့မှတော့ ကန်တော်ကြီး ထဲက အလောင်းဟာ သူပဲ ဖြစ်မှာပါပဲ'

ဒရိုင်ဘာ ကိုသိန်းကပါ–

'ဟုတ်မှာပါပဲ၊ ကျွန်တော့်ညီ ရေထဲက ဆယ်လို့တွေ့ခဲ့တဲ့ အဝတ် အစားတွေနဲ့တင် ပန်းရုံလို့ အတပ်စွဲရမလို ဖြစ်နေတယ်။ ပြီးတော့ သူ ပျောက်သွားတဲ့ရက်နဲ့ တွေ့ခဲ့တဲ့ နေရာကလည်း အဲဒီအနီးအနား တစ်ဝိုက် မှာပဲ ဆိုတော့....' ဟု ပြောနေလျှင် ဒေါ်လှက လူကြီးပီပီ မကျေနပ်ခြင်း ကြီးစွာဖြင့်–

'ဘာ... မင်းက အခုမှ ဟုတ်မှာပဲ လုပ်နေတာလဲ၊ စောစောကတော့ သေသေချာချာကြီး လုပ်ပြောနေပြီး' ဟု ပြစ်တင်စကား ပြော၍ အေးအေး ကပါ–

'ဟုတ်တယ်၊ ရှင်က ဘာ ခုမှ အူကြောင်ကြောင် လျှောချရတာလဲ၊ ဦးပဥ္စင်းတွေ ဘယ့်လောက် အားနာဖို့ ကောင်းသလဲ' ဟု ဆွမ်းစား ကြွလာ ရင်း မတ်တတ်က မျက်နှာပူပူဖြင့် ထ၍ ပြန်ကြွသွားရသော ဦးပဥ္စင်းများ အတွက် အပြစ်ဆိုနေပြန်သဖြင့် ကိုသိန်းမှာ သူ့အပြစ်နှင့်သူ အပြစ်ဖြစ်ကာ ဆင်ခြေပြန်ပေးရ ခက်နေရလေသည်။

မနေသာသော လေးလေးက ဝင်ရောက်ကာ–

'ကြီးကြီးကလည်း စေတနာနဲ့ ပြောတဲ့လူကိုပဲ အလကား အပြစ်တင်နေလို့ ဘာအကျိုးရှိမှာလဲ၊ ကဲပါ၊ တော်ကြပါတော့၊ သိမ်းစရာရှိတာ သိမ်းဆည်းပြီး ငှားထားတဲ့ပစ္စည်းတွေ ပြန်ပို့ဖို့ လုပ်ကြပါဦး' ဟု စကားပြေပြောတော့မှ ဒေါ်လှမှာ မကျေမချမ်းနှင့်–

'မင်း... မင်း၊ ပြောရရင် မကောင်းတော့ဘူး၊ ဒီလိုချည်းပဲ မင်းလုပ်လိုက်ရင်။ ကဲ... လာ... ဟောဒီကွမ်းအစ်နဲ့ ထွေးခံတွေ တောင်းထဲစုထည့်လှည့်၊ ကျောက်မြောင်းက ငှားလာတဲ့ ဟောဒီ ကော်ဇောနဲ့ ဖျာတွေလိပ်ပြီး သွားပို့ချည်' ဟု ပြောကာ သိမ်းစရာ၊ ဆည်းစရာ၊ ပို့စရာများကို ခိုင်းတော့မှ ကိုသိန်းမှာ သက်သာရာ ရသွားတော့၏။

ထိုနေ့အဖို့ သိမ်းစရာ၊ ဆည်းစရာများကို သိမ်းဆည်း၍ ပြန်ပို့စရာ၊ ပြုစရာများ စေ့စေ့ငငပြန်လည်ပို့ပြီးနောက် တစ်အိမ်လုံး ခြေပန်းလက်ပန်းဖြစ်သမျှကို အညောင်းဖြေနေကြစဉ် တင်ထူးလည်း သူ့အိမ်သူ ပြန်ရန် ခွင့်ပန်ရလေသည်။

တူမ ပန်းရုံနှင့် ပတ်သက်မှ ခင်မင်ရင်းနှီးရသော ဒေါ်လှတို့မှာ မတားပိုင်သည်နှင့်–

'အေး... အေး၊ ပြန်တော့ ပြန်တော့၊ အလုပ်အားတော့လည်း လာသေးတာပေါ့ကွယ်၊ ပန်းရုံ မရှိတော့ပေမဲ့ စိုပြီးလက် မခြောက်စေနဲ့ ဆိုသလို ဒေါ်ဒေါ်တို့က ကိုယ့်သွေးသားလို ခင်မင်မြဲ ခင်မင်တာပါပဲ။ ဝင်ပေါ့... ထွက်ပေါ့၊ သွားစရာရှိ သွား၊ စားစရာရှိ စားပေါ့၊ ဟုတ်လား' ဟု ပြော၍ တင်ထူးက မျက်ရည်ဝဲဝဲနှင့် ခေါင်းညိတ်ပြရလေသည်။

ဝတ္တရားရှိသည့်အတိုင်း လေးလေးတို့ ညီအစ်မကို ပြန်ရန် နှုတ်ဆက်ပြန်လျှင် အေးအေးက ဘာမျှမပြောသော်လည်း လေးလေးကမူ–

'ကိုတင်ထူး' ဟု ခေါ်လိုက်ပြီး အိတ်တွင်းမှ စာရွက်ကလေး တစ်ရွက်ကို ထုတ်ယူကာ–

'ဟောဒီမှာ ကြည့်စမ်းပါဦး၊ ဒီနေ့ ကျွန်မ ပန်းရုံ အခန်းရှင်းရင်းက အိပ်ရာအောက်က တွေ့ခဲ့တာ' ဟု ပြောကာပြသဖြင့် တင်ထူးမှာ ပျာပျာသလဲ လှမ်းယူကြည့်လိုက်ရာ၊ ဗလာစာအုပ်မှ ဆုတ်ယူဖြဲထားဟန်တူသော စာရွက်အပိုင်းကလေးတစ်ခုပေါ်တွင် အရုပ်များ ရေးခြစ်ထားသည်ကို တွေ့မြင်ရလေသည်။ အရုပ်မှာ ကလေးတစ်ယောက် လက်ဆော့ကာ ရေးဆွဲ

ထားသလို ပန်းချီ မခြောက်သော ရုပ်ပုံများဖြစ်နေသဖြင့် တင်ထူးမှာ မစဉ်းစားတတ်အောင် ဖြစ်သွားလေ၏။

'သေသေချာချာ ကြည့်စမ်း၊ အရုပ်က ကရော်ကမည် ရေးဆွဲထားတာတော့ ဟုတ်မယ် မထင်ဘူး၊ သူ့စိတ်ထဲမှာ စွဲလမ်းနေတာ တစ်ခုကို ရေးပြီးထားတာ နေမှာပဲ'

တင်ထူးက စေ့စေ့စပ်စပ် ကြည့်လိုက်ပြန်လျှင် အရုပ်မှာ လေးလေး ပြောသည့်အတိုင်းပင် ပေါ့ပေါ့ဆဆ ရေးထားခြင်း မဟုတ်ဘဲ ရေးဆွဲသွားသူ၏ စိတ်ကို ဖော်ပြလျက် ရှိသည်ကို တွေ့နေရသဖြင့်–

'ဒါ သူ ရေးသွားတာလား' ဟု မေးလိုက်မိလေသည်။

'ဟုတ်မှာပေါ့၊ ဒီအိမ်မှာ သူ မရေးရင် ဘယ်သူရေးမလဲ၊ လက်ဆော့မဲ့ ကလေးလည်း မရှိဘူး။ ကျွန်မတို့ ရေးဖို့ဆိုတာကတော့ သူ့ကိစ္စနဲ့ ခေါင်းပူနေတုန်း ကလေးမဟုတ်၊ သူငယ်မဟုတ် အလုပ်ကို လုပ်ပါ့မလားလို့။ ဘယ်အချိန်က ဘယ်လိုရေးသွားတယ် မသိဘူး၊ သူ ဘာရေးသွားတာလဲ ဆိုတာ ရှင်ကတော့ ကာယကံရှင်မို့ ကျွန်မတို့ထက် ပိုသိလိမ့်မယ် ထင်တာပဲ၊ ဟင် ဘယ့်နှယ့်လဲ၊ ရှင် ဖမ်းလို့ မိရဲ့လား'

တင်ထူးမှာ စိတ်ရှုပ်စွာဖြင့် အတန်ကြာအောင် အရုပ်ကို စိုက်ကြည့်နေပြီးမှ လွန်ခဲ့သော အတိတ်တစ်ခုကို သွား၍ အမှတ်ရမိလေတော့၏။ ယင်းကား... အခြား မဟုတ်။

ထိုနေ့က မိုးသည် မစဲနိုင်အောင် တဖွဲဖွဲ ရွာသွန်းနေလေသည်။ မိမိက ပုံနှိပ်တိုက်မှအပြန်၊ ဘတ်စ်ကားပေါ်မှ အဆင်း၊ သီတာလမ်းထိပ်မှ ကွမ်းယာဆိုင်ကလေးတွင် ဆေးလိပ်ခုံမှအပြန် ထီးမပါ၊ အဆောင်းဗလာ၊ ခေါင်းကလေး လက်ကိုင်ပဝါနှင့် အုပ်ကာ အပြေးကလေး မိုးပေါက်တွင်းမှ ကွမ်းယာဆိုင်ဆီ မိုးခိုလာသော ပန်းရုံကလေးကို စေတနာဖြင့် အကူအညီပေးရန် ချဉ်းကပ်သွားသည်ကို ပန်းရုံက အထင်မှားကာ ကြောက်အားဖြင့် ပြေးသွားပုံကလေးသည် တရေးရေး ပြန်လည် ပေါ်ပေါက်လာလေတော့သည်။

စာရွက်ပိုင်းကလေးပေါ်မှ ပုံကလေးမှာလည်း အတိတ်ကို ဖော်ပြဟန် ရှိလေသည်။ အရုပ်ကလေးတစ်ရုပ်သည် မိုးကာခြုံထား၍ အရုပ်

ကလေး တစ်ရုပ်က ခေါင်းကလေးကို လက်ကိုင်ပဝါနှင့် အုပ်ကာ ပြေးဟန် ပြုနေသည်။ ပြီးတော့ အပေါ်မှ မိုးစက်သင်္ကေတန် မျဉ်းကြောင်းပေါင်း များစွာ ကိုလည်း တွေ့မြင်နေရသည်။ စာလုံးများ ရေးသားထားခြင်းကား မတွေ့ရ။

တင်ထူးသည် အရုပ်ကလေးများကို ငေးစိုက်ကြည့်နေရင်းက ရစ်ဝဲ နေသော မျက်ရည်တို့သည် မျက်လုံးအိမ်မှ ယိုဆင်းကျလာကာ အသံထွက် အောင်ပင် ငိုရှိုက်လိုက်မိတော့အောင် ဣန္ဒြေမဆောင်နိုင်ရှာတော့ပေ။

အနားမှ လေးလေးပါ မနေသာတော့ဘဲ ရော၍ ငိုရင်းက–

'ကဲပါရှင်... ပေးပါ၊ ဆုတ်ပစ်လိုက်မယ်၊ ဒါမြင်နေရင် ကျန်ရစ်ခဲ့တဲ့ လူတွေအဖို့ ပိုသာ စိတ်မကောင်းစရာ ဖြစ်နေတော့မယ်' ဟု စာရွက်ကို ပြန်တောင်းရာ၊ တင်ထူးက ပြန်မပေးဘဲ–

'မဆုတ်ပစ်ပါရစေနဲ့ဗျာ၊ ဒါလေးတော့ အလွမ်းပြေ ကျွန်တော့်ဆီမှာ အမှတ်တရ သိမ်းဆည်းထားပါရစေ' ဟု ပြောရင်း ချစ်ဦးသူ၏ နောက်ဆုံး ကိုယ်စား နှုတ်ဆက်ထားသွားသော အရုပ်ကားကလေးကို အဖိုးတန် တော်ဝင် ပန်းချီကားထက် မြတ်နိုးစွာ ယုယုယယ ခေါက်ကာ အိတ်တွင်းသို့ ထည့် ထားလိုက်လေတော့သည်။

'အင်း... ပန်းရုံ... ပန်းရုံ၊ နည်းမျိုးစုံနဲ့ ကျန်ရစ်ခဲ့တဲ့ လူတွေကို လုပ်သွားတတ်ပလေကွယ်' ဟု လေးလေးက မျက်ရည်စများ သုတ်လိုက် ရင်း ညည်းလိုက်မိပြီး–

'သူ့အသက်သူ အဆုံးသတ်သွားခါမှ သွားရော၊ မဆုံးခင်အတွင်း တစ်ချက်တော့ စိတ်ကောင်း ပြန်ဝင်လာသေးတယ် ထင်တယ်။ ကျွန်မတို့ ကသာ အမှတ်တမဲ့နဲ့ မသိလိုက်တာပဲ။ ကဲ... ရှင်လည်း ရှင့်အိမ်က မျှော် နေတော့မယ်၊ ပြန်တော့လေ' ဟု ဆိုသဖြင့် တင်ထူးလည်း ခေါင်းငိုက်စိုက် ချကာ လေးကန်သော ခြေလှမ်းဖြင့် ထွက်ခွာလာခဲ့ရှာလေတော့သည်။

## (၁၁)

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ အချိန်သည် ကုန်မှန်းမသိ ကုန်ခန်းကာ တစ်နှစ်မှတ်တိုင်သို့ပင် မြန်းခဲ့လေပြီ။

နေ့စဉ်နှင့်အမျှ အရာရာအစစတို့သည် ရှေးနှင့်မတူ ပြောင်းလဲ ရွေ့

လျော့ခဲ့ကုန်ကြပြီ ဖြစ်သော်လည်း ဒီတစ်သက်တော့ဖြင့် သူ့ချစ်ဦး ပန်းရုံကလေးကို မမေ့သော ချစ်ခြင်းဖြင့် ချစ်မြဲချစ်လျက် ချစ်ပန္နက်သည်း မြဲမြဲစွဲစွဲ စိုက်ထူထားပါတော့မည်ဆိုသော တင်ထူးတစ်ယောက်မှာမူ မည်သို့ရှိသည်ကို မသိရသော်လည်း၊ နေအေးအေး ညနေရီကလေး တစ်ခုတွင် ကန်နံဘေး၏ မြက်ခင်းပြင် စိမ်းစိမ်းမှာ ကြော့ကြော့မော့မော့နှင့် မိန်းမပျိုချောကလေးတစ်ယောက် အေးအေးလူလူ ထိုင်နေသည်ကို တွေ့မြင်ရလေသည်။

မိန်းမပျိုကလေးမှာ အသက် အစိတ်ထက် မငယ်၊ လုံးထည်ထည် ကိုယ်လုံးရှင်ဖြစ်ကာ မျက်တောင်ကော့ကော့၊ လည်တံကြော့ကြော့၊ ပေါ်လွင်သော နှာတံ၊ အဆင်ပြေသော ကိုယ်ဟန်နှင့် ခေတ်ဆန်ဆန် ဝတ်ဆင်ထားသည့်ပြင် သူ့မျက်နှာသွင်ပြင်မှာ ထာဝစဉ် ပြုံးချိုလျက်ရှိရာ မြင်သူတကာ ငေးဖွယ်ရာ အလှရှင်ကလေး ဖြစ်တော့သည်။

သို့ရာတွင် ထိုနေရာ၊ ထိုဒေသမှာ အတော်ကလေး လူရောက်သူပေါက် ကြဲလှသော အင်းယားကန်၏ ချောင်ကျကျ တစ်နေရာမှာ ဖြစ်လေရာ ကိုက်တစ်ရာကျော်ကွာလောက်မှ ရေတွင်ဆင်းဆော့နေကြသော တရုတ်ကျောင်းသားကလေး တစ်စုမှအပ လူစသူစ ကင်းပနေပေသည်။

တစ်ချက်တစ်ချက် ပေါ်လာသော တရုတ်ကျောင်းသားကလေးများ၏ အချင်းချင်း ဆဲဆို အော်ဟစ်နေကြသံများမှအပ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လေကလေး တဟူးဟူးနှင့် ရွှင်မြူးစရာ ကောင်းလှတော့သည်။

မိန်းမပျိုသည် လက်တွင်းမှ လက်ကိုင်ပဝါကလေးကို ဖော့ယမ်းကစားနေရာမှ ငြီးငွေ့သွားလျှင် ဖြူဖွေးသောပုလဲသွယ် သွားကလေးများဖြင့် လက်ကိုင်ပဝါ၏ ထောင့်စွန်းကို ကိုက်ဆော့နေပြန်လေသည်။ အတန်ကြာ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေရသဖြင့် ငြီးငွေ့လာဟန်ဖြင့် နေရာမှ လှုးလဲထရပ် အညောင်းဆန့်လိုက်ရင်း၊ ခပ်ဝေးဝေးမှ တောအုပ်ကလေးသို့ မျှော်ငေးရင်း 'ကိုကိုကလည်း ကြာလိုက်တာ၊ ခုထိတောင် မပြီးသေးဘူး' ဟု အသံထွက်အောင် ညည်းတွား ရေရွတ်လိုက်မိလေသည်။

အတန်ကြာ တစ်စုံတစ်ယောက်ကို ငေးမျှော်စောင့်ဆိုင်းနေသည်အထိ

မည်သူမှ ထွက်ပေါ်မလာသည်ကို တွေ့ရလျှင် မိန်းမပျိုမှာ စိတ်တိုလာဟန်ဖြင့် 'ကိုကို... ကိုကို' ဟု လှမ်းခေါ်လိုက်မိပြန်သည်။

သို့ရာတွင် တစ်ဖက်မှ ပြန်လည်ထူးသံက မည်သို့မျှ ထွက်ပေါ်မလာဘဲ ငြိမ်ချက်သား ကောင်းမြဲ ကောင်းနေပြန်သဖြင့် မိန်းမပျိုမှာ အသံတစ်မောင်း ထပ်တင်ကာ–

'ကိုကို... ကိုကို မပြီးသေးဘူးလား၊ သူများ တစ်ယောက်တည်း ပျင်းလှပြီ၊ တော်ပါတော့' ဟု အော်ပြောလိုက်တော့မှ–

'ပြီးပါပြီ... ပြီးပါပြီ၊ လာပြီ... လာပြီ' ဟူသော ယောကျ်ားသံတစ်သံ ပေါ်လာပြီး မရှေးမနှောင်းပင် တောအုပ်ကလေးအတွင်းမှ တပိုတပါး သွားကာ ပြန်လာဟန်တူသော ယောကျ်ားပျိုတစ်ယောက် ခြေလှမ်းကျဲကျဲ လှမ်းရင်း ထွက်လာလေသည်။

ယောကျ်ားပျိုမှာ နဖူးကောင်းကောင်း၊ ကိုယ်လုံးပြည့်ပြည့်နှင့် ခံ့ညားသောသူ ဖြစ်ကာ လက်တစ်ဖက်က ချိုင်းညှပ်သားရေအိတ် အလတ်စားတစ်လုံးကို ဆွဲကိုင်ထားလေသည်။ သားရေအိတ်တွင်း၌ မည်သည့် အဖိုးတန်၊ အဖိုးမတန် ပစ္စည်းများပါရှိမည် မသိရသော်လည်း ခေတ်ကာလက မိန်းမပျိုတိုင်း လက်ပွေ့အိတ်မျိုးစုံ ကိုင်ကြသည်ကို တုပကာ သားရေအိတ်ကိုင်မှ လူရာဝင်သည်ဟု ယူဆဟန်တူကြသော ယောကျ်ားများထဲက ယောကျ်ားတစ်ယောက်ပေ။ ဆေးတံကလေး တစ်ခုသာ မဆောင်သေးသဖြင့် ယောကျ်ားပျိုမှာ ခေတ်တစ်ဝက်သာ မီပေသည်ဟု ဆိုရပေမည်။

'ကိုကိုကလည်း အပင်များ ပေါက်နေသလား၊ ကြာလိုက်တာ လွန်ရော၊ ဒါကြောင့် သူများ သူနဲ့ မလိုက်ချင်တာ'

စောင့်သူ မိန်းမပျိုက မျက်နက်စောင်းစောင်းနှင့် ဆီး၍ နှုတ်သီးကောင်းနေလေရာ ယောကျ်ားပျိုက ကျေနပ်အောင် ရယ်မောရင်းက ချော့ရလေသည်။ သည်တော့မှ မိန်းမပျိုမှာ ပျော့သွားကာ–

'ကဲပါ... စောစောက ပုံကလေး ဆက်ပြောစမ်းပါဦး၊ နားထောင်လို့ ကောင်းတုန်းမှ ဖိမ်ပျက်တယ်' ဟု ပြောရင်း မြက်ခင်း ကမ္ဘလာပေါ်သို့ ထိုင်ချလိုက်ပြီး ယောကျ်ားပျိုကိုပါ ဆွဲကာ ထိုင်စေသည်။

'ကဲ... ပြောစမ်းပါဦး ပုံကို'

'ဘယ်ရောက်သွားပါလိမ့်'

'လုပ်တော့မယ် ဒီလိုချည်းပဲ၊ ဖန့်တင့်ငံ့နဲ့ သိပ်လုပ်တာပဲ'

ယောက်ျားပျိုက ရယ်မောနေသဖြင့် မိန်းမပျိုလည်း 'တော်ပါ' ဟု တစ်ချက်ကြိမ်းလိုက်ရင်း မြက်ခင်းပြင်သို့ ကျောမှီချလိုက်ပြီး–

'ဟိုဟာလေ၊ ကံမှုံကလေးဟာ သူ့လင်က နှိပ်စက်လို့ ခြေဦးတည့်ရာ ထွက်လာရင်းက ရေကန်ကလေးတစ်ခုရဲ့ နံဘေးကို ရောက်သွားတယ် မဟုတ်လား' ဟု မဆုံးသေးသော ပုံကလေး၏အစကို ပြန်ဖော်ပေးလိုက်မှ ယောက်ျားပျိုလည်း သူပါ မြက်ခင်းပြင်သို့ လှဲအိပ်လိုက်ကာ မိန်းမပျို၏ လက်ဖမိုးနုနုကလေးကို ဆွဲယူ ဆုပ်နယ်ပေးရင်းက ပုံပြင်ကြောင်းကို ပြန် ကောက်လေသည်။

'အဲဒါနဲ့ ကံမှုံကလေး သနားစဖွယ် မျက်ရည်လည်လည်နဲ့ ကန် နံဘေးကို ညကြီးမိုးချုပ်ချုပ်မှာ ရောက်လာပြီးတော့ ကျယ်ပြန့်တဲ့ ရေပြင် ကျယ်ကြီးကို ငေးကြည့်နေသတဲ့။ လရောင်ဖွေးဖွေးမှာ ဂယက်ကလေးတွေ ထနေတဲ့ ရေပြင်ကျယ်ကြီးကို ကြည့်ရင်း... ကြည့်ရင်း သူ့ဒုက္ခတွေဟာ လည်း ဒီရေပြင်ကျယ်လိုပဲ မဆုံးနိုင်အောင် ကျယ်ပြန့်လှပါကလားလို့ ဆင်ခြင် မိရှာတယ်။ ဒါနဲ့ ဒီလောက်တောင် ဒုက္ခတွေ မကုန်ဆုံးနိုင်တဲ့ လောကကြီး မှာ ဆက်နေလို့ ထူးတော့မှာ မဟုတ်ဘူး။ ဒီရေပြင်ကျယ်မှာပဲ သူ့ဘဝကို အဆုံးသတ် မြှုပ်နှံလိုက်မှ ဒုက္ခတွေ ငြိမ်းမယ်လို့ စိတ်ရူးစိတ်မိုက် ဝင်လာ တာပေါ့'

'ဟင်... ဟုတ်လား၊ ကျွတ်... ကျွတ်... ကျွတ်၊ သိပ်မိုက်တဲ့ ကံမှုံ ပဲနော် ကိုကို၊ အချစ်သာ ကံမှုံဆိုရင် မသေပေါင်၊ မသေဝံ့ပေါင်'

'ဒါနဲ့ ကံမှုံကလေးဟာ နောက်ဆုံး ဖူးမြော်ခြင်းအဖြစ်နဲ့ ရွှေရောင် တဝင်းဝင်းနဲ့ လှမ်းမြင်နေရတဲ့ စေတီကြီးကို လက်အုပ်ချီ ဦးချကန်တော့ ပြီးတော့ တစ်ခါတည်း ရေထဲကို မျက်လုံးစုံမှိတ်ပြီး ခုန်ချလိုက်သတဲ့'

'ဟာ... ရေထဲကို ခုန်ချလိုက်တယ်၊ ဒါဖြင့် ကံမှုံကလေး သေသွား တယ်ပေါ့။ ဟုတ်လား ကိုကို'

'အချစ်က ဘယ့်နှယ့်ထင်သလဲ၊ ကံမှုံကလေး ဘာဖြစ်သွားမယ် ထင်သလဲ၊ ပြောစမ်းပါဦး'

'သေသွားတယ် မဟုတ်လားလို့'

'ဘယ်ဟုတ်လိမ့်မလဲ၊ သေကံမရောက် သက်မပျောက် ဆိုတဲ့အတိုင်း သတိရလို့ မျက်လုံးဖွင့်ကြည့်တော့ လူတစ်ယောက်ရဲ့ မျက်နှာကို မြင်ရသတဲ့။ အဲဒီလူမှာ ရေတွေစိုနေပြီး သူ့တစ်ကိုယ်လုံးလည်း ရေတွေရွှဲရွှဲစိုနေတဲ့အပြင် ခါးက သူဝတ်လာတဲ့ ထဘီတွေလည်း ဘာနဲ့ငြိလို့လဲ မသိဘူး၊ စုတ်ပြတ်နေသတဲ့။ ကံမှုကလေးဟာ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်လို့ ထင်ပါရဲ့၊ လူးလဲထပြီး ထွက်ပြေးမယ်လုပ်လို့ ယောကျ်ားပျိုက တားထားပြီး မနီးမဝေးမှာ ချွတ်ထားခဲ့တဲ့ သူ့လုံချည်အခြောက်နဲ့ ဘလေဇာအင်္ကျီကို ယူပေးသတဲ့...။

'ဒီတော့မှ ကံမှုကလေးလည်း သူ့ကို ရန်မူမဲ့သူ မဟုတ်ဘဲ သူ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်မှန်း သိလို့ ယောကျ်ားပျိုရဲ့ ခြေသလုံးကို ပြေးဖက်ပြီး ရှိုက်ကြီးတငင် ငိုပါလေရောကွယ်။ ပုံပန်းကတော့ ဝမ်းနည်းသွား ထင်ပါရဲ့၊ ဒီတစ်သက်ဖြင့် လောကကြီးမှာ သူ့ကို ကြင်နာမယ့်သူ၊ ခင်မင်မယ့်သူ၊ ဂရုပြုမယ့်သူ မရှိလေတော့ဘူးလို့ ထင်မှတ်နေရာက ခုလို မမျှော်လင့်ဘဲနဲ့ ကြင်နာမယ့်၊ ယုယမယ့်၊ ခင်မင်မယ့်၊ ဂရုပြုမယ့်သူကို လာတွေ့ရတော့ သူသူကိုယ်ကိုယ် ဘယ်မှာ စိတ်ထိန်းနိုင်ပါ့မလဲကွယ်။ ဒါနဲ့ ယောကျ်ားပျိုလည်း အစ်ကိုကြီးက နှမကလေးကို ချော့ရမော့ရသလို နှစ်သိမ့်အားပေးရတာပေါ့။ (အမယ်) ပုံပြောပါဆိုပြီး နားတော့ မထောင်ဘူး၊ အိပ်ပျော်နေပြီ၊ ကြည့်စမ်း... ကြည့်စမ်း၊ လျော်ပေး... လျော်ပေး၊ ကိုကို အာခြောက်တာ လျော်ပေးရမယ်' ဟု ယောကျ်ားပျိုက တဖွဖွ ပြောနေသော်လည်း မိန်းမပျိုမှာကား တကယ်ပင် အိပ်မောကျသွားပြီဖြစ်သဖြင့် စကားသံ ပြန်ပေးမလာတော့ဘဲ အသက်မှန်မှန် ရှူရှိုက်သံကိုသာ ကြားနေလေတော့သည်။

သည်တော့မှ ယောကျ်ားပျိုလည်း အသာအယာ ဖြည်းညင်းစွာ လူးလဲထလိုက်ပြီး မိန်းမပျို၏ လက်တွင်းမှ လွတ်ကျနေသော လက်ကိုင်ပဝါကလေးကို ယူလျက် မျက်နှာကို နေရောင်မှ ကာကွယ်ပေးအံ့သောငှာ ဖုံးလွှမ်းပေးမည် ပြုရာက တစ်ချက်တွေကာ မျက်နှာကို ကြည့်ရင်း–

"ဩော်... အချစ်... အချစ်... ဒင်းကလေး ဘာမှ မသိရှာပါကလား"

ဟု လေးပင်စွာ ညည်းညူရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိလေတော့သည်။

သို့ရာတွင် မိန်းမပျိုမှာ သူထင်သလို တကယ်အိပ်ပျော်နေသည် မဟုတ်ဘဲ ဟန်ဆောင်ကာမှုပိုနေသည်ဖြစ်ရာ၊ သို့ ယောကျ်ားပျိုက ယုယုယယ လက်ကိုင်ပဝါကလေးဖြင့် မျက်နှာအုပ်ပေးရင်း ညည်းညူလိုက်သည်ကို–

'ဒင်းကလေးဆိုတာ ဘယ်သူလဲ ကိုကို၊ ဘာ သနားစရာ ကောင်းတာလဲ ဟင်' နှင့် မေးရင်း ငေါက်ခနဲ ထ ထိုင်လေသည်။

'ဟင်... အချစ် နိုးနေပြီ၊ ကိုကိုက အိပ်နေတယ်မှတ်လို့၊ ကြည့်စမ်း ကြည့်စမ်း၊ တမင်သက်သက် အိပ်ချင်ယောင်ဆောင်နေတာကိုး' ဟု ပြောစဉ်ပင် မိန်းမပျိုမှာ ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် တခစ်ခစ် ရယ်မောနေတော့သဖြင့် 'လာခဲ့... လာခဲ့၊ လူကို သက်သက် အရူးဖြစ်အောင်။ အဲလေ... ကိုကို့ကို သက်သက် နောက်တဲ့အတွက် အပြစ်ပေးရမယ်'ဟု ဆိုဆို ပြောပြော မိန်းမပျို၏ ကျောကို လက်ဆင်နှာမောင်းဖြင့် ရစ်ထွေးကာ ကိုယ်နားသို့ ကပ်လာသည်နှင့် ပြစ်ဒဏ်ကို ခပ်မြန်မြန်ပေးလိုက်လေ၏။

ပြီးနောက် ခေါင်းကလေးကို ရင်ခွင်တွင်းမှာ သွင်းထားကာ သူ့မေးကလေးဖြင့် ငယ်ထိပ်ကို မှေးထားရင်းက ချစ်ကြူကြပြန်သည်။

'အချစ်'

'ကိုကို'

'မပြောကောင်း ပြောကောင်း ခုနေ ကိုကိုနဲ့အချစ် ကွဲသွားကြရင် အချစ် ဘယ့်နှယ်နေမလဲ ဟင်'

'အို... ဘာလုပ် ကွဲရမှာလဲ၊ ဘာဖြစ်လို့ ကွဲကြရမှာလဲ။ အချစ်ကို ကိုကိုကလည်း ချစ်တယ်၊ အချစ်ကလည်း ကိုကို့ကို ချစ်တာပဲဟာ'

'မဟုတ်ဘူးလေ၊ မိုးမပြိုဘူး၊ ပြိုခဲ့သော်ဆိုတာလို မတော်လို့များ အကြောင်းတစ်စုံတစ်ခုကြောင့် အချစ်နဲ့ကိုကို၊ တစ်ယောက်နဲ့တစ်ယောက် ကွဲသွားကြရင် ဆိုတာကို ပြောတာ'

'ဒီတော့လည်း လျှောက်လျှားပေါ့။ အို... ကိုကိုကလည်း မျက်နှာကြီး

အိုသွားရပြန်ပြီ၊ အချစ်က အဖြစ်ကို ပြောပြနေတာကို။ ကဲပါ၊ ဒါတွေ လျှောက်ပြောမနေပါနဲ့တော့။ စိတ်ညစ်စရာ၊ ခေါင်းကိုက်စရာတွေ ပြောနေလို့ အပိုပဲ။ ကိုကို့ပုံကလေးသာ ဆက်ပြောစမ်းပါဦး။ ဘာတဲ့၊ ကံမှုံကလေးဟာ ရေကန်နံဘေးမှာ ခေါင်းလျှော်ရင်း မျှားပျံတသင်းနဲ့ ကုသဘုရင် ကြာပင်အောက်ကကွယ်၊ ဟာ... ဒါက ကုသ သီချင်းပဲ' ဟု မိန်းမပျိုက သူ့ဟာသူ အရွှန်းဖောက်၊ သူ့ဟာသူ အနက်ပေါက်ပြီး လက်ခုပ်လက်ဝါးတီးကာ ရယ်မောနေသဖြင့် ယောကျ်ားပျိုမှာ စိတ်မချမ်းမြေ့သော မျက်နှာနှင့် ရှိရလေသည်။

'ကဲပါ၊ ပြောစမ်းပါဦး ကိုကို့ပုံကို၊ ဈေးကြီးသွားပလား၊ ဒါဖြင့်လည်း နေ၊ မပြောချင်နေ၊ အချစ်ကလည်း နားမထောင်ချင်ပါဘူး' ဟု ပြောရင်း ကလေးမဟုတ်၊ သူငယ်မဟုတ်၊ ငြူစူဆောင့်အောင့် တစ်ဖက်သို့ ကျောလှည့်ထိုင်နေသောကြောင့် ယောကျ်ားပျိုမှာ မနေသာဘဲ ပခုံးကလေးနှစ်ဖက် အသာဆွဲယူလျက် ရွှေစိတ်တော်ပြေ ချော့ရမော့ရပြန်လေသည်။

'အချစ်ကလည်း ဟိုမှာ ပေါက်ဖော်ကလေးတွေ လှမ်းကြည့်နေတယ်၊ မရှက်ဘူးလားကွယ်။ လာပါ၊ အချစ် နားထောင်ချင်တဲ့ပုံကို ပြီးတော့ကျတော့ ပြောပြမယ်၊ လက်ဖက်ရည် သောက်လိုက်ကြဦးစို့၊ မုန့်တွေတောင် ပျော့ကုန်ရော့မယ်'

'ဟာ... ဟုတ်ပါရဲ့၊ အချစ်လည်း ဗိုက်ဆာလှပြီ၊ ကိုကို့ကို မျှော်နေရတာနဲ့ မေ့တောင်နေတယ်' ဟု ပြောရင်း မိန်းမပျိုက ခပ်လှမ်းလှမ်း သရက်ပင်ရင်းတွင် စုပုံထားခဲ့သော အိမ်မှ အသင့်ယူဆောင်လာခဲ့သည့် ဓာတ်ဘူးနှင့် ပန်းကန်ခွက်ယောက်၊ မုန့်ထုပ်များကို ပြေးတဲ့ယူလာကာ ယောကျ်ားပျိုက ပန်းကန်လုံးများ ထုတ်ယူလာခဲ့သော လက်သုပ်ပဝါကို ဖြေ၍ မြက်ခင်းပေါ် အကျခင်းပေးလိုက်လေသည်။ ပြီးလျှင် ငှဲ့ပေးသော လက်ဖက်ရည်ကို ယူကာ တစ်ကျိုက် ကျိုက်ချလိုက်ပြီး ဆာလောင် မွတ်သိပ်စွာဖြင့် ပလုတ်ပလောင်း စားသောက်နေရှာသော မိန်းမပျိုကို စိတ်မကောင်းခြင်း ကြီးစွာဖြင့် ကြည့်နေမိလေသည်။

'ဘာများ ဒီလောက်တောင် ကြည့်နေတာလဲ ကိုကိုရဲ့၊ အချစ်က ချောလို့ လှလို့လား'

'အင်း... ဆိုပါတော့၊ အချစ်က ပန်းကလေးလို လှလွန်းလို့ ကြည့်မဝ ရှုမဝ ဖြစ်နေတာပေါ့'

'ဒါလောက်ပဲလား၊ ပန်းကလေးလို လှရုံပဲ လှသလား၊ မွှေးကော မမွှေးဘူးလား ဟင်'

'မွှေးတာပေါ့၊ မွှေးတာမှ ကြိုင်နေတာပဲ၊ လှလို့ ရှုလို့မဝ၊ မွှေးလို့ ရှုမဝဆိုတာ အချစ်မှ အချစ်'

'သိပ်လည်း မြှောက်မနေနဲ့နော်၊ မွှေးတယ်မွှေးတယ်နဲ့ အချစ်က အီးတဘူဘူပေါက်တဲ့ မိန်းမဖြစ်နေလို့ ရှုမဝက ရှူမရ ဖြစ်နေဦးမယ်။ ဟားဟားဟား' ဟု မိန်းမပျိုက သူ့ဟာသူ သဘောကျကာ အူလှိုက်သည်းလှိုက် ရယ်မောနေပြန်သဖြင့် ယောက်ျားပျိုမှာ ဝါးလက်စ မုန့်ကိုပင် ဆက်လက်မဝါးတော့ဘဲ မူရင်းပန်းကန်တွင် ပြန်ထားလိုက်မိတော့သည်။

ထိုစဉ်မှာပင် ခပ်ဝေးဝေးဆီမှ မော်တော်ကား ဟွန်းသံပေးလိုက်သံကို ကြားရသဖြင့် 'ဟော... အိမ်က ကားတောင် လာကြိုနေပြီ' ဟု ပြောရင်း မိန်းမပျိုက အလျင် လူးလဲထရပ်ပြီး၊ သူတို့ဆီသို့ ဖုန်တထောင်းထောင်း ထအောင် ရှေးရှုမောင်းနှင်လာနေသော ကားသစ်ကြီးကို လက်ဖွေ့ယမ်း ပြနေလေ၏။ ယောက်ျားပျိုကမူ မြက်ခင်းပေါ်မှ လက်ဖက်ရည်ပန်းကန် ခွက်ယောက်များကို သူ့ဟာနှင့်သူ ပြန်လည်စုယူ သိမ်းဆည်းထားလေသည်။

အားလုံးနေရာတကျ သိမ်းဆည်းပြီးစဉ်မှာပင် ကားက အနားသို့ ရောက်လာကာ ဒရိုင်ဘာက တံခါးကို အရန်သင့် ဖွင့်ပေးလိုက်လေသည်။

'ဟော့... အိမ်က ဘာမှာလိုက်သေးသလဲကွ' ဟု ယောက်ျားပျိုက ကားပေါ်သို့ မိန်းမပျိုကို အလျင်တက်စေပြီးမှ ထိုင်ခုံတွင် ဝင်ထိုင်ရင်း မေးလိုက်ရာ ဒရိုင်ဘာကလည်း ကားကို ရှေ့တိုးနောက်ငင် ပြန်ကွေ့ရင်းက 'ဘာမှတော့ မမှာလိုက်ဘူးဆရာ၊ အဘိုးကြီးကတော့ ထုံးစံအတိုင်း မြင်းပွဲ လစ်လေရဲ့' ဟု ပြန်ဖြေလိုက်လေ၏။

'အမယ်ကြီးကော...'

'အမယ်ကြီးကတော့ အိမ်မှာပဲ ရှိလေရဲ့၊ ညနေစောင်းရင် ဝန်ကြီးဘုရားကိုးဆူ သွားမယ်လို့ ပြောနေတယ်'

ထိုအချိန်တွင် မော်တော်ကားမှာ မညီမညာ မြေပြင်မှ လွန်မြောက်

ကာ မြေညီကားလမ်းပေါ်သို့ ပြန်လည် ရောက်ရှိလာပြီဖြစ်သဖြင့် အလူး အလိမ့် သက်သာသွားသော်လည်း ဖုန်များကား ရှုံ့ဖွယ်ရာ ကောင်းလောက် အောင် တထောင်းထောင်း ထ နေတော့သည်။ ဒရိုင်ဘာသည် ကားကို တရွေ့ရွေ့ တအိအိ မောင်းလိုက်၊ အသော့ကလေး မောင်းလိုက်နှင့် ပြည် လမ်းမကြီးသို့ ရောက်ရန် ကားတစ်စင်းစာသာ အလိုတွင် မမျှော်လင့်ဘဲနှင့် ကိုယ်ပိုင်ကားတစ်စီး ဘွားခနဲ ပေါ်လာကာ ခေါင်းချင်း ဝင်ခွေ့ကြမည်ကဲ့သို့ ရှိသွားလေ၏။ ကားနှစ်စင်းပေါ်မှ ဒရိုင်ဘာ နှစ်ယောက်စလုံးပင် ကျင်လည် စွာ တိမ်းရှောင်နိုင်လိုက်ကြသဖြင့်သာ နေ့စဉ် ကားတိုက်မှု များပြားလွန်း၍ ခေါင်းခြောက်လှုပြီဖြစ်သော ရန်ကုန်မော်တော်ယာဉ် ရဲအဖွဲ့တွင် အမှုတစ်ခု လျော့သွားခဲ့ရလေ၏။ သို့ရာတွင် ကားနှစ်စင်းလုံးပင် ထိုးရပ်သွားကာ အသီးသီး စက်ပြန်နှိုးကြပြီး ယဉ်ကျေးသော ဒရိုင်ဘာများပီပီ အချိန်ကုန် အောင် ရန်တွေ့မနေဘဲ ကိုယ့်လမ်းကိုယ် ပြန်မောင်းထွက်လာခဲ့လေ၏။ ကားနှစ်စင်းလုံးပေါ်မှ လိုက်ပါလာကြသော ကားရှင်များကမူ တစ်ကားနှင့် တစ်ကား လှမ်း၍ ဘယ်သူ့ကားလဲဟု စုံစမ်းသော မျက်နှာထားနှင့် တစ် ချက် အကဲခတ်ကြည့်လိုက်ကြသေး၏။ ယောက်ျားပျိုအဖို့မူ တစ်ဖက်မှ ကားကို ကြည့်ကာ မျက်နှာစိမ်းများ ဖြစ်နေသဖြင့် မျက်နှာပြန်လွှဲလာနိုင် ခဲ့သော်လည်း တစ်ဖက်ကားပေါ်မှ စီးနင်းလိုက်ပါလာကြသော သူများမှာ မူ ယောက်ျားပျိုနှင့် နံဘေးမှ မိန်းမပျိုကို မြင်ရလျှင် ဣန္ဒြေမဲ့အောင် အသံ ထွက်သွားမိလေ၏။

'ဟင်... ပန်းရုံ... ပန်းရုံ'

သို့ရာတွင် အသံမှာ ဒီဘက်ကားတွင်းသို့ ရောက်အောင် မကျယ် လောင်သဖြင့် ယောက်ျားပျိုမှာ မည်သို့မျှ မသိလိုက်ဘဲ ကားသယ်ဆောင် ရာသို့ ပါသွားမိလေ၏။

'ဟုတ်တယ်... ဟုတ်တယ်... ပန်းရုံနဲ့ သိပ်တူတာပဲ မမ' ဟု ဒရိုင်ဘာ ကိုသိန်းက ကားဂီယာကို မပြောင်းသေးဘဲ အမိန့်ကို စောင့်ဆိုင်း ရင်း ပြောလိုက်ရာ၊ ကားနောက်တွင်းမှ လေးလေးရော အေးအေးကပါ–

'ကဲ... လိုက်စမ်း လိုက်စမ်း၊ အဲဒီကားနောက်ကို လိုက်စမ်း' ဟု ပြိုင်တူ အမိန့်ပေးလိုက်လျှင် ဒရိုင်ဘာ ကိုသိန်းလည်း ကားကို ခဲယဉ်းစွာ

ပြန်လှည့်လိုက်ပြီး စောစောက ကားနောက်သို့ အသော့ကလေး မောင်းလိုက်သွားမိလေ၏။

သို့ရာတွင် နောက်ကျခဲ့လေပြီ။ သူတို့ကားကို ပြန်၍ လှည့်နေစဉ်မှာပင် စောစောက ကားမှာ မျက်ရိပ်မျက်ခြည်မျှပင် မတွေ့အောင် ပျောက်သွားလေတော့သည်။ ဟိုအကွေ့တွင် တွေ့နိုးနိုး၊ ဒီအချိုးတော့ တွေ့နိုးနိုးနှင့် မျှော်ကိုးကာ ကားကို မောင်း၍လာခဲ့ရာ နောက်ဆုံး ကမာရွတ်ဌာနာရှေ့သို့ ရောက်သည်အထိ ရှေ့ကား၏ အစအနကိုမျှ မတွေ့ရသဖြင့် ဒရိုင်ဘာကိုသိန်းက ကားကို ခဏ အရှိန်လျှော့လိုက်ရင်း–

'ကဲ… မမ၊ ရန်ကုန်ဘက် ဆက်သွားလား၊ ကုက္ကိုင်းပဲ သွားသလား၊ အင်းစိန်ဘက်ပဲ ပြန်ချိုးသွားသလား မသိနိုင်တော့ဘူး။ ဆက်လိုက်နေလို့ ဓာတ်ဆီနဲ့ အချိန်သာကုန်တော့မယ်၊ နောက်မှ ကျွန်တော် စုံစမ်းပေးမယ်၊ ရန်ကုန်မြို့ထဲမှာ ရှိရိုးမှန်ရင်တော့ တွေ့ရပါစေ့မယ်' ဟု ပြောသဖြင့် ယခုလောက်ဆိုလျှင် အင်းယားတစ်နေရာမှာ ချိန်းဆိုထားသော သူငယ်ချင်းများလည်တဆန့်ဆန့်နှင့် ရှိနေတော့မည်ဖြစ်၍ 'ဒါဖြင့်လည်း အင်းယားကိုပဲ ပြန်မောင်း' ဟု ပြောလိုက်လေ၏။

ကားခေါင်း အင်းယားဘက်သို့ ပြန်လှည့်မောင်းနှင်မိလျှင် လေးလေးက ရင်ထဲမှာ မျိုသိပ်မထားနိုင်သည်နှင့်–

'နေပါဦး ကိုသိန်း၊ စောစောက ကားနံပါတ်ကို မှတ်မထားလိုက်မိဘူးလား' ဟု မေးကြည့်မိ၏။ သူ၏ မျှော်လင့်ချက်ကား ဘယ်နည်းနှင့်မဆို ကားနံပါတ်ကို မှတ်သားမိလျှင် ပန်းရုံ စီးနင်းလိုက်ပါသွားသော ကားကို ရှာဖွေတွေ့နိုင်မည်။ ပန်းရုံက သူတို့ကို မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ ဒါက တစ်ဌာန တစ်ကိစ္စဖြစ်၍ လောလောဆယ် ပန်းရုံ တကယ်သေ မသေ၊ ကားပေါ်မှ မိန်းမပျိုမှာ ပန်းရုံအစစ် ဟုတ် မဟုတ် အဖြေကိုသာ သိလိုနေခြင်း ဖြစ်လေသည်။

ဒရိုင်ဘာ ကိုသိန်းထံမှ–

'ကျွန်တော်လည်း အမှတ်တမဲ့နဲ့ ကားနံပါတ် မကြည့်လိုက်မိဘူး' ဟူသောအဖြေကို ကြားရလျှင် လေးလေးမှာ စိတ်အားငယ်သွားမိလေ၏။

သို့ရာတွင် ကိုသိန်းက 'ဒါပေမဲ့ ကားအရောင်နဲ့ ကားအမျိုးအစားကို မှတ်မိသားပဲ၊ ရှာရင် လွယ်ပါတယ်'

'ရှင့်နှယ်... ရန်ကုန်မြို့ပေါ်မှာ ကားပေါင်း သောင်းခြောက်ထောင်တောင် ရှိတာ။ ဘယ်လိုလုပ် ရှာမလဲ'

'ရှိကာမှ ရှိရော၊ ဒီလိုကားအရောင်နဲ့ ဒီလိုကားမျိုး အားလုံးပေါင်းမှ သုံးစင်းထဲ ဗမာပြည် ရောက်သေးတာ'

'ဟေ... ဟုတ်လား၊ ဒါဖြင့် တွေ့ဖို့ မခဲယဉ်းဘူးပေါ့'

'ဟုတ်တယ်၊ မခဲယဉ်းပါဘူး၊ ပေါင်းသုံးစင်း ရောက်တဲ့အထဲက တစ်စင်းက ရှမ်းပြည်က စော်ဘွားတစ်ယောက် လက်ထဲမှာ၊ ကျန်တဲ့ နှစ်စင်းကတော့ တရုတ်တန်းက တရုတ်တစ်ယောက်နဲ့ စွပ်ကျယ်စက် ကုလားသူဌေးက ဝယ်လိုက်တာပဲ'

'နို့ ခုန ကားပေါ်က ပါသွားတာကတော့ ဗမာပါပဲလား'

'ဒါတော့ တရုတ်နဲ့ ကုလားရဲ့ ကိုယ်စားလှယ်လား၊ လူယုံလား၊ ဒါမှမဟုတ် တစ်ခုခုအကြောင်းဆက်နဲ့လူလားမှ မသိဘဲ။ ရန်ကုန်မြို့ဆိုတာ တော်တော်လည်း ရှုပ်တာ မမတို့လည်း ကြားဖူးမှာပေါ့' ဟု ကိုသိန်းက ပြောလိုက်ပြန်လျှင် လေးလေးမှာ ပန်းရုံအတွက် တသီတတန်းကြီး လျှောက်တွေးကာ ပူမိလေတော့သည်။

တရုတ်ရဲ့ မယားငယ်များ ဖြစ်နေသလား။

ကုလားရဲ့ ခြေတော်တင်များလား။

ဒါမှမဟုတ် လေချင်တိုင်းလေ၊ တေချင်တိုင်း တေနေတဲ့ မိန်းမပျက်၊ မိန်းမပေါ့ ဘဝကိုများ သက်ဆင်းသွားရှာပြီလား။

"ပေါင်းသုံးစင်း ရောက်တဲ့အထဲက တစ်စင်းက ရှမ်းပြည်က စော်ဘွားတစ်ယောက် လက်ထဲမှာ၊ ကျန်တဲ့ နှစ်စင်းကတော့ တရုတ်တန်းက တရုတ်တစ်ယောက်နဲ့ စွပ်ကျယ်စက် ကုလားသူဌေး ဝယ်လိုက်တာပဲ" ဟူသော ဒရိုင်ဘာ ကိုသိန်း၏ စကားအရ ပန်းရုံ စီးသွားသော မော်တော်ကားကို အလွယ်တကူ ရှာယူတွေ့ရှိနိုင်သေး၏။

သို့ရာတွင် "နို့ ခုန ကားပေါ်က ပါသွားတာကတော့ ဗမာပါပဲလား" ဟု မိမိက မေးလိုက်သည်ကို–

"ဒါတော့ တရုတ်နဲ့ ကုလားရဲ့ ကိုယ်စားလှယ်လား၊ လူယုံလား၊ ဒါမှမဟုတ် တစ်ခုခုအကြောင်းဆက်နဲ့ လူလားမှ မသိဘဲ။ ရန်ကုန်မြို့ဆိုတာ တော်တော်လည်း ရှုပ်တာ မမလည်း ကြားဖူးမှာပေါ့" ဟူသော အဖြေကြောင့် ခန့်မှန်း၍ မရနိုင်သော ပန်းရုံ၏ ဘဝအတွက် ရင်လေးဖွယ်ရာ ကောင်းလှ တော့၏။

သည်အတိုင်းသာဆို တရုတ်၏ မယားငယ်၊ ကုလား၏ ခြေတော်တင်၊ သို့တည်းမဟုတ် လေချင်တိုင်းလေ၊ တေချင်တိုင်းတေ၊ လွင့်ချင်ရာ လွင့် မိန်းမစားဘဝသို့ မသက်ဆင်းသေးလျှင် တော်လှပေတော့မည်။

## (၁၂)

'ဘယ့်နှယ်လဲကွယ့် မောင်သိန်း'

လေးလေးက မျှော်လင့်ချက်ကြီးကြီးဖြင့် တစ်နေ့က အင်းယားမှာ ပန်းရုံ စီးနင်းလိုက်ပါသွားသော မော်တော်ကားကို တွေ့ မတွေ့ မေးလိုက်ရာ၊ အပြင်မှ ယခုပင် ပြန်ရောက်လာသော ဒရိုင်ဘာ မောင်သိန်းက ရုတ်တရက် ချက်ချင်း မဖြေနိုင်သေးဘဲ အတန်ကြာ ငိုင်နေသဖြင့်–

'ဘာလဲ.... မတွေ့ဘူးလား၊ ပြောစမ်းပါဦး' ဟု စိတ်မရှည်တိုင်း မေးလိုက်မိလေသည်။

'မဟုတ်ပါဘူး၊ တွေ့ဖို့ နီးပါပြီ။ တစ်ရက် နှစ်ရက်အတွင်း တွေ့ရ ပါစေမယ် မမရယ်' ဟု ဒရိုင်ဘာ ကိုသိန်းက ပြောပြီး၊ မြို့ထဲမှ သူ လိုက်လံ စုံစမ်းခဲ့ပုံ အလုံးစုံကို လေးလေးအား ပြောပြနေမိလေ၏။

'ကျွန်တော် ဒီက သွားသွားချင်း မော်တော်ပီကယ်ရုံးကို သွားတယ်၊ အသိ စာရေးကြီးကတစ်ဆင့် မော်တော်ကားမှတ်ပုံတင်စာရင်းမှာ ရှာကြည့် တော့ ကျွန်တော်ပြောတဲ့အတိုင်းပဲ၊ တရုတ်တန်းက တရုတ်နဲ့ စွပ်ကျယ်စက် ကုလားသူဌေးပိုင် ဆိုတာ တွေ့ရတယ်'

'ဒီကားမျိုး ဗမာပြည်ရောက်တာမှ သုံးစင်းဆို၊ နောက်တစ်စင်း ကကော...'

'တစ်စင်းကတော့ ရှမ်းပြည်စော်ဘွားဟာဆိုတော့ ရန်ကုန်မှာ မှတ်ပုံ မတင်ဘူးတဲ့၊ (ဩော်... ဩော်) ဒါနဲ့ ပထမဆုံး တရုတ်တန်းက တရုတ်ဆီ

သွားစုံစမ်းကြည့်တယ်။ (တွေ့ရေလား) တွေ့တော့ တွေ့တယ်၊ ကျွန်တော်တို့ အင်းယားမှာ တွေ့လိုက်တဲ့ကား မဟုတ်ဘူး။ (မင်းက ဘယ့်နှယ်လုပ်သိသလဲ) သိတာပေါ့ မမရာ၊ ကျွန်တော်တို့ တွေ့တဲ့ကားက အသစ်စက်စက်၊ ဆေးရောင်မှ မပျက်သေးဘဲ။ ခုကားက အစီးကြမ်း၊ အသုံးများ၊ အကိုင်ပက်စက်လို့ ထင်ပါရဲ့။ အပွန်းအရှနဲ့ ဆေးရောင်တောင် မှိန်စပြုနေပြီ။ ပြီးတော့ ကားက ပျက်နေတာ တစ်ပတ်လောက်ရှိနေလို့ မော်တော်ဟောက်စ်ပို့ထားတာပဲ။ (ဩော်... မင်း မော်တော်ဟောက်စ် လိုက်သွားရတယ်ပေါ့)ဒါနဲ့ ကျန်တဲ့ ကားတစ်စီးပိုင်ရှင်ဖြစ်တဲ့ ကုလားဆီ သွားတာပေါ့။ ဟိုကျတော့ မမရယ်၊ ပြော မပြောချင်ပါဘူး၊ ကုလားက ကျွန်တော့်ကို ဆေးတက်(စ်)အင်စပက်တာမှတ် ထင်ပါရဲ့၊ တော်တော်နဲ့ မေးမရဘူး'

'မင်းဟာက ဆေးတက်(စ်)နဲ့ ပန်းရုံ စီးသွားတဲ့ကား စုံစမ်းတာနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်ပြီလား မမ၊ ကုလားက သူ့ကားကို အမြတ်ရလို့ ဒီပြင် လူတစ်ယောက်ကို ရောင်းထားတော့ ရောင်းခွန်ပေးရမှာ ကြောက်လို့ပေါ့။ (ဩော် ဒီလိုကိုး) ဟုတ်တယ် မမရဲ့၊ ကုလားတွေက စီးပွားရေးမှာ ဘယ်လောက် လည်သလဲဆိုတာ ကားဝယ်စီးတာမှာပဲ ကြည့်တော့၊ ဗမာက ကားဝယ်စီးတာ ကြွားချင်မော်ချင်လို့၊ သူတို့က ဒီလို မဟုတ်ဘူး၊ ဝယ်သူမရှိသေးရင် စီးနေမယ်၊ ဝယ်သူရှိလို့ အမြတ်ရရင် ရောင်းမယ်ဆိုတဲ့စိတ်နဲ့ ကားတွေ ဝယ်ကြတာ။ ဒရိုင်ဘာ ကောင်းကောင်း၊ ကားဂိုထောင် ကောင်းကောင်း ထားပြီး ကားကို ရိုရိုသေသေလည်း စီးတာကိုး။ ကျွန်တော်တို့ဗမာတွေကတော့ မဟုတ်ပါဘူး၊ ဝါးတစ်ရိုက်လောက် ခရီးလည်း ကားနဲ့ သွားလိုက်ချင်တာပဲ၊ အလကားနေရင်း ထမင်းစားမကောင်းတာနဲ့ တရုတ်တန်းသွားလိုက်၊ မဂိုလမ်း ပြေးလိုက်နဲ့၊ ကားထားတော့လည်း လမ်းမ မိုးရေထဲမှာ၊ ဖွတ်ဖွတ်ကြေတော့မှ မျက်စိမျက်နှာ ပျက်တတ်ကြတာ။ နောက်ဆုံးပြင်လို့ မဆုံး၊ လိုက်လို့ မဆုံးတော့မှ ရသရွှေ့နဲ့ ကြက်တန်းကုလား ထိုးအပ်ရတာမျိုး မမရဲ့' ဟု ဒရိုင်ဘာ ကိုသိန်းက လေရှည်နေတော်မူသဖြင့် လေးလေးသည် စိတ်မတိုနိုင်ဘဲ ပြုံးလဲ့လဲ့ ဖြစ်သွားမိပြီးမှ အသာ ဣန္ဒြေဆည်လိုက်ပြီး–

'ကဲပါ... ကားတရား နာနာဟောမနေပါနဲ့တော့၊ ပန်းရုံ စီးသွားတဲ့ ကားအကြောင်းပဲ ပြောစမ်းပါဦး၊ ကုလားက ဘယ်သူ့ကို ဘယ်တုန်းက ကားရောင်းလိုက်သတဲ့လဲ'

'တစ်လလောက် ရှိသေးတယ်တဲ့၊ ရောင်းလိုက်တာ။ ဘယ်လောက်နဲ့ ရောင်းလိုက်တယ်လို့တော့ မပြောဘူး၊ ပင်စင်စား အရေးပိုင်ဟောင်းကြီး ဦးကျော်သိန်းကို ရောင်းလိုက်တာပဲ ပြောလိုက်တယ်။ ဒါတောင် ကျွန်တော်က မေးနိုင်လို့ ပြောတာ၊ ကျွန်တော်တို့ ကိစ္စကိုလည်း ပြောပြရတာပေါ့'

'အရေးပိုင်ဟောင်း ဦးကျော်သိန်းတဲ့လား၊ တို့အသိထဲက များလားဟာ'

'သိမယ် မထင်ပါဘူး၊ ဒီလူကြီးက ခုမှ အိန္ဒိယက ပြန်ရောက်တာ ဘာမှ မကြာသေးဘူး တဲ့'

'နေစမ်းပါဦး၊ ဒါနဲ့ မင်းလည်း ဒီပြန်လာခဲ့ရောလား'

'ဘယ်ပြန်မလဲ၊ ကျွန်တော် ဖွဲကောင်းတာ မမလည်း အသိသားနဲ့၊ ချက်ချင်းပဲ အရေးပိုင်ဟောင်းဦးကျော်သိန်း နေတဲ့ဆီ လိုက်သွားတာပေါ့'

'ကားကို တွေ့ရောလား'

'တွေ့တာပေါ့'

'အင်းယားမှာ တို့များ တွေ့တဲ့ကားမှ ဟုတ်ရဲ့လား'

'ဟုတ်တာမှ တထေရာတည်းပဲ'

'ပန်းရုံကိုကော မတွေ့ခဲ့ဘူးလား'

'မတွေ့ခဲ့ဘူး မမ'

'ဟင်... ဒါဖြင့် မင်းဥစ္စာက အဖျားကျမှ ရှုံးသွားပါလား'

'မရှုံးဘူး မမ၊ မရှုံးဘူး'

'ဘာဖြစ်လို့...'

'ကျွန်တော် ခြံဝက မယောင်မလည် ရပ်ကြည့်နေတုန်း တိုက်ထဲက လူတစ်ယောက် ထွက်လာတယ်။ ဘယ်သူ မှတ်သလဲ၊ ဟိုနေ့က ပန်းရုံနဲ့ ပါသွားတဲ့လူပေါ့။ ကျွန်တော့်ကို မြင်သွားတော့ မျက်နှာတစ်ချက် ပျက်သွားတယ်။ ပြီးတော့မှ ကျွန်တော့်ဆီ လျှောက်လာပြီး "ဘာလဲ" လို့ ဘုကျကျ မေးလို့ ကျွန်တော်က "အတွင်းဝန် သခင်တင်မောင်တို့အိမ် ဘယ်မှာလဲ

ခင်ဗျာ" လို ရမ်းကြိတ်မေးလိုက်ရတယ်။ ဒီတော့မှ "သခင်တင်မောင်အိမ် ဒီနားမှာ မရှိဘူး" လို့ တိုတိုတောင်းတောင်း ပြန်ပြောပြီး ခြံနားက မြန်မြန် ထွက်သွားစေချင်တဲ့ သဘောနဲ့ ကြည့်နေလို့ ကျွန်တော်လည်း အမြင်ကတ်ကတ်နဲ့ "ဒါဖြင့် နောင်ကြီးရာ၊ တစ်ဆိတ်လောက် သိရင် ညွှန်စမ်းပါ"လို့ ထပ်ကွန့်လိုက်တော့ ဘာပြောကောင်းမလဲ မမရယ်။ "ငါ မသိဘူး... ငါ မသိဘူး၊ သွား... သွား"လို့ အော်ထုတ်လို့ "ဒေါသကြီးလှချည်လား နောင်ကြီးရာ" လို့ ပြောမိတာနဲ့ "ငါ့ဟာငါ ဒေါသကြီး ရီးဖြစ်လား" ဘာညာနဲ့၊ ကန်တော့ပါရဲ့။ ပြောလို့ ကျွန်တော်ကလည်း ဘယ်ခံမလဲ ပြန်ပြောရာက တစ်ယောက်တစ်ခွန်း စကားများပြီး ထိုးမယ်၊ ကြိတ်မယ် လုပ်နေတုန်း တိုက်ထဲက လူကြီးတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက် ပြေးလာကြတာ ပေါ့။ ကံကောင်းလို့ပေါ့ မမရယ်၊ နို့မို့ရင် ခုလောက်ရှိရင် ကျွန်တော်လည်း အချုပ်ခန်းရောက်၊ သူရင်လည်း ဆေးရုံရောက်ပဲ' ဟု ဒရိုင်ဘာ ကိုသိန်းက သူ့စရိုက်၊ သူ့ဝါသနာအတိုင်း လေလုံးထွားနေသဖြင့် လေးလေးမှာ ပြုံးလဲ့လဲ့ နားထောင်နေရာက–

'ကဲပါ ကိုမိချောင်းရဲ့၊ ဒါလောက်ရှည်ရ တော်လောက်ပါပြီ။ တိုတိုနဲ့ လိုရင်း အချုပ် ပြောစမ်းပါဦး' ဟု ပြောလိုက်ရလေ၏။ သည်တော့မှ ဒရိုင်ဘာ ကိုသိန်းလည်း ပန်းရုံ စီးသွားသောကား စုံစမ်းရင်း တွေ့ကြုံရပုံ အလုံးစုံကို နိဂုံးချုပ်လိုက်ရလေ၏။

'ဟင်... မင်းဟာ ပန်းရုံ စီးသွားတဲ့ကား တွေ့နေမှ ပန်းရုံကိုပါ တွေ့အောင် ရှာခဲ့ရောပေါ့၊ တယ်.... ညံ့သေးတာကိုး' ဟု လေးလေးက မကျေမချမ်း အပြစ်တင်စကား ပြောကြားလေရာ–

'ဟာ... မမကလည်း၊ သူ့ခြံဝမှာ ရပ်နေရုံနဲ့တောင် ရိုက်မယ်ပုတ်မယ် လုပ်နေတဲ့ဟာ။ ခြံထဲများ ခြေတစ်လှမ်းချမိရင် လူကို ဘယ့်နှယ်လုပ်မယ်မှ မသိတာ'

'နို့... မင်း ခုနပြောပုံကတော့ မင်းက သူ့ရဲကောင်းကြီးပါလားကွ။ ကဲပါ၊ အလကား ရယ်စရာ မောစရာ ပြောတာပါ။ ရော့... ရော့ မင်းအတွက် ဒီနေ့အဖို့ ကြိုးပမ်းတဲ့အတွက် ဘောက်ဆူး' ဟု ပြောရင်း လေးလေးက

တစ်ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်ရာ၊ ကိုသိန်းက ပျာပျာသလဲ တုန်ယင်သော လက်ဖြင့် လှမ်းယူလိုက်လေ၏။

'ဗျို့... ဆရာ၊ ကျုပ်လည်း တစ်ဝက်ဆိုင်တယ်နော်' ထိုအသံကား အိမ်တွင်းသို့ ဝင်ရောက်လာသော တင်ထူး၏ အသံပင် ဖြစ်လေသည်။

'ဟာ... ကိုတင်ထူး၊ အတော်ပဲ အတော်ပဲ' ဟု လေးလေးက တင်ထူးကို မြင်မှ တင်ထူးကိုပါ ပန်းရုံသတင်းကို ပြောဖို့ သတိရမိလေသည်။

'ကိုတင်ထူး၊ ပန်းရုံလေ... ပန်းရုံ' ဟု ပြောချင်ဇောနှင့် ရှေ့မဆက်နိုင်ဘဲ စကားထစ်နေသေးသည်။ သို့ရာတွင် တင်ထူးမှာ ပန်းရုံ ဆိုသည်နှင့်ပင် ချက်ချင်း လှုပ်ရှားလာကာ–

'ဘယ်မလဲ ဘယ်မလဲ၊ ပန်းရုံ... ပန်းရုံ' ဟု မေးလိုက်မိလေ၏။ လေးလေးက ရုတ်တရက် မဖြေနိုင်ဘဲ ရှိသဖြင့် ကြာရှည် မစောင့်ဆိုင်းနိုင်သည်နှင့် ဒရိုင်ဘာကိုသိန်းကို လှည့်ကာမေးနေပြန်သည်။ ကိုသိန်းကသာ နောက်ထပ် စားမြုံ့ပြန်နေလျှင် သူ လေရှည်ပုံမျိုးနှင့်ဆိုလျှင် တော်တော်နှင့် လိုရင်းရောက်တော့မည် မထင်သဖြင့် လေးလေးကပင် ပန်းရုံကို အင်းယားတွင် ကားတစ်စီးပေါ်မှာတွေ့လိုက်ရပုံ၊ ထိုကားနောက်ကို မိမိတို့ ချက်ချင်း လိုက်သေးသော်လည်း မျက်ခြည်ပြတ်သွားရပုံ၊ နောက်တစ်နေ့ ကိုသိန်းကို လိုက်လံ စုံစမ်းစေသည်တွင် ပန်းရုံ စီးသွားသော ကားမှာ ပင်စင် အငြိမ်းစား အရေးပိုင်၏ကား ဖြစ်နေပုံများကို ပြောပြလေသည်။

'ဟင်... ဒါဖြင့် ပန်းရုံ မသေသေးဘူးပေါ့' တင်ထူးက မျှော်လင့်ချက်လွှမ်းသော မျက်နှာဖြင့် အားတက်သရော မေးလိုက်ရာ လေးလေးက ခေါင်းလည်း ညိတ်၊ နှုတ်ကလည်း 'ဟုတ်တယ်၊ ကျွန်မတို့ ထင်သလို ပန်းရုံ မသေသေးဘူး' ဟု အဖြေပေးလိုက်ရုံနှင့် တင်ထူးမှာ ထ၍ မကမိအောင်၊ မနည်း ကြွေဆည်ထားရအောင် ဝမ်းမြောက်သွားမိရှာသည်။

'ပန်းရုံ ပန်းရုံ မသေသေးဘူး၊ မသေသေးဘူးနော်' ဟု အရူးကြီးပမာ ရေရွတ်လိုက်မိသည်။ ပြီးမှ သူ့ဟာသူ မယုံကြည်နိုင်သေးဟန်ဖြင့်–

'ဟုတ်မှ ဟုတ်ရဲ့လားဗျာ၊ ကျွန်တော် စိတ်ကောင်းရုံများ လီဆယ်လုပ်ကြံပြောတာလား' ဟု မေးခွန်းထုတ်နေပြန်၍ လေးလေးမှာ လက်ခုပ်လက်ဝါးများပင် တီးကာ ရယ်မောလိုက်ရင်း–

'ကိုတင်ထူးနှယ်၊ ကျွန်မက ဘာလုပ် လီဆယ်ပြောရမတုံး။ ဟုတ်လို့ ဟုတ်တာကို ပြောပြတာပေါ့၊ ကျွန်မတင် မဟုတ်ဘူး၊ မမပါ သေသေချာချာ မြင်လိုက်ရတာပဲ' ဟု ပြောနေစဉ် အပေါ်ထပ်မှ ဆင်းလာသော အေးအေးကို တွေ့ရသဖြင့် တင်ထူးလည်း ရယ်သွမ်းသွေးကာ 'ဟုတ်လား မမအေး၊ အင်းယားမှာ ပန်းရုံကို တွေ့လိုက်တယ် ဆို' ဟု လှမ်းမေးလိုက်လေသည်။

'ဘာလဲကွ၊ မင်းက ပန်းရုံ မသေသေးဘူးဆိုလို့ ဝမ်းမသာဘူးလား၊ မယုံဘူးလား၊ မယုံရင်နေလေ။ တော်တော်ကြာမှ တို့အိမ်ကို ချောင်းပေါက်အောင် လာနေရင်တော့ ဒါပဲ... ဝါးလုံးနဲ့ကို ရိုက်လွှတ်မယ်'

'ဟဲ... ဟဲ မဟုတ်ပါဘူး၊ ကျွန်တော်က သေချာအောင် မေးတာပါ၊ တော်တော်ကြာ အရင်တစ်ခါလို မရေမရာ ဖြစ်နေဦးမှာစိုးလို့ပါ။ သူ တကယ် အသက်ထင်ရှား ရှိနေသေးရိုးမှန်ရင် ကျွန်တော့်ထက်ပိုပြီး ဝမ်းသာမယ့်လူ ရှိဦးမှာလားဗျာ' ဟု တင်ထူးက လျှော၍ချပြောလိုက်မှ ညီအစ်မ နှစ်ယောက်လည်း ကျေနပ်သွားကြလေသည်။

'ဒါပေမဲ့ အင်းယားမှာ တွေ့တွေ့ချင်း ကျွန်တော့်ကို အသိမပေးကြတာကတော့ မကောင်းပါဘူးဗျာ၊ စောစော ကြားသိရရင် စောစောက ဝမ်းမသာရပါလားဗျာ၊ ဟင်... မဟုတ်ဘူးလား ကိုသိန်း' ဟု တင်ထူးက ပြောရင်း ဒရိုင်ဘာ ကိုသိန်းကိုပါ အဖော်ညှိလိုက်ရာ၊ ကိုသိန်းကလည်း 'ဟုတ်တာပေါ့' ဟု အလိုက်အထိုက် ရောကာ ဗောင်းတော် ညိတ်လိုက်လေသည်။

ထို့ကြောင့် အေးအေးက မခံချိ မခံသာ ဖြစ်သွားကာ–

'ဘာလဲ၊ မင်းက မျက်နှာလို မျက်နှာရ ဘာဟုတ်တာပေါ့လဲ' ဟု ဒရိုင်ဘာ ကိုသိန်းကို မာန်မဲလိုက်၍၊ လေးလေးကမူ ပန်းရုံ စီးသွားသော ကားကိုသာ အရရှာဖွေခိုင်းနေသောကြောင့် ရုတ်တရက် ရှောင်တခင် တင်ထူးထံ အသိပေး အကြောင်းကြားဖို့ သတိမရခဲ့ဘဲ ဝတ္တရားပျက်ကွက်ရသည့်အတွက် တင်ထူးအား တောင်းပန်စကား ပြောကြားလိုက်ပြီး–

'ကဲ... ဒါတွေ ပြောနေလို့ အချိန်သာ ကုန်ရော့မယ်၊ ပန်းရုံ စီးသွား

တဲ့ ကားကိုတော့ဖြင့် တွေ့နေပြီ၊ ပန်းရုံကို တွေ့ဖို့ လိုသေးတယ်' ဟု သတိပေး နှိုးဆော်မှ–

'ဟုတ်တယ်... ဟုတ်တယ်၊ ပန်းရုံကို တွေ့ဖို့ လိုသေးတယ်၊ မျက်ခြည် မပြတ်ခင် မြန်မြန်ရှာမှ၊ နို့မို့ရင် အစ ရှာမရဘဲ နေလို့' ဟု တင်ထူးက လောဆော်လာလေ၏။

'ဘာ ခက်တာလိုက်လို့ဗျာ၊ မမပန်းရုံ စီးသွားတဲ့ကားကို တွေ့နေမှ ဖြင့် အလွယ်လေးပဲ။ တိုက်ထဲ ဝင်သွားရင် ပြီးနေတာကို' ဟု ဒရိုင်ဘာ ကိုသိန်းက ပန်းရုံတစ်ယောက် သေချာပေါက် အရေးပိုင်ဟောင်း ဦးကျော် သိန်း အိမ်မှာ ရှိသယောင်ယောင် လွယ်လင့်တကူ ပြောနေသဖြင့်–

'လုပ်ပြန်ပြီ လုပ်ပြန်ပြီ၊ အခွင့်မပြုဘဲနဲ့ သူများအိမ်ဝင်းထဲ အတင်း ဝင်လို့ ရမတဲ့လား၊ မင်းဘကြီးက ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲထားမှ ပုနေမယ်'ဟု အေးအေးက ကြိမ်းလိုက်မှ ကိုသိန်းလည်း လျှာကလေး ထုတ်နေရတော့၏။

'ကဲ... ကိုတင်ထူး ဘယ်လိုသဘောရသလဲ၊ ကျွန်မသဘောတော့ ပန်းရုံ အဲဒီအိမ်မှာ ရှိ၊ မရှိ သေချာအောင် စုံစမ်းကြည့်ချင်သေးတယ်။ တကယ်လို့ ရှိတယ်ဆိုမှ တစ်မျိုးတစ်ဖုံ မီးစင်ကြည့်ပြီး ကကြတာပေါ့။ မကောင်းဘူးလား' ဟု လေးလေးက တင်ထူးကို တိုင်ပင်လေရာ တင်ထူး ကလည်း အနူးအညွတ် သဘောတူလိုက်ပြီး–

'ဒါဖြင့် ဒီလိုလုပ်၊ ပထမဆုံး ကျွန်တော် တစ်ယောက်တည်း သွား စုံစမ်းကြည့်ချေမယ်၊ သေချာတော့မှ အားလုံး စုသွားကြရင် မကောင်း ဘူးလား' ဟု အကြံပေးလာလေ၏။

'ဖြစ်ပါ့မလား၊ တော်ကြာ ဟိုကလည်း ဘုခပ်ကျကျ၊ ကိုတင်ထူး ကလည်း မခံချင်ချင်နဲ့ ဒုက္ခတွေ များကုန်လို့' ဟု လေးလေးက ဒရိုင်ဘာ ကိုသိန်း၏ ပြောပြချက်ဖြင့် စိုးရိမ်မကင်း ရှိသည်နှင့် ပြောလိုက်မိသည်။

'ကိစ္စမရှိပါဘူး၊ ကျွန်တော် ကြံဖန်ပြီး သူတို့မသိအောင် သွားစုံစမ်း မှာပေါ့။ မြောင်သွားတွေ့လို့လည်း ဖြစ်မှမဖြစ်ဘဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာက ဘာအကြံအစည်နဲ့များ ပန်းရုံကို ခေါ်ထားမှန်းမှ မသိဘဲ။ သတင်းစာတွေထဲမှာ အတိအလင်း ကြော်ငြာထား၊ ဂါတ်လည်း တိုင်ပြု

ထားတဲ့ အဓိကရ အထင်အရှား လူပျောက်ကို လက်ခံထားတာ အကြံအစည် တစ်ခုခုရှိလို့ ဖြစ်မှာပဲ'

'ဟုတ်တယ် ဟုတ်တယ်၊ သူတို့ သတင်းစာထဲက ကြော်ငြာလည်း တွေ့မှာပဲ၊ သူတို့လက်ခံထားတဲ့ ပန်းရုံကလည်း အသိသာ အထင်အရှား စိတ်မကောင်း ဖြစ်နေတာကြီးပဲ' ဟု အေးအေးက ဝင်ရောက်ပြောလိုက်ရာ၊ လေးလေးကမူ ဤသို့ ထင်မြင်ချက်ပေးလေသည်။

'သတင်းစာထဲက ကြော်ငြာတယ် ဆိုပေမဲ့ တွေ့ချင်မှ တွေ့ဦးမှကို။ တွေ့ဦးတော့၊ သတိရချင်မှ ရဦးမှကို။ ပြီးတော့ ပန်းရုံ အိမ်ပေါ်က ပျောက်သွားတာ တစ်နှစ်တောင်မှ မကတော့ဘဲဟာ။ သူတို့ဆီ ရောက်သွားတဲ့အချိန်မှာ အကောင်း ပြန်ဖြစ်နေသလားမှ မသိဘဲ'

'အကောင်းပြန်ဖြစ်နေမှတော့ ပန်းရုံက မနေပါဘူး၊ အိမ်ကို ရောက်တဲ့ နည်းနဲ့ ပြန်လာမှာပေါ့' ဟု အေးအေးက စောဒက တက်ပြန်၍–

'ဒါတော့ ပန်းရုံမှပဲ သိနိုင်မှာပဲ၊ ဒီအိမ်က ထွက်သွားကတည်းက ကိုဘကင်းနဲ့ ပတ်သက်ပြီး ဆင်းသွားတာဖြစ်တော့ စိတ်နာနာနဲ့ တမင်ပြန်မလာတာရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လည်း လူက အကောင်းပြန်ဖြစ်တယ်ဆိုပေမဲ့ အရင်က အကြောင်းတွေ မေ့နေပြီး လူသစ်စိတ်သစ်နဲ့ ဘဝသစ် ရောက်နေတာမျိုး ဖြစ်ချင် ဖြစ်နေမှာ' ဟု လေးလေးက ပြန်လည် ရှင်းပြလိုက်သဖြင့် အေးအေးလည်း–

'ဟုတ်လိမ့်မယ်.... ဟုတ်လိမ့်မယ်၊ လူသစ်စိတ်သစ်ဖြစ်ပြီး အရင်အကြောင်းတွေ မေ့နေလို့ ဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆို ကြည့်ပါလား၊ အင်းယားမှာ ကားချင်းဆုံကြတော့ ကားထဲက လှမ်းကြည့်နေလိုက်တာ စိန်းနေတာပဲ' ဟု ထောက်ခံလေတော့၏။

## (၁၃)

အေးအေးနှင့် လေးလေးတို့ ညီအစ်မက တစ်ယောက် တစ်ပေါက်နှင့် ထင်မြင်ချက် အမျိုးမျိုး ပေးနေကြသလောက် တင်ထူးတစ်ယောက်ကမူ မှိုင်တွေတွေနှင့် ပန်းရုံ၏ အနာဂတ်ကို မျှော်ကြည့်ရင်း သက်ပြင်းအခါခါ ချနေမိရှာသည်။

ယခုပြောဆိုနေသလို ပန်းရုံကို အရေးပိုင်ဟောင်းအိမ်တွင် လွယ်လင့်တကူ တွေ့ရသည်ထား၊ အကယ်၍များ လေးလေး ပြောသလို စိတ်နာလက်စနှင့် တမင်ပင် အိမ်သို့ ပြန်မလာလို၍ မပြန်ခြင်း ဖြစ်နေလျှင် ပြေရာပြေကြောင်း ချော့မော့နိုင်သဖြင့် မထောင်းတာလှသော်လည်း၊ သို့မဟုတ်မူဘဲ လူက အကောင်းပြန်ဖြစ်သည်တိုင် အတိတ်ဟူသရွေ့ မေ့လေကာ လူသစ်စိတ်သစ် ဘဝသစ်သို့ ရောက်နေခဲ့သော် သူ့မှာ ရင်ကျိုးဖွယ်ရာ ဖြစ်ပေတော့မည် တကား။

သို့ရာတွင် မမြင်နိုင်သော၊ မခန့်မှန်းသာသော အနာဂတ်ကို ကြို၍ပူပန်နေခြင်းဖြင့် အကျိုးမထူးနိုင်ရာ–

'ကဲ… သွားဆို အခုပဲ ကျွန်တော် စုံစမ်းရအောင် သွားချေမယ်'ဟု ဆိုဆိုပြောပြော နေရာမှထကာ လာမည့်ဘေး ရဲရဲဝံ့ဝံ့ ပြေးတွေ့မည့်ပုံဟန်ပြင်လိုက်သဖြင့် အေးအေးတို့ ညီအစ်မက–

'ဟင်… သွားတော့မလား၊ ကားယူသွားဦးလေ၊ ဟဲ့… ကိုသိန်း၊ ကိုတင်ထူးကို လိုက်ပို့ချေ' ဟု ဒရိုင်ဘာ ကိုသိန်းကို အတင်း လိုက်ပို့ခိုင်းနေ၏။

'နေပါစေ…. ကိစ္စမရှိပါဘူး၊ ကားနဲ့သွားလို့ မဖြစ်ဘူး၊ ကားကို မြင်နေရင် စုံစမ်းရာမှာ အနှောင့်အယှက် အထစ်အငေါ့တောင် ဖြစ်သေးတယ်' ဟု တင်ထူးက အကြောင်းပြ ငြင်းပယ်ကာ ထွက်သွားသဖြင့် ညီအစ်မ နှစ်ယောက်လည်း ငေးမော ကျန်ရစ်ခဲ့ကြလေ၏။

## (၁၄)

စမ်းချောင်းရပ်ကွက်မှ ရှမ်းလမ်းမကြီးကို ဗားကရာလမ်းကြီးဖြင့် နှစ်ပိုင်းပိုင်းကြည့်လျှင် စမ်းချောင်းရပ်ကွက်ဘက်မှ ရှမ်းလမ်းမကြီးမှာ လူဆင်းရဲများ အနေများသောရပ်ကွက် ဖြစ်သည်နှင့်အညီ အိမ်ခြေထူထပ်သည့်ပြင် ဈေးကလည်း လမ်းဘေးမှာတင်ရှိလေရာ နံနက်မှသည် ညအထိ လူသွားလူလာများဖြင့် စည်စည်ကားကား ရှိလှ၏။ စမ်းချောင်း ဟိုဘက်က သမ္မတအိမ်တော် အနီးအနားတစ်ဝိုက်၌မူ ရှမ်းလမ်းချင်း အတူတူပင် ဖြစ်သော်လည်း အများအားဖြင့် အိမ်ကြီးရခိုင် တိုက်တာများဖြင့် ကိုယ့်ဝင်း ကိုယ့်ခြံ

ဖန်တီးကာ ကြေးရတတ်တို့ နေထိုင်ကြလေရာ လူနေကျဲသလောက် လူသူ သွားလာခြင်း နည်းပါးလှ၏။ မနီးမဝေး သမ္မတရပ်ကွက် တဲအိမ်များမှ လူထုကြောင့်သာလျှင် နေ့လယ်နေ့ခင်းမှာ သရဲခြောက်မတတ် လူပြတ်လပ် ခြင်းမှ ကင်းဝေးခဲ့ရသည် ဆိုက မမှားနိုင်ပေ။

သို့ရာတွင် ရန်ကုန်သို့သွားရာတွင် ပြည်လမ်းမကြီးထက် ကားသွား ကားလာ ရှင်းသဖြင့် တစ်ကြောင်း၊ ပို၍ နီးသည်ဟု ထင်မှတ်၍ တစ်ကြောင်း ကြောင့် စမ်းချောင်း၊ မြေနီကုန်းတစ်ဝိုက်မှ ကိုယ်ပိုင်ကားတို့သည် ရှမ်းလမ်းမ ကြီးကိုသာ အသုံးပြုကြသဖြင့် ကားသွားကားလာများကား မနည်းလှချေ။ ရှေ့သုံးလေးခေါ်လောက်တွင်ကလည်း ဂျင်မခါနာ သားဖွားရုံကလည်း ရှိသေးရာ ဆေးရုံသို့ ကိုယ့်ကိစ္စနှင့်ကိုယ် သွားလာကြသော သူများကလည်း ရှိသေး၏။

သို့သော် မနက်ခင်းနှင့် ညနေခင်းပိုင်းများတွင်သာ ထိုဒေသ၊ ထိုနေရာ တစ်ဝိုက်မှာ အသွားအလာ မနည်းလှသော်လည်း နေ့လယ်ပိုင်း၌မူ နေ ကလည်း ပူလာသဖြင့် သွားသူလာသူမရှိသလောက်ပင် တိတ်ဆိတ်ခြောက် သွေ့လှတော့သည်။ ထိုအချိန်မှာ အသက်အစိတ်ခန့် လူရွယ်တစ်ယောက် သည် ဦးထုပ်ပျော့ကလေးတစ်လုံး ဆောင်းကာ ရှမ်းလမ်းမကြီးအတိုင်း ဖြည်းလေးစွာ လျှောက်လာရင်း ခြံဝမှ နံပါတ်များကို ကြည့်ကာ တစ်ခြံပြီး တစ်ခြံ ကျော်လွန်လာခဲ့ပြီးနောက် တစ်ခုသောဝင်းတံခါးအဖြူနှင့် ခြံရှေ့သို့ ရောက်လျှင် အတန်ကြာ ရပ်တန့်ကြည့်ရှုနေ၏။ ခြံဝမှ လက်တစ်ဝါးခန့် အနက်ခံ အဖြူစာလုံးဖြင့် ရေးသားထားသော စာသုံးလုံးကို တွေ့ရမှ ကျေနပ် သော မျက်နှာဖြင့် စေ့ရုံ စေ့ထားသော ဝင်းတံခါးကို တွန်းကာ ဝင်ရောက် သွားလေသည်။ ထိုလူရွယ်၏ အမူအရာမှာ အတင့်ရဲလွန်းနိုင်သဖြင့် ထိုအချိန် တွင် အိမ်ပေါ်ထပ်မှ လှမ်းကြည့်နေသော လူရွယ် တစ်ယောက်မှာ အံ့အား သင့်၍ နေမိလေ၏။

တင်ထူးသည် အိမ်နားသို့ ချဉ်းကပ်မိသော်လည်း သူ့ရှေ့မှ သံတံခါး ကို သော့ခတ်ထားသဖြင့် တံခါးဘေးတွင် တပ်ဆင်ထားသော လျှပ်စစ် လူခေါ်သော ဖုကလေးကို နှိပ်လိုက်ရသည်။ သူ ထင်သည့်အတိုင်းပင် လွယ်ကူစွာဖြင့် ခေါ်ယူမရသဖြင့် နောက်တစ်ကြိမ် ခပ်ကြာကြာကလေး

ဖုကို နှိပ်ထားမှ အပေါ်ထပ်မှ လူဆင်းလာသံကို ကြားရလေသည်။ သို့ရာတွင် ဆင်းလာသူမှာ စောစောက တင်ထူး ခြံထဲသို့ အတင့်ရဲရဲဖြင့် ဝင်လာသည်ကို အိမ်ပေါ်ထပ်မှ အုံ့အားသင့်ကာ ကြည့်နေသောလူရွယ် မဟုတ်ဘဲ အိမ်တွင် ခိုင်းစေထားဟန်တူသော မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။

'ဘာကိစ္စရှိလို့လဲ၊ ဘယ်သူ့ တွေ့ချင်လို့လဲ' ဟု မိန်းကလေးက မေး၏။

'ဒီအိမ် ဦးကျော်သိန်း အိမ်လား'

'ဟုတ်ပါတယ်၊ ဦးကျော်သိန်းကို တွေ့ချင်လို့လား၊ ဘဘကြီး မရှိဘူး၊ မြို့ထဲ သွားတယ်' ဟု ပြောပြောဆိုဆို အပေါ်ထပ်သို့ ပြန်တက်သွားမည် ပြုသဖြင့်–

'နေပါဦး နေပါဦး၊ ဦးကျော်သိန်း မရှိရင် ရှိတဲ့လူကြီး တစ်ယောက်ယောက် ခေါ်ပေးပါ'ဟု ပြောလိုက်ပြီးနောက် တင်ထူးလည်း သူတို့ ပုံနှိပ်တိုက်မှ လက်ဖြင့် ရိုက်ယူလာခဲ့သော သန်းခေါင်စာရင်း စာရွက်များကို ဟန်ကျကျနှင့် ထုတ်ယူလိုက်ပြီး 'ပြောလိုက်၊ သန်းခေါင်စာရင်း ကောက်ဖို့ လာတယ်လို့'ဟုပါ မှာလိုက်လေ၏။ အစေခံမကလေး ပြန်တက်သွားပြီး များမကြာမီပင် အပေါ်ထပ်မှ ပြန်ဆင်းလာရာ လူရွယ်တစ်ယောက် ပါလာ၏။ စောစောက အပေါ်ထပ်မှ အံ့အားသင့်၍ ကြည့်နေခဲ့သော ထိုလူရွယ်က တင်ထူးကို မနှစ်မြို့သော မျက်နှာဖြင့် 'ဘာလဲ ဘာလဲ၊ သန်းခေါင်စာရင်းကလည်း ခဏ ခဏ ကောက်လှချည်လား' ဟု ပြောရာ၊ တင်ထူးလည်း ယုတ္တိယုတ္တာနှင့် ကျေနပ်ယုံကြည်အောင် ဖြီးရလိမ်ရတော့မည် ဖြစ်သဖြင့်–

'စိတ်မဆိုးပါနဲ့ နောင်ကြီးရာ၊ အရင်ကောက်သွားတဲ့ စာရင်းက မပြည့်စုံလို့ ခု နောက်ထပ်ပြီး သေချာအောင် ပြန်ကောက်ရမယ်လို့ အထက်က အမိန့်ရောက်လာလို့ပါ။ နှောင့်ယှက်တယ်လည်း မအောက်မေ့ပါနဲ့ ခင်ဗျာ' ဟု လေချိုသွေးတော့မှ လူရွယ်လည်း တင်ထူးအား တကယ်ပင် သန်းခေါင်စာရင်းရုံးမှ မှတ်ထင်သွားကာ–

'ကဲ... ကဲ၊ ဒါဖြင့် ဘာသိချင်သလဲ၊ မြန်မြန်မေး' ဟု ဆိုကာ

လိုက်လျှောသဖြင့် တင်ထူးလည်း သန်းခေါင်စာရင်းဇယားကို ကြည့်ကာ မေးနေရလေ၏။ အိမ်ရှိ လူပေါင်းအတော်များများကို ပြည့်ပြည့်စုံစုံ သိရှိရပြီ ဖြစ်သော်လည်း သူ သိလိုသော ပန်းရုံနှင့် ပတ်သက်၍ကား မည်သို့မျှ မသိရလေသဖြင့်–

'ဒါပဲလား ခင်ဗျာ၊ ဒီပြင် ဘယ်သူများ ကျန်ပါသေးသလဲ၊ နောက်ကျမှ ထပ်ဖြည့်ချင်လို့ ရမှာမဟုတ်ဘူး၊ ခေတ်ကလည်း သိပ်မကောင်းတော့ အစိုးရကကို ကြပ်ကြပ်မတ်မတ် အိမ်ရှိစာရင်းကို ယူခိုင်းနေတာ၊တချို့အိမ်မှာ လူပိုရှိနေတာ စာရင်းမပေး၊ အကြောင်းမကြားမိလို့ ပုလိပ်ဘက်က အရေးယူ ခံရသေးတယ်ဗျ' ဟု တင်ထူးက နိုင်ပေါက်နှင့် ခြောက်ကြည့်လိုက်၏။

သို့ရာတွင် အကြောင်းမထူး။ "ဘူး" သာ တွင်တွင် ကွယ်နေသဖြင့် နောက်ဆုံး၌ တင်ထူးလည်း ထိုနည်းနှင့် စုံစမ်း၍ ဟန်ကျပုံ မရသောကြောင့် 'ဒါဖြင့်လည်း ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ ခုလို ဂရုတစိုက် ဖြေကြားတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု လောကွတ်စကား ပြောကြားရင်း အောင်မြင်စွာ နောက်ဆုတ် ပြန်လာခဲ့ရလေသည်။

သို့နှင့် တင်ထူးက စိတ်မလျှော့သေးပေ။ ဖွဲကောင်းကောင်းနှင့် ထိုခြံနှင့် မနီးမဝေးရှိ ကွမ်းယာဆိုင်တစ်ဆိုင်သို့ သွားရောက်ထိုင်ကာ တစ်နေကုန်အောင် ခြံထဲသို့ တစေ့တစောင်း လှမ်းကာ အကဲခတ်နေမိသေး၏။ တစ်နေ့လုံး အဝင်အထွက် လုံးဝမရှိဘဲ ညနေစောင်းလောက်တွင်မှ မြို့ထဲမှ ပြန်လာဟန်တူသော ကားသစ်ကြီးတစ်စင်း ခြံတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရလေ၏။ ကားပေါ်မှ လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် ဆင်းကာ အိမ်ပေါ်သို့ တက်ရောက်သွားသည်ကိုလည်း မြင်လိုက်ရ၏။ လူကြီးကား ခြံရှင် အရေးပိုင်ဟောင်း ဦးကျော်သိန်းပင် ဖြစ်ပေမည်ဟု တွက်လိုက်၏။ နာရီဝက်ခန့် သည်းခံကာ ကွမ်းယာဆိုင်မှ စောင့်ဆိုင်း ကြည့်ရှုနေသော်လည်း မိုးသာ စုပ်စုပ်ချုပ်သွားတော့သည်။ အကြောင်းမထူးသဖြင့် နောက်ဆုံး၌ အိမ်က မမများ စိတ်ပူနေမည် စိုးသည်နှင့် နောက်တစ်နေ့မှပင် လာရောက်စုံစမ်းမည်ဟု ကျောက်မြောင်းသို့ ပြန်လာခဲ့ရလေသည်။

## (၁၅)

ထိုနေ့ည တစ်ညလုံး တင်ထူးမှာ စိတ်စောနေသဖြင့် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ပန်းရုံနှင့် ပတ်သက်ကာ အမျိုးမျိုး တွေးတောနေမိလေသည်။

နောက်တစ်နေ့ နံနက် နေအတော်မြင့်မှ အိပ်ရာမှ လန့်ဖျပ်ကာ နိုးလျှင်နိုးချင်း ကပျာကယာ မျက်နှာသစ်၊ သူ့အစ်မ ဖျော်ပေးသော ကော်ဖီကို ကျိုက်ချလိုက်ပြီး 'အရေးကြီးသော ကိစ္စရှိလို့' ဟု ပြောကာ ဆိုက်ကား တစ်စီးဖြင့် စမ်းချောင်းဘက် ထွက်လာခဲ့မိလေသည်။ မနေ့က ကွမ်းယာဆိုင်နှင့် မနီးမဝေး တစ်နေရာတွင် ဆိုက်ကားကို ပိုက်ဆံရှင်းပေးပြီး ခြေကျင်လျှောက်ခဲ့ရာ၊ ကွမ်းယာဆိုင်မှနေ၍ ခြံဝင်းတွင်းသို့ လှမ်းအကဲခတ်နေမိပြန်သည်။ တင်ထူး၏ အပြုအမူကြောင့် ဆိုင်ရှင် အဒေါ်ကြီးကပင် မသင်္ကာသော မျက်နှာဖြင့် တစ်စုံတစ်ရာ ထုတ်ဖော်မေးမည့်ပုံ တွေ့ရ၍ သူ၏နှမကလေးတစ်ယောက် အိမ်က ပျောက်သွားရာ ဤအိမ်ကြီးသို့ ရောက်နေကြောင်း သတင်းရသဖြင့် စုံစမ်းရန်အကြောင်း အကြမ်းဖျင်း ပြောပြရသည်။ သည်တော့မှ အဒေါ်ကြီးလည်း သင်္ကာရှင်းသွားကာ ဤအိမ်သို့ သူတို့ ပြောင်းလာကြသည်မှာ မကြာသေးကြောင်း၊ မိန်းမပျို ချောချောလှလှ တစ်ယောက်တော့ တစ်ခါတစ်ခါ တွေ့ရကြောင်း၊ စိတ်ကောင်း မကောင်းတော့ သူ မသိရကြောင်း၊ မော်တော်ကား ဒရိုင်ဘာ လုပ်သူတော့ မကြာခဏ စီးကရက်ဝယ် လာတတ်သော်လည်း မစပ်စုမိကြောင်း ပြောပြလေသည်။

ထိုစဉ်အတွင်းမှာပင် ခြံတွင်းမှ လူတစ်ယောက် ထွက်လာလေရာ အဒေါ်ကြီးက 'သူပဲ... သူပဲ၊ ကားဒရိုင်ဘာပေါ့' ဟု ပြောလေ၏။ တင်ထူးလည်း ကွမ်းယာဆိုင်သို့ စီးကရက်ဝယ် ရောက်လာသော ကားဒရိုင်ဘာကို အချိုသာဆုံးသော မျက်နှာဖြင့် ရင်ဆိုင်လိုက်ရင်း–

'ဒီမှာ နောင်ကြီး' ဟု အသံပြုလိုက်ရာ ဒရိုင်ဘာက လှည့်ကြည့်လျှင် 'နောင်ကြီး ဟိုအိမ်ကလား ခင်ဗျာ' ဟု မေးလိုက်၏။

'ဟုတ်တယ်'

'တစ်ဆိတ်ဗျာ ကျွန်တော့် နှမလေးတစ်ယောက် ဒီအိမ်ရောက်နေတယ် ကြားလို့ ဟုတ် မဟုတ် သိပါရစေဗျာ။ ဟုတ်တယ်ဆိုရင် တော်ပါပြီ၊ ဘယ်လိုမှ မနှောင့်ယှက်ပါဘူး၊ သူ ကောင်းကောင်းမွန်မွန် နေရတာ သိ

ရရင် ဝမ်းသာပါပြီဗျာ' ဟု တင်ထူးက အပျော့နိုင်ဆုံးသော လေသံဖြင့် အသနားခံကြည့်ရာ တစ်ဖက်သားအား ကရုဏာ ပါးရှားဟန် မတူသော ဒရိုင်ဘာက အသံပျော့ပျော့နှင့်–

'ခင်ဗျား နှမကလေး နာမည်က ဘယ်လိုခေါ်လို့လဲ' ဟု မေးခွန်း ထုတ်လိုက်လေ၏။

'ပန်းရုံလို့ ခေါ်ပါတယ် ခင်ဗျာ'

'ပန်းရုံ.... ပန်းရုံ ဆိုတာ ကျုပ်တို့အိမ်မှာ မရှိဘူး၊ ခင်ဗျား အိမ် မှားနေပြီ ထင်တယ်'

'မမှားပါဘူး ခင်ဗျာ၊ ဒီအိမ်ပဲလို့ ပြောတဲ့သူက သေသေချာချာ ပြောလိုက်လို့ပါ၊ အဲ... ပြီးတော့ သူ့ကို ကျွန်တော်တို့က ပန်းရုံလို့ ခေါ်ပေမဲ့ အိမ်က ပျောက်သွားတာ တစ်နှစ်ကျော်ကျော်တောင် ရှိပြီဆိုတော့ နာမည် တစ်မျိုး ပြောင်းချင် ပြောင်းနေမှာ'

'ခင်ဗျားနှမ ပုံပန်းသဏ္ဌာန် ပြောစမ်းပါဦး၊ အိမ်မှာတော့ ကောင်မ လေးတွေ သုံးလေးယောက် ရှိတာပဲ' ဟု ပြောသဖြင့် တင်ထူးလည်း ပန်းရုံ ၏ ပုံပန်းသဏ္ဌာန်ကို သေသေချာချာ ပြောပြလိုက်ရလေသည်။ သို့ရာတွင် ဒရိုင်ဘာက ခေါင်းကို ယမ်းခါရင်း... 'ခင်ဗျားပြောတဲ့ မိန်းမ ချောချော လှလှ ကျုပ်တို့အိမ်မှာ မရှိဘူး၊ ရှိတာက သောက်ရုပ်ဆိုးချည်းပဲ။ ကဲဗျာ... အဘိုးကြီး ဆေးလိပ်ဝယ်ခိုင်းတာ သွားပို့ရဦးမယ်၊ တော်ကြာ ကြာတယ်လို့ ပွက်နေလို့' ဟု ပြောရင်း ဆိုင်ရှင် အဒေါ်ကြီး ပြန်အမ်းသော ပိုက်ဆံကို လှမ်းယူကာ ထွက်သွားမည်ပြုစဉ် သမင်လည်ပြန် လှည့်ရင်း–

'နေပါဦး၊ ခင်ဗျား ခုနကပြောတဲ့ ခင်ဗျားနှမက လူကောင်းလား'ဟု မေးလိုက်သဖြင့် တင်ထူးလည်း စကားစ ပေါ်လာပြီဖြစ်သဖြင့် ဝမ်းမြောက် ဝမ်းသာနှင့်–

'စိတ်နည်းနည်း မကောင်းဘူး၊ ဦးနှောက်ပျက်ပြီး အိမ်က ထွက် သွားတာပဲ၊ ခင်ဗျားတို့အိမ်မှာ စိတ်နည်းနည်းမကောင်းတဲ့ မိန်းမ ရှိတယ် မဟုတ်လား'

'ဟာ... ဟုတ်ပြီ ဟုတ်ပြီ၊ ကျုပ်က ခိုင်းထားတဲ့ ကောင်မလေးတွေ မေးနေတာ မှတ်လို့၊ မမချစ် ဆိုတာတော့ နည်းနည်း စိတ်မကောင်းဘူး၊

ရှိတယ်။ တလောကတင်ပဲ ဘာကြာသေးလဲ၊ ကာလကတ္တားက ဆေးကု ပြန်လာကြတာ'

'မမချစ်တဲ့လား'

'ဟုတ်တယ်၊ ကျွန်တော်တို့က မမချစ်လို့ ခေါ်တယ်။ သူ့နာမည် အရင်းကတော့ အချစ် တဲ့'

တင်ထူးက ဘာပဲဖြစ်ဖြစ် ထိုမိန်းမပင် ပန်းရုံ ဖြစ်ရမည်။ တစ်စုံ တစ်ခုသော အကြောင်းကြောင့် နာမည်ပြောင်းထားခြင်းသာ ဖြစ်မည်ဟု–

'နို့... အဲဒီ မမချစ် ဆိုတာကကော ဘယ်သူလဲဗျ၊ ဦးကျော်သိန်း သမီးလား' ဟု သေချာအောင် မေးကြည့်မိသည်။

'ဘယ်က အဘိုးကြီး သမီးရမှာလဲ၊ အဘိုးကြီးသမီးက သေတာ ကြာပါရောလား၊ အဲ.... သူ့သားပေဟ့ ရှိတယ်'

'ဒါဖြင့် မမချစ်က ဦးကျော်သိန်းနဲ့ ဘာမှ မတော်ဘူးလား'

'ဆွေမကင်း မျိုးမကင်းထဲက နေမှာပေါ့၊ ကျွန်တော်လည်း သူတို့ ဇာစ်မြစ် ကောင်းကောင်း မသိပါဘူးဗျာ၊ တလောကမှ အလုပ်ဝင်တာ'

'သြော်... သြော် ဒါဖြင့် ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလား၊ နောင်ကြီး ကျေးဇူးကို မမေ့ပါဘူး၊ ခုနပြောတဲ့ မမချစ်နဲ့ တွေ့နိုင်အောင် ကြံမပေးနိုင်ဘူးလားဗျာ' ဟု တင်ထူးက သူ့မှာရှိသော လက်စွပ်ကို ချွတ် ကာ လာဘ်ထိုးမည် ပြုသော်လည်း ဒရိုင်ဘာက ခါးခါးသီးသီး ငြင်းပယ် နေ၏။

'ဟာ ဖြစ်မယ် မထင်ပါဘူးဗျာ၊ အစ်ကိုလေးက သူ့ဟာမကလေးကို မျက်ခြည်ပြတ်ခံတာ မဟုတ်ဘူး။ သိပ်ချစ်တာ'

'ဗျာ...'

'ဟုတ်တယ်၊ သူတို့ဟာက ကြည့်ရတာ ရိုးပုံမရပါဘူး၊ ဘင်္ဂလား ဆွေမျိုးတွေ ထင်ပါရဲ့ဗျာ'

တင်ထူးခမျာ တစ်ကိုယ်လုံး အေးစက်ကာ ကမ္ဘာကြီး တစ်ခုလုံး ချာချာလည်သွားသည်ဟု အောက်မေ့လိုက်မိလေသည်။

'ကဲဗျာ ကျုပ် သွားတော့မယ်' ဟု ဒရိုင်ဘာက နှုတ်ဆက်သွားသည် ကိုပင် တင်ထူးက ပြန်လည် လောကဝတ် မကျေနိုင်ဘဲ ငိုင်ငိုင်တွေတွေ

ကြီး ဖြစ်ကျန်ရစ်ခဲ့လေသည်။ မည်မျှကြာမြင့်သွားသည် မသိ၊ သူ့အနားမှ ဝီခနဲ ဖြတ်ကျော်သွားသော အသံတစ်ခုကြောင့် မော့ကြည့်လိုက်ရာ မနေ့ညက တွေ့လိုက်ရသော ခြံထဲမှ ကားသစ်ကြီး ဖြစ်နေသည်ကို တွေ့ရ၏။ စောစောက ဒရိုင်ဘာကပင် သူ့ကို လှည့်ကြည့်သွားသည်။ ကား နောက်ပိုင်း၌မူ ဝတ်ကောင်းစားလှနှင့် လူကြီးနှင့် မိန်းမကြီးတို့ စီးနင်းလိုက်ပါသွားသည်။

တင်ထူးသည် ပထမတော့ ဒရိုင်ဘာ၏စကားနှင့်ပင် ပန်းရုံတစ်ဖြစ်လဲ မမချစ်ခေါ် အချစ်ကို သွားရောက်တွေ့ဆုံလိုစိတ် မရှိအောင် စိတ်ပျက်နေမိ၏။ သို့သော် အချစ်ကား အချစ်သာ ဖြစ်လေရာ သူတို့ချင်း မည်မျှရင်းနှီး၍ အဘယ်မျှ ပွန်းတီးစေခါမူ မိမိက အချစ်လျှော့ဖို့ မသင့်။ ပြီးတော့ ပန်းရုံကလည်း စင်စစ် သူ့ကို တမင်စိမ်းကာ တစ်ဖက်လူအပေါ် ယိမ်းရသည် မဟုတ်ဘဲ အတိတ်ဟူသရွေ့ကို မေ့နေရရှာသော ဘဝသို့ ရောက်နေခြင်း ဖြစ်သဖြင့် ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်ရပေမည်။ ထို့ကြောင့်လည်း ဘာပဲဖြစ်ဖြစ် ရှိသမျှ နည်းလမ်းနှင့် အိမ်တွင်းသို့ ဝင်ရောက်ကာ ပန်းရုံကို တွေ့ဖို့ ပိုင်းဖြတ်လိုက်ခဲ့လေသည်။

မည်သို့ ဝင်ရောက် တွေ့ဆုံရမည်နည်း။ ယခုလို နေ့ခင်း ကြောင်တောင် ဝင်ရောက်၍ကား အကြောင်းထူးလိမ့်မည် မဟုတ်ရာ၊ ညဘက် လူသူပြတ်လပ်မှ ကြံစည်ခြင်းက သင့်လျော်မည်ဟု အောက်မေ့မိ၏။ မိုးချုပ်အောင် ကွမ်းယာဆိုင်တွင် တစ်နေကုန် ထိုင်စောင့်နေခြင်းဖြင့် ကိုယ့်အကြံ လူရိပ်မိဖို့သာ ရှိသဖြင့် လေးလေးတို့အိမ်သို့ ပြန်လျှောက်လာခဲ့မိလေ၏။

## (၁၆)

လေးလေးတို့ တူအရီး သုံးယောက်လုံးကိုပင် အိမ်၌ အဆင်သင့် တွေ့ရလေသည်။ အားလုံးကပင် မျှော်လင့်တကြီးနှင့် တင်ထူးကို ဝိုင်းဝန်း မေးကြ မြန်းကြ၏။ သို့ရာတွင် တင်ထူးထံမှ သူတို့ ကျေနပ်လောက်သော အဖြေကို မရကြ။ လေးလေးကပင်–

'ကိုတင်ထူးကလည်း ပန်းရုံ အသေအချာ အိမ်ထဲမှာ ရှိနေမှန်း

သိနေမှ ရဲသားခေါ်ပြီး သွားလိုက်ရောပေါ့ ’ ဟု အပြစ်ဆိုစကား ပြောလေသည်။

‘ဟုတ်တယ်၊ ပုလိပ်နဲ့သွားရင် ကိစ္စပြီးနေတာကြီးကို ’ ဟု အေးအေးက သူ့ညီမကို ထောက်ခံသည်။ သို့ကြောင့် တင်ထူးမှာ ရဲအမှုထမ်းများခေါ်ဖို့မှာ မခဲယဉ်းကြောင်း၊ ခက်သည်မှာ ပန်းရုံသည် မိမိတို့ကို မှတ်မိချင်မှ မှတ်မိလိမ့်မည်ဖြစ်၍ ရဲဘက်အဖို့ ဥပဒေအရ အရေးယူဖို့ မလွယ်ကြောင်း၊ ပြီး ပန်းရုံ ဟုတ် မဟုတ်၊ ဟုတ်လျှင် သူတို့ ခေါ်ယူထားသည်ကို သေချာအောင် စုံစမ်းပြီးမှ ရဲအကူအညီ တောင်းသင့်က တောင်းမည် ဖြစ်ကြောင်း ဖျောင်းဖျောင်းဖျဖျ ပြောရသည်။

‘ဒါဖြင့် မောင်တင်ထူး ဘယ်တော့ သွားတွေ့မှာလဲ ’ ဟု လေးလေးတို့ ကြီးကြီး ဒေါ်လှက ဆေးပေါ့လိပ် မှိန်းနေရာက မေးလိုက်၍–

‘ကနေ့ညပဲ သွားတွေ့မလို့ ကြီးကြီး ’ ဟု တင်ထူးက ဖြေလိုက်ရာ လေးလေးက–

‘ဘာဲဖြစ်ဖြစ် ခုတစ်ခေါက်တော့ ကိုသိန်းကို အဖော်ခေါ်သွား၊ တစ်ယောက်တည်းဆိုရင် တော်ကြာ တစ်ခုခုဖြစ်နေရင် ကျွန်မတို့ အိမ်က နေရပေမဲ့ စိတ်ပူနေရတာ ’ ဟု စိုးရိမ်စွာ ဒရိုင်ဘာ ကိုသိန်းကို အဖော်ထည့်နေသဖြင့် တင်ထူးလည်း မငြင်းသာဘဲ သဘောတူလိုက်ရသည်။

လေးလေးတို့အိမ်တွင် ပန်းရုံနှင့် ပတ်သက်ကာ တစ်ယောက် တစ်ပေါက် တစ်နေကုန်အောင် ထင်မြင်ချက်ပေးရင်း ညမိုးစုပ်စုပ်ချုပ်မှ ထမင်းပါ စားသောက်ကာ ဒရိုင်ဘာ ကိုသိန်းနှင့် စမ်းချောင်းသို့ ထွက်လာခဲ့လေသည်။ ကားနှင့်ဆိုလျှင် ထိုည အကြံအစည်အတွက် အနှောင့်အယှက် တွေ့မည် စိုးသဖြင့် ကားကို မယူခဲ့ဘဲ ခရီး သိပ်မဝေးလှသည်နှင့် ခြေကျင်လျှောက်လာခဲ့ကြလေသည်။

စမ်းချောင်းသို့ ရောက်ကြသောအခါတွင် အတော်ကလေး ညဉ့်နက်စ ပြုနေပြီဖြစ်ရာ ကားသွားကားလာများမှာအပ လူသွားလူလာ မရှိသလောက် ဖြစ်နေ၏။ တင်ထူး စတည်းချနေကျ ကွမ်းယာဆိုင်ကလေးပင် မီးငြိမ်းကာ ဆိုင်သိမ်းသွားချေပြီ။ တင်ထူးလည်း ခြံတွင်းသို့ အရိပ်အကဲ ကြည့်လိုက်ရာ အောက်ထပ်၌ မှောင်မည်းနေသလောက် အပေါ်ထပ် ဧည့်ခန်းတစ်ခု

လုံးမှာ ဓာတ်မီးချောင်းရောင်ဖြင့် ဖြူလင်းနေ၏။ တစ်ချက် တစ်ချက် ပြန့်လွင့်လာသော ရေဒီယိုသံကို ကြားနေရခြင်းဖြင့် အိမ်သားများ မအိပ်ကြသေးဘဲ ရှိသည်ကို ခန့်မှန်းမိ၏။ သို့ရာတွင် အိမ်ဘေးမှ ကားဂိုဒေါင်သို့ ကြည့်လိုက်သောအခါတွင် ဟာလာဟင်းလင်း တံခါးပွင့်နေ၍ နံနက်က ထွက်သွားသောကား ပြန်မရောက်လာသေးသည်ကို တွေ့ရပြန်သဖြင့် တစ်အိမ်လုံးတွင် အခိုင်းအစေများမှအပ အစ်ကိုလေး ဆိုသူနှင့် ပန်းရုံသာလျှင် ရှိရမည်ဟု တင်ထူး တွက်မိလေသည်။

ကံအားလျော်စွာပင် တင်ထူးတို့ ခြံဝမှ အရိပ်အကဲ ကြည့်နေခိုက်ပင် ညှော့ခန်းမှ မိန်းမပျိုတစ်ယောက် ထလာကာ ပြတင်းပေါက်မှ အပြင်သို့ မျှော်ကြည့်နေသည်ကို တွေ့ရလေရာ၊ တင်ထူးမှာ "ပန်းရုံ" ဟု လွှတ်ခနဲ မခေါ်မိအောင် မနည်းသတိထားလိုက်ရလေ၏။ သူတို့ကြည့်နေစဉ်မှာပင် အစ်ကိုလေးဆိုသူပါ ပြတင်းပေါက်သို့ လာရပ်သဖြင့် မတော်တဆ သူတို့ကို မြင်သွားမှာ စိုးသည်နှင့် ကပျာကယာ ခြံစည်းရိုးဘေးသို့ နှစ်ယောက်သား ပြေးကပ်လိုက်ကြရ၏။ ခြံစည်းရိုးကြားမှ ဖောက်ထွင်းကာ အသာအယာ အကဲခတ်ကြည့်နေစဉ်ပင် အစ်ကိုလေးဆိုသူက တစ်စုံတစ်ရာ ရယ်သွမ်းသွေး၍ ပြောလိုက်သည်ကို ပန်းရုံက မကျေမနပ် စူဆောင့်အောင့်ကာ ထွက်သွားသည်ကို တွေ့ရလေသည်။ အစ်ကိုလေးဆိုသူက ဒါကို သဘောကျကာ လှည့်ကြည့် ကျန်ရစ်ခဲ့ရာမှ လမ်းမဘက်သို့ ပြန်လှည့်လာပြီး စီးကရက်တစ်လိပ် ထုတ်ကာ အေးအေးလူလူ သောက်ရှူနေ၏။ အနည်းဆုံး မိနစ်အစိတ်ခန့် စီးကရက်တစ်လိပ် မကုန်မီ အတောအတွင်း ဘယ်နည်းနှင့်မျှ ပြတင်းပေါက်မှ ခွာလိမ့်မည် မဟုတ်၍ တင်ထူးလည်း အခွင့်သာခိုက် သူ့ကိစ္စကို စတင်ရန် ဆုံးဖြတ်လိုက်ကာ–

'ကဲ... ကိုသိန်း၊ ခင်ဗျား ဒီငနဲ အရိပ်အခြည် ကြည့်နေ၊ ကျွန်တော် နောက်ဖေးကလှည့်ပြီး အပေါ်ကိုတက်မယ်၊ ခင်ဗျား ကြည့်ပြီး ဒီငနဲကို အောက်ဆင်းလာအောင် လုပ်ဗျာ' ဟု ဒရိုင်ဘာ ကိုသိန်းကို သေသေချာချာ မှာကြားကာ ခြံစည်းရိုးကို ထွင်းဖောက်ပြီး မှောင်ကွယ်အတိုင်း အိမ်နောက်ဖေးသို့ ရောက်အောင် သွားလေ၏။ အိမ်နောက်ဖေးသို့ လွယ်ကူစွာပင် ရောက်လျှင် အသင့်တွေ့ရသော နောက်ဖေးလှေကားမှ ခြေဖော့နင်း၍ တက်

ရောက်သွားပြီး လှေကားထစ်ဆုံးလျှင် အတွင်းမှ ပိတ်ထားသော တံခါး ကာဆီးနေသဖြင့် အခြားဝင်ပေါက်ကို ရှာဖွေကြည့်မိသည်။ ကံအားလျော်စွာ ပြတင်းပေါက်တစ်ခုမှာ အဆင်သင့် ပွင့်နေပြီး သံတိုင်လည်း ကာရံထားခြင်း မရှိ။ သို့ရာတွင် ပြတင်းပေါက်နားသို့ ရောက်အောင် သွားဖို့မှာ မလွယ်ကူလှပေ။ လက်ဝါးသာသာ အစွန်းထွက်နေသော အုတ်နံရံနှုတ်ခမ်းမှ သွားမှသာ ရောက်နိုင်၍ ကိုင်စရာ၊ တွယ်စရာ နတ္ထိ။ နစ်လှမ်းသာသာမျှသာ လျှောက်ရမည်ဖြစ်ရာ တင်ထူးအဖို့ အသည်းယားဖွယ် ကောင်းလှ၏။ ခြေချော်လက်ချော် ကျလိုက်လျှင် သက်သာမည် မဟုတ်။ သို့သော် စွန့်ဝံ့မှ ကိစ္စက ပြီးမည်ဖြစ်ရာ ဘာပဲဖြစ်ဖြစ်ဟူသော အချစ်စိတ်ဖြင့် လှေကားလက်ရန်းကို ကျော်၍ လက်တစ်ဝါးသာသာ အစွန်းထွက်နေသော အုတ်နှုတ်ခမ်းအတိုင်း အုတ်နံရံကို ကျောပေးကာ ခဲယဉ်းစွာ ကူးရလေသည်။ အချိန်တိုတောင်းသလောက် စိတ်က စောနေသဖြင့် ခြေ မြန်မြန် လှမ်းလိုလှသော်လည်း မဖြစ်နိုင်၍ တရွေ့ရွေ့နှင့်ပင် ကူးခဲ့ရာ၊ ကံဆိုးချင်တော့ ပြတင်းပေါက်နှင့် လက်လှမ်း မီလုမီခင်တွင်ပင် ရေညှိကို တက်နင်းမိကာ ခြေချော်ကျသွားမိလေ၏။

ပေ ၂၀ ခန့်မြင့်သော အမြင့်မှကျ၍ အောက်ကလည်း မြေမာ ဖြစ်လေရာ တင်ထူးအဖို့ သက်သာလိမ့်မည် မဟုတ်ပေ။ သို့သော် ခြေချော်အကျတွင် ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်ရာ တံခါးရွက်ကို ဆုပ်မိထားသဖြင့် အောက်သို့ ကျမသွားဘဲ တွဲလောင်းကြီး ဖြစ်နေလေ၏။ တင်ထူးလည်း ဟီးလေးခိုထားရာမှ လက်အန်မသေခင် ကျန်လက်တစ်ဖက်ဖြင့် ပြတင်းပေါင်ကို လှမ်းဆွဲလိုက်ရာ ချောချောမောမောပင် အုတ်နှုတ်ခမ်းကို ခြေပြန်ချမိလေ၏။ အုတ်နှုတ်ခမ်းပေါ်သို့ ပြန်ရောက်လျှင်ပင် အထဲသို့ ဝင်ဖို့ မခဲယဉ်းတော့သည်နှင့် ကြာရှည် အချိန်ဖြုန်းမနေတော့ဘဲ ပြတင်းပေါင်ကို ကျော်လွှားကာ အိမ်တွင်းသို့ ဝင်သွားမိသည်။ ပြီးလျှင် အရေးရှိက လွယ်လင့်တကူ ထွက်နိုင်ရန် လှေကားထိပ်မှတံခါးကို သွားရောက်ကာ ကန့်လန့်ကို အသာဖြုတ်ထားခဲ့ပြီး အိမ်တွင်းသို့ အရိပ်အခြည်ကို အကဲခတ် ကြည့်သည်တွင် အပေါ်ထပ်၌ အခြားလူပိုများ နေဟန်မတူဘဲ ဦးကျော်သိန်းတို့သားအဖ သုံးယောက်နှင့် ပန်းရုံသာ နေကြဟန်ရှိသည်ကို တွေ့ရလေသည်။ တစ်အိမ်

လုံးတွင် အိပ်ခန်းပေါင်း ၄ ခန်းတိတိ ကာရံ ဖွဲ့စည်းထားရာတွင် စောစော က သူ ဝင်လာခဲ့သော အခန်းမှာ ဧည့်သည်များအတွက် ထားသောအခန်း ဖြစ်ဟန်တူလေသည်။ တင်ထူးသည် အသာခြေဖော့နင်းခဲ့ရင်း မည်သည့် အခန်းတွင်းသို့ အလျှင်ဝင်ရမည်ကို ချိန်ဆနေပြီးမှ သို့အချိန်ဖြုန်းနေခြင်း အားဖြင့် အကျိုးသာမဲ့ဖွယ်ရာ ရှိသဖြင့် နီးရာအခန်း တစ်ခုသို့ စွတ်၍ ဝင်သွားမိလေသည်။

အဆင်သင့်ပင် ဝင်လိုက်သော အခန်းမှာ ပန်းရုံအတွက် အခန်း ဖြစ်နေလေသည်။ ပန်းရုံမှာမူ တစ်ယောက်အိပ် ခုတင်တစ်လုံးပေါ်တွင် သူ့ကို ကျောပေးကာ တစောင်းလဲလျောင်းနေသည်။ အိပ်ပျော်နေသေး ဟန်ကား မတူ။

'ပန်းရုံ' ဟု တင်ထူးက ခပ်အုပ်အုပ် အသံပြုသည်ကို ပန်းရုံက ဘာရယ်မဟုတ်၊ လူသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ တင်ထူးကို မြင်လျှင် ချစ်သူဟောင်းမှန်းပင် မမှတ်မိနိုင်ရှာကာ ကြောက်အားနှင့် ဟစ် အော်လိုက်လေသည်။ သို့သော် တင်ထူးက ကြိုတင်သိရှိကာ ပါးစပ်ကို လက်ဖြင့် ပြေးပိတ်ထားလိုက်သဖြင့် ဝူးဝူးဝါးဝါးသံသာလျှင် ထွက်သွား လေသည်။ ထိုစဉ်မှာပင် လူခေါ်ခေါင်းလောင်းသံက ညံနေအောင် ထွက် ပေါ်လာပြီး ဧည့်ခန်းမှ အစ်ကိုလေး၏ ခြေသံကိုလည်း ကြားလိုက်ရ၏။ သူတို့ထံ လာခြင်းမဟုတ်ဘဲ အောက်ထပ်သို့ ဆင်းသွားခြင်းဖြစ်ရာ တင်ထူး လည်း ဒရိုင်ဘာ ကိုသိန်း၏ ဖန်တီးချက်မှန်း သိကာ ပန်းရုံကိုသာလျှင် အခန်းပြင်သို့ အရခေါ်ယူမိလေသည်။ မူလလာစဉ်ကမူ ပန်းရုံဟုတ်မဟုတ် သိရရုံမျှသာ လာခြင်းဖြစ်သော်လည်း လူတစ်ယောက်လုံးကို တွေ့နေရသော အခါတွင်ကား စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ တစ်ပါတည်း အပါ ခေါ်ယူခဲ့မိခြင်း ဖြစ်လေသည်။

သို့ရာတွင် ချစ်သူဟောင်းကို ချစ်သူဟောင်းမှန်း မသိရှာသော ပန်းရုံ မှာ အတင်းရုန်းကန် ဟစ်အော် အသံပြုရန် ကြိုးစား အားထုတ်နေသဖြင့် တင်ထူးလည်း လက်တစ်ဖက်က ပါးစပ်ကို ပိတ်မြဲပိတ်ထား၍ တစ်ဖက်က ကိုယ်လုံးကို သိမ်းကျုံးပွေ့ယူကာ အပြင်သို့ အရ တရွတ်တိုက်ဆွဲခေါ်နေ၍ ပါးစပ်ကလည်း 'ပန်းရုံ... ပန်းရုံ၊ ကိုလေ.... ကိုတင်ထူးပါ၊ ပန်းရုံ ချစ်လှ

ချည်ရဲ့ဆိုတဲ့ ကိုတင်ထူးလေ’ဟု ပြောသော်လည်း တစ်ဖြစ်လဲကာ ဘဝသစ်ရောက်နေရှာသော ပန်းရုံက နားမလည်နိုင်ရှာဘဲ စူးစူးဝါးဝါးနှင့် အတင်းသာ ကိုယ်လွတ်ရုန်းနေသဖြင့် မတတ်သာတော့သည့်အဆုံး တင်ထူးလည်း သူ၏ လက်သီးဆုပ်ကြီးနှင့် ချစ်သူ၏ မေးကြောကို တအားထိုးချလိုက်မှ ပန်းရုံမှာ လက်တွင်း၌ပင် ပျော့ခွေ မေ့မြောသွားလေတော့၏။ သည်တော့မှ တင်ထူးလည်း ပန်းရုံကို ပခုံးပေါ်သို့ ထမ်းယူကာ နောက်ဖေးလှေကားမှ အပြေး ဆင်းလာခဲ့မိလေ၏။

ထိုအချိန်တွင် အစ်ကိုလေးဆိုသူမှာ ခေါင်းလောင်းသံကြောင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်တွင် ထူးဆန်းစွာဖြင့် တံခါးဝတွင် မည်သည့်ဧည့်သည်ကိုမျှ မတွေ့ရဘဲ ရှိသည်နှင့်၊ သူ့ဟာသူ ဇဝေဇဝါဖြစ်ကာ အတန်ကြာ ခြံတွင်းသို့ တောင်ကြည့်မြောက်ကြည့် ကြည့်ပြီးမှ မကျေမနပ် မြည်တွန် တောက်တီး၍ လှေကားအတိုင်း ပြန်၍ တက်သွားလေသည်။ အပေါ်ထပ်သို့ ရောက်လျှင် ရေဒီယို မီးခလုတ်ကို ပိတ်လိုက်ပြီး အတွင်းဘက်သို့ လျှောက်သွားကာ ပန်းရုံ၏ အခန်းတွင်းသို့ ဝင်မည်ပြုပြီးမှ မဝင်သေးဘဲ နောက်ဖေးဘက် ရေအိမ်သို့ ဆက်လျှောက်လာခဲ့ရာ၊ လှေကားဝမှ တံခါးဟာလာဟင်းလင်း ပွင့်ဟနေသည်ကို အံ့ဩစွာ တွေ့ရလေ၏။ ချက်ချင်းပင် ပန်းရုံ၏ အခန်းသို့ ပြန်ပြေးလာကာ ဝင်ကြည့်ရာ ပန်းရုံကိုလည်း မတွေ့ရ။ အခန်းတွင်း၌လည်း မွှေ့ရာ၊ ခေါင်းအုံး ဖရိုဖရဲနှင့် မွမွကြဲနေသည်ကို တွေ့ရ၏။

စောစောက ထူးဆန်းစွာ ခေါင်းလောင်းနှိပ်သံ ပေါ်လာပြီး လက်သည်ကိုမှ မတွေ့ရခြင်းနှင့် နောက်ဖေးလှေကားတံခါး ပွင့်နေသည်များကိုပါ တွေးကာ ပန်းရုံမှာ တစ်စုံတစ်ယောက်သော သူ၏ ပယောဂကြောင့် ပျောက်သွားမှန်း ရိပ်မိလိုက်လေ၏။ ထို့ကြောင့် နောက်ဖေးလှေကားအတိုင်းပင် ပြေးဆင်းလိုက်သွားရာ မှုန်ရီမှုန်ဝါး လရောင်အောင်၌ လူနှစ်ယောက်၊ တစ်ယောက်တွင် ပခုံး၌ သဏ္ဌာန်တစ်ခု ထမ်း၍ ခပ်သုတ်သုတ် ရှမ်းလမ်းမကြီး အတိုင်း သွားနေသည်ကို လှမ်းမြင်ရလေသည်။

‘သူခိုးပါဗျို့… သူခိုး… သူခိုး’ ဟု အသံကုန် အော်ဟစ်ရင်း ပြေးလိုက်သွားရာ အနီးအနားမှ အော်သံကြောင့် လူအချို့ပင် ပြေးထွက်လာကြ

ကာ အစ်ကိုလေးဆိုသူကို ဝိုင်းဝန်း မေးမြန်းနေကြ၍ အစ်ကိုလေး ဆိုသူက ပြန်ဖြေနေဆဲမှာပင် တင်ထူးနှင့် ကိုသိန်းတို့လည်း နောက်က လူလိုက်လာမှန်း သိသည်နှင့် လမ်းမမှ ချိုးဖဲ့ကာ တစ်ခုသော ချုံကောင်းကောင်းအောက်သို့ တိုးဝင် ခိုနေလိုက်ရလေ၏။

သို့ကြောင့် အစ်ကိုလေး ဆိုသူနှင့်တကွ နောက်က လိုက်လာသူများမှာ သူတို့အား မတွေ့ကြဘဲ ကျော်လွန်သွားကြ၏။

'လာ... လာ... သူတို့ ပြန်မလာခင် ပြေးကြစို့' ဟု တင်ထူးက ပြောကာ နေရာရွှေ့မည်ပြုကြစဉ် သတိမေ့နေသော ပန်းရုံလည်း အေးမြသော လေဖြင့် သတိလည်လာသဖြင့် တင်ထူးတို့မှာ ချော့ခေါ်နေရ၏။ သို့ရာတွင် ပန်းရုံက ဖွတ်အတင်းသာ ငြင်းဆန် ရုန်းကန်နေပြန်၏။ ထို အချိန်မှာပင် ရန်ကုန်ဘက်မှ လာနေသော ကားတစ်စီး၏ မီးရောင်က သူတို့ ပုန်းခိုနေရာသို့ ကျရောက်လာလေရာ၊ လိုက်ရှာသူများကလည်း မျက်ခြည်ပြတ်သွား၍ ပြန်လှည့်အလာနှင့် လူတစ်ယောက် တွေ့သွားပြီး 'ဟိုမှာ... ဟိုမှာ' ဟု ဟစ်အော်ကာ စုပြုပြေးလာကြလေ၏။ တင်ထူးနှင့် ကိုသိန်းတို့ တစ်ခဏမျှ အံ့အားသင့်နေစဉ် အလစ်တွင် ပန်းရုံလည်း ငေါက်ခနဲ ထကာ ခြေဦးတည့်ရာ ပြေးသွားသဖြင့် နောက်က တကြော်ကြော် အော်ခေါ်ရင်း လိုက်ရပြန်၏။ ပန်းရုံက ရှေ့ကပြေး၊ တင်ထူးတို့က နောက်က လိုက်၊ အစ်ကိုလေးတို့ လူစုကလည်း တင်ထူးတို့နောက်က လိုက်နှင့် ရှေ့တူရူမှ လာနေသော ကားမီးရောင်ဖြင့် အတိုင်းသား မြင်နေရလေ၏။ တင်ထူးက ပန်းရုံကို မီလုမီခင်အရောက်တွင် ပန်းရုံသည် တင်ထူးကို တစ်ချက်လှည့်ကြည့်ကာ လမ်းဘေးအတိုင်း ပြေးနေရာက လမ်းမကြီးကို ဖြတ်ကူးလိုက်လေ၏။ အရှိန်နှင့် မောင်းလာသော ကားနှင့် နီးကပ်နေပြီ ဖြစ်သဖြင့် တင်ထူးက စိုးရိမ်တကြီး 'မကူးနဲ့... မကူးနဲ့' ဟု အော်ဟစ်တားလိုက်ပါသေးသည်။ လက်နှင့်လည်း လှမ်းဆွဲလိုက်ပါသေး၏။ သို့ရာတွင် နောက်ကျသွားလေသည်။ တင်ထူးလည်း လေကိုသာ ဖမ်းမိလိုက်ရာ ကျွီခနဲ ဘရိတ်အုပ်သံကြီးနှင့်အတူ ပန်းရုံ၏ ကြောက်လန့်တကြား စူးရှစွာ အော်လိုက်သံကြီးကိုပါ ကြားလိုက်ရလေ၏။

တစ်ကိုယ်လုံး အေးစက်ကာ မျက်လုံးများ ပြာပြာဝေသွားမိ၏။

သတိရ၍ ကြည့်လိုက်သောအခါတွင် ကားသစ်ကြီး၏ဘီးအောက် သွေးအိုင်နီထဲမှ ဘာမျှမသိတော့သော ပန်းရုံကလေးကို ကြေကွဲစွာဖြင့် တွေ့မြင်နေရ၏။ 'ပန်းရုံ ပန်းရုံ' ဟု ခေါ်ကာ ပြေးသွားမည်ပြုရာ လက်မောင်းနှစ်ဖက်ကို နောက်မှ လူနှစ်ယောက်က ချုပ်ကိုင်ထားသည်ကို တွေ့ရပြန်၏။ 'လွှတ်ဗျာ လွှတ်ဗျာ၊ ကျွန်တော့်ချစ်သူကလေး အသက်ဆုံးရှုံးရပြီ'ဟု ငိုကြီးချက်မ ပြောကာ ရုန်းကန်ပါသော်လည်း မရ။ အစ်ကိုလေး ဆိုသူမှာကား မြေပြင်ပေါ်သို့ ဒူးထောက်ချလိုက်ပြီး မျက်ရည်တွေတွေနှင့် ပန်းရုံကို ယုယစွာ ပွေ့ယူထားရင်း–

'ခင်ဗျား သိပ်ရက်စက်တယ်ဗျာ၊ ကြည့်စမ်း၊ ခုတော့ ခင်ဗျားကြောင့် ဘယ်လောက် ကြေကွဲရပြီလဲ' ဟု ငိုသံပါကြီးနှင့် တင်ထူးကို စိန်းစိန်းကြည့်ရင်း အပြစ်တင်နေလေ၏။ ထိုစဉ်မှာပင် မည်သူက အကြောင်းကြားလိုက်သည် မသိ၊ စူးရှသောဥသြသံနှင့်အတူ ပုလိပ်ကားနှင့် ဆေးရုံလူနာတင်ကားများ ရောက်လာကြပြီး လူနာတင်ကားက ပန်းရုံ၏အလောင်းကို တင်ဆောင်သွားရာ ကာယကံရှင် ယောကျ်ားနှစ်ယောက်ဖြစ်သူ တင်ထူးနှင့် အစ်ကိုလေး ဆိုသူမှာ အရှုံးပမာ ဖြစ်ကျန်ရစ်ခဲ့ကြလေ၏။

'မပူကြပါနဲ့ဗျာ... မသေသေးပါဘူး၊ အသက်ရှိပါသေးတယ်။ သူ့ကံ ရှိသေးရင် ရှင်နိုင်ပါသေးတယ်' ဟု လူနာတင်ကားနှင့် ပါလာသော ဆရာဝန်က ပြောသွား၍ နှစ်ယောက်သားမှာ ရဲအရာရှိ မေးသမျှကို ဖြေဆိုနေကြတော့၏။ အစ်ကိုလေးဆိုသူက တင်ထူးအပေါ် အပြစ်ပုံချ ထွက်ဆိုသော်လည်း တင်ထူးက သူတို့၏ အဖြစ်သနစ် စုံစုံလင်လင်ကို ပြောပြလိုက်၍ ရဲအရာရှိလည်း ကျေနပ်သွားကာ 'ကဲ.... ခု ပြောကြပုံအတိုင်းဆိုရင် ဦးရဲ့သားနဲ့ ဟောဒီက ကိုတင်ထူးရော နှစ်ယောက်လုံးပဲ အချစ်ခေါ် မပန်းရုံရဲ့ ကာမပိုင်ယောကျ်ား ဖြစ်နေပြီ။ ဒီတော့ သူ ရထိုက်၊ ငါ ရထိုက် ငြင်းနေကြတော့မှာပေါ့'

အစ်ကိုလေး ဆိုသူမှာ သိသိသာသာ မျက်နှာပျက်သွားလေ၏။ ရဲအရာရှိရှေ့တွင် ဖြစ်နေသဖြင့် အစ်ကိုလေးသည် မကွယ်သာတော့ဘဲ အင်းယားကအပြန် ကားချင်းတိုက်မလိုဖြစ်ပြီး သူတို့ကားနောက်သို့ လိုက်လာကြသဖြင့် မသင်္ကာခဲ့ပုံ၊ နောက်တစ်နေ့ သတင်းစာဟောင်းတစ်ခုတွင် လူပျောက်ကြော်ငြာ တွေ့ရပြီး ခြံဝင်း၌ မသင်္ကာဖွယ် ဒရိုင်ဘာကို တွေ့ရပြန်

၍ မိမိတို့ လျှို့ဝှက်သမျှ ပေါ်ကုန်မည်စိုးကာ မောင်းထုတ်ရကြောင်း၊ စင်စစ် သူသည် ထိုကဲ့သို့ ရုပ်ထွေးကာ ပြုရသည်မှာ ဘာမျှ မသိနားမလည်ရှာသော ပန်းရုံကလေးကို သံယောဇဉ်တွယ်တာ ချစ်ခင်နေ၍ ဖြစ်ကြောင်းနှင့် တစ်နေ့ အေးအေးလူလူ လေညင်းခံလိုသည်နှင့် ပြည်ထောင်စုကလပ်မှ လမ်းလျှောက်လာရာ ကန်တော်ကြီး ကျွန်းဆွယ်တစ်ခုတွင် ရေထဲသို့ ခုန်ဆင်း သေသော လူတစ်ယောက်ကို တွေ့ရ၍ ဆင်းကယ်ရာ မိန်းမပျို တစ်ယောက် ဖြစ်နေပုံ၊ သနားသည်နှင့် အိမ်သို့ ခေါ်လာခဲ့ပုံ စသည်ဖြင့် ပန်းရုံ၏ အတိတ်ကို ပြန်လည်တူးဖော် ပြောပြလေ၏။ တင်ထူးမှာ သည်တော့မှ ကိုယ်ချင်းစာ ကျေးဇူးတင်စွာဖြင့် အစ်ကိုလေး ဆိုသူကို လက်ဆွဲနှုတ်ဆက်တောင်းပန်စကား၊ ကျေးဇူးတင်စကား ပြောကြားတော့၏။ အကယ်၍ ပန်းရုံကို တကယ် မြတ်မြတ်နိုးနိုးနှင့် ပေါင်းဖော်မည် ဆိုပါက သူက အသက်သခင် ကျေးဇူးရှင် အနေဖြင့် ရှောင်ရှားပေးပါမည် ဟုပင် ပြောမိ၏။

'မဟုတ်တာဗျာ၊ ဘယ်တရားမလဲ၊ ရှောင်ခြင်း ရှောင်ရင် ကျွန်တော်ကသာ ဖယ်ပေးရမှာပါ၊ အမှန်တော့လည်း ဆိုင်တာဆိုင်ပေမဲ့ ပိုင်တာက ခင်ဗျားပဲ'

ရဲအရာရှိလည်း ကျေနပ်စွာ ပြုံး နားထောင်နေရာက–

'ကဲဗျာ ခုလို သဘောထား ကြီးကြတာကို ဝမ်းမြောက်ပါသဗျာ၊ ဘယ်သူ့ ဘယ်သူမှလည်း ရှောင်မပေးကြပါနဲ့။ ဒီတော့ ဒီလို လုပ်ကြစို့'ဟု သူ၏ အကြံအစည်ကို ပြောပြလေရာ တင်ထူးရော အစ်ကိုလေး ဆိုသူပါ လိုက်နာကြရန် သဘောတူကြလေ၏။

## (၁၇)

ညတွင်းချင်းပင် အားလုံး ဆေးရုံသို့ လိုက်သွားကြ၏။ စင်စစ်အားဖြင့် ဆေးရုံကြီးသို့ အချိန်မတော် ဧည့်သည်များ ဝင်ရောက်ခွင့် မရှိသော်လည်း မျက်နှာကြီးများဖြစ်၍ တစ်ကြောင်း၊ ရဲအရာရှိကိုယ်နှိုက်ကလည်း ပါလာ၍လည်းကောင်း လွယ်လင့်တကူ ဝင်ရောက်ခွင့်ရကြ၏။ ပန်းရုံမှာ ထိုအချိန်ထိ သတိမရသေးဘဲ စမ်းသပ်ကုသရာ အခန်းတွင်းမှာ ရှိသေး၍ ဝင်ရောက်ကြည့်ရှုလိုသော်လည်း ခွင့်မပြုသဖြင့် အပြင်စင်္ကြံမှပင် စောင့်နေကြရလေ

သည်။ ဆရာမများ၊ ဆရာဝန်များကား ဝင်လိုက်ထွက်လိုက်နှင့် ရှုပ်ယှက်ခတ်နေကြ၏။

၁၂ နာရီထိုးလောက်မှ ဆရာဝန်ကြီးလည်း အခန်းတွင်းမှ ကြက်ပေါင် လက်အိတ်ကို ချွတ်လိုက်ရင်း နဖူးမှချွေးများကို သုတ်ကာ အနားသို့ ရောက်လာခဲ့လေသည်။

ပန်းရုံ၏ ဒဏ်ရာမှာ ဦးနှောက်ကို ထိခိုက်သွားသဖြင့် အဆင်မသင့်လျှင် အသက်ကို ထိခိုက်ဖွယ်ရှိ၏။ ကံကောင်းထောက်မလျှင်ကား အသက်ရှင်လာနိုင်ကြောင်း၊ ယခုမူ သူတို့၏ ကြိုးပမ်းချက်ကြောင့် မသေနိုင်တော့ကြောင်း ပြောပြရာ အားလုံးထဲတွင် ဝမ်းအသာဆုံးကား လူရွယ်နှစ်ယောက်ပင် ဆိုက မမှားနိုင်ပေ။ ရဲအရာရှိက ဝင်ကြည့်ခွင့် ရ မရ မေးရာ ဆရာဝန်ကြီးက ချက်ချင်း အတွေ့မခံလိုသေးပေ။ သို့သော် ရဲအရာရှိကပင် တင်ထူးနှင့် အစ်ကိုလေးတို့၏ ကိစ္စကို ပြောပြ တောင်းပန်မှ ခွင့်မပြုချင် ပြုချင်နှင့် ခွင့်ပြုရလေသည်။

ရဲအရာရှိ၏ စီမံချက်ဖြင့် တင်ထူးနှင့် အစ်ကိုလေးတို့ နှစ်ယောက်မှာ ဆရာဝန်ကြီးနှင့် ဝင်လိုက်သွားကြရလေသည်။ နှစ်ယောက်လုံး တထိတ်ထိတ်နှင့် ခုတင်တစ်ခုပေါ်တွင် ခေါင်းပတ်တီးစည်းထားရင်း မှိန်းနေသော ပန်းရုံအနားသို့ ချဉ်းကပ်သွားကြသည်။

'ကလေးမ' ဟု ဆရာဝန်ကြီးက အသံပြုလိုက်လျှင် ပန်းရုံလည်း မျက်လုံးကို ညင်သာစွာဖွင့်ကြည့်ရှာသည်။ စည်းကမ်းချက်အတိုင်း လူရွယ်နှစ်ယောက်လုံး တွေကြည့်ကာ ဘယ်သူ့ကို မှတ်မိစွာဖြင့် ခေါ်မည်နည်းဟု ရင်ခုန်ကာ စောင့်စားနေကြစဉ်၊ ပန်းရုံ၏ နှုတ်ခမ်းကလေးသည် တရွရွလှုပ်ကာ အားယူခေါ်လိုက်သည်နှင့် တင်ထူးလည်း အနားသို့ ဝမ်းသာအားရ ပြေးသွားကာ 'ပန်းရုံ သတိရပြီလားဟင်... ဟင်' နှင့် ပြောရင်း သူနှင့်ပါလာသော အစ်ကိုလေးကို ပြကာ တစ်စုံတစ်ရာကို ပြောမည်ပြုစဉ်၊ ဆရာဝန်ကြီးက မျက်ရိပ်ပြလိုက်သဖြင့် မပြောတော့ဘဲ 'ကိုဖြင့် စိတ်ပူလိုက်ရတာ ပန်းရုံရယ်' ဟု ပြောလိုက်လေသည်။ ချစ်သူနှစ်ယောက် ပြန်ပေါင်းထုပ်ကာ အလွမ်းသယ်နေစဉ်မှာပင် တစ်ယောက်သောသူမှာကား လေးတွဲ့သော ခြေလှမ်းဖြင့်လှမ်းကာ အခန်းပြင်သို့ ထွက်ခွာသွားခဲ့ရရှာလေတော့သည်။ ။

## ညိုးပန်းတစ်ပွင့်ကို ဤသို့ ဝေဖန်ကြ၏။

### သရုပ်ပါသည်

ပန်းရုံတို့လို မိန်းမကလေးများ နေထိုင်သော ရန်ကုန်မြို့ရှိ လူလတ်တန်းစား လူမှုဆက်ဆံရေး ဒေသရပ်ကွက်များကို ဖော်ပြပုံမှာ သရုပ်ပါသည်။ သဘာဝကျသည်။ ဤဝတ္ထုသည် လူ့ဘဝ၏ တစ်စိတ်တစ်ဒေသ မြေကြီးနှင့် နီးကပ်သော အဖြစ်အပျက်များကို ဖော်လိုသော ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။

**ဒဂုန်တာရာ**

### ကွက်ကွက်ကွင်းကွင်း

ပြည့်စုံဝတ္ထုရှည် ပတ်ဝန်းကျင်ကို ဖတ်အပြီး ညိုးပန်းတစ်ပွင့်ကို ဖတ်ရှုခဲ့မိရာ၊ ညိုးပန်းတစ်ပွင့်မှ ပန်းရုံကလေး၏ ပတ်ဝန်းကျင် ဖန်တီးလှုံ့ဆော်မှုကြောင့် သူကလေး၏ ဘဝမှာလည်း ဒုက္ခအတိ ကြုံခဲ့ရသည်ကို ပြည့်စုံသည် ကွက်ကွက်ကွင်းကွင်းဖြစ်အောင် ဖော်ပြရေးသားလေသည်။ "လောင်းရိပ်အောက်မှ အလင်းရောင်သို့" ကဏ္ဍကလေးမှာ အတော်ပင် ထိလောက်အောင် ရေးသားထားရှိသည်ကို တွေ့လိုက်ရသည်။ ကဏ္ဍခွဲထားပုံတို့မှာလည်း အတော်ပင် အချိတ်အဆက် သပ်ရပ်လှပါသည်။

**ထွဋ်းနေနွယ်**

### အကောင်းဆုံး

ပြည့်စုံ ရေးဖူးသမျှ ဝတ္ထုများတွင် ညိုးပန်းတစ်ပွင့်သည် အကောင်းဆုံးဖြစ်သည်။

**ငွေဥဒေါင်း**

### ပီသသော ကလောင်သမား

ပြည့်စုံ၏ လက်ရာများတွင် ဤလက်ရာတစ်ခုသည် ကလောင်သမား ပီသသည်ဟု လည်းကောင်း၊ ပန်းရုံလို အမျိုးသမီးများအဖို့ တစ်နည်းတစ်လမ်းအားဖြင့် သင်ခန်းစာ အထောက်အပံ့ ဖြစ်သည်ဟု လည်းကောင်း ကျွန်တော် ထင်မြင်မိသည်အတွက် ပြည့်စုံကို သည်ဝတ္ထုမျိုး များများ ရေးစမ်းပါဟု တိုက်တွန်းလိုပါ၏။

**ရွှေမား**

### လက်ရာကောင်း

ညိုးပန်းတစ်ပွင့်သည် ဘဝဇာတ်ခုံထက်မှ ရိုးရိုးနှင့်ယဉ်သည့် ဇာတ်ကွက်တစ်ကွက်အား အသက်ပါပါ ချက်ကျကျ စာပန်းချီ ဆေးရောင်စုံ မှုန်းထားသည့် လူတန်းစား သရုပ်ပြကားနှင့် တူသည်ဟု နှိုင်းချင်သည်။ အဆုံးစွန်ဆိုရသော် ဆရာမင်းဆွေ ဆိုခဲ့သည့်အတိုင်း 'အငွေ့အလှုံနှင့် မေ့ရုံမဟုတ်'၊ အတွေ့အကြုံ ခေါ့စုံလှသော ပြည့်စုံ၏ Masterpiece လက်ရာကောင်းတစ်ခု ဖြစ်ပါ၏။

**ညိုမင်းလွင် (ဝင်းဦး)**

## ညှိုးနေသောပန်း

ယနေ့ပင် စာအုပ်များရ၍ မဖတ်ရသေးပါ။ သို့သော် ညှိုးပန်း တစ်ပွင့် သိပ်ကောင်းပါ၏။ ညှိုးနေသော ပန်းတစ်ပွင့်သဖွယ် ကောင်းလှပါ၏။ နက်ဖြန်မှ ဖတ်နိုင်ရင် ဖတ်ကြည့်ရပါမည်။

**တင့်တယ် (လန်ဒန်)**

## မြှောက်ခြင်း မဟုတ်

ညှိုးပန်းတစ်ပွင့်ကို ဖတ်ရတယ်။ ပြီးပြီ။ ခြုံကြည့်ရင်တော့ မဆိုးပါဘူး။ ဝတ္ထုကောင်းတစ်ပုဒ်ဆိုတာ မမြှောက်ဘဲနဲ့ ရိုးသားစွာ ပြောတာပါ။

**ဝင်းလှိုင် (လန်ဒန်)**

## ပန်းဖူး ပန်းညွန့်

အကောင်းဆုံးအစားဆိုရာတွင် အကောင်းဆုံးအစား အမျိုးမျိုး ရှိပေလိမ့်မည်။ ဤညှိုးပန်းတစ်ပွင့် ကလေးကား ဇာတ်ကွက် ဇာတ်လမ်းအားဖြင့်လည်း သဘာဝကျကာ အဆင်ပြေသည့်အတွက် ပထမတန်းစား ဝတ္ထုခေါ်ထိုက်ပါသည်။

**ကျော်သန်း (တက္ကသိုလ်)**

## ဒီထက် ကောင်းတာ...

ကျွန်မ စိတ်ကြိုက်နှင့်တွေ့သည့် စာအုပ်တစ်အုပ်ပါပဲ။ နောက်ကို ဒီထက်ကောင်းတာ ရေးနိုင်လိမ့်ဦးမည်ဟု ယုံကြည်တဲ့အတွက် အကောင်းဆုံးလို့တော့ မဆိုချင်ပါ။

**တင်တင်ဦး (တက္ကသိုလ်)**

## မှတ်တမ်းတင် ကြေးမုံ

ညှိုးပန်းတစ်ပွင့်ဟာ လူ့လောက မှတ်တမ်းတင် ကြေးမုံတစ်ခုပဲ။

**တင်လှ (ပုသိမ်)**

## ဆက်ပါဦး

ဤဝတ္ထုသည် အစ အဆုံး အလွမ်းကြီး ဖုံးသော်လည်း နှစ်ခေါက်တိုင်တိုင် ပြန်ဖတ်ချင်သောစိတ် ပေါ်လာပါသည်။ ထို့ကြောင့် ကိုပြည့်စုံအား အကြံပေး တောင်းပန်လိုသည်မှာ မပန်းရုံမှာ မသေသေးဘဲ ဒုတိယပိုင်း ဆက်ပါဦး ဟူသတည်း။

**ထွန်းဦး (အင်းစိန်)**

## သတင်းစာများ အာဘော်

"မြန်မာဝတ္ထုကောင်း" ဟူ၍ လည်းကောင်း၊ "ပြောင်ပေ့လက်သံ" ဟူ၍ လည်းကောင်း၊ "ဝတ္ထုကောင်း" ဟူ၍ လည်းကောင်း ဘားမင်း၊ တိုးတက်ရေးနှင့် ဟံသာဝတီ သတင်းစာကြီးများက ဝေဖန်ကြသေးသည်။



# ပန်းရုံ

## ပြည့်စုံ

"ဂုဏ်နှင့် ဓနတို့ အဓမ္မ မင်းမူနေကြသော လောကတွင် သူတို့ ဖြယ်လှယ်သမျှ ခေါင်းငုံ့ခံသွားရရှာသည့် *ပန်းရုံ*။ ပြည့်စုံ၏ လက်ရာကောင်းတစ်ခု..."

- သုခ၏ 'အမှာ'...မှ။

"ပြည့်စုံ ရေးဖူးသမျှ ဝတ္ထုများတွင် *ညှိုးပန်းတစ်ပွင့်(ပန်းရုံ)*သည် အကောင်းဆုံး ဖြစ်သည်။"

- ငွေဥဒေါင်း

"*ပန်းရုံ*တို့လို မိန်းကလေးများ နေထိုင်သော ရန်ကုန်မြို့ရှိ လူလတ်တန်းစား လူမှုဆက်ဆံရေး ဒေသရပ်ကွက်များကို ဖော်ပြပုံမှာ သရုပ်ပါသည်။ သဘာဝကျသည်။"

-ဒဂုန်တာရာ

"...*ပန်းရုံ* သည် ပြည့်စုံ ရေးခဲ့သမျှထဲတွင် အကောင်းဆုံးလည်း ဖြစ်သည်။ လူထုနှင့် အနီးစပ်ဆုံးလည်း ဖြစ်သည်။ အအောင်မြင်ဆုံးလည်း ဖြစ်သည်။..."

-မလိခ၏ *မြန်မာဝတ္ထုအညွှန်း ပေါင်းချုပ်*(၂၀၀၇)၊ စာ ၃၉၉...မှ။







YP 476 3000Ks

9 781995 004761